ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ ဂျာနယ်


စာတည်းအဖွဲ့အမှာ ...... ၁
နီပေါပြည်ကွန်မြူနစ်ပါတီသို့ ပေးပို့သည့်သဝဏ်လွှာ ...... ၂
၁၉၇၄ – ၇၅ တိုက်ပွဲမျိုးပေါ်နိုင်သည် ...... ၃
ဗမာပြည်လူထုက သမိုင်းကိုဖန်တီးခဲ့ကြလှပြီ ...... ၅
အမျိုးသားညီညွတ်ရေးတည်ဆောက်ဖို့ ‘ဗကပ’ ၏အဆိုပြုချက် ...... ၁၀
ပထဝီနိုင်ငံရေးကို လေ့လာကြစို့ ...... ၁၂
ပဋိပက္ခဖြစ်နေတဲ့အတွေးအခေါ် ၂ ရပ် ...... ၁၄
ရဲဘော်ဟောင်းများသို့ နှိုးဆော်စာ ...... ၁၇
စစ်ဗျူရိုကရက်လူတန်းစား အခြေကျနေပြီ ...... ၁၈
အာဏာသိမ်းစစ်တပ်ရဲ့ဒုက္ခ ...... ၂၀
စစ်အုပ်စုတပ်မှ ပြည်သူလူထုတပ်သို့ ...... ၂၁
နီပေါအတွေ့အကြုံကိုလေ့လာ ...... ၂၄
အိန္ဒိယ အမေရိကန် ကာကွယ်ရေးသဘောတူစာချုပ် ...... ၂၉
ဒေါ်လာအင်ပါယာ မျက်ခုံးလှုပ်လာနေပြီ ...... ၃၃
ပင်တာအကြောင်း ...... ၃၅
အမေရိကန်ကို ဘုရားသခင်စောင်မပါစေ (ကဗျာ) ...... ၃၈
ပင်တာမိန့်ခွန်းကောက်နုတ်ချက် ...... ၃၉
ဘယ်လောက်ကြာဦးမှာလဲ ...... ၄၁
စစ်မှုရေးရာ ...... ၄၃
ပွင့်ပွင့်လင်းလင်း ပြောပါရစေ ...... ၄၅
Open Secrets စာအုပ်ဖတ်ပြီး ပေါ်လာတဲ့အတွေးများ ...... ၄၈
Indian Foreign Service စာအုပ်မှရရှိချက် ...... ၅၂
စာတည်းအဖွဲ့အစီရင်ခံစာ ...... ၅၄
မာ့က်စ်ဝါဒလေ့လာရေး ...... ၅၆
သတင်းနဲ့မှတ်ချက် ...... ၆၄
ပြည်တွင်းသတင်းသုံးသပ်ချက် ...... ၇၃



အမှတ် (၂၇)

စက်တင်ဘာ၊ ၂၀၀၆ ခုနှစ်။

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်

# စာတည်းအာဘွဲ့အမှာ

**အမှတ် (၂၅) စက်တင်ဘာလ၊ ၂၀၀၆ ခုနှစ်။**

(၁) ‘ဒီမို ၂၀၀၆’ လှုပ်ရှားမှုအတွက် လက်တွေ့လုပ်ငန်းတွေကို ဇန်နဝါရီ ၂၀၀၆ ထုတ် အမှတ် ၂၆ မှာ အထူးပြုပြီး ဖော်ပြခဲ့ပါတယ်။ အခု အမှတ် ၂၇ မှာတော့ အတွေးအခေါ်ကို အထူးပြုဖော်ပြလိုက်ပါတယ်။ ‘ဒီမို ၂၀၀၆’ က ခတ်ကွင်းပြင်ရင်း စက်တင်ဘာလ ရောက်နေပါပြီ။ လုပ်ချိန် ‘၃’ လပဲ ကျန်ပါတယ်။

အတွေးအခေါ် တထပ်တည်းကျဖို့ မလိုပေမယ့် အပြန်အလှန် အထောက်အကူပြုကြဖို့ လိုပါတယ်။ အတွေးအခေါ်ချင်း ဆန့်ကျင်ဘက် ဖြစ်နေရင်တော့ လူထုက ပွဲကြည့်ပရိသတ် အဖြစ်ပဲ နေကြဦးမှာပါ။

လူထုဆိုတာ ကျောင်းသားလူငယ်ထု၊ အလုပ်သမား လယ်သမားထု၊ မြို့နေလက်လုပ်လက်စားထု၊ အရောင်းအဝယ် ကုန်သည်ထု၊ တပ်မတော်သားထု၊ သံဃာထု စသဖြင့် ‘ထု’ အားလုံးကို လူထုလို့ သတ်မှတ်ပါတယ်။ သူတို့ကို ပြတ်သားတဲ့၊ ကြည်လင်တဲ့ အတွေးခေါ် ပေးကြမှ ဖြစ်ပါလိမ့်မယ်။ ၁၉၈၈ ခုနှစ်က အတွေးအခေါ် အစက မရှုပ်ခဲ့ပါဘူး။ အောင်ပွဲရခါနီးကျမှ အတွေးအခေါ်တွေ ရှုပ်ကုန်တာဖြစ်ပါတယ်။

မှန်ကန်တဲ့ အတွေးအခေါ်ရှိမှ မှန်ကန်တဲ့လူထုလှုပ်ရှားမှု ဖြစ်နိုင်ပါတယ်။ မှန်ကန်တဲ့အတွေးအခေါ်ပေးဖို့ တာဝန်ဟာ ဒီမိုကရေစီ နိုင်ငံရေးအင်အားစုအားလုံးရဲ့တာဝန် ဖြစ်ပါတယ်။

(၂) ယခုအပတ်တွင် ဗဟို၏အာဘော်ကို ဖော်ပြတာထက် ရဲဘော်များ လေ့လာဆွေးနွေးစရာများကို ခပ်များများ တင်ပြထားပါတယ်။ နိုင်ငံတကာ့ အခြေအနေက ရှုပ်ထွေးပါတယ်။ အပြောင်းအလဲက တရွေ့ရွေ့ ဖြစ်နေတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေးအကွက်တွေ များပါတယ်။ နိုင်ငံကြီးတွေရဲ့ အတွင်းရေးကို အတွင်းနှိုက်ပြီးသိနိုင်ဖို့ မလွယ်ပါ။ သို့သော် အရာရာကို ‘ပြည်ချစ်ဝါဒ’ အခြေခံဖြင့် ချဉ်းကပ်လျှင်ကား မမှားနိုင်ပါ။

ယခုအပတ်တွင် လက်ငင်းနိုင်ငံရေး ကိစ္စများကို ခဏဖယ်ထားပါတယ်။ ယခင်အပတ်က လက်ငင်းနိုင်ငံရေး ကိစ္စများကိုပဲ ကွက်ပြီး တင်ပြထားပါတယ်။ လုံလောက်ပါပြီ။ လက်တွေ့ကွင်းဆင်းရမည့်အချိန် ဖြစ်ပါတယ်။ မြေအောက် (ယူဂျီ) လုပ်နေချိန်မှာ ခဏခဏပြောနေစရာ မလိုပါ။ ၂၀၀၆ ခုနှစ်က တတိတတိ ကုန်ဆုံးစ ပြုပါပြီ။ အဖြေရလဒ် ပေါ်ပါတော့မယ်။ မိမိတို့ချည်း လှုပ်ရှားရသည့် ကာလ မဟုတ်တာ သတိပြုစေချင်ပါတယ်။ လှုပ်ရှားသူ များပါတယ်။ တကယ်တမ်း ပြောရလျှင် မိမိတို့က အဓိကဇာတ်ကောင် မဟုတ်ပါ။ ခဏခဏ ထွက်ပြောလျှင် သံသယဝင်မှာ စိုးပါတယ်။

သမိုင်းအလှည့်အပြောင်း ကာလတွင် လေ့လာတာ များများလုပ်၊ ဆွေးနွေးငြင်းခုန်တာ များများလုပ်ရပါမယ်။ ထို့ကြောင့် ‘လေ့လာ ဆွေးနွေးဖို့သာ’ ကို များများတင်ပြပါတယ်။ ။

# နီပေါပြည်ကွန်မြူနစ်ပါတီသို့ ပေးပို့သည့်သဝဏ်လွှာ

သို့–

ဗဟိုကော်မတီ

နီပေါပြည် ကွန်မြူနစ်ပါတီ (ယူအင်မ်အယ်လ်)

ရက်စွဲ။ ။ ၂၀၀၆ ခုနှစ်၊ မေလ ၇ ရက်။

အကြောင်းအရာ။ ။ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခြင်း။

ရဲဘော်များခင်ဗျား–

ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဗဟိုစည်းရုံးရေးကော်မတီတရပ်လုံးကိုယ်စား ကျွန်တော့်အနေဖြင့် ပြည်သူလူထုကိုဖိနှိပ်သော၊ ခေတ်နောက်ပြန်ဆွဲသည့် ပဒေသရာဇ်အုပ်ချုပ်မှုအပေါ် ရရှိခဲ့သော ပဏာမ အောင်ပွဲအတွက် ရဲဘော်တို့အား လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။ ရဲရင့်ပြောင်မြောက်သော နီပေါ ပြည်သူများ၏ ဤအောင်ပွဲသည် ကမ္ဘာအဝှမ်းရှိ အာဏာရှင်အစိုးရများအား ဆန့်ကျင်တိုက်ပွဲဝင် နေကြသူများအတွက် အကောင်းဆုံး အားပေးမှုနှင့် စံနမူနာပြုမှုပင်ဖြစ်ပါသည်။

ရဲဘော်တို့ အောင်ပွဲရရှိကာ သာယာလှပသော နီပေါနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီစနစ် ပြန်လည်လွှမ်းမိုးလာမည်ဟု ကျွန်တော်တို့ မမိုတ်မသုန်ယုံကြည်ပါသည်။

ညီနောင်သဖွယ်အလေးပြုခြင်းဖြင့်–

ပြည်ပဆက်သွယ်ရေးဌာန တာဝန်ခံ

ဗမာပြည်ကွန်မြူနစ်ပါတီ

# ၁၉၈၈ - ၈၉ တိုက်ပွဲမျိုး
# ပေါ်နိုင်သည်
# ပြင်ထားရလိမ့်မည်

(၁)

နိုင်ငံရေးတိုက်ပွဲ ပေါ်ဖို့ မျှော်လင့်သည်။ သို့သော် နိုင်ငံရေးတိုက်ပွဲက အချက်အလက်တွေ အတော်ကလေး ပြည့်စုံမှ ပေါ်တတ်ပါသည်။ ၁၉၇၄ – ၇၅ တုန်းကလို ရိက္ခာတိုက်ပွဲ၊ လူမှုရေးတိုက်ပွဲကတော့ အချိန်မရွေး ပေါ်နိုင်သည်။ ထိုသို့ပေါ်လာလျှင် မိမိတို့ အဆင်သင့် ရှိရပါမည်။

(၂)

၁၉၆၂ ခုနှစ် (ဇူလိုင် ၇ ရက်) အရေးနိမ့်မှုကြီး ပြီးကတည်းက စစ်အစိုးရကို ခါယမ်းသွားအောင် တိုက်သည့် တိုက်ပွဲသည် ၁၉၇၄ ခုနှစ် တိုက်ပွဲဖြစ်သည်။ အတုအယောင် 'ဆိုရှယ်လစ်' စီးပွားရေးတည်ဆောက်မှု ပူဖောင်းကို ထိုးဖောက်လိုက် သူများမှာ အလုပ်သမားများ ဖြစ်သည်။ အလုပ်သမားများက ကျောင်းသားလူငယ်များလို မိုခိုသူ အိမ်ထောင်သားများ မဟုတ်ပါ။ အိမ်ထောင်ဦးစီး များ၊ အိမ်ထောင်၏ စားဝတ်နေရေး ရှာဖွေရသူများ ဖြစ်သည်။ သံဃာတော်များနှင့် ဆရာဒါယကာ ဆက်ဆံရေး ရှိသူများ ဖြစ်သည်။

၁၉၇၄ ခုနှစ် အလုပ်သမားတိုက်ပွဲ ပေါ်ခါစတုန်းက ၁၃၀၀ ပြည့် အရေးတော်ပုံကို ခေါင်းဆောင်ခဲ့သည့် ရဟန်းပျိုခေါင်းဆောင် ဆရာတော်များကို မိမိတို့က ဩဝါဒပေးရန် လျှောက်ထားခဲ့သည်။ ဆရာတော်က ခပ်ပြတ်ပြတ်ပဲ "ဒါယကာတွေ ထမင်းတော်ရင် တို့ သံဃာတွေလည်း ငတ်တာပဲ။ တိုက်ပွဲကို အဆုံးတိုင်တိုက်ကြ" လို့ ဩဝါဒပေးသည်။ ဆန်ပြဿနာသည် အလုပ်သမားပြဿနာ သာမဟုတ်၊ သံဃာများ၊ မြို့မိမြို့ဖများ လူအားလုံး၏ ပြဿနာဖြစ်သည်။

မိမိတို့က "ပါတီတွင်း တော်လှန်ရေး" လက်ဝဲစွန်းလမ်းစဉ်ဖြင့် အလုပ်ရှုပ်နေသဖြင့် တပြည်လုံးကို တညီတညွတ်တည်း တိုက်ပွဲ ဝင်လာအောင် မလုပ်နိုင်ခဲ့ပါ။ တပြည်လုံးကို တခဲနက်ထကြွလာအောင် လုပ်နိုင်ပါလျက် မိမိတို့မလုပ်နိုင်ခဲ့တာ မိမိတို့ညံ့လို့ ဖြစ်သည်။ အခါအခွင့်ကောင်းကို လက်လွတ်ခဲ့ရခြင်း ဖြစ်သည်။

ဦးသန့်စျာပန တိုက်ပွဲထက် ပိုပြီးကောင်းသော အကြောင်းအချက် ရှိပါလျက်နှင့် မိမိတို့မလုပ်နိုင်ခဲ့ပါ။ ထိုအခါကလည်း ဖဆပလ၊ ပထစ နဲ့ မဆလ တို့ နိုင်ငံရေးပဋိပက္ခ ရှိနေချိန် ဖြစ်သည်။ သို့သော် ဖဆပလ၊ ပထစ တို့က ဤအလုပ်သမားတိုက်ပွဲ၊ ကျောင်းသား တိုက်ပွဲများကိုဝင်ပြီး ရှေ့မဆောင်ခဲ့ကြပါ။ ဗကပ ယူ/ဂျီက လုပ်ဖို့မှာ အကန့်အသတ်တွေ အများကြီး ရှိပါသည်။ "လက်ဝဲစွန်း လမ်းစဉ်" ကြောင့်ချည်း မဟုတ်ပါ။ ပြည်တွင်းစစ် တိုက်နေသော ပါတီဖြစ်နေလို့ ပြောင်ဝင်ပြီးလုပ်ဖို့ ခက်ပါသည်။ ပထစ၊ ဖဆပလ တို့က ငြိမ်နေသည်။ ပမညတ တွေက မဆလ ထဲ တချို့ မဆလ ရဲ့ တံခါးဝမှာတချို့ ရောက်နေသည်။ မည်သို့မျှ ဘုံလုပ်ငန်းစဉ်ရှိဖို့ ညှိလို့မရပါ။ ဤသို့ဖြင့် အခါအခွင့်ကောင်းကို လက်လွှတ်ခဲ့ရပါသည်။

(၃)

စီးပွားရေး တည်ဆောက်မှုကို အမိန့်အာဏာဖြင့် တည်ဆောက်လို့ မရပါ။ ဘယ်အဖွဲ့ကို မတရားသင်း ကြေညာလိုက်၊ ဘယ်သူ့ကိုဖမ်းပြီး ထောင်ချလိုက်၊ ဘယ်သူ့ကို ခြိမ်းခြောက်ပြီးသိမ်းသွင်းလိုက်ဆိုသည့် နိုင်ငံရေးကိစ္စများကို အမိန့်အာဏာဖြင့် လုပ်လို့ရပါသည်။

ကုန်စည်တွေ တိုးထွက်အောင်၊ စပါးတွေတိုးထွက်အောင် အမိန့်ပေးလို့ မရပါ။ အလွန်ဆုံး လုပ်နိုင်လျှင် စီးပွားရေး လုပ်ခွင့် ကန့်ထရိုက် ပေးတာ၊ ဂရန်ပေးတာ၊ လိုင်စင်ပေးတာပဲ လုပ်နိုင်သည်။ ဤသို့ လုပ်လျှင် 'ရိုက်စား' လုပ်နိုင်သည်။ 'ပေါင်းစား' လုပ်နိုင်သည်။ အခြေခံစီးပွားရေးကတော့ တိုးလာမည် မဟုတ်ပါ။

တံတားတွေ ထိုးနေလို့ စီးပွားရေး မတက်ပါ။ တံတားပေါ်မှာ ကုန်ကား မသွားဘဲ စစ်ကားပဲ သွားနေလိမ့်မည်။ ကုန်စည်ရှိမှ ကုန်ကား သွားလိမ့်မည်။ ကုန်စည်ရှိအောင် အမိန့်ပေးလို့မရ။ အသေ အချာ တွက်ချက်ပြီး ပြင်ဆင်မှုရှိရှိ စည်းရုံး မှုရှိရှိ လူထုနဲ့ချီပြီးလုပ်မှ စီးပွားရေးစီမံကိန်း အောင်မြင်နိုင်သည်။

ရေနက်ကွင်း စပါးစိုက်ပျိုးရေး ဘယ်ရောက်သွားသလဲ။ တိုင်းမှူးတွေ၊ တပ်ဗိုလ်တွေ နွေစပါးစိုက်ကွင်းမှာ မတွေ့တော့။ ခြံစည်းရိုးကြက်ဆူပင်ဘက် ရောက်နေပြီ။

လူဦးရေက တိုးပြီးရင်း တိုးနေသည်။ စစ်ကြီးမဖြစ်မီက သန်းခေါင်စာရင်းအရ တပြည်လုံးမှာ လူဦးရေး '၁၄' သန်း ရှိသည်။ ယခုသန်း ၅၀ ကျော်ပြီဟုဆိုသည်။ အဆ ၄ ဆနီးပါး တိုးလာခြင်း ဖြစ်သည်။ စပါး '၄' ဆ တိုးသလား။ စိုက်ပျိုးမြေ '၄' ဆ တိုးသလား။ မတိုးပါ။ စစ်သားပဲ '၄' ဆ တိုးသည်။ စစ်သားက 'စားသူ' သက်သက် ဖြစ်သည်။ ထုတ်လုပ်သူ မဟုတ်။

ထုတ်လုပ်သူတွေက ပြည်ပ ထွက်နေသည်။ ကျေးလက်နဲ့မြို့ပြမှာ အလုပ်လက်မဲ့တွေ များနေသည်။ သဘာဝသယံဇာတ ကလည်း 'ရောင်းနိုင်တာ အကုန် ရောင်း' ပေါ်လစီကြောင့် ကုန်ခန်းစပြုပြီ။ ပြည်ပထွက်သူ စာရင်း အတိအကျ မသိရ။ ၂ သန်းဟုဆိုသည်။ ထိုအတိုင်း အမှန်ဖြစ်လျှင် လူဦးရေ၏ ထုတ်လုပ်စွမ်းအားတွေ ပြည်ပရောက်နေတာ ရာခိုင်နှုန်း သိပ်များနေပြီ။ လူဦးရေသန်း ၅၀ ထဲက သက်ကြီးရွယ်အိုနဲ့ ကလေးသူငယ်တွေ ဖယ်လိုက်လျှင် ထုတ်လုပ်စွမ်းအားရှိသူ သန်း ၃၀ လောက် ရှိမည်။ သန်း ၃၀ ထဲက ၂ သန်း ပြည်ပထွက် အလုပ်လုပ်နေလျှင် ထိုတိုင်းပြည်မမွဲ ဘယ်တိုင်းပြည် မွဲဦးမလဲ။

(၄)

နဝတ/နအဖ ခေါင်းဆောင်များ တွင် အကဲဖြတ်မှု အမှားကြီးတခု ရှိသည်။ "ဗိုလ်နေဝင်း ကျဆုံးရတာ အောက်ကဝိုင်းပြီး လိမ်နေကြလို့" ဟူသည့် အကဲဖြတ်မှုအမှား ဖြစ်သည်။ တကယ်က ဗိုလ်နေဝင်း အလိမ်ခံရတာ မဟုတ်ပါ။ အလိမ်ခံရတာကို မှိန်းနေပြီး သူကပါ တိုင်းပြည်ကို လိမ်နေခြင်း ဖြစ်သည်။

သန်းရွှေတို့လည်း ထိုအစား ထဲက ဖြစ်သည်။ စီးပွားရေး ချွတ်ခြုံကျနေတာကို သန်းရွှေတို့ သိပါသည်၊ သူတို့လည်း နေဝင်းလို တိုင်းပြည်ကို လိမ်နေကြတာ ဖြစ်သည်။

နေဝင်း၏ ၁၉၇၄၊ ၇၅ အဖြစ်မျိုးကို သန်းရွှေတို့ တနေ့မဟုတ်တနေ့ တိုးပါလိမ့်မည်။

မိမိတို့ဘက်က ၁၉၇၄၊ ၇၅ တုန်းကလို အခါအခွင့်ကောင်း လက်မလွှတ်အောင် ပြင်ထားကြဖို့ လိုပါသည်။

ဗမာပြည်သည် တောင်အာဖရိက မဟုတ်၊ ဗမာပြည်သည် နီပေါမဟုတ်၊ ဗမာပြည်သည် ပိုလန်လည်း မဟုတ်။ သူတို့နဲ့ ပထဝီအရ၊ လူမျိုးရေးအရ၊ ခေတ်အရနဲ့ နိုင်ငံရေးဖြစ်ပေါ်မှု သမိုင်းအရ မတူပါ။ သူတို့နဲ့ တန်းညှိလျှင် မှားလိမ့်မည်။

ဗမာပြည်၏ ထူးခြားချက်ကို ဆင်ခြင်ကာ အမြော်အမြင်ရှိရှိ၊ ဂိုဏ်းဂဏ မထားဘဲ ပြင်ဆင်ကြဖို့ လိုပါသည်။ ။

***၁၉၇၄၊ ၇၅ တုန်းကလို အခါအခွင့်ကောင်း လက်မလွှတ်အောင် ပြင်ထားကြဖို့ လိုပါသည်။***

အခက်အခဲ၊ အဆုံးအရှုံးရှိလာရင် ပုံမှန်နိုင်ငံရေးသမားတယောက်ဟာ ကိုယ့်ကိုယ်ကိုကစပြီး အပြစ်ရှာတယ်။ ညံ့တဲ့နိုင်ငံရေးသမားကတော့ သူများ ကို အပြစ်ရှာတယ်။ အညံ့တကာ့အညံ့ဆုံး နိုင်ငံရေးသမားကတော့ လူထုကို အပြစ်ရှာပါတယ်။ လူထုကို စာနာသလိုလိုနဲ့ လူထုကြီးဟာ ကြောက်နေ တယ်လို့ပြောနေကြတာကိုက စဉ်းစားစရာကောင်းပါတယ်။ အကြောင်းက သူတို့ပြောတဲ့ လူထုကြီး ကြောက်နေတယ် ဆိုတာရဲ့နောက်မှာ ဒါကြောင့် ငါတို့လုပ်လို့မဖြစ်ဘူးဆိုတာ တွဲပါနေလို့ပါပဲ။

တချို့ကတော့လည်း လူထုကြီးကို ပညာပေးရဦးမယ်၊ နိုင်ငံရေး အသိမြှင့်ပေးဖို့လိုတယ်လို့ပြောကြပါတယ်။ ဒီထက်ဆိုးသူတွေကတော့ အနောက်တိုင်းက လူတချို့ရဲ့ လေသံကိုလိုက်ပြီး ဗမာပြည်လူထုဟာ ဒီမိုကရေစီနဲ့၊ ဒါမှမဟုတ် တခြားသူတို့ အနောက်နိုင်ငံတွေက စံတွေနဲ့ မထိုက်တန်သေးဘူး ဆိုတဲ့အထိပြောပါတယ်။

ဒါပေမဲ့ ခလုတ်ထိတော့ အမိတဆိုသလို  ဒီနေ့လို ပြည်တွင်း လှုပ်ရှားမှုကြီးတွေ ဖော်ထုတ်ဖို့လိုလာပြီဆိုတော့ မိဘပြည်သူတွေ ဆီကိုပဲ ပြန်ချဉ်းကပ်ကြရတယ်မဟုတ်လား။ လူထုကကြောက်နေတယ်ဆိုတဲ့ စကားမျိုး အခုအခါ သိပ်မကြားရပြန်ပါဘူး။

တကယ်ကတော့ ကမ္ဘာ့အနီးခေတ်သမိုင်းမှာ ဗမာပြည် ပြည်သူ လူထုလောက် ဖိနှိပ်မှုတွေနဲ့ အခက်အခဲတွေ အမျိုးမျိုးကို ရင်ဆိုင် တိုက်ဖျက်ရင်း သမိုင်းသစ်ရေးခဲ့တဲ့ အမျိုးသားဟာ ကမ္ဘာမှာများများမရှိပါဘူး။

မမေ့လှတဲ့အတိတ်ကို ပြန်ကြည့်ပါ။



# ဗမာပြည်လူထုက သမိုင်းကိုဖန်တီးခဲ့ကြလှပြီ

လယ်သမားသူပုန်တွေ။ ၁၈၈၅ နောက်ပိုင်းပေါ်တဲ့ မင်းလောင်းလှုပ်ရှားမှုတွေဟာ တကယ်က လယ်သမားသူပုန်တွေပါ။ ဒါပေမဲ့ သူတို့ဟာ 'ပဒေသရာဇ်အတွေးအခေါ်' ရှေ့ဆောင်မှုနဲ့ တိုက်ပွဲဝင်ကြတာဆိုတော့ ကိုယ့်ထက် လက်နက်လည်း အပြတ်အသတ် သာလွန်၊ စစ်အတတ်ပညာလည်း အများကြီး ပိုနားလည်တဲ့ ကမ္ဘာလှည့်စစ်တိုက် နယ်ချဲ့နေသူတွေနဲ့ တိုက်ရာမှာ 'တိုက်တိုင်းရှုံးသူပုန်' ဖြစ်ခဲ့ကြပါတယ်။ ဘာပဲပြောပြော အင်္ဂလိပ်ကို ၁၀ နှစ် လောက် ဒုက္ခပေးနိုင်ခဲ့တာဟာ ဗမာပြည်လူထုက ဖန်တီးလိုက်တဲ့ သမိုင်းတကွက် ပါပဲ။

ဝံသာနု လှုပ်ရှားမှု။ ဗြိတိသျှကိုလိုနီသမားတွေရဲ့ သဘောသဘာဝကို စတင်သဘောပေါက်လာတဲ့ အမျိုးသားခေနရှင်တွေရဲ့ လှုပ်ရှားမှုပါ။ သူတို့ရဲ့ ခေါင်းဆောင်အတွေးအခေါ်ဟာ ပဒေသရာဇ် အတွေးအခေါ် မဟုတ်တော့ပါဘူး။ ပညာတတ်တွေမို့ အဲဒီထက် တိုးတက်လာပါပြီ။ ဂျာမဏီပြန်၊ ဂျပန်ပြန် ပညာတတ်တွေ ခေါင်းဆောင်တာ ဖြစ်ပါတယ်။ အရင်းရှင်နယ်ချဲ့ကို ခေနရှင်ဝါဒနဲ့ တိုက်မရဘူး ဆိုတာကို နောက်ပိုင်းမှာ သိလာတော့ သူတို့ဟာ အဲဒီအတွေးအခေါ်ကို စွန့်လိုက်ကြပြန်ပါတယ်။ ဘယ်လိုပဲဖြစ်ပါစေ ဝံသာနု လှုပ်ရှားမှုကလည်း လူထုရဲ့ သမိုင်း ဖန်တီးမှုတခုပါ။ သူတို့မရှိရင် အခုအထိ နှစ်တိုင်းကျင်းပနေတဲ့ 'အမျိုးသားနေ့' ဆိုတာ ရှိမှာမဟုတ်ဘူး။ ကျောင်းသား လှုပ်ရှားမှုတွေဟာ အဲဒီ လှုပ်ရှားမှုအရှိန်နဲ့ စတင်ပေါ်ပေါက်ခဲ့တာလို့လည်း ဆိုနိုင်ပါ တယ်။

**အဲဒီနှစ် ၅၀**
**သမိုင်းမှာ**
**လူထုက**
**သမိုင်းဖန်တီးခဲ့တာတွေ**

တို့ဗမာ (သခင်) လှုပ်ရှားမှု။ ခေနရှင်ပေါက်စပညာတတ်လှုပ်ရှားမှုပဲ။ ပထမတော့ ဒီလှုပ်ရှားမှုဟာ အိုင်ယာလန်တော်လှန်ရေးကို အားကျခဲ့တာပါ။ ဒါပေမဲ့ အိုင်ယာလန်က ဂျာမဏီအနားမှာ ရှိနေတာ။ သူတို့ရဲ့ တော်လှန်ရေးအတတ်ပညာက မြင့်နေတာဖြစ်လို့ ဗမာပြည်က လိုက်မမီပါဘူး။ ဒါ ကြောင့် အဲဒါကို စွန့်လိုက်တာပါပဲ။ ဒီလိုနဲ့ သုံးရောင်ခြယ်အလံရဲ့ အလယ်မှာ 'ကဒေါင်း' ကနေ 'တူတံစဉ်' ရောက်လာပါတယ်။ ရုရှားအောက်တိုဘာ တော်လှန်ရေးက အော်ရိုရာ စစ်သင်္ဘောရဲ့ အမြောက်သံတွေဟာ အရှေ့တောင်အာရှကို ရောက်လာပါပြီ။ ဗမာပြည်မှာ မာ့က်စ်ဝါဒကို စတင်ဝါဒဖြန့်တာ စည်းရုံးတာ သခင်တွေပါပဲ။ ဒါကြောင့် ဗကပ ခေါင်းဆောင်တွေ အားလုံး သခင်တွေ ဖြစ်နေတာပါ။ သခင်အောင်ဆန်း၊ သခင်ဗဟိန်းကစပြီး သခင်သန်းထွန်း၊ သခင်ဇင်၊ သခင်ဗသိန်းတင်အထိ သခင်တွေ ဖြစ်ခဲ့ပါတယ်။ အဲဒီခေတ်က နှစ်ပေါင်း ၅၀ တိတိ ရှိပါတယ်။ (၁၉၃၉ – ၈၉)

အဲဒီနှစ် ၅၀ သမိုင်းမှာ လူထုက သမိုင်းဖန်တီးခဲ့တာတွေ မနည်းပါဘူး။ တန်းစီပြပါမယ်။

(က) နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးတခု ပီပီပြင်ပြင် ဖွဲ့နိုင်ခဲ့ပါတယ်။ 'ဗမာ့ထွက်ရပ်ဂိုဏ်း' အမည်ခံပါတယ်။ 'ဗမော် ဘဦး အို့အို့' ကြွေးကြော်ပြီး ၁၃၀၀ ပြည့် အရေးတော်ပုံ ဆင်နွှဲခဲ့တဲ့ သခင်အောင်ဆန်း၊ သခင်ဗဟိန်းတို့က ဒေါက်တာဗမော်ကို 'ဂိုဏ်းဂဏစိတ်' မထားဘဲ ခေါင်းဆောင်တင်ခဲ့တာပဲ။ လက်ဝဲလက်ယာ မခွဲမှ 'အမျိုးသားညီညွတ်ရေး' တည်ဆောက်နိုင်တယ်ဆိုတာကို လက်တွေ့ပြခဲ့တာပါ။ အဲဒီတုန်းက သူတို့အသက်က အစိတ်ဝန်းကျင်ပဲ ရှိပါသေးတယ်။ ကိုလိုနီခေတ် လူကငယ်ပေမယ့် အတွေးအခေါ်က မငယ်ဘူး။ ရင့်ကျက်ကြပါတယ်။

ဒီဗမာ့ထွက်ရပ်ဂိုဏ်း မရှိရင် ဘီအိုင်အေ မရှိနိုင်ပါဘူး။ ဒါကြောင့် ဒါဟာ ငြင်းမရတဲ့ သမိုင်းဖန်တီးမှု တခုပါ။

(ခ) ဖတပလ ဆိုတာလည်း သမိုင်းဖန်တီးတဲ့ အမျိုးသားညီညွတ်ရေး တခုပါပဲ။ ဖတပလ မရှိရင် PBF မရှိနိုင်ဘူး။ ဒီမှာထူးတာက ဖက်ဆစ်အောက်မှာ ဘယ်လိုတပ်ပေါင်းစုမျိုး ထူထောင်ရတယ်ဆိုတာကို လက်တွေ့ထူထောင်ပြတာပဲ။ မြေအောက် ယူ/ဂျီ နည်းကို သုံးပါတယ်။ ဒါဟာ ဒီနေ့အထိ စံပြုအတုယူရမယ့် လုပ်နည်းဖြစ်ပါတယ်။ ဒီတပ်ပေါင်းစုမှာ 'လက်ဝဲညီညွတ်ရေး' ကို အမြုတေထားပါတယ်။ လက်နက်ကိုင် တော်လှန်ရေးလုပ်မယ်ဆိုရင် ဆယ်ကျော်သက်နဲ့ အကြီးဆုံး အသက် ၄၀ (ဒါက ခြွင်းချက်) တွေပဲ လုပ်နိုင်တာပါ။ ၄၀ ကျော်ရင် မပါနိုင်ပါဘူး။ စိတ်ရှိပေမယ့် ကိုယ်မလိုက်နိုင်ဘူး။ ၃၅ နှစ်တောင် အနိုင်နိုင်လုပ်ရတာ ဖြစ်ပါတယ်။ သခင်အောင်ဆန်း၊ သခင်ဗဟိန်း အသက် (၃၀) ဝန်းကျင်ပဲ ရှိကြပါတယ်။ ဒါတောင် သူတို့ဟာ လူငယ်နဲ့ပြိုင်ပြီး နင်လားငါလား လုပ်မရတော့ဘူး။ စစ်ခေါင်းဆောင်အခန်းကပဲ ပါနိုင်တာပဲ။ ဒါပေမဲ့ လူငယ်တွေနဲ့ တန်းတူချီတက်နိုင်ကြ၊ တိုက်နိုင်ကြပါတယ်။

ဒါကြောင့် ဖက်ဆစ်အောက်က လွတ်မြောက်ဖို့ဆိုရင် လုပ်နည်းက ယူ/ဂျီ။ စည်းရုံးမှာ မှီရမှာက လက်ဝဲညီညွတ်ရေးပါ။

လက်တွေ့ဖြစ်ရပ်ကို အမှန်အတိုင်းပြောရရင် ဖဆပလမှာ လက်ယာသမားတွေပါလာတာဟာ လက်နက်ကိုင်တိုက်ပွဲ ပြီးမှပဲ ပါနိုင်တာပါ။ အမျိုးသား

ညီညွတ်ရေးကလည်း အဲဒီအခါကျမှ ပီပီပြင်ပြင် ဖြစ်တာပါ။ ဦးဘဖေအစုနဲ့ ဟသ်ာတဦးမြ (ဂျွန်ဦးစောရဲ့လက်ရင်းလူ) ပျော်ဘွယ်ဦးမြ (ဒေါက်တာဗမော်ရဲ့ လက်ရင်းလူ) ဒီးဒုတ်ဦးဘချို (ဖေဘီယန် ဆိုရှယ်လစ်) တွေဟာ တော်လှန်ရေးပြီးမှ ပါလာတာပါ။ ဦးဘဖေ ပါနေရင် ဂျွန်ဦးစော မပါနိုင်ပါဘူး။ ဒေါက်တာ ဗမော်လည်း မပါနိုင်ပါဘူး။ သူတို့က အတူနေလို့ မရပါဘူး။ ဒါကြောင့် စောစိန်မော် ဆိုပြီး အလိုတော်ရိဂိုဏ်း ထောင်ကြတာ ဖြစ်ပါတယ်။ အားလုံးကို ဆန့်ကျင်တယ်ဆိုတဲ့ AOA (All Opposition Alliance) ဆိုတာ ထောင်ကြတာပါ။ ဖတပလမှာ အလိုတော်ရိဆိုရင်လည်း ဗမာဖြစ်ဖြစ် ဘယ်လို လူမျိုးဖြစ်ဖြစ် မပါ,ပါဘူး။ သူတို့ပါမှ 'အမျိုးသား ညီညွတ်ရေး' ဆိုရင်လည်း အဲဒီဟာမျိုးက သမိုင်းကို ဖန်တီးနိုင်အောင် ခေါင်းဆောင်နိုင်မှာ မဟုတ်ပါဘူး။

လက်ဝဲ ညီညွတ်ရေးကနေ အမျိုးသားညီညွတ်ရေးကို တက်နိုင်တာဟာ ဂိုဏ်းဂဏမခွဲလို့ ဖြစ်ပါတယ်။ အဲဒီတုန်းကသာ ဂိုဏ်းဂဏ အစွဲအလန်းတွေကို ကိုင်စွဲထားမယ်ဆိုရင် တယောက်အပေါ် တယောက် ထားရမယ့် အာဃာတတွေက အများကြီးရှိပါတယ်။ ဘာမှ မကြာသေးတဲ့ အတိတ်တုန်းကပဲ အပြန်အလှန် သဲသဲမဲမဲ တိုက်ခိုက်ခဲ့တဲ့ ဘက်တွေက လူတွေအများကြီး ပါ,ပါတယ်။ ဒါပေမဲ့ သူတို့မှာ ပြည်ချစ်စိတ်ကြောင့် ဒါတွေ အားလုံးကို ဘေးမှာချထားပြီး သွေးစည်းခဲ့တာကို အသိအမှတ်ပြုရမှာပါ။ အတုလည်းယူသင့်ပါတယ်။

ဒါဟာလည်း ငြင်းမရတဲ့ သမိုင်းဖန်တီးမှုကြီးတခု မဟုတ်ပါလား။

၁၉၄၆ စက်တင်ဘာ အုံကြွမှု (September Upsurge) ဒါကိုတော့ ပိုပြီး ပြည့်စုံအောင် ရေးပါမယ်။

သခင်အောင်ဆန်း၊ သခင်သန်းထွန်းတို့ ခေါင်းဆောင်တာပါပဲ။ ဒီအုံကြွမှုကြီးမှာ အလုပ်သမားသမဂ္ဂတွေ ပါဝင်ပါတယ်။ စက်ရုံတိုင်း လိုလိုမှာလည်း သမဂ္ဂတွေ ရှိကြပါတယ်။ ဒီလိုနဲ့ အုံကြွမှုရယ်လို့ဖြစ်လာတော့ သူတို့အားလုံး ပါလာကြပါတယ်။

လယ်သမားသမဂ္ဂ၊ လယ်သမားအစည်းအရုံးတွေ ပါတယ်။

ကျောင်းသားသမဂ္ဂတွေ ပါတယ်။ (သူ့မှာ သံမဏိတပ်ဖွဲ့ ရှိတယ်)

ပြည်သူ့ရဲဘော်တပ်ဖွဲ့ ပါတယ်။ သူက BIA, BDA, PBF အစဉ်အလာရှိတဲ့ ဝါရင့်စစ်သည်တွေပဲ။ သူတို့ဟာ လက်နက်ကိုင် မထားတာကလွဲပြီး စစ်တပ်ရဲ့ အရည်အချင်း အရည်အသွေး အပြည့်ရှိပါတယ်။

အစိုးရ အမှုထမ်းပေါင်းစုံ သမဂ္ဂတွေ ပါတယ်။

မီးရထားသမဂ္ဂ၊ မြေစာရင်းဌာနသမဂ္ဂ၊

စာတိုက်ကြေးနန်းသမဂ္ဂ၊ ပုလိပ်သမဂ္ဂ စသဖြင့် ပါကြတယ်။

ဈေးသမဂ္ဂတွေ ပါတယ်။

မြင်းလှည်း၊ ဆိုက်ကား၊ အငှားယာဉ်သမဂ္ဂ အစည်းအရုံးတွေ ပါတယ်။

မြို့နေဆင်းရဲတွေကလည်း အဖွဲ့အစည်းတွေအနေနဲ့ ပါကြတယ်။

ရဟန်းပျိုအဖွဲ့တွေ ပါတယ်။

၄၆ စက်တင်ဘာ အုံကြွမှုကြောင့်ပဲ ဘုရင်ခံဟာ တင်းမခံဝံ့တော့ဘဲ ဖဆပလနဲ့ စေ့စပ်လာရတာ ဖြစ်ပါတယ်။ ဒေါမန်စမစ် အိမ်ပြန်ရတာ ဖြစ်ပါတယ်။

အဲဒီတုန်းက အခြေအနေက – သပိတ်စုံ သူပုန်ထနိုင်တဲ့ အခြေအနေအထိ ရင့်မှည့်နေတယ်။

အဖွဲ့အစည်းတွေမှာ ခေါင်းဆောင်တွေ ရှိနေတော့ စီတန်းလှည့်လည်ရင်လည်း စည်းကမ်းသေဝပ်တယ်။

ပြည်သူ့ရဲဘော်တပ်ဖွဲ့က စီတန်းလှည့်လည်ပွဲ တခုလုံးကို စည်းကမ်းရှိအောင် ကွပ်ကဲတယ်။

**ပေါက်ကွဲတယ်**
**ဆိုတာကို**
**ထိန်းချုပ်လို့**
**မရပါဘူး**

အထပ်ထပ်ကွပ်ကဲထားတော့ စည်းကမ်းသေဝပ်တာ မဆန်းဘူး။

ဂုဏ်ယူစရာ လက်မထောင်စရာ လူထုအုံကြွမှုကြီးပါ။ ဘာကြောင့် ဒီလို လုပ်နိုင်ခဲ့တာလဲ။ ဖဆပလ ဆိုတဲ့ တပ်ပေါင်းစုကြီးက ခေါင်းဆောင်လို့ပါ။ လက်ဝဲလက်ယာ ညီညွတ်လို့ပါ။ ဒါကို ၈၈ လူထုပေါက်ကွဲမှုနဲ့ နှိုင်းယှဉ်ကြည့်နိုင်ဖို့ အတွက် အသေးစိတ်တင်ပြလိုက်ပါတယ်။ မတူတာက အင်္ဂလိပ်လက်အောက် ယေဘုယျဒီမိုကရေစီ ရှိတဲ့ခေတ်မှာ လုပ်ရတဲ့ စည်းကမ်းသေဝပ်မှုမျိုး ဖက်ဆစ်တပိုင်း မဆလ ခေတ်မှာ မရှိနိုင်တာပဲ။ ဆိုလိုတာက ၄၆ ခုနှစ်တုန်းကလို လူထုဆန္ဒပြပွဲတွေကို ထိန်းကွပ်မယ့် ပြည်သူ့ရဲဘော်လို အဖွဲ့အစည်းတွေ မရှိတာကိုပြောတာပါ။ ဒါကိုပဲ တချို့က စစ်အုပ်စုလေသံ လိုက်ပြီး မင်းမဲ့ဝါဒလေး ဘာလေး စွပ်စွဲနေကြတာ ဖြစ်တယ်။ ဖက်ဆစ်အောက်က ပေါက်ကွဲရတယ်ဆိုတဲ့ အမှန်တရားကို မျက်ကွယ် မပြုကြပါနဲ့။ ပေါက်ကွဲတယ်ဆိုတာကို ထိန်းချုပ်လို့ မရပါဘူး။ ကျောင်းသားသမဂ္ဂရှိမှ ကျောင်းသားကို ထိန်းချုပ်နိုင်မယ်။ တခြားသမဂ္ဂတွေ ရှိမှလည်း သူ့လူထုကို သူထိန်းချုပ်နိုင်မှာပဲ။

ဒါပေမဲ့ ၈၈ မှာ ဘာမှ မရှိဘူး။ ဒါကို နဝတ/နအဖ က အစောကြီးကတည်းက မင်းမဲ့စရိုက် သောင်းကျန်းမှု

## *ရန်သူ ဘယ်သူလဲ မိတ်ဆွေ ဘယ်သူလဲ မိတ်ဆွေယောင်ဆောင်သူ ဘယ်သူလဲ*

လို့ စွပ်စွဲတယ်။ အဲဒီလို ပြောတော့ ဘယ် ဒီမိုကရေစီ အဖွဲ့အစည်းကများ ဝင်ပြီး ကာကွယ်ချေပကြလို့လဲ။ ‘ဗကပ’ ရဲ့ ‘တောင်းပွဲ တိုက်ပွဲလမ်းစဉ်’ လို့ နအဖက စွပ်စွဲတော့ကော ဘယ်သူကများ ဝင်ပြီး ကာကွယ် ချေပကြသလဲ။ နေသာသပ လေညာက လုပ်နေကြတာပါ။ အဆုံးပြော ရရင် ငါးတကာ ယိုတဲ့ချေး ပုစွန်ဆိတ် (ဗကပ) ခေါင်းပေါ် ပုံချ ကြတဲ့လူတောင် ရှိပါတယ်။ ဒီအထဲမှာ ဗိုလ်အောင်ကြီး အဆိုးဆုံးပါ။ နယ်စပ်မှာ ငြိမ်းအဖွဲ့တွေ ပေါ်ပေါက်ရေးကအစ ဦးဝင်းတင်တို့လို ဒီချုပ်ထဲက တတ်သိတွေ အဖမ်းခံရတဲ့ အထိ သူနဲ့ဗိုလ်ခင်ညွန့်နဲ့ ‘ဝမ်းတူးရိုက်ပြီး’ လုပ်သွားကြတာ အားလုံး အသိပါ။ ဗိုလ် အောင်ကြီးဟာ လမ်းမပေါ်မှာ လူတွေ သတ်နေတဲ့ (အဲဒီတုန်းက တံတားနီ လူ သတ်ပွဲပြီးနေပါပြီ) စစ်တပ်ကိုတော့ စိတ်နဲ့တောင် မပြစ်မှားနဲ့လို့ ပြောပြီး ဗကပ ကိုတော့ တွေ့ရာသင်္ချိုင်း – ခေါးမဆိုင်း လုပ်ပါတယ်။ နောက်ဆုံး အမျိုးသားဒီမို ကရေစီ အဖွဲ့ချုပ်ထဲမှာ သူ့အကြောင်း သိလို့ သူ့သြဇာ မကိုက်သူတွေကို “ဗကပ လူတွေ”လို့ သမုတ်စွပ်စွဲပြီး ထုတ်ပစ်ခိုင်း ပါတယ်။ ထောက်လှမ်းရေးကို ပြောင် လက်ထောက်ချပါတယ်။ ၁၉၄၆ စက်တင်ဘာ အုံကြွမှုတုန်းက လက်ဝဲလက်ယာ ညီ ညွတ်နိုင်ကြလို့ အောင်ပွဲရခဲ့တယ်။ ရှစ် လေးလုံးကျတော့ ဘယ်သူနဲ့တော့ဖြင့် တွဲ မလုပ်နိုင်ပါဘူးလို့ စစ်အုပ်စုရဲ့ ပဋိမံလုပ် နေသူတွေပေါ်လို့ ခေါင်းဆောင်မှုအပိုင်း မှာ မညီမညွတ် ဖြစ်ရပါတယ်။

၁၉၄၆ ခုနှစ်နဲ့ မတူတဲ့ နောက် အချက်တချက်က ဟိုတုန်းက အနောက် တိုင်းနိုင်ငံတွေထဲကဆိုရင် သက်ဆိုင်ရာ ကိုလိုနီ အစိုးရကလွဲရင် တခြားဘယ်နိုင်ငံ၊ ဘယ်အစိုးရကမှ ဗမာပြည်အရေးကို အရေးမစိုက်နိုင်ကြဘူး။ အားလုံးကိုယ့်ကိစ္စ နဲ့ကိုယ် အလုပ်ရှုပ်နေကြတာပါ။ အဲဒီတုန်း က သူတို့ရဲ့မီဒီယာတွေလည်း အလားတူ ပါပဲ။ ၁၉၈၈ ကျတော့ ပြည်တွင်းက လက်ယာဂိုဏ်းနဲ့ အနောက်တိုင်းက လူတွေ၊ အထူးသဖြင့် ဗမာ့အရေး ‘ကျွမ်း ကျင်သူ’ နာမည်ခံသူတွေဟာ ပေါင်းမိကြ ပါတယ်။ စစ်အစိုးရ ဆန့်ကျင်ရေးမှာ ပေါင်း မိတာ မဟုတ်ပါဘူး။ ဗကပ ဇာတ်သိမ်းပြီ ဆိုပြီး ဣန္ဒြေမဆောင်နိုင်ဘဲ ဗကပ ဖုတ် ကြည်း သင်္ဂြိုဟ်လုပ်ကြ၊ သင်္ချိုင်းမှတ်တိုင် စိုက်ပေးကြတာတွေမှာ ပေါင်းမိတာပါ။ တချို့က အလျင်အမြန်စာအုပ်တွေ ရေး ထုတ်ကြတယ်။ နောက်ပြီး ဗကပ ထဲက ခွဲထွက်သူတွေကိုလည်း သက်ဆိုင်ရာ လူမျိုးတွေရဲ့ သူရဲကောင်းကြီးတွေအဖြစ် ကွန်ဂရက်ကျူလိတ်လုပ် (ဂုဏ်ပြု) ကြတယ်။

အဲဒီအာဃာတနဲ့ အဲဒီ လုပ် ဟန်ကို ဒီနေ့အထိ ဆက်လက်စွဲကိုင်နေလို့ ကတော့ ဘာညီညွတ်ရေးမှ မတည်ဆောက် နိုင်ပါဘူး။

အမျိုးသားညီညွတ်ရေးဆိုတာ –

(၁) လက်ဝဲလက်ယာ စုစည်း မိရပါမယ်။

(၂) ဒါပေမဲ့ ဒီညီညွတ်မှုမှာ အားလုံးပါဖို့ မျှော်လင့်လို့ မရပါဘူး။ အလိုတော်ရိတွေ ဘယ်လိုမှ မပါနိုင်ဘူး။

(၃) အနိမ့်ဆုံး ဘုံလုပ်ငန်းစဉ် ရှိ ရမယ်။ ရန်သူ ဘယ်သူလဲ။ မိတ်ဆွေ ဘယ် သူလဲ။ မိတ်ဆွေယောင်ဆောင်သူ ဘယ်သူ လဲ။ မိတ်ဆွေစစ် ဘယ်သူလဲ။ ဘယ်သူ့ အခြေခံရမလဲ စတာတွေညီမှ တည်ထောင် နိုင်ပါတယ်။ ဂိုဏ်းဂဏဝါဒနဲ့ မတည် ထောင်နိုင်ပါဘူး။

၁၉၄၅ မှာ ဖက်ဆစ်တော်လှန်ရေး အောင်ပွဲရတယ်။ ဒါပေမဲ့ အောင်ပွဲနဲ့အတူ ‘ဂိုဏ်းဂဏ’ တွေ ပါလာတယ်။ အားလုံး မှာက လက်မထောင် ဂုဏ်ယူစရာကလည်း ရှိကြသကိုး။ အရွယ်ကလည်း ငယ်ကြ သေးတော့ မင်းပျိုမင်းလွင်စိတ် ရှိကြပါ တယ်။ သခင်စိုးဟာ ဂိုဏ်းဂဏဝါဒရဲ့ ခေါင်ချုပ်ပါပဲ။ ဗကပ ကို ဂိုဏ်းခွဲခဲ့ရုံမက ဗိုလ်ချုပ်အောင်ဆန်းကိုလည်း ‘ဆောင်ကြာ မြိုင် ဗိုလ်ချုပ်’ ဆိုတဲ့ဆောင်းပါး ရေးပြီး ဆဲ တယ်။ ဗိုလ်အောင်ဆန်းက ပါတီ ခေါင်း ဆောင်အချင်းချင်း ကိုယ့်ကိုယ်ကိုယ်ဝေဖန် ရေး ၂ ကိုယ်ကြား လုပ်တာကို ဖွင့်ချပါတယ်။ သခင်စိုးက ပိုင်လှပြီဆိုပြီး ခြေထိုးတာပါ။ တဆက်ထဲမှာ သခင်သိန်းဖေနဲ့ သခင် သန်းထွန်းကို ရည်ရွယ်ပြီး သိန်း/သန်း အချောင်သမားလို့ ရေးပါတယ်။ ဘရောက် ဒါ (အညှံ့ခံရေး) ဝါဒအမှားမှာ သူမပါ သလိုလို သူများကို လက်ညှိုးထိုးတာပါ။ မြစ်ဝကျွန်းပေါ် တိုင်းမှူးဘဝတုန်းက ဗိုလ် နေဝင်းရဲ့ ချို့ယွင်းချက်တွေ ပုံကြီးချဲ့ပြီး ပါတီထဲ ဟောပြောတယ်။ ဒါကိုဆောင်းပါး မရေးဘူး။ အဲဒီတုန်းက နေဝင်းက ဒုတိယ တန်းစား ဖြစ်လို့ပဲ။ ခေါင်ကိုပဲ ထိုးနှက်တာပါ။ ဦးဗဆွေ၊ ဦးကျော်ငြိမ်းကိုလည်း အဲဒီလိုပဲ သဘောထားတာပါ။ ဒါကြောင့် သခင်စိုးက ဆွေနဲ့ငြိမ်းကို မထိုးနှက်ပါဘူး။ ဘာမှ မရေး ပါဘူး။

နောက်ဆုံးတော့ ဂိုဏ်းဂဏ ထွတ်ခေါင် သခင်စိုးဟာ သူက တပည့် နောက်လိုက်အဖြစ် မွေးခဲ့ဖူးတဲ့ ဗိုလ်နေဝင်း ရဲ့ ငယ်ကျွန်ကြီးဘဝနဲ့ ဇာတ်သိမ်းပါတယ်။ သံဝေဂရဖွယ်ပါ။

ဂိုဏ်းဂဏဝါဒက ဗမာပြည်ကို အကျိုးမပေးပါဘူး။ အဲဒါကြောင့်ပဲ အာဇာ နည်နေ့ ပေါ်ရပါတယ်။ ပြည်တွင်းစစ် ဖြစ်ရ

ပါတယ်။

ကုန်လွန်ခဲ့တဲ့နှစ် ၆၀ ကို နိဂုံးချုပ်ကြရရင် 'အမျိုးသား ညီညွတ်ရေး တည်ထောင်မယ့်လူက ဂိုဏ်းဂဏ မထားနဲ့' ဆိုတဲ့ သင်ခန်းစာကိုပဲ ကျောရိုးပြုရမှာပါ။

သမိုင်းကို ဖန်တီးချင်ရင်–

(က) အမြော်အမြင် ပြည့်ဝရမယ်။ သဘောထား ကြီးရပါမယ်။ လူထုပါမှ သမိုင်းကို ဖန်တီးနိုင်ပါတယ်။ လူထုမပါဘဲ ဖန်တီးခဲ့တဲ့ သမိုင်းကဏ္ဍသစ်ရယ်လို့ ဘယ်မှာရှိခဲ့ပါသလဲ။ လူထုမပါဘဲ အောင်ပွဲခံခဲ့တဲ့ ခေါင်းဆောင်ရယ်လို့ ဘယ်သူများရှိခဲ့ပါသလဲ။

(ခ) အမျိုးသား ညီညွတ်ရေး ရှိရမယ်။ ဖက်ဆစ်လက်အောက်မှာဆိုရင် မြေအောက်နည်း လုပ်ဝံ့ရမယ်။ လက်ဝဲလက်ယာ ညီညွတ်ရေးကိုအခြေခံရမယ်။ ဒါမှ လူထုပါလာမှာပါ။

(ဂ) လူထုကို အပြစ် မပြောပါနဲ့။ ခေါင်းဆောင်မှုက ကိုယ့်ကိုယ်ကို ဝေဖန်ရေး လုပ်ရမှာပါ။ လူထုခေတ်နောက်ကျတာ မဟုတ်ဘဲ ခေါင်းဆောင်က 'စိတ်ကူးယဉ်တာ'ပဲ ဖြစ်လေ့ ရှိပါတယ်။ ဒီမိုကရေစီ မူးလို့မှ ရှူစရာမရှိတဲ့ အခြေအနေမှာ လူထုကို ပြည်ပကနေ ရဲဆေးတင်ပေးတာ လုပ်နေရင်လည်း လူထုက ဥပေက္ခာပြုမှာပါ။ ပြည်တွင်းကလည်း စစ်အစိုးရ ခွင့်ပြုတဲ့ ဥပဒေတွင်း လုပ်နည်းပဲ စဉ်းစားပြီး လုပ်ခိုင်းနေရင် လူထုက ဘာမှလုပ်မရမှန်းသိပြီး ချောင်ထိုးလိုက်မှာပါ။ ပြည်ပမှာပဲ လုပ်လို့ရတော့တယ်လို့ပြောပြီး ပြည်ပထွက်ကြတာ များလာမှာပါ။ စီးပွားရေးအရ ရေကြည်ရာမြက်နုရာရှာသူနဲ့ နိုင်ငံရေးအရ ပြည်ပထွက်သူ ရောထွေးနေပါတယ်။ ပြည်ပရောက်ကြတော့လည်း နာမည်ပျက်ပါတယ်။ ဂိုဏ်းဂဏတွေ ပေါ်ပါတယ်။ ဆရာဆလိုင်းထွန်းသန်း ပြောတာလည်း မလွန်ဘူးထင်ပါတယ်။ 'လွတ်မြောက်ဒေသ' ဆိုတာကြီး ရောက်နေသူတွေ အင်တာနက်ပေါ်တင်တဲ့ စာတွေဖတ်ရင်း ရင်လေးရပါတယ်။ လူထုကို သမိုင်းဖန်တီးစေချင်ရင် အတွေးမှန် အလုပ်မှန်၊ အနေအထိုင်မှန်ကြမှ ဖြစ်မှာပါ။ ကြာလာရင် ပြည်တွင်းပြည်ပ ပဋိပက္ခပေါ်ပြီး ဗိုလ်သန်းရွှေတို့ အကြိုက်ဖြစ်သွားပါလိမ့်မယ်။ ပြည်တွင်းနေသူက ပြည်ပကလူကို 'လာလုပ်ကြည့်' လို့ မပြောမိဖို့နဲ့ ပြည်ပကလူကလည်း ပြည်တွင်းကလူကို အပြစ်မပြောမိဖို့ လိုပါတယ်။ အခုခေတ်က ဦးသိန်းဖေ (မြင့်) တွေ များနေတဲ့ ခေတ်ကြီးပါ။ ပြည်ပမှာ မင်းပေါင်းစုံနေကြတဲ့ခေတ်ပါ။

(ဃ) ပြည်တွင်း ဇောင်းပေး ပြည်တွင်းဇောက်ချလုပ်မယ့်ကေဒါ မွေးရပါမယ်။ အဓိကအားဖြင့် မျိုးဆက်သစ်ကိုပဲ အားထားရမှာပါ။ သူတို့ပဲ ရဲရဲဝံ့ဝံ့လုပ်မှာပါ။ '၁၃၀၀ ပြည့် မျိုးဆက်' က လူ့လောက ဇာတ်ခုံပေါ်က ဆင်းနေကြပြီ။ ၆၂ မျိုးဆက်က အိုစပြုနေပြီ။ ၇၄ – ၇၅ – ၇၆ – မျိုးဆက်က ပြည်ပရောက်ရင်ရောက်၊ မရောက်ရင် ငြိမ်နေရတယ်။ ခင်ညွန့်တို့ ကြိမ်းနေကျစကားက "ခင်ဗျားတို့ ငြိမ်ငြိမ်နေပါ။ ဒီတခါ စစ်ကြောရေး ဝင်ရရင် ခင်ဗျားတို့ အသက်အရွယ်နဲ့ဆိုရင် အသက်ရှင်လျက် ပြန်ထွက်နိုင်မှာ မဟုတ်ဘူး" လို့ ဖြစ်ပါတယ်။

၈၈ မျိုးဆက်တွေတောင်မှ လူလတ်ပိုင်းရဲ့ဒုတိယဆင့် ရောက်နေကြပြီ။ (သခင်အောင်ဆန်း၊ သခင်ဗဟိန်းတို့က ၁၉၄၅ အောင်ပွဲရတော့ အသက် ၃၀ ဝန်းကျင်ပဲ ရှိသေးတယ်)

(င) အကြမ်းမဖက်ရေး ဆေးခါးကြီး ကျွေးထားလို့ မြော့နေတဲ့ လူမမာလိုဖြစ်နေတဲ့ အရေးတော်ပုံကို 'လူထုက အဆင်သင့်မဖြစ်သေးဘူး။ ကြောက်နေတယ်' ဆိုတဲ့ ဆေးတခွက် ထပ်တိုက်ကြရင် ဒီတခါတော့ လူမမာ သေမှာပဲ။

နိဂုံးချုပ် – လူထုက မကြောက်ပါဘူး။ အကြိမ်ကြိမ် သမိုင်းဖန်တီးခဲ့တာပဲ။

**လူထုက မကြောက်ပါဘူး အကြိမ်ကြိမ် သမိုင်းဖန်တီးခဲ့တာပဲ**

ခေါင်းဆောင်မှုကသာ အခြေအနေကို အကဲဖြတ်တာမှန်ဖို့ လိုပါတယ်။ စစ်အုပ်စုကိုတော့ လျှော့မတွက်မိပါစေနဲ့။ ကိုယ့်ဝါဒဖြန့်ချက်နဲ့ ကိုယ်ပိတ်မိပြီး ဗိုလ်သန်းရွှေတို့ကို လျှော့တွက်တာမျိုး မဖြစ်သင့်ပါ။ သူတို့က ၁၈ နှစ် ၁၆ နှစ် လုပ်တိုင်း တင့်တယ်နေတယ်ဆိုတာ မမေ့နဲ့။ ကိုယ့်ဘက်ကတော့ တလျှော့တည်း လျှော့ပေးနေရတာပါ။ ရာဇသံပေးလိုက် ရက်ချိန်းပေးလိုက် နောက်တော့ ချောင်ထိုးလိုက်လုပ်နေရင် ဗိုလ်သန်းရွှေတို့ ပိုပြီးကန်းတက်လိမ့်မယ်။ ပျဉ်းမနား ပြောင်းဝံ့တာဟာ သူတို့ကိုယ်သူတို့ အထင်ကြီးပြီး မိမိတို့ကို အထင်သေးလို့ ဖြစ်တယ်။ ပိုင်လှပြီလို့ ထင်နေတယ်။

ဇာတ်ထဲမှာသာ သိကြားမင်းက ဇာတ်လိုက်ဒုက္ခရောက်ရင် ဝင်ကယ်တာပဲ။ လက်တွေ့နိုင်ငံရေး၊ ပထဝီနိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးမှာ ကယ်မယ့်သိကြားမင်း မရှိပါဘူး။ ကုလလုံခြုံရေးကောင်စီ (UNSC) မှာ သိကြားမင်း 'ငါးပါး' ရှိနေတယ်။ ဒါလည်း သတိပြုဖို့ပါ။ 'ရိမ်းဂျား' တွေ 'ရမ်ဘို' တွေလည်း မကယ်နိုင်ရုံမက ကိုယ့်ကိုအချွန်နဲ့ မ,သလိုဖြစ်မှာတောင် စိုးရပါတယ်။

လူထုက အင်္ဂလိပ်၊ ဂျပန် အောက်နဲ့ စစ်ကြီးကိုဖြတ်သန်းခဲ့ တာပါ။ နိုင်ငံရေးပါတီမှာသာ မျိုးဆက်ပြတ်တတ်ပါတယ်။ လူထုက ဘယ်တော့မှ မျိုးဆက်မပြတ်ပါဘူး။ လူထုကို အထင်သေးရင် နှာခေါင်းကျည်ပွေ့ တွေ့တတ်ပါတယ်။ ။

# အမျိုးသားညီညွတ်ရေးတည်ဆောက်ဖို့

(၁) နိုင်ငံကာ့အခြေအနေအရလည်းကောင်း၊ ပြည်တွင်းအခြေအနေအရလည်းကောင်း "အမျိုးသားညီညွတ်ရေး" တည်ဆောက်ဖို့ လိုအပ်နေပါပြီ။ ပြည်တွင်းရေးကိစ္စတွင် အမြင်တူအောင်ညှိနှိုင်းဖို့ သိပ်ခက်လှမည်မဟုတ်ဟု ထင်ပါသည်။ တဖွဲ့ကောင်း တပါတီကောင်းနှင့် စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်လို့ မရကြောင်း လက်ခံကြလျှင်၊ ဝဲ – ယာ မခွဲခြားဘဲ လက်တွဲလိုသောဆန္ဒ ရှိကြလျှင် ပြီးပါသည်။

ဤသို့ဆိုသဖြင့် ညှိနှိုင်းစရာမလိုဟုပြောခြင်း မဟုတ်ပါ။ လမ်းစဉ်သစ်တခုရဖို့ ညှိနှိုင်းရပါမည်။ 'လမ်းစဉ်ဟောင်း' ဖြင့် စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်လို့မရကြောင်း '၁၆' နှစ် အတွေ့အကြုံက ပြပြီးဖြစ်ပါသည်။ အားလုံးလက်ခံနိုင်သော 'ဘုံလမ်းစဉ်သစ်' ရှိဖို့ဆိုလျှင် ညှိနှိုင်းရပါမည်။ ပြည်တွင်း၊ ပြည်ပမည်သူနှင့်မဆို ညှိနှိုင်းလိုပါသည်။

(၂) နိုင်ငံတကာ့ကိစ္စကို ညှိရတာက ပိုပြီးလက်ဝင်မည် ထင်ပါသည်။ ဒုတိယ ကမ္ဘာစစ်မီး ဗမာပြည်ကို မကူးစက်မီက ဖွဲ့ခဲ့သော 'ထွက်ရပ်ဂိုဏ်း' အတွေ့အကြုံကို အစိမ်းလိုက်ယူသုံးလို့ မရပါ။

ထိုအတွေ့အကြုံများမှာ ပြည်ပနယ်ချဲ့သမားကို ဦးတည်တိုက်စဉ်က အတွေ့အကြုံများဖြစ်သဖြင့် ယူသုံးလို့မရခြင်း ဖြစ်ပါသည်။

ယခု ရင်ဆိုင်နေရသောရန်သူမှာ ပြည်တွင်းစစ်အုပ်စု ဖြစ်ပါသည်။ စစ်အုပ်စုသည် ပြည်ပမှလာသူများ မဟုတ်ပါ။ သူတို့တွင်လည်း ပြည်တွင်းလူမှုအခြေခံ အထိုက်အလျောက် ရှိပါသည်။ အင်္ဂလိပ်၊ ဂျပန်တို့လို လက်ဝေခံ လက်ပါးစေ လက်တဆုပ်စာကို အမှီပြုနေရသူများ မဟုတ်ပါ။

အပြန်အလှန် 'ပြည်ပအားကိုးသူများ' အဖြစ် စွပ်စွဲနေရုံဖြင့် အရာရောက်မည် မဟုတ်ပါ။ ကိစ္စမပြီးပါ။

# “ဗကပ” ၏ အဆိုပြုချက်

နိုင်ငံတကာ့အခြေအနေကလည်း ရှုပ်ထွေးလှပါသည်။ ဒုတိယကမ္ဘာ စစ်ဖြစ်နေစဉ်ကလို နိုင်ငံတကာ့အခြေအနေက ရှင်းရှင်းလင်းလင်း ရှိမနေပါ။ ထိုစဉ်အခါက အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်၊ ဆိုဗီယက်ရုရှား၊ တရုတ်က တဖက်၊ ဂျာမဏီ၊ အီတလီ၊ ဂျပန်ကတဖက် ပြတ်ပြတ်ထင်ထင် ရှိနေချိန် ဖြစ်ပါသည်။ တဖက်ဖက်ကို ဘက်လိုက်ချင်လျှင် လိုက်လို့ရပါသည်။ ယခုအခြေအနေမှာ ထိုသို့မဟုတ်ပါ။ ဗမာပြည်၏ အမျိုးသားအကျိုးစီးပွားကိုပဲ ဦးထိပ်ထား စဉ်းစားရမည့်အခြေအနေ ဖြစ်ပါသည်။

မိမိတို့ညီညွတ်နိုင်းဖို့ အများကြီးလိုပါသည်။ ဗမာပြည်ကွန်မြူနစ်ပါတီက မည်သူနှင့်မဆို နိုင်ငံတကာ့ရေးရာကို ညှိနှိုင်းလိုပါသည်။
(၃) နအဖ သန်းရွှေစစ်အုပ်စုက ဒီ/ချုပ် ကို အပြတ်ချနေပါသည်။ ‘ဒီပဲယင်း’ လို ခိုးကြောင်ခိုးဝှက်လုပ်တာ မဟုတ်ပါ။ ပြောင်ကျကျ လုပ်နေပါသည်။ သန်းရွှေတို့ကို လျှော့မတွက်သင့်ပါ။ နိုင်ငံတကာ့ဖိအားကိုလည်း ပိုမတွက် သင့်ပါ။ နိုင်ငံကြီးတခုခုက နားချလိုက်လျှင် စစ်အုပ်စု ပလ္လင်ပေါ်က ဆင်းသွားမည်ထင်လျှင်လည်း နိုင်ငံရေးအရ ရိုးအတာပဲ ဖြစ်ပါလိမ့်မည်။ သန်းရွှေ သေလျှင် အလိုလိုချောမောပြီးပြေသွားလိမ့်မည်ဟုလည်း မထင်သင့်ပါ။

ညှိနှိုင်းရမည့်ကိစ္စ များပါသည်။ မြန်မြန်ညှိနှိုင်းကြမှ ဖြစ်ပါလိမ့်မည်။

၁၃၆၈ ခုနှစ် – ဝါခေါင်လဆန်း ၈ ရက် ဗဟိုစည်းရုံးရေးကော်မတီ
၂၀၀၆ ခုနှစ် – ဩဂုတ်လ ၁ ရက် ဗမာပြည်ကွန်မြူနစ်ပါတီ

# ပထဝီနိုင်ငံရေးကို လေ့လာကြစို့

(တစ်)

ဗမာပြည် ပထဝီနိုင်ငံရေးကို ပါတီဝင်တိုင်း လေ့လာနေရပါမည်။ "အာရှလမ်းမကြီး" ကို အနေးနဲ့အမြန် ဖောက်ကြတော့မည်။ ဗမာပြည်က "အာရှလမ်းမကြီး" မှချဖြတ်သန်းသွားမည့်ဒေသ၊ ဗမာပြည်ကို ကွင်းရှောင်သွားလို့ မရ။ တရုတ်နဲ့အိန္ဒိယ လမ်းဖောက်လိုလျှင် ဟိမဝန္တာတောင်တန်းကြီးကျော်ပြီး လမ်းဖောက်လို့ ရသည်။ သို့သော် ခက်သည်။ ဗမာပြည်ကို ဖြတ်သွားလျှင်ကား လွယ်သည်။ လီဒိုလမ်းမကြီး (စတီးဝဲလ်လမ်း) လည်း ရှိသည်။ တမူးလမ်းလည်း ရှိသည်။

အာဆီယံ **ASEAN** ကတော့ တရုတ်နဲ့လမ်းဖောက်လျှင် တခြားလမ်းတွေ ဖောက်စရာ အများကြီး ရှိသည်။ ဗမာပြည်ကို ကွင်းသွားလို့ ရသည်။ သို့သော် အိန္ဒိယနဲ့ ဖောက်လျှင်ကား မှချဖြတ်သွားရမည်။ ကွင်းသွားလို့ မရ။

ဂျပန်သည်လည်း အရှေ့တောင်အာရှနှင့် သမိုင်းအဆက်အစပ် ရှိသည်။ "အာရှလမ်းမကြီး" ကို သူကလည်း မျက်စေ့ကျလိမ့်မည်။

ကမ္ဘာ့တဦးတည်းသော ဗိုလ်ကြီး အမေရိကန်ကတော့ ပြောစရာမလို၊ စိတ်ဝင်စားလိမ့်မည်။ သူက "အာရှလမ်းမကြီး" ကို ကြိုဆိုမည်တော့ မထင်ပါ။ "အာရှလမ်းမကြီး" နဲ့ သူ့အကျိုးစီးပွားက မအပ်စပ်လှပါ။ "အာရှလမ်းမကြီး" ကြောင့်အာရှသမဂ္ဂ **AU** (ဥရောပသမဂ္ဂ **EU** လို) ပေါ်လာလျှင် အကျိုးစီးပွား ထိခိုက်စရာပင် ရှိသည်။ ထို့ကြောင့် မကြိုဆို။ အာရှကြီး '၃' ကြီး (ဂျပန်၊ အိန္ဒိယ၊ တရုတ်) ပဋိပက္ခကိုပဲ ဖွပေး၊ ဆွပေး ချင်နေလိမ့်မည်။ ကြီး '၃' ကြီး အဆင်မပြေလျှင် "အာရှလမ်းမကြီး" အကောင်အထည်ဖော်ဖို့ ခက်မည်။ ကြာမည်။

ရုရှားကိုလည်း ထည့်တွက်ရမည်။ စစ်အေးခေတ်က သူလည်း အာရှနဲ့ ဗမာပြည်ကို စိတ်ဝင်စားဖူးသည်။ ယခုလည်း စိတ်ဝင်စားလိမ့်မည်။ "အာရှလမ်းမကြီး"ကို သူက ကြိုဆိုလိမ့်မည်။ "အာရှလမ်းမကြီး" ဖြစ်လာလျှင် သူလည်းအကျိုးရှိမှာဖြစ်လို့ ကြိုဆိုလိမ့်မည်။

ဤကား အကြမ်းဖျင်း စဉ်းစားကြည့်ခြင်း ဖြစ်သည်။ ဗမာပြည် အနေတတ်ရလိမ့်မည်။ ယာယီ အကျိုးစီးပွားချည်း ကြည့်နေလျှင် အမြင်တိုရာကျလိမ့်မည်။ မင်းတုန်း၊ ကနောင်၊ သီပေါခေတ်က စဉ်းစားနည်းမျိုး စဉ်းစားနေလျှင် သူတို့ခေတ်ကလိုပဲ ကျဆုံးလိမ့်မည်။

သူတို့ခေတ်က ဗမာပြည်နဲ့ ယခု ဗမာပြည် မတူပါ။ သူတို့ခေတ်က အထက် ဗမာပြည်က ကိုလိုနီတပိုင်း (အနှစ်သာရအားဖြင့်) ဖြစ်နေသည်။ အောက်ဗမာပြည်၊ ရခိုင်၊ တနင်္သာရီက ကိုလိုနီဖြစ်နေသည်။ ရွေးချယ်စရာလမ်း မရှိပါ။

ယခု အဲဒီလိုမဟုတ်၊ လွတ်လပ်နေသည်။ ရွေးချယ်စရာလမ်းတွေ အများကြီး ရှိသည်။ အမြော်အမြင် ရှိကြလျှင် အခါအခွင့်ကောင်း ယူလို့ ရသည်။

(နှစ်)

ဗမာပြည်ကို ဖြတ်မှ တရုတ်က အိန္ဒိယသမုဒ္ဒရာရောက်မှာ မဟုတ်။ တခြားလမ်း ရှိသည်။ ပါကစ္စတန်က သူ့ကို ဖြတ်ပြီး အရှေ့အလယ်ပိုင်းက ရေနံသယ်ဖို့ ပိုက်လိုင်းဖွင့်ဖို့ ဆွယ်နေတာရှိသည်။

အိန္ဒိယ – ပါကစ္စတန် ပြဿနာက တရုတ်အတွက် အဟန့်အတားဖြစ်နေမှာလည်း မဟုတ်ပါ။

ပါကစ္စတန်ကို ဖြတ်လျှင် ရေနံသိုက်ကြွယ်ဝရာ ဒေသကြီးနှင့် ပိုလို့တောင်

နီးသည်။ အရှေ့အလယ်ပိုင်းကိစ္စက အမေရိကန်၏ ခေါင်းအခဲရဆုံးကိစ္စ ဖြစ်နေတာလည်း ရှိသည်။

ဗမာပြည်က ခေတ်ငွေ့ကိစ္စကြောင့် တရုတ်နဲ့အိန္ဒိယ ပဋိပက္ခဖြစ်မလိုလို ပြောနေခြင်းသည် တခြားရည်ရွယ်ချက်နဲ့ ပြောနေတာ ဖြစ်သည်။ ဗမာ့ခေတ်ငွေ့ကြောင့်တော့ သူတို့ပဋိပက္ခဖြစ်စရာ မရှိပါ။ ဗမာပြည်က ခေတ်ငွေ့သိုက်က အကြီးအမားကြီး မဟုတ်။ တရုတ်နဲ့ အိန္ဒိယက "အာရှလမ်းမကြီး" ကိုပဲ စိတ်ဝင်စားလိမ့်မည်။

တရုတ်၏ "ဈေးကွက်ဖွင့်ရေး" က ဗမာပြည်ကိုကျော်ပြီး ကြည့်သလို အိန္ဒိယ၏ "အရှေ့မျှော်ရေး" ကလည်း ဗမာပြည်ကို ကျော်ပြီး ကြည့်နေခြင်း ဖြစ်သည်။ ဗမာပြည်၏ ဈေးကွက်က ကြီးလှတာမဟုတ်၊ ဗမာပြည်ဈေးကွက်၏ အရွယ်အစားကို သူတို့က မိမိတို့ထက်ပင် ပိုသိကြပါသည်။

မိမိတို့က ကိုယ့်တိုင်းပြည်ကို သူများကြည့်သလို "ဈေးကွက်" အဖြစ် မကြည့်မိဖို့ လိုသည်။ ဗမာပြည်သည် မိမိတို့၏ မိခင်တိုင်းပြည်၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင် အစဉ်မပြတ် ထူထောင်ခဲ့သည့် တိုင်းပြည်အဖြစ် မြင်ကြရပါမည်။ သူများက "ဈေးကွက်" အဖြစ် မြင်တာက သူတို့အမျိုးသား အကျိုးစီးပွားဘက်က ကြည့်ပြီးမြင်တာ ဖြစ်သည်။ မိမိတို့က "ဈေးကွက်" အဖြစ် မြင်မိလျှင် အမျိုးသား အကျိုးစီးပွားကို "ရောင်းကုန်" အဖြစ် လုပ်ပစ်ခြင်း ဖြစ်၏။

(သုံး)

စစ်အုပ်စုများ အာဏာသိမ်းပြီးကတည်းက ဗမာပြည် အကျိုးစီးပွားကို "ရောင်းကုန်" အဖြစ် သဘောထားခဲ့ကြသည်။ နိုင်ငံရေးအရ၊ စီးပွားရေးအရ ဈေးကြီးပေးလျှင် ထိုးရောင်းဖို့ ဝန်မလေး။ အာဏာတည်မြဲနေလျှင်ပြီးရော။ အိမ်တိုင်ချွတ်ပြီး ရောင်းမည်ဟု လေလံတင်နေသူများ ဖြစ်သည်။

ဆိုရှယ်လစ် (ထုပ်ပိုးပုံ) ပက်ကင် ဖြင့်တင်တာနဲ့ "ဒီမိုကရေစီ ပက်ကင်" ဖြင့် တင်တာကတော့ ဘယ်ဟာ ရေပန်းစားနေသလဲ။ အာဏာကို ဘယ်လိုထိန်းမလဲ ဆိုတာအပေါ် ကြည့်ပြီး ထုပ်ပုံပိုးပုံကို ပြင်တာပဲ ဖြစ်သည်။

ပက်ကင်နဲ့ ဘယ်နိုင်ငံခြား တိုင်းပြည်ကိုမှ မဖမ်းစားနိုင်ပါ။ ပြည်တွင်းက လူတွေကိုပဲ ဖမ်းစားနိုင်သည်။ တချို့က ဖမ်းစားခံရတာ ဖြစ်သည်။ တချို့က အဖမ်းခံရတာ ဖြစ်သည်။ ဒီလိုနဲ့ စစ်အုပ်စု သက်ဆိုးရှည်ခဲ့တာ ဖြစ်သည်။ အဲဒီလို ထပ်ပြီးမဖြစ်ဖို့ လိုပါသည်။

ပထဝီနိုင်ငံရေး ကစားကွက်ထဲမှာ မျက်စေ့မလည်စေချင်ပါ။ ဗမာပြည်ရဲ့ အမျိုးသားအကျိုးစီးပွားကိုပဲ ဦးထိပ်ထားကြမည့်အချိန် ဖြစ်ပါသည်။ ။

**စစ်အုပ်စုများ အာဏာသိမ်းပြီးကတည်းက ဗမာပြည် အကျိုးစီးပွားကို "ရောင်းကုန်" အဖြစ် သဘောထားခဲ့ကြသည်။ နိုင်ငံရေးအရ၊ စီးပွားရေးအရ ဈေးကြီးပေးလျှင် ထိုးရောင်းဖို့ ဝန်မလေး။**

# ပဋိပက္ခဖြစ်နေတဲ့ အတွေးအခေါ် '၂' ရပ်

## *အတွေးအခေါ်တိုက်ပွဲမှာ နောက်ဆုတ်မိရင် ရှုံးလိမ့်မယ်*

*ရုရှားအောက်တိုဘာ တော်လှန်ရေးသာ မဖြစ်ရင် အာရှတိုက်ကို မာ့က်စ်ဝါဒရောက်တာ ဒီ့ထက် နောက်ကျမှာပါ။*

(၁)

ဗမာပြည်မှာ မာ့က်စ်ဝါဒနဲ့ ထိတွေ့တာ လေ့လာကြတာ ကြာပါပြီ။ ပါတီမထောင်မီကတည်းကပါ။ ပါတီရဲ့အသက်တောင် နှစ် ၇၀ နီးပြီဆိုတော့ မာ့က်စ်ဝါဒနဲ့ ထိတွေ့တာ လေ့လာတာက အနည်းဆုံး နှစ်ပေါင်း ၈၀ တော့ ရှိပါတယ်။

မာ့က်စ်ဝါဒ ပေါ်တာက (၁၈၄၈ ကွန်မြူနစ်ကြေညာစာတမ်း ထွက်တာက တွက်ရင်) နှစ်ပေါင်း ၁၅၈ နှစ်ရှိပြီ။ ကျွန်တော်တို့ အတော်နောက်ကျပါတယ်။ ရုရှားအောက်တိုဘာ တော်လှန်ရေးသာ မဖြစ်ရင် အာရှတိုက်ကို မာ့က်စ်ဝါဒ ရောက်တာ ဒီ့ထက် နောက်ကျမှာပါ။ မာ့က်စ်ဝါဒ အာရှတိုက်ကို တိုးချဲ့နိုင်တာမှာ ဂျပန်၊ တရုတ်၊ အိန္ဒိယက တိုးတက်တဲ့ ခေတ်ပညာ တတ်တွေရဲ့အခန်း နယ်ချဲ့ ဆန့်ကျင်ရေးသမားတွေရဲ့အခန်းက အရေးကြီးပါတယ်။ သူတို့ကတဆင့်သာ ဗမာပြည်လို နိုင်ငံတွေဆီကို ရောက်လာတာ ဖြစ်ပါတယ်။

ဗမာပြည်အတွက်ပြောရင် မာ့က်စ်ဝါဒကို စတင်တင်သွင်းလာသူတွေဟာ တရုတ်ကွန်မြူနစ်နဲ့ အိန္ဒိယကွန်မြူနစ်တွေ ဖြစ်ပါတယ်။ ရန်ကုန်မှာ တရုတ်ကွန်မြူနစ်နဲ့ အိန္ဒိယကွန်မြူနစ်တွေ လျှို့ဝှက်ကလာပ်စည်းဖွဲ့ပြီး လှုပ်ရှားကြတာ ရှိပါတယ်။ ၁၉၃၀ ခုနှစ် လောက်ကတည်းက လှုပ်ရှားတာပါ။ သူတို့ကတဆင့် သူတို့နဲ့နီးစပ်တဲ့ ဗမာခေတ်လူငယ်ပညာတတ် နယ်ချဲ့ဆန့်ကျင်ရေးသမားတွေဆီ မာ့က်စ်ဝါဒ ရောက်တာပါ။ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်လည်းပြင်းထန်၊ အသစ်အသစ်ကိုလည်း လက်ခံနိုင်စွမ်းရှိ၊ ပညာတတ်လည်း ဖြစ်ကြလို့သာ မာ့က်စ်ဝါဒကို လေ့လာနိုင်တာ လက်ခံနိုင်တာ ဖြစ်ပါတယ်။

အင်္ဂလိပ်နယ်ချဲ့သမားကို ကျွန်တော်တို့ မိဘဘိုးဘွားတွေ အစဉ်တစိုက်ဆန့်ကျင်လာခဲ့ပါတယ်။ ဒါပေမဲ့ တိုက်တိုင်းရှုံးပါတယ်။ အရင်းရှင် အတွေးအခေါ်ကို ပဒေသရာဇ်အတွေးအခေါ်နဲ့ တိုက်နေလို့ ရှုံးပြီးရင်းရှုံးနေတာပါ။ ရှုံးတာတွေများတော့ လူထုကြီးတရပ်လုံး အောင်စိတ်တွေပျောက်ပြီး ရှုံးစိတ်၊ ကြောက်စိတ်ပဲ လွှမ်းပါတယ်။

အညာဘက်မှာ ကလေးကို ခြောက်တဲ့စကားက "စစ်ဘာရီတွေလာပြီ" ဆိုတဲ့စကားပါ။ ဒေဝါကြီးနဲ့ မခြောက်ပါဘူး။ စစ်ဘာရီဆိုတာ Sepoy ပါ။ အူရဒူ (Urdu ) စကားပါ။ အင်္ဂလိပ်ကြေးစား ကုလားစစ်သားကို ခေါ်တာပါ။

စစ်ဘာရီတွေ သေနတ်ထမ်းပြီး (ငွေတိုက်စောင့်ဖို့ ) ချီတက်လာရင် လမ်းပေါ်ကစားနေတဲ့ ကလေးတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်တာပါ။

ရင်ဆိုင်မတွေ့ဝံ့ပါဘူး။ စစ်ဘာရီထမ်းထားတဲ့ သေနတ်က ရိုင်ဖယ် မဟုတ်ပါဘူး။ မတ်စကက် (Musket) တူမီးသာသာ သေနတ်ပါ။ စစ်သားကလည်း မများပါဘူး။ အဖွဲ့မှူးနဲ့ တပ်သား အားလုံးပေါင်းမှ (၄) ယောက်တည်းပါ။ အဲဒီခေတ်က ဗမာပုလိပ်ကို သေနတ်မတပ်ဆင်ပါဘူး။ ဓားပဲ တပ်ဆင်ပါတယ်။ ပုလိပ်ဂါတ်တဲမှာတောင် သေနတ် မရှိပါဘူး။ သေနတ်ကို ကုလားစစ်သားပဲ ကိုင်ရပါတယ်။

"ရှုံးစိတ် ကြောက်စိတ်" တွေ ဘယ်လောက်လွှမ်းနေသလဲဆိုတာ ပြောချင်တာပါ။

ကြောက်စိတ်၊ ရှုံးစိတ်ကို စတင်ဖျောက်ပေးတာ တိုးတက်တဲ့ ကျောင်းသားပါ။ ကျောင်းသား သပိတ်တွေပါ။ ၁၉၂၀ ကျောင်းသား သပိတ်ကို "အမျိုးသား အောင်ပွဲ" လို့ ပြောပြီး "အောင်စိတ်၊ ရဲစိတ်" သွင်းခဲ့ရတာပါ။ တကယ်တော့ ၁၉၂၀ ကျောင်းသားသပိတ်က အောင်ပွဲ စစ်စစ် မဟုတ်ပါဘူး။

မာ့က်စ်ဝါဒအတွေးအခေါ် ရတော့ "အောင်စိတ်၊ ရဲစိတ်" က တဆင့်မြင့်ပြီး "တော်လှန်စိတ်" ဖြစ်လာပါတယ်။ ဒုတိယကမ္ဘာစစ်ကြီး အတွင်းမှာ တော်လှန်ရေး ၂ ရပ် ဆင်နွှဲနိုင်တာဟာ "တော်လှန်စိတ်" ရှိနေကြလို့ ဖြစ်ပါတယ်။ တော်လှန်တဲ့ အတွေးအခေါ်ရှိမှ တော်လှန်ရေးတရပ် ဖြစ်ပေါ်နိုင်တယ်ဆိုတဲ့ သဘောတရားကို ကျွန်တော်တို့ရဲ့ လက်တွေ့ဘဝက သင်ကြားပေးလိုက်တာ ဖြစ်ပါတယ်။

(၂)

မာ့က်စ်ဝါဒမှာ အပိုင်းကြီး '၃' ပိုင်း ပါဝင်တယ်လို့ ကျွန်တော်တို့ လေ့လာရရှိထားပါတယ်။ အဘိဓမ္မာပိုင်း၊ နိုင်ငံရေးဘောဂဗေဒအပိုင်းနဲ့ ဆိုရှယ်လစ်ရေး အပိုင်းပါ။ ပြဿနာဖြစ်နေတာက ဆိုရှယ်လစ်ရေး အပိုင်းပါ။ ကျန် ၂ ပိုင်းကိုတော့ ပြဿနာ သိပ်မလုပ်ကြပါဘူး။ ခနရှင် ပညာရှင်တွေက ထောက်ခံတာတောင် တွေ့ပါတယ်။

ဆိုရှယ်လစ်ရေး အပိုင်းမှာ ပြဿနာဖြစ်နေတာကို ကျွန်တော်တို့ ကြိုက်ကြိုက်မကြိုက်ကြိုက် လက်ခံရမှာပါပဲ။ ဆိုဗီယက်ပုံစံ စမ်းသပ်မှုက ဆုံးရှုံးသွားပြီ။ တရုတ်ပုံစံက စမ်းသပ်နေဆဲ ဖြစ်တယ်။ အချိန်အများကြီးယူရမယ့် စမ်းသပ်မှုပါ။ ကျွန်တော်တို့ ဆက်လက်လေ့လာနေရမှာပါ။

(၃)

မာ့က်စ်ဝါဒဟာ သိပ္ပံတာသာရပ် ဖြစ်တယ်။ ခေတ်နဲ့တပြေးညီ တိုးပွားကျယ်ပြန့် ပြည့်စုံလာမှာပါ။ အသေကြီးလိုရပ်နေမှာ မဟုတ်ဘူး။ တချို့စမ်းသပ်မှု တဝဲလည်လည်ဖြစ်မယ်။ မအောင်မြင် ရှုံးသွားတာဖြစ်မယ်။ အဲဒီလိုဖြစ်လို့ သေသွားပြီ ပြောလို့မရပါဘူး။ ရေနွေးငွေ့ခေတ်က ရေနွေးငွေ့ နည်းပညာနဲ့ပဲ လက်တွေ့စမ်းသပ်မှာပဲ။ IT ခေတ်မှာ IT နည်းပညာနဲ့ စမ်းသပ်မယ်။ နောင်မှာ တိုးပွားလာဦးမယ့် နည်းပညာတွေနဲ့ စမ်းသပ်ရမှာပဲ။

နာနိုနည်းပညာ (Nano technology) ကို ငွေကုန်ကြေးကျခံပြီး သုတေသန လုပ်နေကြတယ်။ အောင်မြင်တဲ့ တနေ့မှာ ရှေ့တဆင့် တက်ဦးမှာပဲ။ ဂယ်လီလီယို [Galileo (၁၅၆၄ – ၁၆၄၂)] က လက်ဖြစ်မှန်ပြောင်းနဲ့ အာကာသဗေဒ ပညာရပ်ကို စမ်းသပ်တယ်။ သူ့တွေ့ရှိချက်တွေက အသစ်အဆန်းပဲ။ အခုခေတ် နည်းပညာနဲ့ စမ်းသပ်တွေ့ရှိတာမျိုး သူမတွေ့နိုင်ဘူး။ အဲဒါကြောင့် သူ့ကို အပြစ်ပြောမလား။ သူ့တွေ့ရှိချက် မှားပြီလို့ ပြောလို့ရမလား။

ရှေ့က ပညာရှင်ရဲ့ပခုံးပေါ် တက်ရပ်ပြီးကြည့်တဲ့ ပညာရှင်က ပိုပြီးများများမြင် ဝေးဝေးမြင်နိုင်မှာချည်းပဲ။

မာ့က်စ်ဝါဒ ဘဏ္ဍာတိုက်ကို နောက်ပေါက် မာ့က်စ်ဝါဒီတွေက ပိုပြီး ဖြည့်တင်းနိုင်မှာပါပဲ။ ဘယ်ဟာက ဖြည့်တင်းသူစစ်စစ် ဘယ်ဟာက ဖြည့်တင်းသူ အတုဆိုတာပဲ ခွဲခြားနိုင်ဖို့ လိုတယ်။ ဖြည့်တင်းသူ အတုက ကြာရှည်မခံပါဘူး။ ခရူးရှက်ဖ်တို့ ဂေါ်ဘာချော့ဖ်တို့လည်း ဖြည့်တင်းသူလို့ သူတို့ကိုယ်သူတို့ ထင်ခဲ့တာပဲ။ ဖြည့်တင်းသူလား ဖျက်ဆီးသူလား ဆိုတာကို လက်တွေ့က ပြပါတယ်။

ကျွန်တော်တို့ တာဝန်က မာ့က်စ်ဝါဒကို တရားသေလို သဘောမထားဘဲ ဖြည့်တင်းပေးနေဖို့ ဖြစ်ပါတယ်။

(၄)

နယ်ချဲ့စနစ်ဟောင်းကို မြေမြှုပ်သင်္ဂြိုဟ်သူတွေဟာ မာ့က်စ်ဝါဒီတွေနဲ့ မာ့က်စ်ဝါဒရဲ့ မဟာမိတ်တွေပါ။ ဒုတိယကမ္ဘာစစ်မှာ အဆုံးအဖြတ် ကျသွားတာပါ။

ဒုတိယကမ္ဘာစစ်မှာ ဖက်ဆစ်ဝါဒ ဖက်ဆစ်ဝင်ရိုးတန်း နိုင်ကြည့်ပါလား ဘယ်လိုဖြစ်သွားမလဲ။ ပြောင်ကျတဲ့ ရက်စက်တဲ့ နယ်ချဲ့စနစ်အောက် တကမ္ဘာလုံး ပြားပြားမှောက် ရောက်မှာပါ။ နောက်တော့ ဂျာမဏီနဲ့ဂျပန် ဗိုလ်လုတဲ့ လူမျိုးရေးစစ်ကြီး မုချဖြစ်မှာပဲ။

အခုတော့ နယ်ချဲ့စနစ်ဟောင်းဟာ ပြန်မလာတမ်း ကျဆုံးသွားပါပြီ။ နယ်ချဲ့စနစ်သစ်က တီထွင်ခြေလှမ်းဆဲ ဖြစ်တယ်။ အခုခေတ် မာ့က်စ်ဝါဒီတွေ တာဝန်က နယ်ချဲ့စနစ်သစ် ခြေကုတ်မရအောင် လုပ်ရမယ့်ကာလဖြစ်တယ်။ ကိုယ့်ဘက်ကလည်း တီထွင်ရမှာပါ။

လီနင်ရဲ့ "နယ်ချဲ့စနစ်" ကျမ်းထဲမှာပါတဲ့ နယ်ချဲ့စနစ်ပုံစံမျိုး ရှာမကြည့်ပါနဲ့။ မတွေ့ပါဘူး။ လက်ဝါးကြီးအုပ် ကုမ္ပဏီကြီးတွေ ရှာမကြည့်ပါနဲ့ မတွေ့ပါဘူး။ အခုအသစ်တွေပါ။ သူတို့ချင်း အနှစ်သာရပဲ တူတော့တာပါ။

တရုတ်ကွန်မြူနစ် သမ္မတကို လှိုက်လှိုက်လှဲလှဲကြိုတာက မိုက်ခရိုဆော့ဖ်နဲ့ ဘိုးအင်းကုမ္ပဏီကြီးတွေပါ။ အမေရိကန်သမ္မတ ကြိုဆိုတာထက် နွေးထွေးပါတယ်။ ဘယ်သမ္မတနိုင်ငံ ဦးသျှောင်ပဲ ခရီးထွက်ထွက် ပါတဲ့ပရိသတ်က စီးပွားရေးပညာရှင်တွေ၊ စီးပွားကုန်သွယ်ဌာန တာဝန်ခံတွေ များတယ်။

နိုင်ငံ့ခေါင်းဆောင်တွေ စကားပြောကြရင်လည်း ဟိုတုန်းကလို မဟုတ်တော့ပါဘူး။ "မူပိုင်ခွင့်" ကိစ္စပြောတယ်။ "မူပိုင်ခွင့်" မှာကလည်း အမျိုးမျိုးပဲ။ အတတ်ပညာဆိုင်ရာ၊ ဉာဏဆိုင်ရာ စသဖြင့် "မူပိုင်ခွင့်" တွေက အများကြီးပဲ။

ရေနွေးငွေ့သဘော်ကြီးနဲ့ ရက်တွေ၊ လတွေချိုပြီးလာ၊ တူတာလက်နဲ့ တောတိုး၊ တောင်တက် သဘာဝသယံဇာတရှာတဲ့ခေတ် နယ်ချဲ့ပုံမျိုး မစဉ်းစားပါနဲ့။ အခုခေတ်မှာ ဒီအလုပ်မျိုး သူတို့မလုပ်ပါဘူး။ သူတို့အိပ်စက် အနားယူချိန်မှာ ဘန်ဂလိုက အိန္ဒိယပညာရှင်တွေကို ငှားထားပြီး ဝန်ဆောင်မှုအဝဝကို လုပ်ခိုင်းတဲ့ခေတ်ပါ။ တူတာလက်နဲ့ တောတိုးတဲ့အလုပ် တောင်တက်တဲ့အလုပ်ကို ဖွံ့ဖြိုးဆဲနိုင်ငံတွေက တိုင်းရင်းသားတွေပဲ လုပ်ကြတဲ့ခေတ်ပါ။ ရော်ဘာပင် လာစိုက်မယ့် နယ်ချဲ့သမား၊ ကော်ဖီခြံ လာလုပ်မယ့် နယ်ချဲ့သမား၊ သတ္တုရှာဖွေရေးလုပ်မယ့် နယ်ချဲ့သမားကို ရှာမနေပါနဲ့ မတွေ့ပါဘူး။

ကာတွန်းတခု တွေ့လိုက်တယ်။ အဲဒီကာတွန်းမှာ ကမ္ဘာလှည့် ခရီးသွားတသိုက်က ခရီးသွားများ ဧည့်လမ်းညွှန်ကောင်တာမှာ "အခု တို့ဘယ်မြို့ ရောက်နေတာလဲ" လို့ မေးနေတဲ့ပုံပါ။ ကောင်တာရဲ့နံရံမှာက မက်ဒေါ်နယ်ကြော်ငြာ၊ စတားဘတ်ကြော်ငြာတွေ ကပ်ထားတယ်။

အခုခေတ်မှာက ကမ္ဘာ့လက်ဝါးကြီးအုပ် ကုမ္ပဏီတွေ နေရာတကာမှာ ရှိနေတာကို သရော်တဲ့ ကာတွန်းပါ။

လီနင်တို့ခေတ်က မက်ဒေါ်နယ် အသားညှပ်မုန့်၊ စတားဘတ် ကော်ဖီ ကမ္ဘာမပြန့်သေးပါဘူး။ ကိုယ့်ရိုးရာပဲ စားသောက်ကြတာပါ။

အခုခေတ်မှာက ပုဂ္ဂလိက အငှားလိုက်တဲ့ စစ်တပ်ရှိတယ်။ ပုဂ္ဂလိက အငှားလိုက်တဲ့ အချုပ်ရှိတယ်။ ထောင်ရှိတယ်။ အလွတ်စုံထောက် ဆိုတာကတော့ ပြောစရာမလိုဘူး။ အငှားလိုက်တဲ့ ပုဂ္ဂလိက လော်ဘီကုမ္ပဏီ ရှိတယ်။ ဗိုလ်ခင်ညွန့်တို့ တောင် ငှားဖူးသေးသလိုလို ကြားရတယ်။

လီနင်တို့ခေတ်က စတော့ရှယ်ယာ လက်မှတ်နဲ့ ကစားတဲ့သူက မြေထဲပင်လယ် ကမ်းခြေ ဗီလာတိုက်ပျော်တယ်မှာနေပြီး ကစားကြတဲ့ သူဌေးကြီးတွေပဲ။ ထုတ်လုပ်ရေး သူတို့ စိတ်မဝင်စားဘူး။

အခုခေတ်မှာကတော့ ဟောင်ကောင်က သာမန်တရုတ် အိမ်ရှင်မက မီးဖိုချောင်ထဲကနေ စတော့ရှယ်ယာ ကစားတယ်။ အမေရိကန်မှာတော့ပြောမနေနဲ့။

တကမ္ဘာလုံးမှာ ထုတ်လုပ်ရေး အလုပ်သမားထက် ဝန်ဆောင်မှု အလုပ်သမားက များနေပြီ။ ဒါကိုကြည့်ပြီး ကော်လာပြာခေတ် ကုန်ပြီ။ မာ့က်စ်ပြောတဲ့ ပစ္စည်းမဲ့မျိုး မရှိတော့ဘူးလို့ ပြောနေတာလည်း ကြားနေရတယ်။

ပုဂ္ဂလိကပစ္စည်း ပိုင်ဆိုင်မှုက စစ်တပ်၊ အချုပ်၊ ထောင်စတဲ့ နေရာမှာတောင် ရောက်နေမှတော့ ပုဂ္ဂလိကပစ္စည်းမဲ့သူက ပိုများလာမှာကို တွက်ကြည့်ဖို့ ကွန်ပျူတာ မလိုပါဘူး။

ကမ္ဘာကြီး ပြားသွားပြီ ဆိုတာကလည်း ပဒေသရာဇ်ခေတ်ကလည်း ပဒေသရာဇ် မင်းစိုးရာဇာတွေအတွက်တော့ ပြားနေခဲ့တာပါ။ ဥရောပက ဘုရင့်နန်းတော်မှာ ကြွေထည်ပစ္စည်း၊ ပိုး၊ ဖဲ၊ ကတ္တီပါတွေရှိသလို တရုတ်ဘုရင့် နန်းတော်မှာ ဥရောပလုပ် နာရီ၊ မှန်ထည် ပစ္စည်းတွေ ရှိသလို မန္တလေးနန်းတော်မှာတောင် တရုတ်လောက် မများပေမယ့် ရှိပါတယ်။ သူတို့ လူတန်းစားအတွက်တော့ ကမ္ဘာကြီး ပြားနေတာပါ။

အခုခေတ်မှာ တိုးတက်လာတာက စားဝတ်နေရေးမှာ တတ်နိုင်သူတွေက အကြိုက်ချင်းတူနေတာပါ။

လူထုထဲအထိ အကြိုက်တူနေတာက တေးဂီတနဲ့အကလို့ ထင်ပါတယ်။ ဒါကလည်း အသစ်အဆန်း မဟုတ်ပါဘူး။ ဟိုတုန်းကလည်း ခေတ်ပြားခေတ်မှာ အကြိုက်ချင်း တူနေတာပါ။

ဂျပန်ခေတ်က ဗမာသီချင်း ခေတ်ပြားတခု ဖွင့်နေတုန်း ဂျပန်တွေ ရောက်လာပြီး သူတို့ကပါ ဝင်ပြီးဆိုကြတယ်။ သီချင်းနာမည်တော့ မေ့နေပြီ။ မိုးကို ဖွဲ့တဲ့သီချင်းပဲ။ ရွှေပစ္စုန်မောင်ရာ ညိုးမြိုင့်မြိုင့်ညံ့ခါဆိုတာ ပါတယ်။ ဂျပန်မှာလည်း အဲဒီသီချင်းခေတ်ပြား ဂျပန်လို ဆိုထားတာ ရှိသတဲ့။ မူရင်းက ပြင်သစ်သီချင်းတဲ့။ သူတို့ ပြောလို့သိရတယ်။ အောဝမ်းခေတ်ပြား တော်တော်များများက အဲဒီလို ကူးထားတာပါ။ ဒါပေမဲ့ "မူပိုင်ခွင့်" ကိစ္စ စကားများတဲ့ခေတ် မဟုတ်ပါဘူး။ အခုအထိတော့ ဗမာပြည်မှာ ဒီ "မူပိုင်ခွင့်" နဲ့ အကျပ်ကိုင်တာ မကြားရသေးပါဘူး။ ပြိုင်ဘက်အဆင့် ရောက်လာရင်တော့ ကြည့်နေမယ် မထင်ပါဘူး။

တရုတ်၊ အိန္ဒိယကိုတော့ အကျပ်ကိုင်နေပါပြီ။

ချုပ်ပြီးပြောရရင် ဟိုတုန်းကနဲ့ အခု မတူပါဘူး။ နယ်ချဲ့စနစ်ဟောင်း ပြန်မလာနိုင်တော့ပါဘူး။ နယ်ချဲ့စနစ်သစ်ကို နယ်ချဲ့ဆန့်ကျင်ရေးသစ်နဲ့ တုံ့ပြန်ရပါမယ်။ ဒီတာဝန်ဟာ မာ့က်စ်ဝါဒီတွေရဲ့ တာဝန်ပါ။

တပါတည်းရှင်းအောင် တင်ပြရမှာက သန်းရွှေတို့ရဲ့ ပဒေသရာဇ်တပိုင်း လက်ဝေခံတပိုင်း အတွေးအခေါ်နဲ့ (နယ်ချဲ့စနစ်ဆန့်ကျင်ရေး လေလုံးထွားတာနဲ့) ပြတ်ပြတ်သားသား စည်းခြားရပါမယ်။ ။

# ★ရဲဘော်တောင်းများသို့ နှုတ်ဆော်စာ★

၁။ ၁၉၈၉ လေပွေအမွှေ့မှာ ရဲဘော်တွေ ကစဥ့်ကရဲ ဟိုဟိုဒီဒီ ရောက်ကြတယ်။ အခိကတာဝန်ကို ဗဟိုက ယူပါတယ်။

၂။ လေပွေအမွှေ့မှာ ဟိုရောက်ဒီရောက် ဖြစ်သူတွေထဲမှာ အနည်းစု ချမ်းသာတယ်။ အများစုကြီးက ဆင်းရဲတယ်။ တချို့က ယုံကြည်ချက် ပျက်တယ်။ ဒါကို နားလည်ခွင့်လွှတ်တယ်။ အချို့က ကင်းကင်း ကွာကွာ နေချင်တယ်။ ဒါလည်း နားလည်ခွင့်လွှတ်တယ်။ ဗိုလ်ခင်ညွန့်ကို ကိုးကွယ်ဆည်းကပ်သူ တချို့ရှိတယ်။ သူတို့က အခုလိပ်ပြာမသန့် ဖြစ်နေတယ်။ သူတို့ကိုတော့ ဘေးမဲ့ပေးပါတယ်။

၃။ ပါတီထဲရောက်ပြီး ပါတီကို စုံကန်ကာ ဆန့်ကျင်ရေးလုပ်သူနဲ့ ပါတီထဲ မရောက်ဘဲ ကွန်မြူနစ်ဆန့်ကျင်ရေး လုပ်သူကို ကျွန်တော်တို့ တတန်းတည်း မထားပါ။

၄။ ပါတီက ‘၁၈’ နှစ် နိဂုံးချုပ် လုပ်ဖို့ပြင်နေတယ်။ ၂၀၀၇ ခုနှစ်မှာ ထုတ်ပြန်မယ် စဉ်းစားတယ်။ ‘၁၈’ နှစ် ‘နိဂုံးချုပ်’ ဆိုတာ ၁၉၈၉ က ၂၀၀၆ နှစ်ကုန်အထိကို ဆိုလိုတယ်။ ကိုယ်စီ ‘နိဂုံးချုပ်ချက်’ ပေးချင်တယ်ဆိုရင် ကြိုဆိုပါတယ်။ ။

ဗဟိုဌာနချုပ်။

# စစ်ဗျူရိုကရက်အရင်းရှင်လူတန်းစား အခြေကျနေပြီ

၁။ လွတ်လပ်ရေးရတော့ ဗမာပြည်မှာ လူတန်းစားသစ် ပေါ်တယ်။ အဲဒါ ဗျူရိုကရက်အရင်းရှင်လူတန်းစားပဲ။ သူ့ကို ကိုလိုနီခေတ်က ရှိခဲ့တဲ့ လက်ဝေခံလူတန်းစားနဲ့ ရောထွေးမပစ်နိုင်ဘူး။ ဘာကြောင့်လည်းဆိုတော့ အဲဒီ လက်ဝေခံလူတန်းစားကို ဖဆပလ က မယုံဘူး။ သုံးလည်း မသုံးဘူး။ လူတန်းစားသစ် မွေးယူတယ်။ အဲဒါ ဗျူရိုကရက်အရင်းရှင်ပဲ။ အာဏာနဲ့ပေါင်းပြီး စီးပွားရေး လုပ်တာဆိုတော့ အရင်းအနှီးရှိစရာ မလိုပါဘူး။ ကျွန်တော်တို့ထဲက လက်နက်ချသွားသူတယောက် အကြောင်းပြောရင် ဗျူရိုကရက် အရင်းရှင် လုပ်ရလွယ်တယ်ဆိုတာ တွေ့ရပါမယ်။ သူက ဖဆပလ အစိုးရထဲက ဝန်ကြီးတပါးနဲ့ ဆွေမျိုးတော်တယ်။ လက်ဖဝါးဗလာနဲ့ မြို့ပေါ်ရောက်လာတဲ့သူ့ကို ဝန်ကြီးက နည်းပေးလမ်းပြ လုပ်တယ်။ တိုက်ခန်းတခုငှား၊ ကုမ္ပဏီဆိုင်းဘုတ်တင် လက်နှိပ်စက်တလုံးရှိရင် ပြီးပြီ။ ဝန်ကြီးက နိုင်ငံခြားက ကုန်သွင်းခွင့်လိုင်စင် လျှောက်ခိုင်းတယ်။ ဒီဝန်ကြီးက စီးပွားရေးလိုင်းကိုင်တဲ့ ဝန်ကြီးနဲ့ တပါတီထဲက ဆိုတော့ အမြန်ပဲ ‘လိုင်စင်’ ရတယ်။ လက်နက်ချက ‘လိုင်စင်’ ရပေမယ့် ဘာမှ မလုပ်တတ်ဘူး။ ဒီတော့ ဝန်ကြီးကပဲ တရုတ်၊ ကုလားသူဌေး (ကိုလိုနီခေတ်က လက်ဝေခံ) နဲ့ မိတ်ဆက်ပေးတယ်။ ‘လိုင်စင်’ ရောင်းခိုင်းတယ်။ အဲဒီလိုနဲ့ လက်နက်ချက သူဌေးဖြစ်သွားတာပဲ။ ၂ နှစ် လောက်နေတော့ ပါတီ U/G တယောက်သူတို့နဲ့သွားတွေ့တယ်။ “ကျမတို့က ရွှေအဆင့် မဟုတ်တော့ဘူး၊ စိန်အဆင့် ရောက်နေပြီ” လို့ပြောတယ်။ သူတို့ သူဌေးကြီးတွေ ဖြစ်နေတယ်။

ဒါပေမဲ့ ကမ်းနားသစ်ပင်ဆိုတော့ ဖဆပလ လည်း အာဏာသိမ်းခံရရော သူတို့လည်း ‘ဆင်ပိန်ကျွဲ’ ဖြစ်သွားတယ်။ ဗျူရိုကရက်အရင်းရှင်ဆိုတာ အာဏာရှိသူနဲ့ပေါင်းပြီး ခနရှင်လုပ်သူ လူတန်းစားကို ခေါ်တာပဲ။

၂။ စစ်အစိုးရတက်လာတော့ သူတို့က စစ်ဗိုလ်တွေ ‘ဆိုရှယ်လစ်’ အလံလည်း ထူထားတာဆိုတော့ ဗျူရိုကရက်လူတန်းစား အသစ်ကို တခြားနည်းနဲ့ မွေးတယ်။ အဲဒါက ‘ကန်ထရိုက်’ ပေးတဲ့နည်း။ တို့က နိုင်ငံရေးသမား ဝန်ကြီးတွေလို လာဘ် မစားဘူး ဘာညာ ကြွေးကြော်တယ်။

ဗမာသူဌေး ဗျူရိုကရက်အရင်းရှင်ဟောင်းနဲ့ လိုင်စင်ဝယ်နေကျ လက်ဝေခံဟောင်း တရုတ်သူဌေးရဲ့ ပုံပြင်ကိုပြောရင် ရှင်းပါလိမ့်မယ်။

ဗမာသူဌေးကပြောသတဲ့။ ဒီတခါ မချောင်ဘူး။ စစ်ဗိုလ်တွေကို လာဘ်ထိုးရ မလွယ်ဘူး။ စစ်တပ်ထဲမှာ စည်းကမ်း တင်းကျပ်တယ်။ ဗိုလ်ချုပ်ကြီးနေဝင်းကလည်း လာဘ်မယူဖို့ အပြတ်ပြောထားတာလို့ ပြောသတဲ့။

တရုတ်သူဌေးက စကားတခွန်းပဲ မေးသတဲ့။ ‘စစ်ဗိုလ်တွေမှာ ပါးစပ်ပါသလား’ လို့ မေးသတဲ့။

ဗမာသူဌေးက ‘ပါတာ ပေါ့’ လို့ ပြောတော့ တရုတ်ကြီးက ‘ဒါဆိုရင် ရပါပြီ’ လို့ ပြောလိုက်သတဲ့။

တကယ်လည်း ရပါတယ်။ အဲဒီတရုတ်ကြီး ကန်ထရိုက် အလုပ်တွေ၊ သွင်းကုန်အလုပ်တွေနဲ့ ဆက်လက်ပြီး ကြီးပွားနေ သတဲ့။

အဲဒီကာလမှာပဲ (ထင်တယ်) အိမ်စောင့်ခေတ်ကလည်း ဖြစ်နိုင်တယ်။ ဗိုလ်နေဝင်းက မာဖီးယားလူဆိုးဂိုဏ်း ခေါင်း ဆောင်ရဲ့ ပြောနည်း မိန့်ခွန်းတခု ပေးဖူးတယ်။ ငါးလုပ်ငန်းကိစ္စနဲ့ ပတ်သက်ပြီး ပြောတာလို့ မှတ်မိတယ်။ နေဝင်းပြောပုံက ...

ငါးလုပ်ငန်း လုပ်နေတဲ့ မိန်းမကြီးတယောက်က "စစ်ဗိုလ်တွေလည်း ဘာသားနဲ့ထုထားလို့လဲ။ အကြိုက်ပေးလိုက်ရင် နဖားကြိုးထိုးထားတဲ့နွားကို ကိုင်ရတာကမှ ခက်ဦးမယ်" လို့ ပြောတာကိုကြားတဲ့ နေဝင်း တုံ့ပြန်ပုံက "အကြိုက်ပေးမယ်ဆိုတဲ့ဟာကြီး ကြည့်လိုက်တော့ ဖက်အိပ်ချင်စရာရုပ်မှ မဟုတ်ဘဲ" လို့ ပြောတာကို ကြားလိုက်ဖူးတယ်။ ဒါက ပုံပြင်မဟုတ်ဘူး။ တကယ်ကို ပြောခဲ့တာပဲ။ နောက်ကျတော့ ဖက်အိပ်ချင်စရာတွေ့တော့ နေဝင်းလည်း နွားဖြစ်သွားတာပဲ။ ပြောရဦးမယ်။ နိုင်ငံတော် ဧည့်သည်ကြီးအဖြစ် နေဝင်း တရုတ်ပြည် သွားတယ်။ သူ့ဖက်အိပ်ချင်စရာကြီးလည်း ပါသွားတယ်။ တရုတ်က သဲကန္တာရ တနေရာမှာ စစ်ရေးလေ့ကျင့်တာကို လုပ်ပြပြီး ဧည့်ခံတယ်။ တင့်ကားတွေ၊ အမြောက်တွေ၊ လေယာဉ်တွေ၊ ချီတက်လေ့ကျင့် ပစ်ခတ်ပြတာပဲ။ နေဝင်းက ဝတ်ကျေတန်းကျေပဲ ကြည့်တယ်။ စားပွဲပေါ် တင်ပေးထားတဲ့ မှန်ပြောင်းနဲ့တောင် ကြည့်လိုက်တယ် မထင်ဘူး။ သူ့ 'ဖက်အိပ်ချင်စရာကြီး' ကတော့ မှန်ပြောင်းကို လက်ကကိုမချတော့ဘူး။ နေဝင်းလည်း 'ဖက်အိပ်ချင်စရာကြီး' ကို အမြန်ကွာပစ် လိုက်ရတယ်။ ကြာရင် နေဝင်း 'ဝတ်ထရိန်း' အောင်ရမယ့်ကိန်းပဲ။

၃။ ဘယ်အာဏာရ စစ်ဗိုလ်ချုပ်ကြီးများ အာဏာလက်လွှတ်သွားတော့ စားရမဲ့ သောက်ရမဲ့ ဖြစ်သွားသလဲ။ ဖဆပလ ဝန်ကြီးတွေကတော့ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ တချို့ဖြစ်တယ်။ သူတို့ မရလိုက်လို့ မစားလိုက်လို့ မဟုတ်ဘူး။ ရွေးကောက်ပွဲဝင်ရတဲ့ နိုင်ငံရေးသမားတွေမို့ တပည့်တပန်းတွေနဲ့ မျှပြီးစားရလို့ ကြာလာတော့ အဝင်မရှိ အထွက်ပဲရှိလို့ပဲ။

အာဏာရ စစ်ဗိုလ်ကတော့ ရွေးကောက်ပွဲဝင်စရာ မလိုဘူး။ တပည့်တပန်းက စစ်တပ်ကြီး တခုလုံး ရှိတယ်။ နိုင်ငံတော် စရိတ်နဲ့ လခပေးထားတဲ့ စစ်တပ်ပဲ။ ကိုယ်ပိုင်တပ်ဖွဲ့ထားတဲ့ နိုင်ငံရေးပါတီ ဝန်ကြီးလို အိတ်စိုက်ပေးနေရတာ မဟုတ်ဘူး။ အာဏာရှိတုန်းကတော့ နယ်စားပယ်စားပေးပြီး မွေးထားနိုင်ပေမယ့် အာဏာမဲ့တော့ စစ်အစိုးရကလည်း ပြုစောထိုးတွေဖျက်ပြီး စစ်တပ်ထဲ သွင်းနေတော့ အဝင်မရှိ အထွက်ပဲ ရှိနေလို့ပါ။

အဓိကအကျဆုံးကတော့ စစ်အုပ်စုမင်းဆက်ကို စဉ်ဆက်မပြတ် ထူထောင်ထားနိုင်လို့ပဲ။ အာဏာကနေ ဖယ်လိုက်သူတွေရဲ့ စီးပွားရေးကို မထိရုံမက ကာကွယ်ပေးနေကြလို့ပဲ။

၄။ ဂျပန်တော်လှန်ရေးမှာ တမျိုးသားလုံး ပါတယ်ဆိုတာ နိုင်ငံရေးသဘောအရ ပြောတာပါ။ တကယ်က အားလုံး မပါ, ပါဘူး။ ဂျပန်စစ်တပ်ရဲ့ ဆပ်ပလိုင်းသူဌေးတွေ မပါ,ပါဘူး။ ဂျပန်စစ်တပ်ကို ပစ္စည်းသွင်းရသူ ချမ်းသာကြပါတယ်။ ဂျပန်နဲ့ ပေါင်းပြီး စားနေကြတာပါ။ ဂျပန်စစ်တပ်ကလည်း ဂျပန်ပြည်က လူနဲ့လက်နက်ပဲ ပါလာတာပါ။ ဘာမှမပါ,ပါဘူး။ ဒါ ကြောင့် စစ်တပ်ကို သွင်းရတဲ့ပစ္စည်းက များပါတယ်။ ဆန်၊ ကန့်စွန်းညှောက်တွေ ငါးခြောက်ငါးခြမ်းတွေကစပြီး သွင်းရတယ်။ ဘာမဆို အကုန် ယူတာပါ။ သူတို့နဲ့ ပေါင်းစားတဲ့ ဗမာတွေ သူဌေးဖြစ်ကျန်ခဲ့တာပဲ။

ဒီကိစ္စကိုရေးတာက စစ်အစိုးရနဲ့ ပေါင်းစားသူတွေကို အမျိုးသားညီညွတ်ရေးထဲ ထည့်ချင်လို့ မရဘူး။ သူတို့ ဘယ်တော့မှ မပါဘူး ဆိုတာကို တင်ပြချင်လို့ပါ။

၅။ သန်းရွှေတို့ ဘာကြောင့် ခေါင်းမာသလဲ ဆိုတာကို နိုင်ငံရေးဘက်က ချည်း မကြည့်ပါနဲ့။ စီးပွားရေးဘက်ကလည်း ကြည့်ကြစေချင်ပါတယ်။ စစ်အစိုးရက မွေးထားတဲ့ စစ်ဗျူရိုကရက် အရင်းရှင်လူတန်းစားက တိုင်းပြည်ရဲ့ စီးပွားရေး မျက်နှာစာမှာ အတည်တကျ ဖြစ်နေပါပြီ။ အာဏာရနဲ့ ဗျူရိုကရက်ခနရှင် လူတန်းစား ရွှေနဲ့မြလို ဂဟေဆက်နေကြတာကိုတော့ သတင်းစာတွေထဲက မင်္ဂလာဆောင် သတင်းကို ဖတ်ကြည့်ပါ။ တွေ့နိုင်ပါတယ်။

အာဏာကို လက်မလွှတ်ချင်တာဟာ နိုင်ငံရေးအကြောင်းကြောင့်ချည်း မဟုတ်ပါဘူး။ နှစ် ၄၀ ကျော် (ရာစုဝက်လောက်) ထူထောင်ထားတဲ့ စစ်ဗျူရိုကရက် လူတန်းစားရဲ့ စီးပွားရေးအခြေခံ အုတ်မြစ်ကို အထိမခံနိုင်ကြလို့ ဖြစ်ပါတယ်။

စီးပွားရေးအခြေခံ အုတ်မြစ်ကို မဖြိုဖျက်နိုင်သရွေ့ စစ်အာဏာရှင်စနစ်ကြီး ပြိုပျက်မှာ မဟုတ်ပါဘူး။ ခဏတဖြုတ်ယိမ်းယိုင်သွားရင်လည်း ပြန်ပြီးမတ်လာမှာပဲ။

ဖဆပလ အစိုးရက ဗျူရိုကရက် အရင်းရှင်လူတန်းစား မွေးမြူချိန် '၁၀' နှစ်ပဲ ရခဲ့တာပါ။ အဲဒီ '၁၀' နှစ်မှာလည်း ဝန်ကြီးမင်းတွေက ကိုယ်ပိုင်ဗျူရိုကရက် အရင်းရှင် မွေးနေကြတာပါ။ ဝန်ကြီး ဦးရာရှစ်မွေးတဲ့၊ ဝန်ကြီး ဦးခင်မောင်လတ် (ထင်ပါရဲ့) 'လတစ်' မွေးတဲ့ ကုလားနဲ့ ဗမာသူဌေးတွေက တဂိုဏ်းစီပါ။ ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်ပန်းမြိုင်၊ သခင်ချစ်မောင်စတဲ့သူတွေ မွေးတဲ့ ကုလား၊ တရုတ်နဲ့ ဗမာသူဌေးတွေမှာလည်း တညီတညွတ်တည်း မဟုတ်ပါဘူး။ ဒါကြောင့် ပြိုကျတာ မြန်ပါတယ်။

စစ်အုပ်စုကတော့ နှစ် ၄၀ ကျော် မွေးခဲ့တာပါ။ သူတို့ချင်း အကွဲအပြဲ ရှိပေမယ့် သိပ်ပြီးအပြိုင်အဆိုင် မရှိပါဘူး။ စစ်တပ် မဟုတ်လား။ ဘေးကို ဖဲ့ထွက်လို့ မရပါဘူး။ ဘေးကိုဖဲ့ထွက်ရင် ခင်ညွန့်တို့လို ဖြစ်သွားမှာပါ။ ခင်ညွန့်မွေးတာက အစပိုင်းမှာ ရေးခဲ့တဲ့ "ရွှေအဆင့်ကနေ စိန်အဆင့်" တက်နေသူတွေ အများစု ဖြစ်ပါတယ်။

# အာဏာသိမ်း
# စစ်တပ်ရဲ့ဒုက္ခ

၁။ ဗမာပြည်စစ်တပ်ရဲ့ အင်အားနဲ့ ပတ်သက်ပြီး နိုင်ငံခြားလေ့လာသူတွေက အတော်ကလေး ရေးကြတယ်။ တပ်ရင်းနံပါတ်တွေ ဖောင်းပွနေပေမယ့် တပ်ရင်းမှာ အင်အားပြည့် မရှိဘူးတဲ့။ ဟုတ်တယ်။ နိုင်ငံတကာ့ စံချိန်နဲ့ဆိုရင် ဗမာပြည်က တပ်ရင်းက တပ်ခွဲတခုရဲ့ အင်အားလောက်တောင် မရှိဘူး။

တပ်ရင်းတွေများတော့ ဘာဖြစ်သလဲ တပ်ရင်းမှူးတွေများတာပေါ့၊ ဗိုလ်တွေ များတာပေါ့။ စစ်ကျောင်းတွေကနေပြီး ဗိုလ်ချုပ်တွေကို စက်နဲ့ထုတ်လုပ်သလို တသုတ်ပြီးတသုတ် မွေးထုတ်ပေးနေတာ နည်းရော့လား။

ဗမာပြည်မှာက အာဏာကို ဖြတ်လမ်းရချင်ရင် စစ်ဗိုလ်လုပ်ရတယ်။ ဒါဟာ တရားတခုဖြစ်နေပြီပဲ။ အဲဒီတော့ ဗိုလ်ထုတ်လုပ်ရေးကျောင်းမှာ ကျောင်းသားများတယ်။

ဗိုလ်တွေများပေမယ့် တပ်သား လုပ်ချင်သူက မများဘူး။ တိုက်ရည်ခိုက်ရည် ကျလာတယ်။ ဒါဟာ တဒုက္ခပဲ။

၂။ နောက်ဒုက္ခက တပ်ထဲမှာ အာဏာ လုပွဲတွေ ဖြစ်တာပဲ။ အခု အာဏာယူထားသူတွေဟာ စိုင်ကော်လို့ ခြံပေါ်ရောက်နေသူတွေချည်းပဲ။ နေဝင်းရဲ့ အမွေဆိုးကို အချောင်ရလိုက်သူတွေချည်းပဲ။ သူတို့မှာ ဘာနိုင်ငံရေး အစဉ်အလာမှ မရှိဘူး။ ဘာလူထုအခြေခံမှ မရှိဘူး။ ဘာပညာရေး အခြေခံမှ မရှိဘူး။ သူတို့ရဲ့ အရည်အချင်းက ‘ခ’ သုံးလုံးပဲ ဖြစ်တယ်။

အဲဒီတော့ ‘ခ သုံးလုံး’ မျိုးဆက်တွေ တဆက်ပြီးတဆက် မွေးကြတယ်။ အခု အာဏာရ ‘နအဖ’ ဗိုလ်တွေကိုကြည့်။ သူတို့က ၁၉၈၈ ‘ခ သုံးလုံး’ မျိုးဆက်ပဲ။

တိုင်းမှူးဖြစ်နေတဲ့ သူတွေလည်းကြည့်၊ သူတို့လည်း နောက်ပေါက် ‘ခ သုံးလုံး’ မျိုးဆက်ပဲ။

ရှေ့လာမယ့် ပွဲကြီးပွဲ ကောင်းက ‘ခ သုံးလုံးမျိုးဆက်’ တွေ အချင်းချင်း အာဏာလုပွဲ ဖြစ်မှာပဲ။ တချို့ နောက်ကောက်ကျပြီး ထမ်းစင်နဲ့ ထမ်းထုတ်ရမယ် (ဗိုလ်ခင်ညွန့်တို့လို) တချို့က အမှတ်နဲ့ရှုံးမယ် (ဗိုလ်ထွန်းကြည်၊ ဗိုလ်ကျော်ဘတို့လို)

ရှေ့လာမယ့်ပွဲမှာ ခင်ညွန့်တွေ၊ ထွန်းကြည်၊ ကျော်ဘတွေ အများကြီး တွေ့ရလိမ့်မယ်။ ဗေဒင်မမေးနဲ့ ဆန်ကုန်မယ်။ ၂၀၀၇၊ ၂၀၀၈ မှာ ပွဲဖြစ်မှာ မဟုတ်ဘူး။ ၂၁ ရာစုရဲ့ ပထမနှစ်အစိတ်မှာ ပွဲကြီးပွဲကောင်းတွေ တွေ့ရမှာပဲ။ တခါတရံ ပွဲကြမ်းမယ်။ တခါတရံ ကျိတ်ပွဲဖြစ်မယ်။ ဒါကလည်း တဒုက္ခပဲ။

၃။ နောက်ဒုက္ခက နိုင်ငံတကာ့ခွင်မှာ တကောင်ကြွက် မျက်နှာငယ်ရတဲ့ဒုက္ခ။ ဒီဒုက္ခသံသရာက လည်လို့ဆုံးမှာ မဟုတ်ဘူး။ အာဆီယံ အစည်းအဝေးတိုင်းမှာ တွေ့မယ့်ဒုက္ခ၊ ကုလသမဂ္ဂ အစည်းအဝေးတွေမှာ တွေ့မယ့်ဒုက္ခပဲ။

ကုလသမဂ္ဂ နှစ် ၆၀ ပြည့် မင်းပေါင်းစုံတဲ့ အစည်းအဝေး လုပ်တုန်းက သန်းရွှေသွားတက်ဖို့ ပြောတာက သူကိုယ်တိုင် တကောင်ကြွက် မျက်နှာငယ်ဒုက္ခကို ခံစားကြည့်စေချင်လို့ပဲ။ သူ့နိုင်ငံခြားရေး ဝန်ကြီးတွေရဲ့ ဒုက္ခကို ကိုယ်တွေ့ဖြစ်စေချင်လို့ပဲ။

၄။ နောက်ဆုံးနဲ့ အဓိကအကျဆုံး ဒုက္ခက ပြည်သူ့ချဉ်ဖတ် ဖြစ်တဲ့ဒုက္ခပဲ။ ဒါကိုတော့ အကျယ်မချဲ့တော့ပါဘူး။ ဘွိုင်လာအိုး ပေါက်ကွဲစေမယ့် အဆင့်ထိ မီးပေါင်က မြင့်ပြီးရင်းမြင့်နေတယ်။ တနေ့မှာ မုချပေါက်ကွဲမှာပဲ။ ဘွိုင်လာအိုး ပေါက်ကွဲရင် သူတို့သာမကဘူး တိုင်းပြည်နဲ့ ပြည်သူပါ ဒုက္ခရောက်နိုင်လို့ ဆွေးနွေးကြပါ၊ စေ့စပ်ကြပါ၊ မီးပေါင်ကို ချကြပါလို့ တဖွဖွပြောနေရတာ ဖြစ်တယ်။ ။

# စစ်အုပ်စုတပ်မှ ပြည်သူ့လူထုတပ်သို့

***<u>တပ်မတော်ကို ဘယ်သူပိုင်သလဲ</u>။ ။ တပ်မတော်ကို ပြည်သူလူထု၏ သားသမီးများ၊ ပြည်သူလူထု၏ အခွန်ဘဏ္ဍာများဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် တပ်မတော်၏ မူလပိုင်ရှင်မှာ ပြည်သူလူထုသာ ဖြစ်သည်။***

<u>တပ်မတော်ရဲ့တာဝန်ကဘာလဲ</u>။ ။ တပ်မတော်သည် တိုင်းပြည်လူ့အဖွဲ့အစည်း၏ သေးငယ်သော အစိတ်အပိုင်းတရပ်သာ ဖြစ်သည်။ တိုင်းပြည် လူ့အဖွဲ့အစည်း၏ စား၊ ဝတ်၊ နေရေးအတွက် ကုန်ထုတ်လုပ်ရေးတာဝန်ကို ယူနိုင်သော အင်အားစု မဟုတ်။ အခြေခံထုတ်လုပ်ရေး အင်အားစုကြီးဖြစ်သော ပြည်သူလူထုကြီးအပေါ် မှီခိုရပ်တည်နေရသည့် အစုအဝေးတခုသာ ဖြစ်သည်။ ပြည်သူလူထုမရှိလျှင် တပ်မတော် မရှိနိုင်။ ပြည်သူလူထုဘဝ နိမ့်ကျနေလျှင် တပ်မတော်ဘဝလည်း နိမ့်ကျနေမည်သာ ဖြစ်သည်။

ထို့ကြောင့် တပ်မတော်၏ တာဝန်သည် တိုင်းပြည် လူ့အဖွဲ့အစည်း ရှင်သန်တည်ရှိရေးအတွက် တာဝန်ယူထုတ်လုပ်နေရသော ကုန်ထုတ်လုပ်သူ ပြည်သူလူထု၏ အကျိုးစီးပွား၊ ပြည်သူလူထု စုဝေးနေထိုင်ပိုင်ဆိုင်ရာ တိုင်းပြည် နှင့် ၎င်း၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန် ဖြစ်သည်။ ဤတာဝန်ကို ပြည်သူလူထုက သတ်မှတ်ပြဌာန်းပေးပြီး ဖြစ်သည်။

<u>လက်ရှိတပ်မတော်ရဲ့ဘဝ</u>။ ။ လက်ရှိတပ်မတော်သည် ၎င်း၏မူလတာဝန်ကိုစွန့်လွှတ်ကာ စစ်အုပ်စု၏ အပိုင်စီး အသုံးချခြင်းကို ခံနေရသည်။ စစ်အုပ်စု လက်တဆုပ်စာ အကျိုးစီးပွားကို ထိန်းသိမ်းကာကွယ်ရန် ပြည်သူလူထုကို ဖိနှိပ်ရာတွင် အလွဲသုံးစား အလုပ်ခံနေရသည်။

<u>စစ်အုပ်စုနဲ့တပ်မတော်</u>။ ။ စစ်အုပ်စုနှင့် တပ်မတော်သည် ဆက်လည်းဆက်စပ်၊ ခြားလည်းခြားနားသည်။ ဆက်စပ်မှုဘက်မှ ပြောရလျှင် စစ်အုပ်စု သည် တပ်မတော်တွင် အမြင့်ဆုံးအာဏာပိုင် ဗိုလ်ချုပ်ကြီးများ ဖြစ်သည်။ တပ်မတော်တရပ်လုံး (ကြည်း၊ ရေ၊ လေ) ကို အမိန့်ပေးချုပ်ကိုင်ခွင့် ရနေကြသူများ ဖြစ်သည်။

ခြားနားမှုဘက်မှပြောလျှင် ထိုဗိုလ်ချုပ်များ (စစ်အုပ်စုဝင်များ) သည် တပ်မတော်စည်းကမ်းနှင့် တိုင်းပြည်ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ပြီး နိုင်ငံတော်အာဏာကို လုယူချိန်မှစ၍ တပ်မတော်ကိုလည်းကောင်း၊ နိုင်ငံတော်ကိုလည်းကောင်း ကိုယ်စားပြုခွင့်မရှိတော့။ စစ်အုပ်စုလက်တဆုပ်စာ အကျိုးစီးပွားအတွက် တပ်မတော်နှင့် နိုင်ငံတော်အပေါ် သစ္စာဖောက်သူ ရာဇဝတ်ကောင်များသာ ဖြစ်သည်။ တိုင်းချစ်ပြည်ချစ် တပ်မှူးကြီးများကသာ တပ်မတော်ကို ကိုယ်စားပြုခွင့် ရှိသည်။

ထို့ကြောင့် စစ်အုပ်စုဆိုသည်မှာ လက်ရှိတပ်မတော်ကို အပိုင်စီး အသုံးချခွင့်ရနေသည့် တပ်မတော်နှင့် နိုင်ငံတော် သစ္စာဖောက် လက်တဆုပ်စာဟု အဓိပ္ပာယ်ဖွင့်နိုင်သည်။

<u>စစ်အုပ်စုက တပ်မတော်ကို ဘယ်လိုချုပ်ကိုင်ထားသလဲ</u>။ ။ စစ်အုပ်စုက တပ်မတော်ကိုနည်း (၂) နည်းဖြင့် ချုပ်ကိုင်ထားသည်။ စစ်မိန့်၊ စစ်စည်းကမ်း (အကြမ်းကိုင်စေခိုင်းနည်း) နှင့် တပ်မတော်အတွင်း ပြည်ချစ်ဝါဒ၊ လူထုနိုင်ငံရေးအမြင် မရှင်သန်ရေး၊ အမြစ်ပြတ်ချေမှုန်းရေးနည်း ဖြစ်သည်။

တပ်မတော်အတွင်းမှ ဗိုလ်ချုပ်အောင်ဆန်း၏ အခန်းကဏ္ဍကို လက်စတုံးဖျောက်ဖျက်ပစ်နေခြင်းသည် ဗိုလ်ချုပ်၏ ပြည်ချစ်

ဝါဒ လူထုနိုင်ငံရေး ရှင်သန်ပြန့်ပွားလာမည်ကို ကြောက်လန့်သောကြောင့် ဖြစ်သည်။ ဒေါ် အောင်ဆန်းစုကြည်အား နိုင်ငံရေးအရ သာမက ပုဂ္ဂိုလ်ရေးအရပါ ရှုတ်ချတိုက်ခိုက်နေခြင်းမှာလည်း ထိုရည်ရွယ်ချက်၏ အဆက်ပင်ဖြစ်သည်။

<u>စစ်အုပ်စုက ထိုနည်း (၂) နည်းကို ဘာကြောင့် ကျင့်သုံးရသလဲ</u>။ ။ စစ်တပ်ဆိုသည်မှာ ဗျူရိုကရေစီယန္တရား ဖြစ်သည်။ စစ်တပ်တွင် ဒီမိုကရေစီမရှိ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အကြီးဆုံးသောဗျူရိုကရက် ဖြစ်သည်။

စစ်မိန့်ဆိုသည်မှာ အထက်အဆင့်ဆင့်က အောက်အဆင့်ဆင့်အား အတင်းအကျပ်စေခိုင်းခြင်း ဖြစ်သည်။ အကျိုးအကြောင်းပြ ငြင်းပယ်ခွင့် မရှိ။ ကာကွယ်ရေးဦးစီးချုပ်သည် အမြင့်ဆုံးအမိန့်ပေးသူ ဖြစ်သည်။ ကာကွယ်ရေးဦးစီးချုပ်အား မည်သူမျှ အမိန့်ပေးခွင့်မရှိ။ စစ်အာဏာရှင်စနစ်တွင် အရာအားလုံး (အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး) စစ်ဦးစီးချုပ် (စစ်အုပ်စု နံပါတ် – ၁) အောက်တွင် ရှိသည်။

စစ်စည်းကမ်းဆိုသည်မှာ စစ်မိန့်ကို မဖြစ်မနေ အကောင်အထည်ပေါ်အောင် ခြိမ်းခြောက်ကန့်သတ်ထားသည့် ဖိနှိပ်ချုပ်ခြယ်မှုများ ဖြစ်သည်။ စစ်မိန့်သည် ဆင်ဦးစီး၊ စစ်စည်းကမ်းသည် ချွန်းဖြစ်သည်။ ထို့ကြောင့် စစ်အာဏာရှင်စနစ်ကို တည်ဆောက်၊ ကာကွယ်ထိန်းသိမ်းရာတွင် စစ်တပ်သည် အဓိကလက်နက် ဖြစ်သည်။ စစ်မိန့်စစ်စည်းကမ်းသည် စစ်တပ်ကို ခိုင်းစေရာတွင် အလွယ်ကူဆုံးနှင့် အထိရောက်ဆုံးနည်းလည်း ဖြစ်သည်။

တပ်မတော်အတွင်း ပြည်ချစ်ဝါဒ လူထုနိုင်ငံရေး ရှင်သန်ပြန့်ပွားလာမည်ကို စစ်အုပ်စုက အကြီးအကျယ် ကြောက်သည်။ ပြည်ချစ်ဝါဒ လူထုနိုင်ငံရေးက ပြည်သူလူထုအကျိုး၊ တိုင်းပြည်အကျိုး ရှေ့ရှုသည်။ စစ်အုပ်စုက လူထုအကျိုး၊ တိုင်းပြည်အကျိုးကို ဆန့်ကျင်ကာ စစ်အုပ်စုလက်တဆုပ်စာ အကျိုးကိုသာ ရှေ့ရှုသည်။ ပြည်သူလူထုနှင့် စစ်အုပ်စုအကျိုးစီးပွားချင်း ဆန့်ကျင်သည်။ အတူယှဉ်တွဲတည်ရှိ၍ မရ။

တပ်မတော်တွင် ပြည်ချစ်ဝါဒလူထုနိုင်ငံရေး ဆိတ်သုဉ်းနေမှ စစ်အုပ်စုအကျိုးစီးပွားအတွက် တပ်မတော်ကို စစ်မိန့်၊ စစ်စည်းကမ်းနှင့် ခိုင်းစေအသုံးချ၍ ရသည်။ အကယ်၍ တပ်မတော်အတွင်း ပြည်ချစ်ဝါဒ လူထုနိုင်ငံရေး လွှမ်းသွားပါက တပ်မတော်သည် စစ်အုပ်စုကို ဆန့်ကျင်ကာ ပြည်သူလူထုနှင့် ပြန်လည်ပူးပေါင်းသွားမည်သာ ဖြစ်သည်။ လက်တွေ့အရလည်း နိုင်ငံရေးအရ နိုးကြားသော တပ်မတော်အစိတ်အပိုင်းအချို့သည် လူထုလှုပ်ရှားမှုများတွင် ပါဝင်ပူးပေါင်းခဲ့သည့် အစဉ်အလာများ ရှိသည်။

ဆိုလိုသည်မှာ ပြည်ချစ်ဝါဒ လူထုနိုင်ငံရေးသည် တပ်မှူး၊ တပ်သား များအပေါ် တင်းကျပ်စွာ နှောင်ဖွဲ့ထားသော စစ်အုပ်စု၏ စစ်မိန့်၊ စစ်စည်းကမ်းများကို စက္ကူကျားအဖြစ် ပြောင်းပစ်နိုင်စွမ်းရှိသည် ဆိုသည့်အချက် ဖြစ်သည်။ ပြည်သူလူထုနှင့် တပ်မတော် သွေးစည်းနိုင်စေသည် ဆိုသည့်အချက် ဖြစ်သည်။

ထို့ကြောင့် ၎င်းတို့အကျိုးစီးပွားအတွက် တပ်မတော်ကို ချုပ်ကိုင် အသုံးချနိုင်ရန် အဆိုပါနည်း (၂) နည်းကို စစ်အုပ်စုက အသုံးပြုခြင်း ဖြစ်သည်။

<u>တပ်မတော်ကို ပြည်သူလူထုနှင့်အတူ ရပ်တည်လာနိုင်အောင် ဘယ်လို ဆောင်ရွက်မလဲ</u>။ ။ တပ်မတော်ကို ပြည်သူလူထုနှင့် အတူရပ်တည် တိုက်ပွဲဝင်လာနိုင်အောင် စစ်အုပ်စုကိုဆန့်ကျင်ပြီး တပ်မတော်ကို စည်းရုံးရပါမည်။ တပ်မတော်ကို စစ်အုပ်စု လက်တဆုပ်စာနှင့် တတန်းတည်းထားပြီး တိုက်သည့်အမှားကို မကျူးလွန်မိအောင် သတိပြုရပါမည်။ သို့မဟုတ်ပါက တပ်မတော်ကို လူထုရင်ခွင်သို့ လက်ကမ်းကြိုရမရောက်ဘဲ စစ်အုပ်စု၏ ခြေထောက်အောက်သို့ တွန်းပို့ရာသာ ကျပါမည်။

တပ်မတော်ကို လူထုနှင့်အတူ ရပ်တည်လာနိုင်အောင် ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးနှင့် အထိရောက်ဆုံးနည်းမှာ တပ်မတော်အတွင်း ပြည်ချစ်ဝါဒလူထုနိုင်ငံရေး နိုးကြားပြန့်ပွားလာအောင် ဆောင်ရွက်ရန် ဖြစ်သည်။ ပြည်ချစ်ဝါဒ လူထုနိုင်ငံရေးသည် တပ်မတော် တပ်မှူး၊ တပ်သားများအတွက် အလင်းရောင်နှင့်ခွန်အား ဖြစ်သည်။ စစ်အုပ်စု၏ တင်းကျပ်သော စစ်မိန့်၊ စစ်စည်းကမ်းများကို ချိုးဖျက်နင်းချေနိုင်စွမ်းရှိသည်။ ပြည်သူလူထုကြီးနှင့် ပူးပေါင်းတိုက်ပွဲဝင်ရဲသော သတ္တိကို ပေးသည်။

ဖက်ဆစ်တပ် တည်ဆောက်ရေးမူအရ လေ့ကျင့်တည်ဆောက်ခြင်း ခံခဲ့ရသော၊ ဖက်ဆစ်ဂျပန်၏ စစ်မိန့်ပေးဌာနအောက်မှာ လှုပ်ရှားခဲ့ရသော BIA ကို ဖက်ဆစ်ဆန့်ကျင်ရေးတပ်အဖြစ် ပြောင်းလဲပစ်နိုင်ခြင်းမှာ တပ်အတွင်း ပြည်ချစ်ဝါဒ လူထုနိုင်ငံရေး တပ်ဆင်ပေးနိုင်သောကြောင့် ဖြစ်သည်။ သမိုင်းခေတ်ကာလ အမျိုးမျိုးအနက် တပ်မတော်ကိုလည်း စည်းရုံးရေး မျက်နှာစာ တခုအဖြစ် သတ်သတ်မှတ်မှတ် ထားရပါမည်။ တပ်မတော်အတွက် ရည်ရွယ်ချမှတ်ထားသည့် စည်းရုံးရေးပေါ်လစီ ရှိရပါမည်။ ထိုပေါ်လစီကို လျှို့ဝှက်လုပ်ငန်းနှင့် ပြောင်လုပ်ငန်း၊ ယေဘုယျစည်းရုံးလှုံ့ဆော်မှုနှင့် အခိုင်အမာပစ်မှတ်ထားစည်းရုံးမှုတို့ ပေါင်းစပ်ကျင့်သုံးရပါမည်။ ယေဘုယျအားဖြင့် တပ်ရင်းတရင်း သို့မဟုတ် နှစ်ရင်းအတွင်း မိမိအမာခံ (တပ်မှူး၊ အကြပ်၊ တပ်သား) တယောက်

ကျစီ ရေရှည်မြှုပ်နှံထားနိုင်လျှင်၊ နိုင်ငံရေးအတွေးအခေါ် အရ တည်ဆောက်နိုင်လျှင် ကြီးကျယ်သောအောင်မြင်မှုဟု ဆိုနိုင်ပါသည်။ တစက်မှ တမျက်နှာသို့ တိုးချဲ့ရာတွင် တစက်သည် အရေးကြီးပါသည်။ နိုင်ငံရေးထုတ်ပြန်ချက် တသောင်းထက် ပိုမိုထိရောက်ပါသည်။

ပြည်သူလူထုနှင့် စစ်အုပ်စုကြား ဖြစ်ပွားနေသော လက်ရှိပဋိပက္ခမှ ပေါ်ထွက်လာသည့် ဂယက်မှန်သမျှ တပ်မတော်အတွင်းသို့ အတိုင်းအတာအမျိုးမျိုးဖြင့် ရိုက်ခတ်ပါသည်။ တပ်မှူး၊ အကြပ်၊ တပ်သားများသည် ပြည်သူလူထုကြီး၏ သားသမီးများဖြစ်သည်ကတကြောင်း၊ တပ်တွင်းတွင် ၎င်းတို့ကိုယ်တိုင် အဖိနှိပ်ခံနေကြရသောကြောင့်တကြောင်း ရိုက်ခတ်လာသော ဂယက်မှန်သမျှကို အမှန်တရားအရ တုံ့ပြန်လိုသည့် ဘဝအသိရှိသူများ ဖြစ်သည်။ လက်တွေ့ကျကျ တုံ့ပြန်ရဲ တုံ့ပြန်တတ်လာစေရန် နိုင်ငံရေးအမြင် တပ်ဆင်ပေးဖို့သာ လိုသည်။

စစ်အစိုးရဆန့်ကျင်ရေး တကိုယ်တော်ဆန္ဒပြမှုများ၊ စက်ရုံ၊ အလုပ်ရုံအလိုက် အခွင့်အရေးတောင်းဆိုမှုများ၊ ဒေသအလိုက် လယ်သမားအခွင့်အရေး တိုက်ပွဲငယ်များ၊ ကျောင်းသား၊ အရပ်သားဝန်ထမ်း၊ စစ်မှုထမ်းဟောင်း၊ ရှေ့နေ၊ စာရေးဆရာစသည့် အသိပညာရှင် အတတ်ပညာရှင်များ၏ အမျိုးမျိုးသော စစ်အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုများသည် တပ်မတော်အတွင်း နိုင်ငံရေးနိုးကြားမှုအတွက် ထိရောက်သော လှုပ်ရှားမှုများ ဖြစ်သည်။ ထိုသို့သော လှုပ်ရှားမှုများ အရေအတွက်အရ၊ ဒေသအရ များပြားကျယ်ပြန့်လာစေရန်၊ စီးပွားရေးတိုက်ပွဲမှ နိုင်ငံရေးတိုက်ပွဲအသွင် ဆောင်လာစေရန် ဝိုင်းဝန်းအားပေးကူညီကြရပါမည်။

<u>မီဒီယာများရဲ့အခန်း</u>။ ။ သတင်းမီဒီယာများအနေနှင့် တပ်မတော်အတွက် ကဏ္ဍများ ဖွင့်လှစ်ကာ စည်းရုံးလှုံ့ဆော်မှုများ ပြုသင့်ပါသည်။ အထူးသဖြင့် ရေဒီယိုအသံလွှင့်ဌာနများသည် ၎င်းတို့၏ အားသာချက်ကို လက်ရှိအနေအထားထက် ပိုမိုဖွံ့ဖြိုးယူသင့်ပါသည်။ ဆိုလိုသည်မှာ တပ်မတော်ကဏ္ဍ သီးသန့်ဖွင့်လှစ်ကာ၊ တပ်မှူးကြီးငယ်၊ အကြပ်၊ တပ်သားများ၏ ခံစားချက်များ၊ ဆန္ဒသဘောထားများ၊ အကြံဉာဏ်များ၊ နိုင်ငံရေးအမြင်များကို ကြိုဆိုတောင်းခံသင့်ပါသည်။ ထုတ်လွှင့်ဖြန့်ချိသင့်ပါသည်။ ဤနည်းဖြင့် ဒီမိုကရေစီတိုက်ပွဲတွင် တပ်မတော်ပါဝင်လာရေး၏ အရေးကြီးမှုကို အသိအမှတ်ပြုရာ ကြိုဆိုရာ ရောက်ပါသည်။ လူထုတိုက်ပွဲအတွက် တပ်မတော်၏ အခန်းကဏ္ဍကို အသိအမှတ်ပြုကာ ၎င်းတို့၏အမြင်ဖော်ထုတ်ရာ၊ နိုင်ငံရေးလက္ခဏာဆောင်သော စင်မြင့်တခု ဖန်တီးပေးရန် လိုပါသည်။

ရေဒီယိုသည် တပြည်လုံးရှိ ကြည်း၊ ရေ၊ လေ တပ်မတော်တရပ်လုံးသို့ အချိန်တိုအတွင်း ပြန့်နှံ့ရောက်ရှိရုံမက တပ်မတော်သားများအတွက် အန္တရာယ်အကင်းဆုံး သတင်းရယူဖလှယ်ရာ၊ နိုင်ငံရေးလေ့လာကွင်းလည်း ဖြစ်သည်။ ဤနည်းဖြင့် ပြန့်ကျဲနေသော တပ်မတော်အင်အားစုများ၏ အတွေးအခေါ်ကို စုစည်းပေးနိုင်သည်။ တပ်မတော်နှင့် လူထုအကြား အပြန်အလှန်ခံစားနားလည်မှု တူညီလာအောင် အပြန်အလှန် စာနာထောက်ခံလာအောင် ပေါင်းကူးပေးနိုင်ပါသည်။

<u>နိဂုံး</u>။ ။ အချုပ်အားဖြင့် တပ်မတော်အတွင်း ပြည်ချစ်ဝါဒလူထုနိုင်ငံရေး တပ်ဆင်ပေးခြင်းသည် နအဖ အသုံးချခံတပ်မှ ပြည်သူ့အကျိုး ကာကွယ်သည့် တပ်အဖြစ် ပြောင်းလဲရေးတွင် အခြေခံအကျဆုံး၊ အထိရောက်ဆုံးနည်းလမ်း ဖြစ်သည်။

စည်းရုံးရေးအရ နအဖ တပ်မှူး၊ တပ်သားကို အတွေးအခေါ်အရ၊ ဒီမိုကရေစီဘက်တော်သားဖြစ်အောင် တည်ဆောက်ခြင်းလည်း ဖြစ်သည်။ ပြည်ချစ်ဝါဒလူထုနိုင်ငံရေးအမြင်သည် တပ်မတော်တပ်မှူး၊ တပ်သားများ အတွက် ပြင်းထန်တင်းကျပ်သော စစ်မိန့်စစ်စည်းကမ်းများကို ရင်ဆိုင်ကျော်နင်းရန်၊ ပြည်သူလူထုနှင့်အတူ လက်တွဲတိုက်ပွဲဝင်ရန် လမ်းညွှန်နိုင်သည့် အစွမ်းထက်သော အတွေးအခေါ်လက်နက်လည်း ဖြစ်သည်။

ထို့ကြောင့် တပ်မတော်အတွင်း ပြည်ချစ်ဝါဒလူထုနိုင်ငံရေးအမြင် နိုးကြားပြန့်ပွားလာစေရေး ဆောင်ရွက်ရန် ဒီမိုကရေစီအင်အားစု အားလုံးတွင် တာဝန်ရှိသည်ဟု မြင်ပါသည်။

**တပ်မတော်ကို စစ်အုပ်စု လက်တဆုပ်စာနှင့်**
**တတန်းတည်းထားပြီး တိုက်သည့်အမှားကို**
**မကျူးလွန်မိအောင် သတိပြုရပါမည်။**

# နီပေါအတွေ့အကြုံကိုလေ့လာ
# ဗမာပြည်အခြေအနေနဲ့ ပေါင်းစပ်

လှုပ်ရှားမှု၏ နောက်ခံအကြောင်းများ

၂၀၀၅ ခု ဖေဖော်ဝါရီလ (၁) ရက်နေ့မှာ နီပေါဘုရင် ဂျာနိန္ဒြာက နိုင်ငံတော်အာဏာ အားလုံးကို လက်ဝယ်သိမ်းပိုက်ကာ ခါးပိုက်ဆောင် အစိုးရကို ဖွဲ့စည်းပြီး တဦးတည်း ပဒေသရာဇ်အာဏာရှင်စနစ်ကို ထူထောင်ခဲ့တယ်။ တချိန်တည်းမှာပဲ လမ်းပေါ်မထွက်ရ "မာရှယ်လော" အမိန့်ကို ထုတ်ပြန်လိုက်တယ်။ ဘုရင်ဂျာနိန္ဒြာရဲ့ အကြောင်းပြချက်ကတော့ လက်ရှိအရပ်သား နိုင်ငံရေး အစိုးရဟာ မော်ဝါဒီတွေရဲ့ ပုန်ကန်ထကြွမှုကို ဖြေရှင်းနိုင်ခြင်း မရှိလို့ ဆိုပါတယ်။ အာဏာသိမ်းလိုက်ပြီး တပြိုင်နက် နိုင်ငံရေး ခေါင်းဆောင်တွေရဲ့ တယ်လီဖုန်းလိုင်းအားလုံးကို ဖြတ်တောက်လိုက်တယ်။ နာမည်ကြီး နိုင်ငံရေးခေါင်းဆောင် အများအပြားကို ဖမ်းဆီး ထိန်းသိမ်းလိုက်တယ်။

အဖမ်းမခံကြရတဲ့ နိုင်ငံရေးခေါင်းဆောင်တွေဟာ အိန္ဒိယနိုင်ငံဘက် ထွက်ပြေးတိမ်းရှောင်ကြပြီး ၎င်းတို့ရဲ့ အင်အားများကို ပြန်လည် စုစည်းကြရတယ်။ ၎င်းနောက် ၎င်းတို့ဟာ "ကျယ်ပြန့်တဲ့ ၇ ပါတီနိုင်ငံရေးမဟာမိတ်အဖွဲ့ SPA (Seven Party Alliance) ကို ဖွဲ့စည်းလိုက်ကြတယ်။ ဒီကျယ်ပြန့်တဲ့ မဟာမိတ်တပ်ပေါင်းစုထဲမှာ ဖျက်သိမ်းခံလိုက်ရတဲ့ ပါလီမန်ထဲရှိ အမတ် အရေအတွက် ၉၀% ကျော် ပါဝင်ခဲ့တယ်။ တပြည်လုံးအတိုင်းအတာကိုဆောင်တဲ့ မဟာမိတ်တပ်ပေါင်းစုကြီး ဖြစ်ပါတယ်။

၎င်းနောက် ၂၀၀၅ ခု ဒီဇင်ဘာလမှာပဲ SPA မဟာမိတ်တပ်ပေါင်းစုကြီးဟာ လက်နက်ကိုင်တော်လှန်လျက်ရှိတဲ့ မော်ဝါဒီများနဲ့ အချက် (၁၂) ချက်ပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ သဘောတူညီချက်ထဲမှာ မော်ဝါဒီများဟာ ပါတီစုံစနစ်နဲ့ လွတ်လပ်စွာပြောဆိုခွင့် စတာတွေကို သဘောတူလက်ခံကြောင်း ပါရှိတယ်။ SPA တပ်ပေါင်းစုဘက်ကမူ မော်ဝါဒီများ တောင်းဆိုတဲ့ ဥပဒေပြုလွှတ်တော်အတွက် ရွေးကောက်ပွဲပြုလုပ်ရေးကို သဘောတူလက်ခံတယ်။

၎င်းနောက် ၂၀၀၆ ခုနှစ် အစပိုင်းကစပြီး SPA တပ်ပေါင်းစုကြီးဟာ အစီအစဉ်တခုပြီးတခု ချမှတ်ကာ တိုက်ပွဲဝင်ရေး လှုံ့ဆော်မှုများကို ပြုလုပ်ကာ တပြည်လုံးအနှံ့ စည်းရုံးရေးလှုံ့ဆော်ခဲ့တယ်။ သို့ဖြင့် အခြေအနေဟာ တင်းမာလာပြီး အတိုက်အခံ ခေါင်းဆောင်များအား စဉ်ဆက်ဖမ်းဆီးထိန်းသိမ်းမှုတွေ ဖြစ်ပေါ်ခဲ့တယ်။ ဤကဲ့သို့သော တိုက်ပွဲဝင်လှုံ့ဆော်မှုများဟာ ဖေဖော်ဝါရီလ ၈ ရက်နေ့ မြူနီစီပယ် ရွေးကောက်ပွဲကာလအတွင်း အထွတ်အထိပ်သို့ ရောက်ရှိခဲ့တယ်။ SPA နှင့် မော်ဝါဒီနှစ်ဖွဲ့စလုံးက မြူနီစီပယ် ရွေးကောက်ပွဲအား ဆန့်ကျင်သပိတ်မှောက်ကြရန် လှုံ့ဆော်ခဲ့ခြင်း ဖြစ်တယ်။

သို့ဖြင့် ဧပြီလ ၅ ရက်မှ ၉ ရက် အထိ SPA မှ ခေါင်းဆောင်ပြီး တပြည်လုံးအတိုင်းအတာ အထွေထွေသပိတ်ကြီးကို ဆင်နွှဲလိုက်ကြတယ်။ အထွေထွေသပိတ်ကြီးဆင်နွှဲစဉ် မော်ဝါဒီများကလည်း ခတ္တမန်ဒူချိုင့်ဝှမ်းတွင် အပစ်အခတ်ရပ်စဲကြရန် ဘုရင့် အစိုးရအား တောင်းဆိုကမ်းလှမ်းလိုက်တယ်။ ဧပြီလ ၈ ရက်နေ့မှာ ဘုရင့်အစိုးရက လမ်းပေါ်မထွက်ရ အမိန့်ကို ထုတ်ပြန်လာ တယ်။ လမ်းပေါ်ထွက်တာ တွေ့ရှိပါက မည်သူမဆို ပစ်သတ်ခံရမယ်ဟု ဆိုတယ်။ ဒီအမိန့်ထွက်ခဲ့သော်လည်း လူထုကြီးဟာ အာခံပြီး

ဆန္ဒပြပွဲ အသေးကလေးများကို ဟိုတစ ဒီတစ နေရာအနှံ့မှာ အဆက်မပြတ် ဆက်လက်ဖြစ်ပေါ်ခဲ့တယ်။ ဧပြီလ ၉ ရက်နေ့မှာ SPA တပ်ပေါင်းစုကြီးက ဆက်လက်ပြီး အကန့်အသတ်မရှိ အောင်ပွဲရဖို့အထိ ဆန္ဒပြသွားကြမယ်လို့ ထုတ်ပြန်ခဲ့တယ်။ အခွန်အတုတ်များကို အစိုးရအား မပေးဆောင်ရေး တောင်းဆိုတယ်။ ဘုရင်အစိုးရကလည်း မော်ဝါဒီတွေဟာ ဆန္ဒပြသူများထဲတွင် စိမ့်ဝင်ရောက်ရှိနေပြီလို့ ဆိုတယ်။

<u>လူထုလှုပ်ရှားမှု၏ နောက်ဆုံးဖြစ်ရပ်များ</u>

ဧပြီလ ၂၅ ရက်နေ့ နံနက် ချိန်မှာ '၇' ပါတီ မဟာမိတ်အဖွဲ့ SPA ၏ ဦးဆောင်မှုနဲ့ ဆန္ဒပြလူထုကြီးဟာ ဘုရင်ဂျာနိန္ဒြာနေထိုင်တဲ့နာရာရမ်ဟီတီ နန်းတော်ရှိရာသို့ ချီတက်ဆန္ဒပြကြတော့တယ်။ ဘုရင်ရဲ့ လက်နက်ကိုင် ကြေးစားတပ်များက လူထုကြီးအား ဟန့်တားနိုင်စွမ်းမရှိတော့။ ဒီချီတက်ဆန္ဒပြကြတဲ့ လူအုပ်ထဲမှာ ပြည်ထဲရေးဝန်ကြီးဌာနက ရုံးဝန်ထမ်းများ အရာရှိအရာခံများ၊ ရဲအမှုထမ်းများနဲ့ အထူးသဖြင့် ဘုရင့်တပ်မတော်အတွင်း ထမ်းဆောင်ဆဲ တပ်မတော်သားများရဲ့ မိသားစုများ ထင်ထင်ရှားရှား ပါဝင်လျက် ရှိနေတာကို တွေ့ရှိရတယ်။ ဒီဆန္ဒပြမှုကြီးဟာ နိုင်ငံတော်အာဏာကို ချုပ်ကိုင်ထားတဲ့ ဘုရင်ကြီးရဲ့အာဏာအားလုံး လက်လွှတ်ဆုံးရှုံးနေပြီဖြစ်ကြောင်း အထင်အရှားပြသလိုက်ခြင်း ဖြစ်တယ်။

နီပေါနိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဘုရင်ကြီးသည် ပါလီမန်အား ဖျက်သိမ်းခွင့် မရှိပါ။ သို့ရာတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ၏ ဥပဒေပုဒ်မ ၂၇ (၃) နဲ့ ပုဒ်မ ၁၇၃ အရ ဘုရင်ကြီးအား တစုံတရာ လုပ်ပိုင်ခွင့် ပေးထားပါတယ်။ ပုဒ်မ ၂၇ (၃) အရ နီပေါဘုရင်သည် နီပေါပြည်သူတို့၏ အကျိုးအလို့ငှာ နိုင်ငံတော်၏ အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်လို့ ပါရှိတယ်။ ပုဒ်မ ၁၂၇ အရ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေအား အကောင်အထည်ဖော်ရာတွင် အခက်အခဲ တစုံတရာရှိပါက ယင်းအခက်အခဲအား ဖယ်ရှားရန်အတွက် ဘုရင်သည် လို အပ်သလိုအမိန့်ဒီကရီ ထုတ်ပြန်နိုင်တယ်လို့ ဆိုထားတယ်။ ဒီပုဒ်မ ၂ ခုကို ဘုရင်ကြီးက အသုံးချပြီး အခုကဲ့သို့ အာဏာသိမ်းလိုက်ခြင်းဖြစ်တယ်။

နောက်ပိုင်းရက်များတွင် လူထုကြီး၏ ဆန့်ကျင်ဆန္ဒပြမှုဟာ တနေ့တခြားကြီးထွားလာတယ်။ ဒီအချိန်မှာ မော်ဝါဒီ CPN (M) ရဲ့ ခေါင်းဆောင်ရဲဘော် ပရာချန်ဒရာက ဖြစ်နေတဲ့ သပိတ်တိုက်ပွဲဟာ ရိုးရိုးဆန္ဒပြပွဲ တရပ်မဟုတ်တော့ဘဲ ပြည်သူတရပ်လုံးရဲ့ လှုပ်ရှားမှုတိုက်ပွဲအသွင်သို့ ပြောင်းလဲသွားပြီလို့ ထောက်ပြကာ ၎င်းကိုယ်တိုင်လည်း လိုအပ်ပါက မြို့တော်အတွင်း တော်လှန်ပုန်ကန်မှုကို ခေါင်းဆောင်မယ်လို့ ထုတ်ပြန်ကြေညာလာတယ်။

ဆန္ဒပြမှုကြီးဟာ လူထု ၁၀၀,၀၀၀ ကနေ ၂၀၀,၀၀၀ အထိ ကြီးထွားလာတယ်။ ဆန္ဒပြသူဦးရေမှာ ခတ္တမန်ဒူမြို့တော် လူဦးရေအားလုံး ရဲ့ ၁၀% ထက် ပိုတယ်။ ဧပြီ ၂၁ ရက် ဆန္ဒပြပွဲမှာ ခတ္တမန်ဒူမြို့တော်မှာ ဆန္ဒပြသူဦးရေဟာ ၅ သိန်းခန့် ရှိတယ်လို့ အတိုက်အခံများက ဆိုကြတယ်။ ဤကဲ့သို့ ပြင်းထန်တဲ့ ပြည်သူလူထု၏ လှုပ်ရှားမှုအရှိန်အဟုန်ကြောင့် ယင်းနေ့ ညပိုင်းမှာပဲ ဘုရင်ဂျာနိန္ဒြာက ပြည်သူ့ထံသို့ အာဏာပြန်လည် အပ်ပါမယ်လို့ ထုတ်ပြန်ကြေညာလိုက်ရတယ်။ ရွေး ကောက်ပွဲကို စောနိုင်သမျှစောအောင်ပြု လုပ်မယ်လို့ ကတိပေးလိုက်ရတယ်။ SPA တပ်ပေါင်းစုကိုလည်း ၎င်းတို့ဘာသာ ၎င်းတို့ စိတ်ကြိုက်ဝန်ကြီးချုပ် တဦးကို ရွေးချယ်သွားရန် တာဝန်ပေးလိုက်ရတော့တယ်။

နောက်ဆုံး ဧပြီလ ၂၈ ရက်နေ့မှာ အဖျက်သိမ်းခံရသော ပါလီမန်ကို ပြန်လည် ပြုလုပ်ကျင်းပနိုင်ခဲ့တယ်။ အသက် ၈၄ နှစ်ရှိပြီဖြစ်တဲ့ ကွန်ဂရက် ပါတီဥက္ကဋ္ဌ ဂီ ပရာဆပ် ကွိုင်ရာလာ အား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်ထားလိုက်ကြတယ်။ သို့ရာတွင် ဝန်ကြီးချုပ် ဂီပီ ကွိုင်ရာလာမှာ ကျန်းမာရေး မကောင်းသဖြင့် ပါလီမန်အစည်း အဝေးသို့ တက်ရောက်နိုင်ခြင်းမရှိဘဲ ပါလီမန်သို့ တရားဝင် စာတစောင် ရေးသားပေးပို့ခဲ့တယ်။ ယင်းစာထဲတွင် အပစ်အခက်ရပ်စဲရေးကို ကြေညာပြီး မော်ဝါဒီများအား ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန် ဖိတ်ကြားသင့်ကြောင်း ပါရှိတယ်။

ဤလူထုဆန္ဒပြပွဲကြီးမှာ ဘုရင်စနစ် လုံးဝဖယ်ရှားပစ်ရေးနဲ့ အထူးသဖြင့် လူငယ်ထုထဲမှာ နီပေါနိုင်ငံအား ဒီမိုကရက်တစ်သမ္မတနိုင်ငံ ထူထောင်ရေးကို လိုလားကြောင်း ကျယ်ကျယ်လောင်လောင် ဆန္ဒဖော်ထုတ် ပြသတာကို တွေ့ရှိရတယ်။

'၇' ပါတီ မြေပေါ်နိုင်ငံရေးပါတီ ညွန့်ပေါင်းအဖွဲ့ SPA နဲ့ လက်နက်ကိုင်တော်လှန်ရေး မော်ဝါဒီအဖွဲ့တို့ရဲ့ သဘောတူညီချက် ၁၂ ချက် ရရှိထားရာ ယခုဝန်ကြီးချုပ်သစ် ကွိုင်ရာလာက ၎င်းသည် နီပေါပြည်သူများနဲ့ '၇' ပါတီ ညွန့်ပေါင်းအဖွဲ့အပေါ် သူတာဝန်ယူကြောင်း၊ ဒီမိုကရေစီ ပြန်လည်ထူထောင်ရေးအတွက် လမ်းညွှန်မြေပုံနဲ့ မော်ဝါဒီနဲ့ ရရှိခဲ့တဲ့သဘောတူညီချက် ၁၂ ချက်များအား အကောင်အထည်ဖော် လုပ်ဆောင်သွားမှာ ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုတယ်။

<u>နီပေါပြည်သူတို့ရဲ့ အောင်ပွဲ</u>

နီပေါပြည်သူတရပ်လုံးက ဘုရင်ဂျာနိန္ဒြာရဲ့ ပဒေသရာဇ် အာဏာရှင်စနစ်အား အံုကြွဆန့်ကျင်ရာမှာ တနိုင်ငံလုံး



ခတ္တမန်ဒူမြို့တွင်းဆန္ဒပြပွဲတခု

အနှံ့ ဆန္ဒပြပွဲတွေ ပေါ်ပေါက်ခဲ့ပါတယ်။ အထူးသဖြင့် ကျောင်းသားတွေဟာ ဆန္ဒပြလူထုထဲမှာ ကြီးမားတဲ့ အစိတ်အပိုင်းမှာ ပါဝင်ခဲ့တယ်။ သတင်းမီဒီယာ ဆရာများ ဒါဇင်ပေါင်းများစွာ အဖမ်းခံကြရတယ်။ လူ့အခွင့်အရေးအတွက် လှုပ်ရှားသူများလည်း အဖမ်းခံကြရတယ်။ ယင်းကဲ့သို့သော ရက်စက်ကြမ်းကြုတ်မှုကို မခံမရပ်နိုင်ကြသောကြောင့် စာရေးဆရာများ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များ၊ ဂီတပညာသည်များက ချီတက်ဆန္ဒပြခဲ့တာ ဖြစ်တယ်။ ၎င်းတို့ဟာ ရဲသားများရဲ့ ကျည်ဆံတွေ၊ မျက်ရည်ယိုဗုံးတွေ၊ နံပါတ်တုတ်တွေကို ရဲရဲကြီးရင်ဆိုင် အန်တုကြတယ်။

နောက်ပိုင်း အလုပ်သမားများပါ ဆန့်ကျင်ဆန္ဒပြပွဲတွင် ပါဝင်လာကြတယ်။ လယ်သမားအများအပြားလည်း ၎င်းတို့ရဲ့ ကျေးလက်ဒေသမှ ထွက်လာပြီး မြို့ပေါ်တက်ကာ ဆန္ဒပြပွဲတွင် ပူးပေါင်းပါဝင်လာကြတယ်။ အမျိုးသမီး အသင်းအဖွဲ့များ၊ ပါမောက္ခများ၊ ကထိကများကလည်း ဆန္ဒပြပွဲများကို ကူညီပြီးစည်းရုံး ဆောင်ရွက်ကြတယ်။ နီပေါနိုင်ငံ ကျန်းမာရေး အသင်းကလည်း တပြည်လုံးရှိ ဆရာဝန်များအား လှုံ့ဆော်ပြီး ဆန္ဒပြလာကြတယ်။ အင်ဂျင်နီယာများ၊ ဥပဒေအကျိုးဆောင်များ၊ စာရင်းကိုင် /စာရင်းစစ်များ ထောင်နှင့်ချီပြီး လမ်းပေါ်ထွက်ကာ ပါဝင်လာကြတယ်။ အစိုးရရုံးများတွင် လုပ်ကိုင်နေကြတဲ့ ရုံးအမှုထမ်းများလည်း အလုပ် မလုပ်ကြတော့ဘဲ ထိုင်သပိတ်ဆင်နွဲကြတယ်။ လုပ်ငန်းပေါင်းစုံ အလုပ်သမားတို့ရဲ့ ထိုင်သပိတ်ကို ဘုရင့်အစိုးရရဲ့များက အတင်းအဓမ္မ ဝင်ရောက်ရိုက်နှက်ပြီး လူ ၅၀ ထက်မနည်း ဖမ်းဆီးခေါ်ဆောင်သွားတယ်။ ဆန္ဒပြပွဲကာလအတွင်း သေဆုံးသွားကြရသူများအတွက် အောက်မေ့ဘွယ်ရာ ဂုဏ်ပြုအခမ်းအနား ပြုလုပ်ရာမှာ ထောင်ပေါင်းများစွာသော အစိုးရလုံခြုံရေးတပ်ဖွဲ့များ ချထားကြတယ်။ အခမ်းအနား တက်ရောက်သူများ ရိုက်နှက်ခြင်း ခံခဲ့ကြရတယ်။ ခတ္တမန်ဒူမြို့တွင်းတွင် တနေ့တည်းမှာပင် လုံခြုံရေးတပ်ဖွဲ့တို့၏ အရမ်းကာရော ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆန္ဒပြသူ ၂၀၀ ကျော် ဒဏ်ရာရခဲ့ကြတယ်။ ဆေးတက္ကသိုလ်ကျောင်းဆောင်များတွင် လုံခြုံရေးတပ်ဖွဲ့များ အတင်းဝင်ရောက်ကာ ဆရာဝန်လောင်း ကျောင်းသားများအား ရိုက်နှက်ခြင်း ပြုလုပ်ကြသဖြင့် တပြည်လုံးရှိ ဆရာဝန်များနဲ့ ကျန်းမာရေးလုပ်သားများက ကန့်ကွက်တဲ့အနေနဲ့ လက်ပတ်အမဲများအား ဝတ်ဆင်ကြတယ်။ ကျောင်းသားတွေက ၎င်းတို့ရဲ့ ကျောင်းဝင်းများအတွင်း မီးရှို့ထားတဲ့ ကားတာယာများအား အကာအကွယ်ပြုကာ သပိတ်မှောက် ဆန္ဒပြနေကြတယ်။ ၎င်းတို့ဟာ အောင်ပွဲ မရမချင်း စာမေးပွဲများကို ဖြေဆိုခြင်းမရှိဘဲ ဆက်လက်တိုက်ပွဲဝင် ဆန္ဒပြမယ်လို့ ထုတ်ပြန်ကြေညာကြတယ်။ အခုလို ပြည်သူလူထုရဲ့ အောင်မြင်မှုဟာ ဘုရင်အုပ်ချုပ်မှုစနစ်ကို အဆုံးသတ်ပြီး ပြည်သူတွေရဲ့ လက်ထဲသို့ နိုင်ငံရေးအာဏာ ရောက်ရှိစေမယ့် သမ္မတနိုင်ငံ ထူထောင်ရေး အလားအလာကို ပြဆိုနေကြောင်း အကဲခတ်သူအချို့က ပြောဆိုကြတယ်။

ဂျာနိန္ဒြာဘုရင် အုပ်ချုပ်ရေးကို ကျားကန်ပေးနေတဲ့ နိုင်ငံခြား အင်အားစုများ အထူးသဖြင့် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နဲ့ အိန္ဒိယနိုင်ငံတို့ဟာ ဘုရင့်အစိုးရရဲ့ ကျဆုံးခန်းလို့ ပြောဆိုလာကြတယ်။ နီပေါနိုင်ငံဟာ "ကျဆုံးနိုင်ငံ" (Failed State) သို့ ဦးတည်နေပြီလို့ ဆိုကြတယ်။ တကယ်တော့ နီပေါနိုင်ငံဟာ ကျဆုံးနိုင်ငံဖြစ်နေတာ ဆယ်စုနှစ်အချို့ ရှိနေပါပြီ။ ပဒေသရာဇ်ဘုရင်အုပ်ချုပ်မှုအောက်ရှိ လူမှုစနစ်ကြီးတခုလုံးဟာ အများစု ပြည်သူလူထုကြီးအနေနဲ့ လူတလုံး သူတလုံးဘဝနေနိုင်ဖို့ လုံးဝ ဘာမျှ အကျိုးပြုနိုင်ခဲ့ခြင်း မရှိပါဘူး။ နီပေါနိုင်ငံဟာ ကမ္ဘာမှာအဆင်းရဲဆုံး နိုင်ငံများထဲမှ နိုင်ငံတခု ဖြစ်တယ်။ အခုလို နီပေါပြည်သူတွေရဲ့ အုံကြွတိုက်ပွဲဝင်မှုမှာ အင်အားကြီးနိုင်ငံတွေက နီပေါနိုင်ငံရှိ ပဒေသရာဇ်လူမှုဆက်ဆံရေးစနစ် တခုလုံးအား အမြစ်ကနေ ဆွဲထုတ်မြေလှန်ပစ်မှာကို တကယ်ပဲ အလွန်စိုးရိမ်လျက် ရှိနေပါတယ်။ မြေရှင်ပဒေသရာဇ်စနစ်နဲ့ နိုင်ငံခြားလွှမ်းမိုး ချယ်လှယ်မှုများဟာ ပြည်သူတွေအတွက် အဓိက ခံစားနေကြရတဲ့ ဖိနှိပ်သွေးစုပ်ချယ်လှယ်မှုတွေရဲ့ အကြောင်းရင်းပဲ ဖြစ်တယ်။ နီပေါနိုင်ငံပြည်သူတွေရဲ့ တိုက်ပွဲကရတဲ့ဖြစ်ပေါ်တိုးတက်မှုဟာ အမှန်ပဲ သန်း

ပေါင်းများစွာရှိတဲ့ အဖိနှိပ်ခံအာရှ ပြည်သူတွေနဲ့ ကမ္ဘာတဝှမ်းရှိ ပြည်သူတွေအတွက် တွန်းအားဖြစ်စေမှာ ဖြစ်တယ်။

## SPA'၇'ပါတီမဟာမိတ်အဖွဲ့

SPA ခေါ် '၇'ပါတီ မဟာမိတ်အဖွဲ့မှာ ပါဝင်ခဲ့တဲ့ ပါတီများ အနက် ထင်ရှားတဲ့ နိုင်ငံရေးပါတီများမှာ ၁၉၄၀ ခုနှစ်ကတည်းက စတင်ထူထောင်ဖွဲ့စည်းခဲ့တဲ့ ဝါအရင့်ဆုံး နီပေါလီကွန်ဂရက်ပါတီနဲ့ အခြား အဓိကပါတီများကတော့ နီပေါကွန်မြူနစ်ပါတီ (တညီတညွတ်တည်း ရှိတဲ့ မာ့က်စ်၊ လီနင်ဝါဒ) (CPN -UML) ဘုရင်ကို လိုလားတဲ့ အမျိုးသား ဒီမိုကရက်တစ်ပါတီ (NDP) နဲ့ နီပေါကွန်မြူနစ်ပါတီ (မာ့က်စ်၊ လီနင်ဝါဒ) CPN -ML စတာတွေဖြစ်တယ်။

နီပေါပြည်သူတွေဟာ တိုက်ပွဲကာလမှာ SPA ရဲ့ ခေါင်းဆောင်မှုအောက်မှာ စည်းလုံးညီညွတ်ကြတယ်။ SPA ကလည်း စည်းလုံးညီညွတ်မှုရှိစွာ ခေါင်းဆောင်နိုင်ခဲ့တယ်။ ဤကဲ့သို့ ဖြစ်နေခြင်းမှာ အားလုံးသော နိုင်ငံရေးပါတီများရဲ့ ကြီးမားတဲ့ အခန်းများပါဝင်ရာ၌ CPN -UML ရဲ့ ခေါင်းဆောင်မှု အခန်းဟာ အလွန်အဓိကကျပါတယ်။ CPN -UML ဟာ ဘုရင်ဂျာနိန္ဒြာ ဖျက်သိမ်းခဲ့တဲ့ အရပ်သား အစိုးရ အဖွဲ့ထဲမှာ ဝန်ကြီး ၁၁ နေရာ ယူထားတာ ဖြစ်တယ်။ ထို့အပြင် ဒုဝန်ကြီးချုပ် နေရာကိုလည်း ကိုင်ထားပါတယ်။ CPN -UML ရဲ့ နိုင်ငံရေး ဦးဆောင် အဖွဲ့ဝင် ၄ ဦးနဲ့ ကျန်ဗဟိုကော်မတီ ဝင် ၇ ဦးတို့ဟာ ဝန်ကြီးနေရာများကို ရရှိထားတာ ဖြစ်တယ်။

CPN -UML ဟာ ပါလီမန်ထဲမှာ ဒီမိုကရေစီ ရှင်သန်ကြီးထွား ရေးနဲ့ ဘုရင်ရဲ့လုပ်ပိုင်ခွင့်အာဏာ လျှော့ချရေးအတွက် တစိုက်မတ်မတ် တိုက်ပွဲဝင်ခဲ့တယ်။ နီပေါနိုင်ငံအတွင်း ပဋိပက္ခများကြောင့် ဒုက္ခရောက်နေကြတဲ့ ပြည်သူများကို ကူညီစောင့်ရှောက် ကယ်တင်ခဲ့တယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း အစဉ်တစိုက် လုပ်ငန်းကြီးများ ချမှတ်ကာ ဦးလည်မသုန် ဆောင်ရွက်ခဲ့တယ်။ CPN -UML ရဲ့ ရှေ့ဆောင်မှုနဲ့ တပြည်လုံးအတိုင်းအတာအရ အရေအတွက် သိန်းပေါင်းများစွာ အဖွဲ့ဝင်ရှိတဲ့ လယ်သမားသမဂ္ဂများ၊ အလုပ် သမားသမဂ္ဂများ၊ နီပေါလူငယ် အစည်းအရုံးနဲ့ နီပေါအမျိုးသမီး အသင်းတို့ကို စည်းရုံးဖွဲ့စည်းနိုင်ခဲ့တယ်။ ဒီမိုကရေစီတိုက်ပွဲအတွက် အလုပ်သမား၊ လယ်သမား မဟာမိတ်ဖွဲ့မှုကို အခိုင်အမာ တည်ဆောက်နိုင်ခဲ့တယ်။

တိုက်ပွဲကာလ အတွင်းမှာ လက်နက်ကိုင်တော်လှန်ရေး CPN (M) ဆင်နွှဲလျက်ရှိတဲ့ မော်ဝါဒီတို့ရဲ့ အခန်းကလည်း အလွန်အရေးပါခဲ့တယ်။ "မော်ဝါဒီ" တွေဟာ ၁၉၉၆ ခုနှစ်က စတင်ဆင်နွှဲခဲ့တဲ့ ဒီမိုကရေစီရေးနဲ့ ပြည်သူ့လွတ်မြောက်ရေး တိုက်ပွဲဟာ အဆက်မပြတ် အောင်ပွဲတွေ ရနေတာကို တွေ့ရတယ်။ ယခုအချိန်မှာ CPN (M) မော်ဝါဒီတွေရဲ့ သြဇာလွှမ်းမိုးတဲ့ နယ်မြေဟာ နီပေါနိုင်ငံရဲ့ ၈၀% ရှိနေပြီးဖြစ်တယ်။ ၁၀ နှစ်ကာလ ရှန်းကန်တိုက်ပွဲဝင်မှုအတွင်း သန်းနှင့်ချီပြီးရှိနေတဲ့ ပြည်သူတွေရဲ့ ထောက်ခံမှုကို ရရှိလာပြီး ပြည်သူတွေဟာ အစစ်အမှန် တော်လှန်ပြောင်းလဲမှုအတွက် တိုက်ပွဲဝင်ကြရန် စိတ်အားထက်သန်လျက် ရှိနေကြပြီး ဖြစ်တယ်။ ယခုအချိန်မှာ CPN (M) မော်ဝါဒီရဲ့ ခေါင်းဆောင်မှု အောက်မှာ ပြည်သူ့လွတ်မြောက်ရေး တပ်မတော် PLA ဟာ တစတစ ကြီးထွားလာပြီး တပ်မကြီး (၇) ခုအထိ ဖွဲ့စည်းတည်ဆောက် နိုင်ခဲ့ပြီးဖြစ်တယ်။

အထက်ပါ ဥပဒေတွင်း ဥပဒေပ တိုက်ပွဲများကို နီပေါပြည်သူများ ပေါင်းစပ်ပြီး တိုက်နိုင်ခဲ့ခြင်း ကြောင့် ယခုကဲ့သို့ အောင်ပွဲရရှိနေခြင်းပဲ ဖြစ်တယ်။

> **ပြည်သူလူထုရဲ့ အောင်မြင်မှုဟာ ဘုရင်အုပ်ချုပ်မှုစနစ်ကို အဆုံးသတ်ပြီး ပြည်သူတွေရဲ့ လက်ထဲသို့ နိုင်ငံရေးအာဏာ ရောက်ရှိစေမယ့်**

<u>နီပေါပြည်သူတွေရဲ့ အောင်ပွဲအားလေ့လာပြီး မိမိတို့ရဲ့ အခိုင်အမာ အခြေအနေနဲ့ ပေါင်းစပ်ကာ အောင်ပွဲသို့ အရောက်ဆက်လက် ချီတက်ကြပါစို့</u>

နီပေါပြည်သူတွေရဲ့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရေး တိုက်ပွဲမှာ ပါလီမန်နည်း၊ လူထုလှုပ်ရှားမှုနည်း၊ လက်နက်ကိုင်တော်လှန်ရေးနည်း စတဲ့ဥပဒေတွင်း ဥပဒေပ ရွေးလမ်းပေါင်းစုံနဲ့ ဆောင်ရွက်ခဲ့လို့သာ ယခုလို အောင်ပွဲခံခြင်း ဖြစ်တယ်။ ဒီမိုကရေစီဟာ မိုးပေါ်က ကျလာတာ မဟုတ်ပါ။ တိုက်ယူမှရမှာ ဖြစ်သလို တိုးချဲ့ယူမှ ခိုင်မာမှာဖြစ်တယ်။ ဗမာပြည် ပြည်သူများအနေနဲ့ နီပေါပြည်သူတွေရဲ့ တိုက်ပွဲကို လေ့လာအတုယူကြရမယ်။ သို့ရာတွင် နီပေါနိုင်ငံနဲ့ ဗမာပြည်တို့ရဲ့ နောက်ခံသမိုင်းကြောင်းနဲ့ ပကတိအခြေအနေတို့ဟာ မတူညီကြပါ။ နီပေါအတွေ့အကြုံကို တထပ်တည်း ခံယူပြီး ကူးယူလို့ မဖြစ်ပါ။ မိမိတို့ရဲ့ အခိုင်အမာအခြေအနေနဲ့ စနစ်တကျပေါင်းစပ်ပြီး တီထွင်ကြံဆမှုရှိရှိ အစီအမံများ ချမှတ်ကာ ညီညွတ်မှုရှိတဲ့ တစုတစည်းသော ခေါင်းဆောင်မှုနဲ့ တိုက်ပွဲ

ဝင်ရန် လိုအပ်ပါတယ်။

ယခုဖြစ်ရှိနေတဲ့ နီပေါပြည်သူတွေရဲ့ ဒီမိုကရေစီရေးတိုက်ပွဲ ဟာ ၁၉ ရက်တိတိသာ ရှည်ကြာခဲ့ပြီး တိုက်ပွဲတွင် ၁၄ ဦးသာ အသက်ပေးလှူ ခဲ့ရတယ်။ မိမိတို့ရဲ့ ဗမာပြည် ဒီမိုကရေစီရေး တိုက်ပွဲကတော့ ၈၈၈၈ ကစပြီး ရေတွက်ပါက ထောင်ပေါင်း များစွာ အသက်ပေးလှူခဲ့ကြရပြီး ဖြစ်တယ်။ ရှည်ကြာမှုကလည်း ပြောစရာမလို အောင် ၁၈ နှစ်တိုင် ရှိနေပြီးဖြစ်တယ်။ အခုလို ဘာကြောင့် ဖြစ်ရတယ်ဆိုတာ စဉ်းစားစရာ ဖြစ်နေတယ်။ ကျွန်တော်တို့မှာ ရှိနေတဲ့ အားနည်းချက်တွေကို ရဲရဲရှာ၊ ရဲရဲကြည့်ပြီး၊ ရဲရဲပြင်ဖို့ လိုပါလိမ့်မယ်။

အခုလို နီပေါပြည်သူတို့ရဲ့ ဒီမိုကရေစီတိုက်ပွဲရဲ့အောင်ပွဲ အခြေအနေကို တင်ပြတာဟာ ကျွန်တော်တို့ ရဲ့ မပြီးဆုံးသေးတဲ့ တိုက်ပွဲ၊ အောင်ပွဲသို့ ရောက်ရှိတဲ့အထိ ဆက်လက် တိုက်ပွဲဝင် နိုင်ရေးအတွက် အားဆေးတခွက်အဖြစ် သဘောထား တင်ပြခြင်း ဖြစ်တယ်။

ဗမာပြည် ကွန်မြူနစ်ပါတီ အနေဖြင့် နီပေါနိုင်ငံတွင်း ဖြစ်ပေါ် တိုးတက်မှု အခြေအနေကိုလေ့လာရန်အတွက် နှစ်ကြိမ် တိုင်တိုင် ကိုယ်စားလှယ် စေလွှတ်ကာ သွားရောက်လေ့လာစေခဲ့တယ်။ ပထမအကြိမ် မှာ ၁၉၉၉ ခုနှစ် နိုဝင်ဘာလအတွင်း ခတ္တမန်ဒူမြို့သို့ သွားရောက်ပြီး နိုင်ငံတကာ့ ကွန်မြူနစ်ပါတီများ တက်ရောက်တဲ့ "၂၁ ရာစု ဆိုရှယ်လစ်စနစ်" ကွန်ဖရင့်ကို တက်ရောက်ခဲ့တယ်။ နိုင်ငံတကာ့ ကွန်မြူနစ်လှုပ်ရှားမှု အခြေအနေနဲ့တကွ နီပေါနိုင်ငံရဲ့ ဒီမိုကရေစီ လှုပ်ရှားမှု အခြေအနေကို ညီနောင်ပါတီများ ဖြစ်ကြတဲ့ CPN -UML နဲ့ CPN -ML တို့မှတဆင့် လေ့လာခဲ့ရတယ်။ CPN (M) မော်ဝါဒီများ၏ ကိုယ်စားလှယ်နဲ့လည်း လျှို့ဝှက်တွေ့ဆုံဆွေးနွေးခဲ့ရတယ်။

၂၀၀၄ ခု ဒီဇင်ဘာလမှာ ဗမာပြည်ကွန်မြူနစ်ပါတီအနေဖြင့် ခတ္တမန်ဒူမြို့သို့ ဒုတိယအကြိမ်အဖြစ် ကိုယ်စားလှယ် စေလွှတ်ကာ နီပေါနိုင်ငံတော် ဖြစ်ပေါ်တိုးတက်မှု အခြေအနေကို လေ့လာခဲ့တယ်။ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကိုယ်စားလှယ်အဖြစ် ညီနောင်ပါတီများ ဖြစ်ကြတဲ့ CPN -UML နဲ့ CPN -ML တို့ရဲ့ အထွေထွေအတွင်းရေးမှူးတို့နဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်။ ဖြစ်ပေါ်တိုးတက်မှု အခြေအနေ အရပ်ရပ်ကို လေ့လာရန် ၎င်းတို့မှ စည်းရုံးဖွဲ့စည်းခဲ့ကြတဲ့ လူထုလူတန်းစား အဖွဲ့အစည်း အသီးသီးရဲ့ ကိုယ်စားလှယ်များနဲ့လည်း တွေ့ဆုံဆွေးနွေးခွင့် ရခဲ့တယ်။

လက်ရှိအချိန်တွင် ကျွန်တော်တို့ ပြည်သူများ ရင်ဆိုင်နေရတဲ့ အလွန်ယုတ်မာပက်စက်တဲ့ သန်းရွှေစစ်အာဏာရှင် အစိုးရအား အနိုင်တိုက်နိုင်ရေး အတွက် အထက်ပါ မျက်ဝါးထင်ထင် ကိစ္စများအား လေ့လာပြီး မိမိတို့အခိုင်အမာ အခြေအနေနဲ့ ပေါင်းစပ်ကာ အောင်ပွဲရရှိရေး အတွက် ကျွန်တော်တို့ရဲ့ ဒီမိုကရေစီရေး တိုက်ပွဲကို ရှေ့သို့တဆင့် တွန်းတင်ကြရမယ်။ အထူးသဖြင့် လူထုလှုပ်ရှားမှုတွင် တပ်ပေါင်းစုအခန်းနဲ့ ခေါင်း ဆောင်မှုအခန်းရဲ့ အရေးကြီးမှုကို လေ့လာကြရမယ်။ နီပေါပြည်သူတွေရဲ့ တိုက်ပွဲဟာ အောင်ပွဲရရှိရေး အတွက် စည်းလုံးညီညွတ်တဲ့ ခေါင်းဆောင်မှု ရှိနေတာကို တွေ့ရမယ်။

ဗမာပြည်မှာဖြစ်ခဲ့တဲ့ လှုပ်ရှားမှုဖြစ်စဉ်ကို ပြန်ပြီးလေ့လာပါက ၈၈၈၈ တိုက်ပွဲကာလမှာ ခေါင်းဆောင်မှုဟာ တညီတညွတ်တည်း မရှိခဲ့ပါ။ ယခုအချိန်အထိလည်း ခေါင်းဆောင်မှုပိုင်းမှာ ညီညွတ်မှု မရှိသေးပါ။ တယောက်တပေါက် ဖြစ်နေတာကို အထင်အရှားတွေ့နေရတယ်။ အခုလို ဖြစ်အောင်လည်း ရန်သူစစ်အစိုးရက ပြုလုပ်နေပါတယ်။ တို့အတူ အနောက်တိုင်း နယ်ချဲ့အင်အားစုတွေကလည်း နည်းမျိုးစုံ ပြုလုပ်နေတယ်။ နိုင်ငံရေးအရ NLD ရဲ့ ရပ်တည်မှုကို အားပေးရမယ့်အစား ချည့်နဲ့အောင် လုပ်နေတာလည်း တွေ့ရတယ်။ အမျိုးသား နိုင်ငံရေးဆိုပြီး NLD ကို ချည့်နဲ့အောင် လုပ်နေတာ ရှိတယ်။ ပွင့်ပွင့်လင်းလင်း ပြောရလျှင် ဝါရင့်နိုင်ငံရေးသမားဟောင်းကြီးတွေကပဲ NLD အပေါ် သဘောထားမှန်တာ တွေ့ရတယ်။ ပြည်ပရောက် အင်အားစုတွေထဲမှာလည်း ဒေါက်တာဇာနည်ရဲ့ NLD ဆန့်ကျင်ရေး လုပ်ရပ်မျိုး လိုဟာတွေ ရှိနေသေးတာကို တွေ့နေရတယ်။

ကျွန်တော်တို့ဟာ မိမိရဲ့ ပကတိအခြေအနေကို ရဲရဲရှာ၊ ရဲရဲကြည့်ပြီး ရဲရဲပြင်ကာ အောင်ပွဲရရှိရေးအတွက် တိုက်ပွဲဝင်သင့်တယ်။ အနိမ့်ဆုံး ဘုံလုပ်ငန်းစဉ် တရပ်ကို ဖော်ထုတ်ရန် အချိန်တန်ပြီ ဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ အနေနဲ့ စောစီးစွာကတည်းကစပြီး ဝဲ ယာ မခွဲခြားဘဲ အနိမ့်ဆုံးဘုံလုပ်ငန်းစဉ် တရပ် ရှာဖွေဖော်ထုတ်ကြဖို့ ထပ်တလဲလဲ တင်ပြနေပါတယ်။ ။

# ဖြစ်ပေါ်တိုးတက်လာမှုကို စောင့်ကြည့်ကြရမယ့် အိန္ဒိယ အမေရိကန်

*ကာကွယ်ရေး သဘောတူစာချုပ်*

**စစ်အေးခေတ်ပြီးနောက်ပိုင်း ကမ္ဘာ့နိုင်ငံအသီးသီးမှာ နိုင်ငံရေးအရ အပြောင်းအလဲတွေ ရှိလာခဲ့ကြသလို နိုင်ငံအချင်းချင်း ဆက်ဆံရေးတွေမှာလည်း အပြောင်းအလဲတွေ များပါတယ်။**

နိုင်ငံအများစုက စစ်အေးခေတ်နောက်ပိုင်းမှာ ဖြစ်ပေါ်လာတဲ့ ငြိမ်းချမ်းတဲ့ အခြေအနေမှာ မိမိတို့ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဖို့နည်းလမ်း ရှာဖွေလုပ်ဆောင်ရင်း ပြောင်းလဲကြရတာပါ။ အမေရိကန်ကတော့ စစ်အေးခေတ် အပြီးမှာ ကိုယ့်ကိုယ်ကို အောင်နိုင်သူအဖြစ် သဘောထားရင်း စစ်အေးခေတ် အတွင်းက ဆိုဗီယက်သြဇာ လွှမ်းမိုးခဲ့ရာ ဒေသတွေမှာ သင့်တော်ရာ အကြောင်းပြချက်တွေပြပြီး ဝင်ရောက်စွက်ဖက် တိုက်ခိုက်ကာ အင်ပါယာချဲ့ထွင်နေပါတယ်။ အရှေ့ဥရောပ ပြီးတော့ အလယ်အာရှနဲ့ အရှေ့အလယ်ပိုင်းမှာပါ။ ဘယ်နေရာမှာမှ မပြီးပြတ်ပါဘူး။ စစ်ပွဲတွေ ဆက်ဖြစ်နေဆဲ လူတွေသေနေကြဆဲပါ။

ခုတခါ အိန္ဒိယ အမေရိကန် ကာကွယ်ရေး သဘောတူစာချုပ် ချုပ်ဆိုပြီး တောင်အာရှဒေသထဲ ဝင်လာခဲ့ပြန်ပါပြီ။ နှစ်နိုင်ငံ ကာကွယ်ရေး ဝန်ကြီးများက ဝါရှင်တန်မှာ လက်မှတ်ရေးထိုးခဲ့ကြတဲ့ ဒီစာချုပ်ဟာ (၁၀) နှစ် တည်တံ့မှာ ဖြစ်ပါတယ်။ နှစ်နိုင်ငံစလုံးက ကိုယ့်လိုအပ်ချက်အတွက် ကိုယ်ကြိုးစားကြရင်းက တစတစနဲ့ ဒီအဆင့်အထိ ရောက်လာတာ ဖြစ်ပါတယ်။

အမေရိကန်အတွက် ဒီဒေသဟာ အစိမ်းသက်သက်တော့ မဟုတ်ပါဘူး။ စစ်အေးခေတ် တလျှောက်လုံးမှာ ဒီဒေသတွင်းက ပါကစ္စတန်နဲ့ အဆက်မပြတ် ပူးပေါင်းလုပ်ရှားခဲ့ကြတာပါ။ အမေရိကန်နဲ့ ပါကစ္စတန်ရဲ့ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ဟာ ၁၉၅၄ ခုနှစ်ကတည်းက ရရှိခဲ့ကြတာ ဖြစ်ပါတယ်။ ပါကစ္စတန်ဟာ ၁၉၆၀ နဲ့ ၁၉၇၀ စုနှစ်များအတွင်းက အမေရိကန်ရဲ့ ဆိုဗီယက်ဆန့်ကျင်ရေး၊ ကွန်မြူနစ်ဆန့်ကျင်ရေး၊ နိုင်ငံရေး၊ စစ်ရေးအုပ်စု ဖြစ်တဲ့ အလယ်အာရှ စာချုပ်အဖွဲ့ (CENTO) ရဲ့ အဖွဲ့ဝင် နိုင်ငံတနိုင်ငံ ဖြစ်ခဲ့ပါတယ်။ စစ်အေးခေတ်အတွင်း အမေရိကန်ဟာ ပါကစ္စတန်မှာ အခြေချပြီး ဆိုဗီယက် ယူနီယံကို ထောက်လှမ်းဖို့ U-2 သူလျှိုလေယာဉ်များ လွှတ်နိုင်ခဲ့ပါတယ်။ ၁၉၈၀ စုနှစ်များမှာ အာဖဂန်နစ္စတန်ကို ဆိုဗီယက်က ကျူးကျော်တုန်းကလည်း အမေရိကန်ဟာ ပါကစ္စတန်မှာပဲ အခြေစိုက်စခန်းဖွင့်ပြီး ဂျီဟတ်စစ်ပွဲ ဆင်နွှဲနိုင်အောင် အယ်ကေဒါအဖွဲ့အပါအဝင် အခြားသော မူဆလင်အဖွဲ့များကို စစ်ရေး၊ စီးပွားရေး အကူအညီများ ပေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီကာလက သမ္မတ ဂျင်မီကာတာက ပါကစ္စတန်ကို အမေရိကန်ရဲ့ "ရှေ့တန်းနိုင်ငံ" လို့ ခေါ်ခဲ့တာပါ။ အမေရိကန်နဲ့ ပါကစ္စတန် ဆက်ဆံရေးမှာ အနိမ့်ဆုံး ဖြစ်ခဲ့တာက ပါကစ္စတန်မှာ ဗိုလ်ချုပ်မူရှာရပ်က စစ်အာဏာသိမ်းခဲ့ပြီးတဲ့နောက် နျူကလီးယား ဖောက်ခွဲစမ်းသပ်မှု လုပ်ခဲ့စဉ်က ဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၀၁ ခုနှစ်မှာ ၉/၁၁ အရေးအခင်း ဖြစ်လာပြီး သမ္မတဘုရှ်က အာဖဂန်နစ္စတန်ကို ကျူးကျော်စစ်ပွဲ ဆင်နွှဲတဲ့ အခါမှာ ပါကစ္စတန်ရဲ့ နျူကလီးယားပြဿနာဟာ မှိန်သွားပြီး အမေရိကန်ရဲ့ "ရှေ့တန်းနိုင်ငံ" ပြန်ဖြစ်လာခဲ့ပါတယ်။ အမေရိကန်ဟာ စစ်အေးခေတ် တလျှောက်လုံးမှာ ဆိုဗီယက်ဆန့်ကျင်ရေးလုပ်ဖို့ ပါကစ္စတန်ရဲ့ တက်ကြွတဲ့ ပူးပေါင်းမှုကို ရရှိခဲ့ပါတယ်။ ဒီကာလမှာ အမေရိကန်နယ်ချဲ့ ဆန့်ကျင်ရေးကို အလေးထားတဲ့ ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့မှာ အဓိကနေရာက ပါနေပြီး ဆိုဗီယက်နဲ့လည်း ရင်းနှီးလှတဲ့ အိန္ဒိယနဲ့က ဆက်ဆံရေး အဆင်မပြေခဲ့ပါဘူး။ ဒါပေမဲ့ စစ်အေးခေတ်လွန်လာတဲ့ အခါမှာတော့ အခြေအနေတွေဟာ ပြောင်းလဲခဲ့ပါတယ်။ အိန္ဒိယနဲ့ အမေရိကန်ရဲ့ ဆက်ဆံရေးတံခါး ပွင့်လာခဲ့ပါတယ်။

အိန္ဒိယဟာ စစ်အေးခေတ်

တလျှောက်လုံးမှာ ဆိုဗီယက်ပြည်ထောင်စုကို အစဉ်အလာ လုံခြုံရေး မဟာမိတ်အဖြစ်နဲ့ အလေးထား ဆက်ဆံခဲ့တာ ဖြစ်ပါတယ်။ ဆိုဗီယက်ပြည်ထောင်စု ပြိုကျသွားတဲ့အခါမှာ အိန္ဒိယဟာ နိုင်ငံခြားရေး၊ လုံခြုံရေးနဲ့ စီးပွားရေး အခက်အခဲများနဲ့ ရင်ဆိုင်လာခဲ့ရပြီး သူ့ရဲ့နိုင်ငံတကာဆက်ဆံရေး နယ်ပယ်ကို ပြန်လည်သုံးသပ် ပြင်ဆင်ဖို့ ဖြစ်လာခဲ့တာပါ။ ဒီအခြေအနေမှာ အိန္ဒိယဟာ သူ့နိုင်ငံမှာ နှစ် ၅၀ ကြာ အစဉ်အလာအရ လွှမ်းမိုးလာခဲ့တဲ့ နိုင်ငံခြားရေး ပေါ်လစီကို စွန့်လွှတ်လိုက်ပြီး အမေရိကန်နဲ့ ဆက်ဆံရေးကို တိုးတက်အောင် ကြိုးစားခဲ့တာ ဖြစ်ပါတယ်။ အထူးသဖြင့် အိန္ဒိယ အစိုးရဟာ မန်းမိုဟန်ဆင်း ဘဏ္ဍာရေးဝန်ကြီး ဖြစ်လာချိန်မှာ စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်း အစီအစဉ်ကို စတင်ဖော်ထုတ်လိုက်ချိန်က စတယ်လို့ ပြောနိုင်ပါတယ်။ ဒါဟာ အိန္ဒိယအတွက် နိုင်ငံခြား အရင်းအနှီး ရရှိစေရန် အမေရိကန်ကို တံခါးဖွင့်ပေးလိုက်တာဖြစ်ပြီး ဆက်ဆံရေး ပိုကောင်းအောင် လမ်းခင်းပေးလိုက်တာပါပဲ။ ဒီနောက်ပိုင်းမှာ အမေရိကန်ကလည်း သူ့ရဲ့ ပါကစ္စတန်ဘက်ယိမ်းတဲ့ ပေါ်လစီကို ပြင်ဆင်ပြီး အိန္ဒိယနဲ့ဆက်ဆံရေး ကောင်းမွန်အောင် ကြိုးစားလာခဲ့ပါတယ်။ သမ္မတ ကလင်တန် လက်ထက်မှာပါ။ ဒီလိုနှစ်ဘက်ရဲ့ ပေါ်လစီပြောင်းပြီး ကြိုးပမ်းမှုများကြောင့် အိန္ဒိယနဲ့အမေရိကန်အကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စတင်ဖြစ်ပေါ်လာခဲ့ပါတယ်။ အမေရိကန် ကာကွယ်ရေးဝန်ကြီး ဝီလီယံပယ်ရီနဲ့ အိန္ဒိယ ကာကွယ် ရေးဝန်ကြီး အက်စ်၊ ဘီ၊ ချေဗန်တို့ဟာ ၁၉၉၅ ခုနှစ် ဇန်နဝါရီလမှာ နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာ သဘောတူညီမှုတရပ်ကို လက်မှတ်ထိုးခဲ့ကြပါတယ်။ ဒါဟာ ၂၀၀၅ ခုနှစ် သဘောတူညီချက်ရဲ့ ရှေ့ပြေး ဖြစ်ပါတယ်။ ဒီစာချုပ်အရ ပူးတွဲ ကာကွယ်ရေး ပေါ်လစီအဖွဲ့၊ ပူးတွဲနည်းပညာအဖွဲ့ စတာတွေကို ထူထောင်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့နိုင်ရေးကတော့ တင်းကျပ်စွာ ကန့်သတ်ထားဆဲ ဖြစ်ပါတယ်။ အဓိက,ကတော့ အိန္ဒိယရဲ့ နျူကလီးယားလက်နက်နဲ့ ပတ်သက်တဲ့ သဘောထားကြောင့် ဖြစ်ပါတယ်။ ဒီကာလ အတွင်းမှာပဲ အိန္ဒိယဟာ ဒုတိယအကြိမ် နျူကလီးယား စမ်းသပ်ဖောက်ခွဲမှု လုပ်ခဲ့ပါတယ်။ ဆက်ဆံရေး အရှိန်မြှင့်ဖို့ ကြိုးစားနေတဲ့ ကလင်တန်အစိုးရအဖို့ ရှေ့မတိုးသာ ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ အိန္ဒိယနဲ့ဆက်ဆံရေး ကောင်းအောင်လုပ်ဖို့ အဓိကထားလာတဲ့ အမေရိကန်ဟာ အိန္ဒိယက နျူကလီးယား လက်နက်ဆိုင်ရာ သဘောထားပြောင်းလဲလာသည်အထိ မစောင့်နိုင်ဘဲ ရှေ့ဆက်တိုးခဲ့ပါတယ်။

အိန္ဒိယနဲ့ အမေရိကန် အထက်တန်းအရာရှိများဟာ တိုးချဲ့ထားတဲ့ လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲများကို ၁၉၉၈ ခုနှစ် ဇူလိုင်လမှ ၁၉၉၉ ခုနှစ် ဇွန်လအထိ တနှစ်ခန့်အတွင်း မှာ (၈) ကြိမ်တိုင် ပြုလုပ်ခဲ့ကြပါတယ်။ ဆွေးနွေးပွဲ သဘောတူညီချက် လက်မှတ်ထိုးပြီးတဲ့နောက်မှာ (သမ္မတ ကလင်တန်နဲ့) သမ္မတဘုရှ်ရဲ့ ပထမသက်တမ်းအတွင်းမှာ အိန္ဒိယနဲ့ အမေရိကန်တို့ရဲ့ လုံခြုံရေးဆက်ဆံမှုဟာ အရေးပါတဲ့ အပြောင်းအလဲတွေ ဖြစ်လာခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်ကုန်မှာ ဒုတိယအကြိမ် နျူကလီးယားစမ်းသပ် ဖောက်ခွဲမှုကြောင့် ဒဏ်ခတ်ပိတ်ဆို့ ထားတာတွေကို အမေရိကန် အစိုးရက ဖယ်ရှားပစ်ခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာ နှစ်နိုင်ငံရဲ့ စစ်ဘက်ဆိုင်ရာ ဆက်သွယ်မှုများ တိုးလာခဲ့ပါတယ်။

၂၀၀၂ ခုနှစ် မေလထဲမှာ အိန္ဒိယ ကွန်မင်ဒိုများနဲ့ အမေရိကန် အထူးတပ်ဖွဲ့များ ပါဝင်တဲ့ "BALANCE IROQUOIS 02-1" လို့ အမည်ပေးထားတဲ့ ပူးတွဲစစ်ရေး လေ့ကျင့်မှုကို လုပ်ခဲ့ကြပါတယ်။ နှစ် (၄၀) အတွင်းမှာ ပထမဆုံးအကြိမ် နှစ်နိုင်ငံပါဝင်တဲ့ စစ်လေ့ကျင့်ရေး ဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ် စက်တင်ဘာလမှာ အလာစကာမှာ ရှိတဲ့ ELEMEN DORF လေတပ်အခြေစိုက်စခန်းနဲ့ FORT RICHARDSON မှာ "GERONIMO THRUST 02" လို့ အမည်ပေးထားတဲ့ စစ်လေ့ကျင့်ရေး လုပ်ခဲ့ပါတယ်။ ဒီနောက် လေယာဉ်ပျံသန်းမှု လေ့ကျင့်ခန်းများ၊ ရေငုပ်သင်္ဘော တိုက်ဖျက်ရေး လေ့ကျင့်ခန်းများနဲ့ ပင်လယ်ပြင်မှာ ပြန်လည်ဖြည့်တင်းရေး လေ့ကျင့်ခန်းများ ပါဝင်တဲ့ "MALABAR" လို့ အမည်ပေးထားတဲ့ ရေတပ်စစ် လေ့ကျင့်ရေးများ ပြုလုပ်ခဲ့ပါတယ်။ ဆက်ပြီး "COPE INDIA 02" လို့ အမည်ပေးထားတဲ့ လေတပ်ထောက်ပံ့ရေးနဲ့ ပတ်သက်တဲ့ စစ်လေ့ကျင့်ရေး လုပ်ခဲ့ပါတယ်။

၂၀၀၃ ခု နှစ်စပိုင်းမှာတော့ နည်းပညာသစ်များ လွှဲပြောင်းပေးဖို့ သဘောတူညီမှုရခဲ့ပြီး အမေရိကန်က စစ်ဘက်ဆိုင်ရာ နည်းပညာများ တင်ပို့ခဲ့ပါတယ်။ ဒီထဲမှာ အပေ့ါစား တိုက်ခိုက်ရေး လေယာဉ်များအတွက် အင်ဂျင်များ၊ လှုပ်ရှားနေတဲ့ ပစ်မှတ်ကို ရှာဖွေနိုင်သော ရေဒါများ ပါဝင်ပါတယ်။ ၂၀၀၄ ခုနှစ် မတ်လမှာ GWALIOR မှာ လေကြောင်းဟန်ပြ တိုက်ပွဲအပါအဝင် လေတပ်ပူးတွဲ လေ့ကျင့်ခန်းများကို အမေရိကန်မှ F-16 လေယာဉ်များနဲ့ အိန္ဒိယမှ MIG လေယာဉ်များပါဝင်ပြီး ပြုလုပ်ခဲ့ကြပါတယ်။ အခုအချိန်မှာတော့ ကွန်မင်ဒိုတပ်ဖွဲ့များရဲ့ ပူးတွဲလေ့ကျင့် ရေးဟာ (၃) လတကြိမ် ပြုလုပ်တဲ့ ပုံမှန်ကိစ္စ ဖြစ်နေပါပြီ။ လျှို့ဝှက်ပြီး အဆင့်မြင့်တဲ့ လေ့ကျင့်ခန်းများကို အိန္ဒိယမှာ အခြေစိုက် ပြုလုပ်နေတာတွေလည်း ရှိပါတယ်၊ "MALABAR" လေ့ကျင့်ခန်းများကတော့ ယခုထိ နှစ်စဉ်ပုံမှန်ဆွေးနွေးမှု

များ၊ အဆင့်မြင့် အရာရှိများ၊ စစ်သင်္ဘောများ၊ စစ်တပ်ဖွဲ့များအကြား အပြန်အလှန် လည်ပတ်မှုများနဲ့ ပုံမှန်လုပ်ဆောင်တဲ့ ကိစ္စဖြစ်နေပါပြီ။ အမေရိကန်ဟာ သူ့ရဲ့အမှတ် (၇) ရေတပ်ကို ဝန်ဆောင်မှုပေးဖို့ KOCHI မှာ လှုပ်ရှားသင်္ဘော ပြင်ဆင်ရေးအဖွဲ့တခု တည်ဆောက်ရန်လည်း ကြိုးပမ်းနေပါတယ်။ ဒီအဖွဲ့ရဲ့ အထောက်အကူပြုမှုရခဲ့ရင် အမေရိကန်ရေတပ်ဟာ အိန္ဒိယသမုဒ္ဒရာ၊ ပါရှား ပင်လယ်ကွေ့နဲ့ အာရေဗီယား ပင်လယ်အထိ တိုးချဲ့လှုပ်ရှားလာနိုင်မှာ ဖြစ်ပါတယ်။

၂၀၀၅ ခုနှစ် ဇူလိုင် (၇) ရက်က ချုပ်ဆိုခဲ့တဲ့ အိန္ဒိယအမေရိကန် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်နဲ့ သမ္မတဘုရှ်နဲ့ ဝန်ကြီးချုပ် မန်းမိုဟန်ဆင်းတို့ရဲ့ ပူးတွဲကြေညာချက်အရ နှစ်နိုင်ငံကြားမှာ ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်ဆက်ဆံမှုတရပ်ပါ ထူထောင်သွားမှာဆိုတော့ ဒီဒေသတွင်းမှာ အမေရိကန်ဟာ ပိုမိုတွင်ကျယ်လာမှာကတော့ သေချာပါတယ်။ ဒီစာချုပ်အရ စစ်လက်နက်ပစ္စည်း ပူးတွဲထုတ်လုပ်မယ့် စက်မှုလုပ်ငန်းများ ထူထောင်ရေး၊ ကာကွယ် ရေးပစ္စည်းဝယ်ယူမှုနဲ့ ထုတ်လုပ်မှုလုပ်ငန်းများ ထူထောင်ခြင်း၊ ပူးတွဲစစ်လေ့ကျင့်ရေး၊ ဒုံးကျည်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းဖလှယ်ရေး၊ အကြမ်းဖက်ဝါဒနဲ့ ဘာသာရေး အစွန်းရောက်ဝါဒများ ပူးတွဲ တိုက်ဖျက်ရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်တဲ့အခါမှာ ကယ်ဆယ်ရေး လုပ်ငန်းများ ပူးတွဲဆောင်ရွက်ရေး၊ ကမ္ဘာတလွှားမှာ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စွမ်းရှိသော တပ်ဖွဲ့များ တည်ဆောက်လေ့ကျင့်ပေးရေး စသဖြင့် နယ်ပယ်စုံပါတယ်။ ဒီစာချုပ်အရ ရှေ့မှာ ဆက်ဆောင်ရွက်သွားမယ့် လုပ်ငန်းများဟာ နှစ်နိုင်ငံ ပူးတွဲဆောင်ရွက်ရေးဆိုပေမယ့် နယ်ပယ်တိုင်းမှာ အမေရိကန်ရဲ့အစီအစဉ်နဲ့ ဦးဆောင်မှုက အဓိကဖြစ်နေမှာ သေချာပါတယ်။ ဒီအခြေအနေကြောင့် ဒီစာချုပ်ဟာ အိန္ဒိယရဲ့ အကျိုးကို ဆောင်ရွက်နိုင်မှာလား၊ အမေရိကန်အကျိုးအတွက် ဆောင်ရွက်ပေးရတာ ဖြစ်နေမလားဆိုတာ အိန္ဒိယနိုင်ငံရေးသမားများ အကြားမှာ ဝေဖန်သံတွေ ထွက်ပေါ်နေပါတယ်။ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း ကိုယ်တိုင် အမေရိကန်ခရီးမစမီမှာ အိန္ဒိယအနေနဲ့ အမေရိကန်ရဲ့ အီရတ်အရေးကိစ္စမှာ ပါဝင်ပတ်သက်ဖို့ အိန္ဒိယအထက်တန်း အရာရှိများကို အမေရိကန်သို့လွှတ်ပြီး လေ့ကျင့်စေဖို့တို့ကို သဘောတူ လက်မှတ်ထိုးမှာ မဟုတ်ဘူးလို့ ပြောခဲ့တာပါ။ အိန္ဒိယအနေနဲ့ အမေရိကန်အလိုကျ အားလုံးလိုက်လျောမှာ မဟုတ်ကြောင်း ကြိုပြောထားတဲ့ သဘောဖြစ်ပါတယ်။

တဖက်မှာ အိန္ဒိယဟာ စစ်အေးခေတ်တလျှောက်လုံး ဆိုဗီယက်နဲ့ စစ်ရေးပူးပေါင်း ဆောင်ရွက်မှု၊ ဆိုဗီယက်စစ်လက်နက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ထားမှုလည်း ရှိခဲ့တာပါ။ ခုထိလည်း ဝယ်ယူနေဆဲ ဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၀ ရက်နေ့က တန်ချိန် ၄၅,၀၀၀ ရှိတဲ့ ရုရှားလေယာဉ်တင်သင်္ဘောတစီးကို ဝယ်ယူခဲ့ပါတယ်။ ဒါ့အပြင် ရုရှားလုပ် SU 30s လေယာဉ်များနဲ့ T- 90 တင့်ကားများကိုလည်း ဝယ်ယူဖို့ ဆွေးနွေးနေတာပါ။ ဒါ့အပြင် ရုရှားလုပ် နျူကလီးယား စွမ်းအင်သုံး ရေငုပ်သင်္ဘောများ ရောင်းချပေးဖို့အထိ ရုရှားကို တောင်းဆိုခဲ့ပေမယ့် ရုရှားက သဘောမတူလို့ မရရှိတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အိန္ဒိယမှာ နဂိုရှိပြီးသား ဒီဇယ်အင်ဂျင်သုံး ရေငုပ်သင်္ဘောများနဲ့ Tupolev TU-22 တာလတ်ပုံးကြဲလေယာဉ်များကိုတော့ ရုရှားက အဆင့်မြှင့်တာ လုပ်ပေးဖို့ သဘောတူညီမှု ရထားပြီ ဖြစ်ပါတယ်။ ဒါ့အပြင် အိန္ဒိယဟာ ရုရှားနဲ့တရုတ်တို့ ဦးဆောင်ဖွဲ့စည်းထားတဲ့ ရှန်ဟဲပူးပေါင်းဆောင်ရွက်ရေး အဖွဲ့မှာလည်း လေ့လာသူအဖြစ် ပါဝင်နေပါတယ်။ အိန္ဒိယဟာ ရုရှားဝန်ကြီးချုပ်ရဲ့ အဆိုပြုမှုအရ ရုရှား၊ တရုတ်၊ အိန္ဒိယ (၃) နိုင်ငံ ပူးပေါင်းဆောင်ရွက်တဲ့ နိုင်ငံခြားရေး ဝန်ကြီးများရဲ့ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲမှာလည်း ပါဝင်တက်ရောက်နေတာ ဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်က စလုပ်ခဲ့တဲ့ ဒီတွေ့ဆုံဆွေးနွေးပွဲရဲ့ နောက်ဆုံးဆွေးနွေးပွဲဟာ ၂၀၀၅ ခုနှစ် ဇွန်လ ၂ ရက်နေ့က ဗလာဒီဗော့စတော့မှာ လုပ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီ (၃) နိုင်ငံဟာ ဥရောပ၊ အာရှကုန်းမြေပေါ်မှာ တဆက်တစပ်တည်း ရှိနေတာဖြစ်ပြီး အိန္ဒိယသမုဒ္ဒရာ၊ ပစိဖိတ်သမုဒ္ဒရာနဲ့အတ္တလန်တိတ်သမုဒ္ဒရာတို့နဲ့လည်း ထိစပ်နေတာ ဖြစ်ပါတယ်။ ဒီ ၃ နိုင်ငံရဲ့ လူဦးရေ စုစုပေါင်းဟာ ကမ္ဘာ့လူဦးရေရဲ့ ၄၀% ရှိပြီး သူတို့ရဲ့ စီးပွားရေးစုစုပေါင်းဟာ ကမ္ဘာ့စီးပွားရေးတခုလုံးရဲ့ ၂၀% ရှိပါတယ်။ ဒီ ၃ နိုင်ငံ ပူးတွဲအစည်းအဝေးက ဝင်ရိုးအများစနစ်ကို အခြေခံတဲ့ သင့်လျော်တဲ့ နိုင်ငံတကာဆက်ဆံမှု အစီအစဉ်သစ်တရပ်ကို တည်ထောင်ရန်နဲ့ စိန်ခေါ်မှုသစ်နဲ့ ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရာမှာ ကုလသမဂ္ဂကိုဗဟိုထားပြီး အားလုံးလက်တွဲဖြေရှင်းမှုကို အပြည့်အဝလုပ်ဆောင်ဖို့ တောင်းဆိုခဲ့ပါတယ်။ သူတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ သေနင်္ဂဗျူဟာမဟာမိတ်ဖွဲ့မှု မဟုတ်ဘဲ သေနင်္ဂဗျူဟာ ပူးပေါင်းဆောင်ရွက်တဲ့ သဘောသာဖြစ်ပါတယ်လို့ ဆိုပါတယ်။ အိန္ဒိယရဲ့ ဒီလိုဆက်ဆံမှုများ ရှိနေတာကြောင့်လည်း အမေရိကန်ရဲ့ လုံးဝယုံကြည်စိတ်ချမှုကို မရတာ ဖြစ်ပါတယ်။ အိန္ဒိယရဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရေး ကြိုးပမ်းမှုကို ဘုရှ်အစိုးရက ထောက်ခံရန် ငြင်းဆိုခဲ့ပါတယ်။ အိန္ဒိယဟာ

အမေရိကန်နဲ့ဆက်ဆံရေး တိုးတက်ကောင်းမွန်ရေးကို အဓိကထားပြီး ဥရောပသမဂ္ဂ၊ ရုရှား၊ တရုတ်တို့နဲ့ ဆက်ဆံရေးကို မစွန့်လွှတ်ချင်လို့ပဲလို့ အကြောင်းပြပါတယ်။ အိန္ဒိယဟာ ချန်ကေရှိတ် တရုတ်ပြည်က အမေရိကန်ရဲ့ ထောက်ခံချက်နဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ အမြဲတမ်းနေရာ ရရှိခဲ့တာကို အားကျပုံပေါ်ပါတယ်။ ဒါပေမဲ့ ခေတ်ချင်းက မတူတော့ပါဘူး။ ၂၀၀၆ ခုနှစ်ဟာ ၁၉၄၄ နဲ့ ၄၅ ခုနှစ်က နိုင်ငံရေးအခြေအနေမျိုး မဟုတ်တော့ပါဘူး။

၂၀၀၅ ခုနှစ်ထဲမှာ အမေရိကန်ရှိ ဉာဏ်ကြီးရှင်အုပ်စုတခုက ဘုရှ်အစိုးရကို အိန္ဒိယနဲ့ပတ်သက်တဲ့ အစီရင်ခံစာတစောင် တင်ခဲ့ပါတယ်။ ဒီထဲမှာ သူတို့က အိန္ဒိယဟာ လာမယ့်နှစ် ၂၀ – ၂၅ နှစ်အတွင်းမှာ ဖွံ့ဖြိုး တိုးတက်လာနိုင်ကြောင်းနဲ့ ဘုရှ်အစိုးရအနေနဲ့ အိန္ဒိယကို "အာရှတိုက် ရဲ့ အင်အားကြီးနိုင်ငံ" တခုဖြစ်လာအောင် ကူညီသင့်တယ်။ ဒါမှ အားကြီးလာတဲ့ အိန္ဒိယဟာ တရုတ်ပြည်ရဲ့ အင်အားကြီးထွားလာမှုကို တန်ပြန်ထိန်းညှိနိုင်လိမ့်မယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် ဒီအစီရင်ခံစာထဲမှာပဲ အမေရိကန်ဟာ အိန္ဒိယရဲ့ လုံခြုံရေးကောင်စီမှာ အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရေး တောင်းဆိုမှုကို ထောက်ခံသင့်တယ်။ အိန္ဒိယကို အရပ်ဘက်နဲ့စစ်ဘက်သုံး နျူကလီးယားနည်းပညာ ရောင်းချပေးသင့်တယ်လို့ တင်ပြထားပါတယ်။ အိန္ဒိယက ပထဝီနိုင်ငံရေး ပါမောက္ခ MD Nalapat ကတော့ အာရှဒေသမှာ အမေရိကန်နဲ့ အိန္ဒိယတို့ ခေါင်းဆောင်တဲ့ "မြောက်အတ္တလန်တိတ် စာချုပ်အဖွဲ့ကဲ့သို့သော အာရှစာချုပ်အဖွဲ့" တခု ထူထောင်ဖို့ အကြံပေး စည်းရုံးနေပါတယ်။ အမေရိကန်ရဲ့ ဟာဗိုင်ရီအခြေစိုက် ပစိဖိတ်လေတပ်ဗိုလ်ချုပ်ကြီးက "ပထဝီနိုင်ငံရေး ချိန်ခွင်လျှာသည် ဥရောပမှ အာရှသို့ ရွေ့လျားနေခြင်းနဲ့အတူ အမေရိကန်၏ အာရှမူဝါဒသည်လည်း အရှေ့အလယ်ပိုင်းနည်းတူ အရေးပါနေမည်" လို့ စင်ကာပူမှာ ပြုလုပ်တဲ့ အာရှလေကြောင်းပြပွဲမှာ ပြောခဲ့ပါတယ်။ အမေရိကန်ဟာ ဥရောပမှာ သူ့ရဲ့သံဝန်ထမ်းတွေကို လျှော့ချပြီး အာရှဘက်မှာ တိုးချဲ့ခန့်ထားလာတာလည်း ရှိလာနေပါတယ်။

ဒီလိုထင်မြင်ချက်နဲ့ သတင်းတွေဟာ သာမန်ကာလျှံကာ ပေါ်ထွက်နေတာ မဟုတ်ကြောင်း ပင်တဂွန် စစ်ဌာနချုပ်ရဲ့ (၄) နှစ်တကြိမ် တင်သွင်းရတဲ့ ကာကွယ်ရေးသုံးသပ်ချက် အစီရင်စံစာအရ မြင်သာပါတယ်။ ၂၀၀၆ ဖေဖေါ်ရီက တင်သွင်းခဲ့တဲ့ ဒီအစီရင်ခံစာထဲမှာ "တရုတ်က ယခင်ဆိုဗီယက်ပြည်ထောင်စုဟောင်း နေရာတွင် အစားထိုးဝင်ရောက်လာသော စစ်ရေးပြိုင်ဘက်ဖြစ်ပြီး အိန္ဒိယက အရေးပါသော မဟာဗျူဟာမြောက် လက်တွဲဖော်လို့ ရှုမြင်ကြောင်း" နဲ့ "ပေါ်ထွက်လာသော ပါဝါသစ်တို့ထဲတွင် တရုတ်သည်သာ အမေရိကန်နှင့် စစ်ရေးအရ ယှဉ်ပြိုင်နိုင်စွမ်းနှင့်အလားအလာ ရှိသည်" ဟု ဖော်ပြထားတာ တွေ့ရပါတယ်။

အမေရိကန်ရဲ့ ပင်တဂွန် စစ်ဌာနချုပ်က အနာဂတ်အလားအလာ တွက်ချက်မှုဟာ တရုတ်က ရန်ဘက်ဖြစ်နိုင်ပြီး အိန္ဒိယကို မိတ်ဘက်အဖြစ် သဘောထားရမယ်လို့ ခပ်ရှင်းရှင်းယူဆထားတာ တွေ့ရပါတယ်။ ဒီလိုကြည့်မြင်မှုမျိုးဟာ အမေရိကန်မှာ အတော်များများ ရှိနိုင်ပါတယ်။ အမေရိကန် အစိုးရအနေနဲ့လည်း ဒီအမြင်ကို လက်ခံထားတာ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အမေရိကန်ဟာ သူ့ရဲ့ အာရှလုံခြုံရေး မဟာမိတ်များဖြစ်တဲ့ ဂျပန်၊ တောင်ကိုရီးယားနဲ့ ဩစတြေးလျတို့နဲ့ ဆက်ဆံရေးကို ပြန်လည်သုံးသပ်တာတွေ လုပ်နေပြီး တရုတ်ရဲ့ စစ်သုံးစရိတ်ကို အကြီးအကျယ် ဝေဖန်နေတာ ဖြစ်ပါတယ်။ ဒီပင်တဂွန်ရဲ့ အစီရင်ခံစာအရ တရုတ်ကို ဝိုင်းပတ်နိုင်ဖို့နဲ့ ဒေသတွင်းမဟာမိတ် တိုးချဲ့ဖွဲ့နိုင်ဖို့ အိန္ဒိယကို ပိုင်ပိုင်နိုင်နိုင် စည်းရုံးနိုင်ရေးကို အမေရိကန်အနေနဲ့ ဘယ်လောက်အလေးထားမယ်ဆိုတာ ခန့်မှန်းကြည့်နိုင်ပါတယ်။ ဒါကြောင့်လည်း နျူကလီးယားမပြန့်ပွားရေး သဘောတူညီချက်စာချုပ် လက်မှတ်ထိုးမထားတဲ့ အိန္ဒိယကို နျူကလီးယား နည်းပညာများ မျှဝေပေးနိုင်မယ့် နှစ်နိုင်ငံ နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ၂၀၀၆ မတ်လအတွင်းက ရေးထိုးခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီလို စည်းမျဉ်းဥပဒေ ချိုးဖောက်မှုကို တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ဝေဖန်ခဲ့တာ ဖြစ်ပါတယ်။ အမေရိကန်လွှတ်တော်က သဘောတူမှ အတည်ဖြစ်မယ့် ဒီစာချုပ်ကို အောက်လွှတ်တော်ကတော့ အတည်ပြုလိုက်ပြီ ဖြစ်ပါတယ်။ အမေရိကန်ဟာ စစ်အေးခေတ်တုန်းက ဆိုဗီယက်ကို ဆန့်ကျင်တိုက်ခိုက်ဖို့ ပါကစ္စတန်ကို အသုံးပြုခဲ့သလို ရှေ့မှာလည်း တရုတ်ကို ဆန့်ကျင် တိုက်ခိုက်ရရင် အိန္ဒိယကိုသုံးနိုင်ဖို့ အစွမ်းကုန် လိုက်လျောပြီး စည်းရုံးမယ့်သဘော ဖြစ်လာနေပါတယ်။ အိန္ဒိယသာ အမေရိကန်ဘက် ပိုမိုတိမ်းညွှတ်သွားရင်တော့ ဒေသတွင်းငြိမ်းချမ်းတဲ့အခြေအနေဟာ ထိခိုက်လာနိုင်ပါတယ်။ နိုင်ငံကြီးနှစ်ခုကြားက ဗမာပြည်ဟာ နိုင်ငံကြီးနှစ်ခု သင့်မြတ် နေစေချင်ပါတယ်။ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားနေတဲ့ အိန္ဒိယဟာ စစ်အေးခေတ် စိတ်နေသဘောထားမျိုးနဲ့ အင်ပါယာ ချဲ့ထွင်ဖို့ ကြိုးစားနေတဲ့ အမေရိကန်ရဲ့ အသုံးချခံရမယ့် အခြေအနေ မရောက်အောင် ရှောင်ရှားနိုင်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ အိန္ဒိယရဲ့ ဖြစ်ပေါ်တိုးတက်လာမယ့် အနာဂတ်ကို ဒေသတွင်းက နိုင်ငံများအနေနဲ့ စောင့်ကြည့်ကြရမှာပါပဲ။ ။



# ဒေါ်လာအင်ပါယာ မျက်ခုံးလှုပ်လာနေပြီ

ဆက်ဒမ်ဟူစိန်ကို အမေရိကန်က “ဆုံးမ”တဲ့အကြောင်းရင်းတွေထဲမှာ သူ့ရေနံကို ဒေါ်လာနဲ့ အရောင်းအဝယ် မလုပ်တော့ဘူးလို့ ဆုံးဖြတ်တယ်ဆိုတဲ့ မကြေညာတဲ့ အကြောင်းတချက်လည်း ပါပါတယ်။ အခု အီရန်ကို “ဒဏ်ခတ်” ဖို့ အမေရိကန်က ပြင်ဆင်နေတဲ့ အကြောင်းရင်းတွေထဲမှာလည်း အီရန်က ယူရိုကို အသုံးပြုတဲ့ ရေနံဈေးကွက်တခု တည်ထောင်ဖို့ စိုင်းပြင်းနေတယ်ဆိုတာကလည်း တခုပါ။ ပိုအာရုံစိုက်စရာ ဖြစ်လာတာက နောက်ပိုင်းမှာ ဗင်နီဇွဲလားကလည်း သူတို့နောက်ကို လိုက်ရမလား စဉ်းစားလာနေတယ် ဆိုတဲ့အချက် ဖြစ်ပါတယ်။ အခုနောက်ဆုံးမှာ ရုရှားကလည်း ဒီလမ်းကို ရွေးချယ်ဖို့ ကြေညာလိုက်တော့ ဒေါ်လာရဲ့ ကံကြမ္မာဟာ ဆုံးဖြတ်ချက်ချပြီးသလို ဖြစ်သွားပါတယ်။

ဇလာဒီမာပူတင်က ပြီးခဲ့တဲ့မေလ ၁၀ ရက်နေ့မှာ သူတို့အနေနဲ့ သူတို့ကိုယ်ပိုင် ရေနံနဲ့ ဓာတ်ငွေ့ ဈေးကွက်တခု တည်ထောင်မယ်၊ တဆက်တည်း ဒီဈေးကွက်မှာ ရူဘယ်လ်ငွေကို အလွယ်တကူ လဲလှယ်နိုင်တဲ့ နိုင်ငံခြားသုံးငွေတခုကို အသုံးပြုမယ်လို့ ကြေညာလိုက်ပါတယ်။ ပူတင် ရည်ညွှန်းတာက ယူရို ဖြစ်ပါတယ်။ မကြာခင်ကပဲ ကရင်မလင်ဟာ သူပိုင် ဒေါ်လာ တချို့ကို ယူရိုနဲ့ လဲလှယ်ခဲ့ပါတယ်။ အီရန်၊ ဗင်နီဇွဲလားနဲ့ ရုရှားတို့ရဲ့ ရေနံတင်ပို့မှုဟာ ကမ္ဘာ့ဈေးကွက်ရဲ့ ၂၅% လောက် ရှိပါ တယ်။ ဒီသုံးနိုင်ငံကသာ သူတို့ရဲ့ဒေါ်လာတွေကို ထုတ်ပစ်လိုက်မယ်ဆိုရင် အမေရိကန်နိုင်ငံရဲ့ ငွေကြေးဟာ အကြီးအကျယ် ဂယိမ်းဂယိုင် ဖြစ်သွားနိုင်ပါတယ်။ အတိုးနှုန်းတွေတက်၊ သွင်းကုန်ဈေးတွေတက်၊ ငွေကြေးဖောင်းပွမှုတွေဖြစ်ပြီး စီးပွားရေး ထိုင်းမှိုင်းမှုတွေ ပေါ်ပေါက်လာနိုင်ပါတယ်။

ဝီလျံကလာခ် ( William Clark ) က စွမ်းအင်သတင်းစဉ် (Energy Bulletin) မှာ အခုလို ရေးခဲ့ပါတယ်။ “ကျနော်တို့ကြုံတွေ့နေရတာဟာ ရေနံငွေကြေး နယ်ပယ်မှာ ပိုလ်နေရာရနေဖို့ကိစ္စ ဖြစ်တယ်။ တကယ်လို့ အီရန်ရဲ့ရေနံ ဈေးကွက် ထူထောင်တာသာ အောင်မြင်သွားရင် လန်ဒန်အိုင်ပီအီး (London IPE) ဈေးကွက်နဲ့ နယူးယောက်နိုမက်စ်ဈေးကွက် (New York NYMEX) တို့ရဲ့ ကမ္ဘာ့ငွေကြေး ဗဟိုဌာန အဖြစ်တည်ရှိနေမှုဟာ မုချပဲ စိန်ခေါ်ခံရတော့မယ်။”

နောက်ထပ် မြင်တွေ့နေရတဲ့ ဒေါ်လာအတွက် ခြိမ်းခြောက်မှု တမျိုးကတော့ ရေနံဒေသလို့ ခေါ်ရမယ့် အရှေ့အလယ်ပိုင်းဒေသမှာ နိုင်ငံ တော်တော်များများဟာ သူတို့လက်ထဲမှာ ရှိနေတဲ့ အရန်ဒေါ်လာတွေထဲက တစိတ်တပိုင်းကို တခြားငွေနဲ့ လဲပစ်နေကြတာပါပဲ။ ပြီးခဲ့တဲ့ မတ်လထဲမှာ ကျင်းပခဲ့တဲ့ ယူအေအီးနိုင်ငံ၊ ဒူဘိုင်မြို့တော်က ဆိပ်ကမ်းများ အစည်းအဝေးပြီးတဲ့နောက်မှာ ယူအေအီး ဗဟိုဘဏ် တာဝန်ရှိသူတွေက သူတို့ရဲ့ အရန်ဒေါ်လာ ၁၀% ကို ယူရိုနဲ့လဲဖို့ စဉ်းစားနေကြောင်း ထုတ်ပြောခဲ့ပါတယ်။ ဒီအသံထွက်ပေါ်လာပြီးတဲ့နောက်မှာ ကူဝိတ်နဲ့ ကာတာတို့က သူတို့လည်း ဒီလိုလုပ်ကောင်းလုပ်ရလိမ့်မယ် ဖြစ်တဲ့အကြောင်း အရိပ်အမြွက် ပြောခဲ့ကြပါတယ်။

အမေရိကန်နိုင်ငံက ဆီးရီးယားနိုင်ငံမှာ ငွေခဝါချမှုတွေ ရှိတယ်ဆိုပြီး

ဝါရှင်တန်က အမေရိကန်ဘဏ်တွေကို ဆီးရီးယားရဲ့ ငွေကြေးအဆောက်အအုံတွေ အတွက် ကိုယ်စားလှယ်လုပ်မပေးဖို့ တိုက်တွန်းလိုက်တဲ့နောက်မှာ ဆီးရီးယားဟာ သူပိုင်ဒေါ်လာ အားလုံးကို ယူရိုနဲ့လဲပစ်လိုက်ပါတယ်။

ပြီးခဲ့တဲ့ ဇွန်လထဲတုန်းက ဆွီဒင်နိုင်ငံက သူပိုင် ဒေါ်လာ ၂၁ ဘီလျံ တန်ဖိုးရှိတဲ့ နိုင်ငံခြားသုံးငွေထဲမှာ ဒေါ်လာပါဝင်မှုကို ၃၇% ကနေ ၂၀% အထိ လျှော့ချလိုက်တော့ ဒေါ်လာ တန်ဖိုးဟာ တပတ်အတွင်း ၂% ထိုးကျသွားပါတယ်။ ဆွီဒင်ဗဟိုဘဏ်ကတော့ သူတို့ဒီလို လုပ်လိုက်တာဟာ သူတို့ရဲ့ အရန်နိုင်ငံခြားငွေ တည်ငြိမ်စေဖို့နဲ့ အန္တရာယ်ရှိတဲ့ ငွေကြေးတချို့ကို လျှော့ပစ်တာပါလို့ ဆိုပါတယ်။

အီရန်တို့၊ ဗင်နီဇွဲလားတို့၊ ရုရှားတို့ လုပ်တာဟာ နောက်ခံနိုင်ငံရေးအကြောင်းတွေကြောင့်မို့လို့ ပြောကောင်းပြောနိုင်ပါမယ်။ အနည်းဆုံး တစိတ်တပိုင်းတော့ ပါကောင်းပါနိုင်ပါတယ်။ ဒါပေမဲ့ ဒေါ်လာတန်ဖိုး ကျတယ်ဆိုရင် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဗဟိုဘဏ်တွေမှာ သူတို့ပိုင်အရန်ငွေတွေ တန်ဖိုးကျကုန်မှာပါ။ ဒါကို ဘယ်သူမှ အဖြစ်မခံနိုင်ဘူး။ ဒါဆိုရင် အန်ကယ်ဆမ်ကို ချစ်သူရော မုန်းသူပါ လမ်းခွဲကုန်ကြပါလိမ့်မယ်။ တိုင်းမ်စ်သတင်းစာကြီးက စီးပွားရေးအယ်ဒီတာ ဒေးဗစ်စမစ်ကတော့ ဒေါ်လာတန်ဖိုး ကျရတာရဲ့ အကြောင်းရင်းတွေထဲမှာ အမေရိကန် နိုင်ငံဘတ်ဂျက်မှာ ဒေါ်လာ ဘီလျံ ၈၀၀ အလိုပြနေတာလည်း ပါတယ်လို့ ဆိုပါတယ်။ သုံးငွေထဲက ဘီလျံ ၂၈၀ ဟာ အီရတ် စစ်ပွဲဆိုတဲ့ ခေါင်းစဉ်တခုထဲအောက်ကို စီးဝင်သွားတာဆိုတော့ ဒီလို လိုငွေပြတာလည်း အံ့သြစရာ မရှိပါဘူး။

အခုဆိုရင် ပင်လယ်ကွေ့ နိုင်ငံတွေ၊ အထူးသဖြင့် ယူအေအီးနဲ့ ကာတာတို့ဟာ အမေရိကန်ဒေါ်လာ အားနည်းလာတဲ့အတွက် သူတို့နိုင်ငံ စီးပွားရေးမှာ ငွေကြေးဖောင်းပွမှုဒဏ် ကို ခံနေရပါတယ်။ ဒါကြောင့် သူတို့နှစ်နိုင်ငံဟာ သူတို့ ငွေကြေးတွေ ဒေါ်လာနဲ့အသေတွဲထားတဲ့ စနစ်ကို ဖျက်သိမ်းဖို့ သင့်မသင့်စဉ်းစားနေကြပါတယ်။ ဒါပေမဲ့ ယူအေအီးဘဏ်ရဲ့ ဝက်ဘ်ဆိုက်မှာပါရှိတဲ့ ဆောင်းပါး တပုဒ်မှာတော့ “ပင်လယ်ကွေ့နိုင်ငံတွေ အနေနဲ့ ရေနံတင်ပို့တဲ့နိုင်ငံတွေအနေနဲ့ ကိုယ့်နိုင်ငံငွေကြေးကို ဒေါ်လာနဲ့ အသေသတ်မှတ်ထားတာထက် ပိုအရေးကြီးတဲ့ကိစ္စရှိနေတယ်။ အဲဒါက ရေနံတင်ပို့မှုတွေကို ဒေါ်လာနဲ့ပဲ လုပ်နေကြမှာလားဆိုတာ ဖြစ်တယ်” လို့ ပါပါတယ်။ တဆက်တည်းမှာ “သင့်မသင့်ဆိုတာကို အိုပက်နိုင်ငံတွေက စဉ်းစားချင့်ချိန်ရမှာပါ။ ဒါပေမဲ့ အကောင်းဆုံးကတော့ ရေနံရောင်းသူနဲ့ ဝယ်သူတွေ တိုင်ပင်ဆုံးဖြတ်တာပဲ ဖြစ်ပါတယ်” လို့ ရေးထားပါတယ်။

ဒီနေ့လို အိမ်ဖြူတော်က လမ်းသူရဲဆန်ဆန် နိုင်ငံခြားရေးပေါ်လစီ ကျင့်သုံးနေတာဟာလည်း ဒေါ်လာတန်ဖိုးကို အများကြီး ထိခိုက်ပါတယ်။ သူတို့က အီရန်ကိုသာဝင်တိုက်မယ်၊ ဒါမှမဟုတ် ဗင်နီဇွဲလားပြည်တွင်းရေးကို ဝင်စွက်မယ်သာဆိုရင် ရေနံဈေးနှုန်းဟာ ဒေါ်လာ ၁၀၀ ကိုရောက်သွားနိုင်ပြီး အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားရဲ့ စီးပွားရေးတွေ အတော် ဒုက္ခရောက်ကုန်မှာပါပဲ၊ အီရန်သမ္မတက တကယ်လို့ အမေရိကန်ကသာ သူတို့ကို အန္တရာယ်ပြုလာရင် ရေနံ သယ်ဆောင်ရာလမ်းကြောင်းဖြစ်တဲ့ ဟော်မုဇ်ရေလက်ကြား (Straits of Hormuz) ကို ပိတ်ပစ်မယ်လို့ ကြေညာထားသလို ဗင်နီဇွဲလားကလည်း အမေရိကန်ကို ရေနံရောင်းချတာ ရပ်ပစ်မယ်လို့ ကြုံးဝါးထားပါတယ်။

ကမ္ဘာ့စီးပွားရေးမှာ အမေရိကန်နှာချေရင် ကျန်တဲ့ကမ္ဘာတခုလုံး အအေးမိကုန်ရော ဆိုတဲ့အဆိုကို လူအများပဲ သိကြပါတယ်။ ဒါဟာ ငွေကြေးနယ်ပယ်မှာ ပိုသိသာပါတယ်။ မကြာသေးခင်ကပဲ လန်ဒန်မှာ စတော့ဈေးတွေ ထိုးကျသွားပြီး အာရှတိုက်က စတော့တွေလည်း လှုပ်ခါသွားပါတယ်။ ဒီလိုအခါမှာ အမေရိကန်ဘက်က ဖော်ပြနေတာတွေက လူနားလည်ရခက်စရာတွေ ဖြစ်နေပါတယ်။ ပီကင်းဟာ သူတို့ရဲ့ ယွမ်ငွေတန်ဖိုးကို ချပေးနိုင်ဖို့အတွက် ယွမ်ကို ဒေါ်လာနဲ့ တန်ဖိုးအသေ သတ်မှတ်ထားတဲ့စနစ် ဖျက်သိမ်းမယ်လို့ ရှင်းပြတော့ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးက အမေရိကန်နိုင်ငံအဖို့ ဒေါ်လာငွေအင်အား တောင့်တင်းရေးဆိုတာ သူတို့နိုင်ငံရဲ့ အကျိုးစီးပွားနဲ့ တိုက်ရိုက်ပတ်သက်နေတယ်လို့ ပြန်ပြောလိုက်ပါတယ်။ ဒီလို အခြေအနေမှာ တရုတ်ဟာ အမေရိကန်ရဲ့ အကြွေးတွေထဲက ဒေါ်လာ ဘီလျံ ၂၀၀ ဖိုးကို ဝယ်ယူလိုက်ပါတယ်။ တကယ်လို့သာ အမေရိကန်နဲ့ ပြဿနာတခုခုပေါ်လို့ (ဥပမာ– ထိုင်ဝမ်ကိစ္စ) တရုတ်က ဒီဒေါ်လာတွေကို တချိတည်း ရောင်းထုတ်လိုက်ရင် အမေရိကန် စီးပွားရေး အတော်ဒုက္ခရောက်သွားနိုင်ပါတယ်။

သေချာတာကတော့ ကမ္ဘာမှာ ဆင်းရဲသူတွေက တမက်တမော ရှာယူနေတဲ့ အမေရိကန်ရဲ့ အစိမ်းရောင် ငွေစက္ကူများဟာ ချမ်းသာသူများ အဖို့တော့ စွန့်ပစ်ရရင် ကောင်းလေမလား ချီတုံချတုံ စဉ်းစားရတဲ့ အရာတွေ ဖြစ်နေပါပြီ။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းကစပြီး ကမ္ဘာ့ငွေကြေးနယ်ပယ်မှာ တမိုးလုံးဖျောက်ဆိပ်ဖြစ်ခဲ့တဲ့၊ မင်းမူချင်တိုင်း မင်းမူခဲ့တဲ့ အမေရိကန်ဒေါ်လာဟာ မကြာခင်ကာလအတွင်းမှာပဲ သူလိုကိုယ်လို ငွေကြေးတရပ် ဖြစ်သွားတော့မယ်လို့ ငွေကြေးလောကမှာ ပြောဆိုနေကြပါတယ်။ ။



# ဟာရိုးလ်ပင်တာ အကြောင်း

*၂၀၀၅ ခုနှစ်အတွက် စာပေနိုဘယ်ဆုကို အင်္ဂလိပ်ပြဇာတ်ရေးဆရာ၊ ကဗျာဆရာနဲ့ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူတဦးဖြစ်တဲ့ ဟာရိုးလ်ပင်တာက ရရှိခဲ့တယ်။*

သူဟာ ပြဇာတ်ဒါရိုက်တာလုပ်သလို ကိုယ်တိုင်လည်းသရုပ်ဆောင်သူ ဖြစ်တယ်။ သူ့ရဲ့ စာရေးဟန် ကလည်း တမူထူးဆန်းတယ်။ သူ့စကားပြေက တိုရှင်းကျစ်လစ်တယ်။ စကားပြောရပ်ဆိုင်းထားတာနဲ့ မြုပ်ကွက်တွေကို ကျွမ်းကျင်စွာ အသုံးပြုပြီး မသက်မသာဖြစ်မှု၊ စိတ်လေးလံစေမှုနဲ့ မရှင်းမလင်း ဖြစ်စေမှုတွေကို ဖြစ်ပေါ်စေတယ်။ ဒါကြောင့် သူ့ကိုယ်ပိုင်နာမဝိသေသန (Pinteresque) ဆိုတာကိုတောင် ရရှိလာတယ်။ တမူထူးဆန်းစွာ စိတ်မသက်မသာ ဖြစ်လာအောင် လှုံ့ဆော်နိုင်စွမ်းရှိသောလို့ အဓိပ္ပာယ်ထွက်သတဲ့၊ 'ဖိုင်နယ်လ်ရှယ်တိုင်း' သတင်းစာကြီးကတော့ လျှို့ဝှက်နက်နဲတဲ့ သဲလွန်စတွေနဲ့အတူ အနက်ကြွယ်တဲ့ အရိပ် အမြွက်တွေ ပြည့်နှက်နေပြီး ပရိသတ်အနေနဲ့ ဘာကိုကောက်ချက် ချရမှန်းမသိ ဖြစ်စေသောလို့ အဓိပ္ပာယ်ဖွင့်ပါတယ်။

သူ့ရဲ့ ထူးဆန်းတဲ့ ရေးဟန် နမူနာတချို့ကို အမြည်းပေးလိုပါတယ်။

"အင်နာ။ ကျွန်မ အိမ်ထောင် ပြုတော့မယ်ရှင့်။
စတီဖင်။ အို၊ ဘယ်သူနဲ့ တုန်း။
အင်နာ။ ဝီလျံနဲ့ပါ။
စတီဖင်။ အော်၊ ဒါနဲ့ သူ့ကိုကောပြောပြီးပြီလား။"

˚˚˚˚˚˚˚˚˚

"လူသေအလောင်းကို ဘယ်မှာတွေ့တာလဲ။
လူသေအလောင်းကို ဘယ်သူတွေ့တာလဲ။
လူသေအလောင်းကိုတွေ့တော့ လူသေအလောင်းက သေနေ ပြီလား။"

˚˚˚˚˚˚˚˚˚

> **"သမ္မတ ဘုရှ်က ပြောတယ် – ကမ္ဘာမှာ ဖျက်ဆီးနိုင်စွမ်း အပြင်းထန်ဆုံး လက်နက်တွေကို ကမ္ဘာ့အဆိုးဆုံး ခေါင်းဆောင်တွေရဲ့ လက်ထဲမှာ မထားနိုင်ဘူးတဲ့။ သူပြောတာ အမှန်ပဲ။ သူ့ကို မှန်ထဲမှာ ကြည့်ခိုင်းလိုက်ပါ၊ သူပြောတဲ့သူဟာ သူကိုယ်တိုင်ပါပဲ"**

၁၉၃၀ ခုနှစ်မှာ ဟာရိုးလ်ပင်တာကို လန်ဒန်အရှေ့ပိုင်းဆင်းရဲသား ရပ်ကွက်မှာ မွေးဖွားတယ်။ အလုပ်သမား လူတန်းစား ပတ်ဝန်းကျင် ဖြစ်တယ်။ သူ့ ဖခင်ဟာ ဂျူးလူမျိုး စက်ချုပ်ဆရာတဦး ဖြစ်တယ်။ ငယ်စဉ် ကျောင်းသားဘဝမှာ ကတည်းက ကျောင်းပြဇာတ်တွေမှာ ပါဝင် သရုပ်ဆောင်ရတာကို စိတ်ဝင်စားသူ ဖြစ်တယ်။ အက်ဆေးနဲ့ ကဗျာတွေကိုလည်း စတင် ရေးသားခဲ့တယ်။ ၁၉၄၈ ခုနှစ်မှာ တော်ဝင်ပြဇာတ် အကယ်ဒမီကျောင်း တက်ခွင့်ရခဲ့တယ်။ ဒါပေမဲ့ စာသင်သက်တမ်း နှစ်ကြိမ်တက်ပြီး ထွက်ခဲ့တယ်။ အဲဒီနောက် သရုပ်ဆောင်တဦး ဖြစ်လာတယ်။ စာတွေလည်း ဆက်ရေးဖြစ်တယ်။ ၁၉၅၇ ခုနှစ်မှာ 'အခန်း' ဆိုတဲ့ ပြဇာတ်နဲ့စပြီး နာမည် ရလာတယ်။ ဒီနောက် ပြဇာတ်တွေ အများကြီး ရေးခဲ့တယ်။ ၁၉၅၉ ခုနှစ်မှာ ရေးသားတဲ့ 'အစောင့်' (The Caretaker) ပြဇာတ်ဟာ စီးပွားရေးအရ အကြီးအကျယ် အောင်မြင်သလို ဝေဖန်ရေးဆရာတွေရဲ့ ချီးကျူးမှုကိုပါ ရရှိခဲ့တယ်။

ရုပ်ရှင်ဇာတ်ညွှန်းတွေလည်း အမြောက်အမြား ရေးခဲ့ပြီး ဥရောပက ရုပ်ရှင်ဆုတွေ အမြောက်အမြား ရရှိခဲ့ပါတယ်။ သူဟာစီဘီအီးဘွဲ့ CBE (Commander of the British Empire) ကို ၁၉၆၆ ခုနှစ်မှာ ရခဲ့ပေမယ့် ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာက ဆာဘွဲ့ပေးဖို့ စီစဉ်တော့ သူက ငြင်းပယ်လိုက်ပါတယ်။ ၁၉၉၆ ခုနှစ်မှာပြဇာတ်ပညာအတွက် ဖြည့်ဆည်းမှုတွေအတွက် သူ့ကိုရာသက်ပန် လောရင့်စ်အော်လီဗာဆု ပေးခဲ့ပါတယ်။

ပင်တာဟာ နိုင်ငံရေးလှုပ်ရှား တက်ကြွသူတဦးလည်း ဖြစ်ပါတယ်။ ၁၉၄၉ ခုနှစ်မှာ လန်ဒန်အရှေ့ပိုင်းက ဖက်ဆစ်အုပ်စုတစုကို စိန်ခေါ်ခဲ့လို့ အတိုက်အခိုက်ခံရဖူးတယ်။ အဲဒီ နှစ်မှာပဲ စစ်မှုထမ်းဖို့ ငြင်းဆန်ခဲ့လို့ ဒဏ်ငွေအရိုက်ခံရပြန်တယ်။ နောက်ပိုင်း ဆယ်စုနှစ်တွေမှာလည်း နိုင်ငံတကာ နိုင်ငံရေးကို ပိုပိုပြီးပွင့်ပွင့်လင်းလင်း ဝေဖန်ပြောဆိုလာခဲ့တယ်။ သူဟာ ချီလီနိုင်ငံမှာ သမ္မတ အာလန်ဒေး အသတ်ခံရပြီးနောက်မှာ ၁၉၇၃ ခုနှစ် ကစပြီး လူ့အခွင့်ရေးလုပ်ငန်းတွေဘက်မှာ အာရုံစိုက် လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ကို အနောက်တိုင်း မီဒီယာများက နားလည်ရခက်သူလို့ သဘောထားကြပါတယ်။ ဥပမာ သူဟာ ၁၉၉၉ ခုနှစ်က ကိုဆိုဗိုကိစ္စမှာ ဝင်ရောက် တိုက်ခိုက်တဲ့ နေတိုးတပ်တွေကို ပြစ်တင်ရှုတ်ချခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်မှာတော့ ယူဂိုစလဗ် သမ္မတဟောင်း မီလိုဆာဗစ်ကို ကာကွယ်ရေး နိုင်ငံတကာကော်မတီမှာ အမေရိကန်က ရှေ့နေချုပ်ဟောင်း ရမ်ဆီးကလာ့ခ်နဲ့ အတူ ပါဝင်ခဲ့ပါတယ်။

နိုင်ငံတကာ စာရေးဆရာအသင်းကြီး (International Pen) မှာပါဝင်ပြီး လွတ်လပ်စွာထုတ်ဖော် ပြောဆိုရေးသားခွင့်အတွက် တိုက်ပွဲဝင်ခဲ့တယ်။ ၁၉၈၅ ခုနှစ်မှာ အမေရိကန် ပြဇာတ်ရေးဆရာ အာသာမီလာနဲ့အတူ International Pen နဲ့ ဟယ်လ်ဆင်ကီစောင့်ကြည့်ရေးကော်မတီတို့ရဲ့ မစ်ရှင်အဖြစ် အကျဉ်းကျ စာရေးဆရာတွေ အနှိပ်စက်ခံနေရတာတွေကို စုံစမ်းဆန့်ကျင်ကန့်ကွက်ဖို့ တူရကီကို သွားခဲ့တယ်။ တူရကီရှိ အမေရိကန်သံရုံးက မီလာကို ဂုဏ်ပြုပွဲလုပ်ရာမှာ ပင်တာလည်း လိုက်သွားခဲ့တယ်။ အဲဒီမှာ ပင်တာက အကျဉ်းသားတွေရဲ့ လိင်အင်္ဂါတွေကို လျှပ်စစ်နဲ့တို့ပြီး နှိပ်စက်တဲ့အကြောင်းပြောလို့ သံရုံးထဲက အနှင်ထုတ် ခံရတယ်။

ပင်တာဟာ ကျူးဘား သွေးစည်းညီညွတ်ရေးအဖွဲ့ (Cuba Solidarity Campaign) ရဲ့ တက်ကြွတဲ့

ကိုယ်စားလှယ်ကြီး တဦးလည်း ဖြစ်တယ်။ အဲဒီအဖွဲ့ဟာ ကျူးဘားကို ကာကွယ်ထောက်ခံပြီး အမေရိကန်အစိုးရက စီးပွားရေးအရ ပိတ်ဆို့အရေးယူထားတာကို ဆန့်ကျင်တိုက်ပွဲဝင်နေတဲ့ အဖွဲ့အစည်း ဖြစ်တယ်။

နေတိုးက ယူဂိုဆလားဗီးယားမှာ ဗုံးကြဲတိုက်ခိုက်တာကိုလည်း ပင်တာက အကြီးအကျယ် ကန့်ကွက်ဆန့်ကျင်ခဲ့တယ်။ ပင်လယ်ကွေ့စစ်ပွဲ၊ အာဖဂန် ကျူးကျော်စစ်နဲ့ ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲတွေကိုလည်း အပြင်းအထန် ဆန့်ကျင်ခဲ့ပါတယ်။ အီရတ်မှာ လွတ်လပ်မှုနဲ့ ဒီမိုကရေစီကို ဆောင်ကြဉ်းလာတာပါလို့ ပြောပြီး ညှင်းပန်းမှုတွေ လုပ်နေတယ်၊ ကလပ်စတာဗုံးတွေ၊ စွန့်ပစ်ယူရေနီယံ လက်နက်တွေနဲ့ လူသတ်နေတယ်၊ အီရတ်ပြည်သူတွေကို ဘေးဒုက္ခပေးနေတယ်လို့ ပြောခဲ့သူ ဖြစ်တယ်။ သူက အခုလိုလည်း ပြောခဲ့ပါတယ်။ "သမ္မတဘုရှ်က ပြောတယ်– ကမ္ဘာမှာ ဖျက်ဆီးနိုင်စွမ်း အပြင်းထန်ဆုံး လက်နက်တွေကို ကမ္ဘာ့အဆိုးဆုံး ခေါင်းဆောင်တွေရဲ့ လက်ထဲမှာ မထားနိုင်ဘူးတဲ့။ သူပြောတာ အမှန်ပဲ။ သူ့ကို မှန်ထဲမှာ ကြည့်ခိုင်းလိုက်ပါ၊ သူပြောတဲ့သူဟာ သူကိုယ်တိုင်ပါပဲ"တဲ့။

အမေရိကန် နယ်ချဲ့ဝါဒဟာ ကမ္ဘာ တလွှားမှာ အနိုင်ကျင့်ဗိုလ်ကျနေတာကို အကြီးအကျယ်ဆန့်ကျင်သူ ဖြစ်တယ်။ အမေရိကန်သမ္မတဘုရှ်ကို လူအစုလိုက် အပြုံလိုက်သတ်တဲ့ လူသတ်သမားလို့ ခေါ်ဆိုလိုက်ပြီး ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲကိုတော့ အညာမိတဲ့လူအလို့ ခေါ်ဆို ခဲ့တယ်။ စစ်နဲ့ အစိုးရဦးစီးတဲ့ အဖျက် လုပ်ရပ်တွေကို ဆန့်ကျင်ရေးကဗျာတွေ ရေးဖွဲ့ခဲ့တယ်။ မကြာသေးခင်က ရေးစပ်ခဲ့တဲ့ 'အထူးဆက်စပ်မှု' ဆိုတဲ့ ကဗျာဟာ အမေရိကန်နဲ့ ဗြိတိသျှတို့ရဲ့ မဟာမိတ်ဖွဲ့မှုကို ရည်ညွှန်းခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ်မှာ သူ့ရဲ့စစ်ဆန့်ကျင်ရေး ကဗျာတွေအတွက် ဝီလ်ဖရက်အိုဝင်ဆုကို ရရှိခဲ့တယ်။

နိုဘယ်ဆုလက်ခံတဲ့ မိန့်ခွန်းမှာ ပင်တာက 'ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှာ အမေရိကန်ဟာ လက်ယာစစ်အာဏာရှင်တွေမှန်သမျှကို ထောက်ခံခဲ့တယ်။ စစ်အာဏာရှင် အတော်များများကို ကိုယ်တိုင်မွေးမြူ ပေးခဲ့တယ်' လို့ ပြောဆိုခဲ့တယ်။

အဲဒီမိန့်ခွန်းမှာပဲ နီကာရာဂွာနိုင်ငံ ကွန်ထရာသူပုန် အရေးနဲ့ပတ်သက်ပြီး ကိုယ်တွေ့ဖြစ်ရပ်တခုကို ထည့်သွင်းပြောဆိုခဲ့တယ်။ ၁၉၈၀ ခုနှစ်တွေတုန်းက လန်ဒန်မှာရှိတဲ့ အမေရိကန်သံရုံးကိုသွားပြီး နီကာရာဂွာက ကွန်ထရာသူပုန်တွေကို အမေရိကန်က အထောက်အပံ့မပေးဖို့ သွားရောက် အရေးဆိုတဲ့ အဖွဲ့တဖွဲ့မှာ ပင်တာ ပါသွားတယ်။ အဲဒီအဖွဲ့မှာ အရေးပါတဲ့သူကတော့ ဘုန်းတော်ကြီး ဂျွန်မက်ကာ့ဗ် ဖြစ်ပါတယ်။ ဘုန်းတော်ကြီးက နီကာရာဂွာ မြောက်ပိုင်းမှာ ဝတ်ပြုအသင်းတော်တခု တည်ထောင်ထားတယ်။ အဲဒီအသင်းတော်က ကျောင်း၊ ဆေးပေးခန်းနဲ့ ယဉ်ကျေးမှုအဖွဲ့တွေကို တည်ထောင်ထားကြတယ်။ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အလုပ်တွေ လုပ်နေခဲ့ကြတယ်။

ဒါပေမဲ့ ပြီးခဲ့တဲ့လ အနည်းငယ်ကတော့ ကွန်ထရာသူပုန်တွေက အသင်းတော်ကို ဝင်တိုက်ခိုက်ခဲ့ကြတယ်လို့ သံရုံးဒုတိယတာဝန်ခံကို ဘုန်းတော်ကြီးက ပြောပြပါတယ်။ သူနာပြုဆရာမတွေနဲ့ ကျောင်းဆရာမတွေကို ကွန်ထရာသူပုန်တွေက မတရားကျင့်ကြပြီး ဆရာဝန်တွေကို သတ်ပစ်ခဲ့ကြတယ်။ ကျောင်း၊ ဆေးပေးခန်းနဲ့ ယဉ်ကျေးမှု အဆောက်အအုံတွေကို ဖျက်ဆီးပစ်ကြတယ်။ တကယ့်အရိုင်းအစိုင်းတွေလိုပဲ အကြမ်းကြုတ်အရက်စက်ဆုံး လုပ်ခဲ့ကြတယ်။ ဒီလို ထိတ်လန့်ဖွယ် အကြမ်းဖက်လုပ်ရပ်တွေကို ကျူးလွန်နေတဲ့ ကွန်ထရာသူပုန်တွေကို အမေရိကန်အစိုးရက ထောက်ပံ့ပေးနေမှုကို ရပ်ဆိုင်းပေးဖို့ တောင်းဆိုပေးပါလို့ ဘုန်းတော်ကြီးက ပြောတယ်။ အဲဒီအခါမှာ သံရုံးရဲ့ဒုတိယတာဝန်ခံက 'အရှင်ဘုရား၊ တပည့်တော် တခုပြောပါရစေ၊ စစ်ပွဲမှာ အပြစ်ကင်းသူတွေဟာ အမြဲတမ်းခံကြရတာပါပဲ' လို့ ပြန်ပြောသတဲ့။

စာပေနိုဘယ်ဆု မရခင်ကလည်း အခြားဆုတွေ အတော်များများ ရရှိခဲ့ဖူးတယ်။ နိုဘယ်ဆုရမယ်လို့ တစ်ပေးခံရသူတွေထဲမှာ ပင်တာ မပါ၊ ပါဘူး။ သူကိုယ်တိုင်လည်း နိုဘယ်ဆုပေးရေးကော်မတီက ဆုမကြေညာခင် မိနစ် ၂၀ အလိုကျမှ တယ်လီဖုန်းနဲ့ပြောလို့ သိရတာ ဖြစ်တယ်။ နိုဘယ်ဆုကော်မတီက ပင်တာဟာ '၂၀ ရာစု ဒုတိယ နှစ်ဝက်ဆယ်မှာ ဗြိတိသျှပြဇာတ်လောကရဲ့ အထင်ရှားဆုံး ကိုယ်စားလှယ်တဦးအဖြစ် အများက ရှုမြင်ခံရသူဖြစ်တယ်' လို့ ပြောခဲ့ပါတယ်။

သူ့မှာ အစာပြွန်လမ်းကြောင်းကင်ဆာ ရှိတယ်။ ဆုရတော့ ဆေးရုံပေါ်မှာပဲ။ သူဆုရတာကို ကြေညာတဲ့ Sky ရုပ်သံလွှင့်ဌာနက အမျိုးသမီးက 'ပင်တာဟာ သန်းခေါင်ကျော် တစ်မိနစ်က ကွယ်လွန်သွားရှာပြီ' လို့ အရင်ကြေညာလိုက်တယ်။ 'ပင်တာစတိုင်' အတော်ကလေး ကြာကြာရပ်ထားပြီးမှ တကယ်တော့ (သူမသေဘူး) သူနိုဘယ်ဆုရတယ်လို့ ဆက်ကြေညာလိုက်တယ်။ ဒါဟာ သူ့ရဲ့ စာရေးဟန်ကိုတုပြီး ကျီစယ်လိုက်တာပဲလို့ ဆိုပါတယ်။ ။

# အမေရိကန်ကို
# ဘုရားသခင်စောင်မပါစေ

*သူတို့တတွေ ချီတက်သွားကြပြန်ပြီ*
*သံချပ်ကာကားတွေနဲ့ လူစွမ်းပြနေတဲ့ အမေရိကန်တွေ*
*ဝမ်းသာအူမြူး၊ တေးတွေကျူးလို့*
*ကမ္ဘာတခွင်ဒုန်းစိုင်းချသွား*
*အမေရိကန်ရဲ့ ဘုရားသခင်ကို ချီးမွမ်းလို့။*

*မြောင်းတွေမှာ အလောင်းတွေပိတ်ဆို့နေတယ်*
*သူတို့နဲ့အတူမပေါင်းတဲ့သူတွေ*
*သူတို့တေးကို ဆိုဖို့ငြင်းသူတွေ*
*အသံဝင်နေသူတွေ*
*တေးသွားကို မေ့နေသူတွေ*

*စီးနင်းလာသူတွေလက်က ကြာပွတ်တွေနဲ့ ရိုက်ဖြတ်လို့*
*သင့်ခေါင်းဟာ သဲထဲမှာလိမ့်သွား*
*သင့်ခေါင်းဟာ အညစ်အကြေးကြားက အိုင်တအိုင်*
*သင့်ခေါင်းဟာ ဖုန်တောထဲက အစွန်းတကွက်*
*သင့်မျက်စိတွေ ကျွတ်ထွက်သွားပြီ*
*သင့်နှာခေါင်းဟာလည်း သွေးနံ့ကိုပဲ ရှူနေတယ်*
*ဒီမရဏလေထုကြီးမှာ*
*အမေရိကန်တို့ ဘုရားသခင်ရဲ့*
*အနံ့ပဲ တထောင်းထောင်းထနေတယ်။ ။*

ဟာရိုးလ်ပင်တာ

# နိုဘယ်ဆုပေးအခမ်းအနားမှာဖတ်ကြားတဲ့ ဟာရိုးလ်ပင်တာ မိန့်ခွန်းကောက်နုတ်ချက်

နိုဘယ်ဆုကို လက်ခံရရှိခဲ့သည့် **Harold Pinter** ၏ မိန့်ခွန်းကို ဗြိတိသျှ ရုပ်သံမှ ကြေညာသွားခဲ့သည်၊ ဤမိန့်ခွန်းမှာ စည်ကားခမ်းနားသော စတော့ဟုမ်းမြို့မှ နိုဘယ်ဆုပေးပွဲ အခမ်းအနားအတွက် **Harold Pinter** က ဆေးရုံခုတင်ထက်မှ ရေးသားပေးပို့ခဲ့ခြင်း ဖြစ်သည်။ မိန့်ခွန်းကောက်နုတ်ချက်ကို ဘာသာပြန် ဖော်ပြလိုက်ပါသည်။

"... ဒါမျိုး အလျဉ်းမဖြစ်ခဲ့ဘူး။ နည်းနည်းလေးမှ မဖြစ်ခဲ့ဘူးပေါ့လေ။ ဖြစ်နေတုန်းကတောင်မှ ဖြစ်မနေခဲ့ဘူး။ ရေးကြီးခွင်ကျယ် လုပ်စရာလည်း မဟုတ်၊ စိတ်ဝင်စားစရာလည်း မကောင်းဘူးပေါ့လေ။ စနစ်တကျ၊ အဆက်မပြတ်၊ ဆိုးဆိုးဝါးဝါး၊ ရက်ရက်စက်စက် ကျူးလွန်ခဲ့တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ရာဇဝတ်မှုတွေပါ။ ဒါပေမဲ့ ဒီအကြောင်း တကယ်တမ်းပြောဆိုနေကြတာကတော့ မဖြစ်စလောက် လူအနည်းငယ်ပဲ ရှိပါတယ်။ ဒီကိစ္စကို အမေရိကားသို့သာ လွှဲပေးလိုက်ပါတော့လေ။

တလောကလုံး ကောင်းကျိုးပြုမယ့် အင်အားတရပ်အဖြစ် အရေခြုံထားတဲ့ တချိန်တည်းမှာ တကယ့်ကို အေးစက်မာကြောစွာ ကမ္ဘာတဝှမ်းမှာ အာဏာကို ကိုင်တွယ် ကျင့်သုံးနေတာပါ။ အိပ်မွေ့ချ ဖမ်းစားရာမှာ ပြောင်မြောက်ပြီး ဇဝနဉာဏ်ရွှင်လှချည့်။ အောင်မြင်မှုလည်း ကြီးပါပေ့။ အမေရိကန်ပြည်ထောင်စုဟာ သံသယဖြစ်စရာ မလိုအောင် အကြီးအကျယ်ဆုံးဖြစ်တဲ့ လမ်းမပေါ် ပွဲကြီးလမ်းကြီး ခင်းကျင်းပြသနေတဲ့အကြောင်း ကျနော်တင်ပြနေတာပါ။

ထောက်ထားစာနာမှုမရှိ၊ သွေးနားထင်ရောက်ပြီး အကြင်နာကင်းမဲ့တာမျိုး ဖြစ်နိုင်ပေမယ့် သူက ပါးနပ်လိုက်တာကလည်း လွန်ပါရော။ အရောင်းသမားတဦးအဖြစ် သူက တကိုယ်တော်ထွက်လှုပ်ရှားတယ်။ သူ့အရောင်းချင်ဆုံး ကုန်ပစ္စည်းက ကိုယ့်ကိုယ်ကို ချစ်မှု။ သူက အောင်နိုင်သူ။

အမေရိကန်သမ္မတအားလုံး ရုပ်သံမှာပြောတဲ့ စကားတွေကို နားထောင်ကြည့်လိုက်။ "အမေရိကန် ပြည်သူများ" တဲ့။ ဝါကျတွေမှာ ကြည့်လိုက်ပါဦး။ "အမေရိကန်ပြည်သူများရဲ့ အခွင့်အရေးတွေကို ခုခံကာကွယ်ဖို့နဲ့ ဆုတောင်းပတ္ထနာပြုကြဖို့ အချိန်ရောက်နေပြီလို့ အမေရိကန်ပြည်သူများကို ကျနော်ပြောကြားလိုက်ပါတယ်။ အမေရိကန်ပြည်သူများကို ကိုယ်စားပြုပြီး မိမိတို့ရဲ့သမ္မတက လုပ်စရာရှိတာတွေ

လုပ်ဆောင်နေချိန်မှာ သမ္မတအပေါ် ယုံကြည်ကိုးစားကြဖို့ အမေရိကန်ပြည်သူများကို ပန်ကြားလိုက်ပါတယ်” တဲ့။

ဒါဟာ ပြောင်မြောက်တဲ့ ဥပါယ်တမည် တမျိုးပါ။ ဘာသာစကားကလည်း ချောင်ပိတ်ခံရတဲ့ သားကောင်က ကြောက်ကန်ကန်ခုခံတဲ့ အတွေးအခေါ်မျိုး သွင်းပေးနေတာပါပဲ။ ‘အမေရိကန်ပြည်သူများ’ ဆိုတဲ့ စကားလုံးက ယုံကြည်စိတ်ချစွာသုံးဖို့ ကမ်းလင့်လာတဲ့ အိစက်ညက်ညောပြီး ညှို့ငင်မြှူဆွယ်တဲ့ ဖဲမွေ့ရာပေပဲ။ တွေးမနေနဲ့။ ငေးမနေနဲ့။ ဖဲမွေ့ရာပေါ် လှဲချလိုက်ရုံသာ။ ဖဲမွေ့ရာက အသိဉာဏ်နဲ့ ဝေဖန်ပိုင်းခြားနိုင်စွမ်းကို မှိန်းကျပ်ချည့်နဲ့တာတွေ ဖြစ်ကောင်း ဖြစ်စေပေမယ့် အလွန်တရာ စည်းစိမ်ရှိလှတယ်။ ဒီစကား (အမေရိကန်ပြည်သူများ) ဟာ တကယ်ကျ ဆင်းရဲမှုရေချိန်အောက် ကျရောက်နေကြတဲ့ သန်း ၄၀ သော ပြည်သူများနဲ့ အမေရိကန်ပြည်တန်တလျားရှိ ကြီးမားကျယ်ပြန့်တဲ့ “ဂူးလတ်” အလုပ်ကြမ်းအကျဉ်းစခန်းများမှာ အကျဉ်းကျနေကြတဲ့ လူဦးရေ ၂ သန်းသော ယောက်ျားမိန်းမတွေကို ရည်ရွယ်ထည့်တွက်မှာ မဟုတ်ပါ။

အမေရိကန်ပြည်ထောင်စုဟာ ပိုမိုဆိုးဝါးပြင်းထန်လာနေတဲ့ စစ်ရေးအရ၊ အကြမ်းဘက်နည်းမဟုတ်တဲ့ ရေရှည်ဆွဲနှိပ်စက် တိုက်ခိုက်နေတာမျိုးတွေဖော်ဖို့ အရင်ကလို စိတ်ရှုပ်ခံမနေတော့။ ဖုံးဖုံးဖိဖိ သွယ်သွယ်ဝိုက်ဝိုက်လုပ်နေရမယ့် အလုပ်တွေကိုလည်း မျက်စိထဲ မထားတော့။ သူက စိုးရွံ့မှုနဲ့ ငဲ့ညှာမှု အလျဉ်းမရှိဘဲ စားပွဲပေါ် ဖဲချပ်တွေ ချခင်းပြထားလိုက်တယ်။ သူက အလုပ်လည်းမဖြစ်၊ ဆိုင်လည်းမဆိုင်တဲ့ ကုလသမဂ္ဂတို့၊ နိုင်ငံတကာတို့၊ သူများတွေရဲ့ ဝေဘန်မှုတွေကို နည်းနည်းမှ ဂရုမစိုက်တော့ဘူး။ သူ့မှာ တပဲပဲအော်မြည်ရင်း သူ့ခေါင်းဆောင်မှုနောက်မှ သူသွားလေရာ တကောက်ကောက်လိုက်ပါနေတဲ့ သူပိုင်သိုးငယ်လေးတကောင်လည်း ရှိနေတယ်လေ။ သနားစရာကောင်းပြီး ကိုယ့်ဟာကိုယ် မစဉ်းစားမလုပ်ရှားချင်တဲ့ “ဂရိတ်ဗြိတိန်” ဆိုတဲ့ သိုးငယ်လေးပေါ့။

# ဘယ်လောက်ကြာဦးမှာလဲ

**နိုင်ငံတခုကနေ နောက်နိုင်ငံတခုကို ဗုံးကြဲတယ်။ သာမန်ရမ်းကားမှု မဟုတ်။ လက်ဘနွန်မှာ တပတ်ထဲ လူ ၄၀၀၀ လောက် သေကုန်တယ်။**

အဲဒီထဲမှာ လျှော့လျှော့ပေ့ါပေ့ါ ပြောတာတောင် သာမာန်အရပ်သားက ၉၀% ကျော်တယ်။ ဒါတွေကို အစ္စရေးလ်ကတော့ မှားကြဲတာပါလို့ ပြောတယ်။

ဒီလိုမှားယွင်းမှုတွေ ဘယ်လောက်များနေဦးမှာလဲ။ ဘယ်လောက်ငုံ့ခံနေရအုန်းမှာလဲ။

စခဲ့တာက အစ္စရေးလ် စစ်သားတယောက်ကို ဖမ်းသွားတာက စတာ။

အစ္စရေးလ် စစ်သားတယောက် – မသေသေးဘူး – ရဲ့ တန်ဖိုးဟာ ပါလက်စတိုင်းလူမျိုး ဘယ်နှထောင်၊ ဘယ်နှသောင်းနဲ့ ညီမျှသလဲ။ ပါလက်စတိုင်း အိုးအိမ် ဒေါ်လာ ဘယ်နှသန်းဖိုးနဲ့ ညီမျှသလဲ။

အစ္စရေးလ်စစ်သား နှစ်ယောက်ကို ပြန်ပေးဆွဲတာနဲ့ လက်ဘနွန်နိုင်ငံ တခုလုံး အခုပြန်ပေးဆွဲခံနေရတယ်။ အထူးသဖြင့် လက်ဘနွန်ရဲ့ အချုပ်အခြာ အာဏာပိုင်မှု။

သမိုင်းမှာ ဥရောပနိုင်ငံသားတွေအဖို့ ဂျူးတွေကို နှိပ်စက်ကလူပြုရတာဟာ တကယ့်ပျော်စရာအလုပ်တခုလို ဖြစ်ခဲ့တယ်။ ဒါဟာစ်တလာအထိ။ ပါလက်စတိုင်းတွေ၊ ဟက်ဇ်ဘိုလာတွေဟာ သူတို့မကျူးလွန်ခဲ့တဲ့ ပြစ်မှုအတွက် ဘယ်လောက်ကြာအောင် တန်ဖိုးပေးနေကြရမှာလဲ။

အရင်တုန်းကလည်း အစ္စရေးလ်ဟာ လက်ဘနွန်နိုင်ငံကို အကြိမ်ကြိမ် ကျူးကျော် ဝင်ရောက်ရမ်းကားခဲ့တယ်။ အဲဒီတုန်းက ဟက်ဇ်ဘိုလာဆိုတာကို ဘယ်သူမှ တခါမှ မကြားဖူးဘူး။ ဟက်ဇ်ဘိုလာဟာ ၁၉၈၂ ခုနှစ်မှာ အစ္စရေးလ်က လက်ဘနွန်ကို ကျူးကျော်ပြီးနောက်မှ ပေါ်ပေါက်လာတာ။

ဟက်ဇ်ဘိုလာကို အီရန်နဲ့ ဆီးရီးယားက လက်နက်တွေ ပေးတယ်ဆိုပြီး အထောက်အထား မပါတဲ့ စွပ်စွဲမှုတွေကို အမေရိကန်မီဒီယာတွေက တာဝန်ယူဖြန့်ပေးနေတယ်။ ဆက်ဒမ်ဟူစိန်ရဲ့ ဖျက်ဆီးစွမ်းအား ကြီးမားတဲ့ လက်နက်တွေဆိုတာလည်း သူတို့ပဲ ပြောခဲ့၊ ဖြန့်ခဲ့ကြတာ။ ကလေးနဲ့ အမျိုးသမီးတွေကို သတ်ဖြတ်နေတဲ့ အစ္စရေးလ်ရဲ့လက်နက်တွေကရော၊ ဘယ်က လာတာလဲ။ ဘယ်သူမှ မစုံစမ်း၊ မမေးမြန်းကြဘူးလား။ ဒါအရေးမကြီးဘူးလား။

အစ္စရေးလ်ဟာ ကမ္ဘာမှာ အမေရိကန်ရဲ့ အကူအညီ အများဆုံးရတဲ့ နိုင်ငံ ဖြစ်တယ်။ ၁၉၈၅ ခုနှစ် ကစပြီး အမေရိကန်က နှစ်စဉ်ဒေါ်လာ ၃ ဘီလျံ




**လက်ဘနွန်တောင်ပိုင်းရှိ ကာနာကျေးရွာမှ**
**အစ္စရေးလ်ပုံးဒဏ်ကြောင့် သေဆုံးသွားသောကလေးငယ်တဦး**

အထောက်အပံ့ ပေးခဲ့တယ်။ အမေရိကန်ရဲ့ အထောက်အပံ့ဟာ အစ္စရေးလ်ဘတ်ဂျက်ရဲ့ ၂၀% ကျော်တယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း အမေရိကန်ဟာ လူဦးရေ ၇ သန်းသာ ရှိတဲ့ အစ္စရေးလ်ကို စစ်ရေး အထောက်အပံ့ ဒေါ်လာ ၁၇ ဘီလျံဖိုး ပေးခဲ့တယ်။

အပြစ်မဲ့ကလေးနဲ့ မိန်းမတွေကို ဒီလိုထောင်ချီသောင်းချီ သတ်နေတာကို တချို့သော “လူ့အခွင့်အရေး တိုက်ပွဲဝင် တောင်းဆိုသူများ” ဆီက ကန့်ကွက်ပြောဆိုသံလည်း တခါမှ မကြားဖူးဘူး။

အီရတ်၊ အာဖဂန်နစ္စတန်၊ ပါလက်စတိုင်း၊ လက်ဘနွန် – လေးနိုင်ငံတောင်မှ။ ဒါတွေကို အမေရိကန်နဲ့ အစ္စရေးလ်တို့က “ဒဏ်ခတ်” နေတာကို ဘယ်လောက်ကြာအောင် ခွင့်ပြုထားကြမှာလဲ။

အစ္စရေးလ်ကို ဘယ်နှရာစုလောက် ဒီလို “ကိုယ့်ကိုယ်ကို ခုခံ ကာကွယ်ခွင့်” တွေ ပေးနေကြမှာလဲ။

ကုလသမဂ္ဂဟာ ဘယ်လောက်ကြာအောင် အမြုံဖြစ်နေမှာလဲ။ (အစ္စရေးလ် ကိစ္စနဲ့ ပတ်သက်ပြီး ကုလသမဂ္ဂမှာ အမေရိကန်က ဗီတိုသုံးခဲ့တာ အကြိမ်ပေါင်း ၄၀ ကျော် သွားပြီ)။

အီရတ်မှာရော။ တိုင်းပြည်ရဲ့ လူဦးရေ အချိုးအစားအရဆိုရင် အီရတ်မှာ အပြစ်မဲ့အရပ်သား ၅ သောင်း သေတယ်ဆိုတာဟာ အမေရိကန်မှာ လူ ၈ သိန်း ညီမျှတာနဲ့ တူတယ်။

အီရန်ဟာ နျူကလီးယား အင်အားသုံးစွဲဖို့ ကြိုးစားတဲ့အတွက် ဝိုင်း “ဒဏ်ခတ်” ဖို့ လုပ်နေကြတယ်။ အဲဒီ လူတွေဟာ အစ္စရေးလ်မှာ အနုမြူ ဗုံး ၂၅၀ ရှိနေတာကိုတော့ ဘာမှ မပြောကြဘူး။

ကမ္ဘာ့သမိုင်းမှာ နျူကလီးယား လက်နက်ကို လူ့အသက်တွေ သတ်ဖြတ်ရာမှာ အသုံးပြုခဲ့တဲ့ နိုင်ငံဆိုလို့ တနိုင်ငံတည်းသာ ရှိတယ်ဆိုတာ မမေ့ပါနဲ့။ အခုသူက တရားသူကြီးခုံမှာ ထိုင်နေတယ်။

ကမ္ဘာကြီးဟာ နားပင်းနေတာ မဟုတ်ဘူး။ ပါးစပ်ပိတ် ခံနေရတာ။ ဒီဂလိုဘယ်လိုက်ဖေးရှင်းခေတ်ကြီးထဲမှာ မိမိဆန္ဒ ဖော်ပြခွင့်ဟာ စွက်ဖက်ခွင့်ကို မကျော်လွှားနိုင်ဘူး။ ပါလက်စတိုင်း နယ်မြေကို ဗုံးအမြောက်တွေနဲ့ ထောင်းထုပြီး သိမ်းပိုက်တဲ့ အစ္စရေးလ်တွေဟာ ငြိမ်းချမ်းရေး လိုလားသူ။ အကျူးကျော်ခံ၊ အနှိပ်စက်ခံရတဲ့ ပါလက်စတိုင်းတွေက အကြမ်းဖက်သမားတဲ့။ အခု အဲဒီအကြမ်းဖက်သမားတွေ ထိတ်လန့်ကြောက်ရွံ့နေကြရာတယ်။ သူတို့အိမ်သားတွေ ဒူးနဲ့ မျက်ရည် သုတ်နေကြရတယ်။

အကြမ်းဖက်သမားတွေမှာ ဆင့်တူတာတွေ ရှိတယ်။ နိုင်ငံတော်ဦးစီးတဲ့ အကြမ်းဖက်သမား၊ ဂုဏ်သရေရှိတဲ့ အစိုးရအဖွဲ့ဝင်၊ ပုဂ္ဂလိကတွေ၊ ဒုတိယကမ္ဘာစစ်ပြီးကတည်းက ကွန်မြူနစ်အန္တရာယ်ကို တဦးချင်းအလိုက်၊ ဒါမှမဟုတ် အုပ်စုလိုက် တိုက်ဖျက်နေကြသူတွေ (ဗာတီကန်နဲ့ ဆက်နေတတ်တယ်)၊ ကေသုံးလုံးလို လူမျိုးရေးအကြမ်းဖက်သမားတွေ၊ ဒါတွေ အားလုံးဟာ ဘုရားသခင် အမျိုးမျိုးရဲ့ နာမည်တွေကို အသုံးချကြတယ်။ (ခရစ်ယာန်ဘုရားသခင်၊ အလ္လာအရှင်မြတ်၊ ဂျူးဘုရားသခင် ဂျီဟိုဗာ စတာ)

ဒီနေ့ တွေ့နေရတဲ့ သတ်ဖြတ်မှုတွေဟာ သမိုင်းမှာ ပထမဆုံး မဟုတ်သလို နောက်ဆုံးလည်း မဟုတ်ဘူး။ ။



# စစ်မှုရေးရာ

(၁) ဒီ/ချုပ်၏ကမ်းလှမ်းချက်ကို ပယ်ချတုန်းက သန်းရွှေစစ်အုပ်စုက တပ်မတော်ထဲတွင် အာဘော်တခု လွှင့်သည်။ ထိုအာဘော်မှာ "တို့ကအာဏာကို ပိုင်ပိုင်နိုင်နိုင်ကိုင်ထားတာ ၁၈ နှစ်ရှိပြီ။ ဒီ/ချုပ်အသိအမှတ်ပြုပေးစရာ မလိုဘူး" ဟူ၍ ဖြစ်သည်။

စစ်အုပ်စုက ၁၉၉၀ ခုနှစ်များတုန်းကလို ဒီ/ချုပ်ကို မကြောက်တော့ပါ။ အခုကြောက်နေတာက အမေရိကန်ရဲ့ ရန်ရှာမှုကိုပဲ ဖြစ်သည်။ အမေရိကန်က တရုတ်နဲ့ အိန္ဒိယ၊ အာဆီယံနိုင်ငံတွေကြားက ဗမာပြည်ကို တိုက်ရိုက်ဝင်တိုက်နိုင်တဲ့ အလားအလာနည်းကြောင်း သန်းရွှေတို့ သိသည်။ ဒီလောက်မအ။

သူတို့ကြောက်တာက အမေရိကန်က ထိုင်း (ယိုးဒယား) ကို မြှောက်ပေးပြီး ရန်လုပ်မှာကို ကြောက်သည်။ ဒါကြောင့် ပျဉ်းမနားပြေးသည်။ ပျဉ်းမနားကို ဗဟိုပြုတဲ့ ပတ်လည်ခံစစ်ကြောင်း ခိုင်ခံ့အောင် လုပ်သည်။

ပျဉ်းမနားခံကတုတ်က အမေရိကန် ရဲ့ ခေတ်မီလက်နက်ကို မခံနိုင်မှန်းလည်း သူတို့သိပါသည်။ Stealth တို့ (B – 2) တို့လို လေယာဉ်ဒဏ်ကို မခံနိုင်မှန်း သိသည်။ IDAM တို့ (GBU – 28) တို့ DU ထိပ်ဖူးတို့ရဲ့အစွမ်း မခံနိုင်မှန်းသိသည်။ သို့သော် အမေရိကန်ကိုယ်တိုင် ဝင်ပါလာမှ ဒီလေယာဉ်တွေ ပုံးတွေသုံးမှာပဲ။ တပည့်နဲ့ပဲ လွှတ်ထားရင် သုံးနိုင်မှာမဟုတ်ဘူးလို့ တွက်ပြီး ပျဉ်းမနားဗဟိုပြု ပတ်လည်ခံစစ်ကြောင်း တည်ဆောက်နေတာ ဖြစ်သည်။

မြစ်ကြီးနား တိုင်းမှူးကတော့ ခပ်ရှင်းရှင်း သံတမန်ပရိယာယ်မသုံးဘဲ သူတို့ကြောက်တာ ထိုင်း (ယိုးဒယား) ပဲလို့ ပြောသည်။ လွယ်လန်းမှာ သုံးသွားတဲ့ မြေပြင်မြေပြင်ပစ် ဒုံးရဲ့အကြောင်း သူ့တပ်မှူးတွေကို ပြောပြသည်။

အမေရိကန်က ရွှေမြွေဟောက်တပည့်နဲ့ လွှတ်ပေးမှာကို စစ်အုပ်စုအားလုံး ကြောက်နေတာကတော့ အမှန်ပဲ ဖြစ်သည်။

(၂) နောက်ကြောက်တာက ထိုင်းမှာ အခြေခံထားတဲ့ (သို့မဟုတ်) ကျောထောက်နောက်ခံ ပြုထားတဲ့ လူမျိုးစုအင်အားများကို ကြောက်သည်။ ဒါကြောင့် ပတ်လည်ခံစစ်ကြောင်းကို ကမန်းကတန်း၊ ကြမ်းကြမ်းရမ်းရမ်း တည်ဆောက်နေသည်။

နတ်တောင်၊ ဒေါနတောင်ကြော၊ ပေါင်းလောင်း – နမ့်ဖာ – ပင်လောင်းအနောက်ကြောတွေမှာ တပ်တွေချထားသည်။ ရွာပြောင်၊ တောပြောင်၊ လူပြောင် (ပြောင်၃ ပြောင်စနစ်) ဖြင့်အပြတ်ရှင်းတာလည်း လုပ်သည်။ နတ်တောင်

**ဗမာပြည်လို အနံ့ကျဉ်းပြီး အလျားရှည်သည့် ပင်လယ်ကမ်းရိုးတန်းလည်းရှိသည့် တိုင်းပြည်ကလေးတွင် ဘယ်နေရာကိုပဲ ဗဟိုပြုသည်ဖြစ်စေ ဝေဟင်ကလာမည့် အန္တရာယ်ကို ကာကွယ်ဖို့ မလွယ်ပါ**

တကြောတွင် လုပ်နေတာဟု သိရသည်။ ထိုနေရာမှာ ဂျပန်ခေတ်က ဂျပန်ခံတပ်ဟောင်း ရှိသည်။

ထိုဒေသကို အခိုင်အမာ အခြေခံထားနိုင်လျှင် ဖာပွန်၊ သံလွင်မြစ်ကြောင်းနဲ့ မော်ချီးတို့ကို စိုးမိုးထားနိုင်ပြီ။

ထိုင်း – ဗမာ နယ်စပ်က 'ငြိမ်းအဖွဲ့' တွေကို လက်နက်အပ်ဖို့ ဖိအားပေးနေသည်။ လှိုင်ကော်မှာ လေယာဉ်ပစ်အမြောက်တပ် ချထားသည်။

(၃) မျက်မှောက်ခေတ်က "အဖြူရောင်ဒီလိုင်း" ထသည့်ခေတ် ဖြစ်သည်။ "အနီရောင်ဒီလိုင်း" ထသည့်ခေတ်က သေနင်္ဂဗျူဟာ စဉ်းစားနည်းမျိုး စစ်အုပ်စုက မစဉ်းစားတော့ပါ။ ထိုခေတ်က တည်ဆောက်ခဲ့သော ရောဝတီအနောက်ဘက်က သေနင်္ဂဗျူဟာအခြေခံ တည်ဆောက်ထားမှုများနှင့်လည်း လက်လှမ်းမီဖို့ သန်းရွှေတို့ စဉ်းစားရသည်။ ဒါကြောင့် ပျဉ်းမနားကို ရွေးသည်။

ဗမာပြည်လို အနံ့ကျဉ်းပြီး အလျားရှည်သည့် ပင်လယ်ကမ်းရိုးတန်းလည်းရှိသည့် တိုင်းပြည်ကလေးတွင် ဘယ်နေရာကိုပဲ ဗဟိုပြုသည်ဖြစ်စေ ဝေဟင်ကလာမည့် အန္တရာယ်ကို ကာကွယ်ဖို့ မလွယ်ပါ။ ခံစစ်သေတိုက်လို့ မဖြစ်ပါ။ ဗိုလ်မောင်အေး တခါကပြောခဲ့သလို တပ်ဖျောက်ပြီး တိုက်ရပါမည်။ ထိုစစ်ရေးအတွေးအခေါ်ကို သဘောတူပါသည်။

မိမိတို့အမြင်က တောထဲတောင်ထဲ တပ်ဖျောက်ဖို့ မဟုတ်။ ပြည်သူ့ကြားမှာ ဖျောက်ဖို့ဖြစ်သည်။ ပြည်သူ့ကြား တပ်ဖျောက်မည်ဆိုလျှင် ပထမဆုံး ဖျောက်ရမှာက အတွေးအခေါ်ဟောင်း ဖြစ်သည်။ "တပ်မတော်သာအမိ၊ တပ်မတော်သာအဖ" ဆိုတာကို ဖျောက်ရမည်။ "ပြည်သူသာအမိ၊ ပြည်သူသာအဖ" ဖြင့် အစားထိုးရမည်။

ကိုလိုနီခေတ်က ထွင်ပေးခဲ့သည့် ငထင်ငယ်၏ သူ့ဆန်စားလို့ ရဲရသည် ဆိုသော စိတ်ဓာတ်ကိုလည်း ပြင်ရမည်။ ထမင်းရှင် ဘယ်သူလဲဆိုတာ ရှင်းရမည်။ အလုပ်သမား၊ လယ်သမားက ထမင်းရှင် ဖြစ်သည်။ မင်းစိုးရာဇာမဟုတ်ဆိုသော စိတ်ဓာတ်သွင်းပေးရမည်။

(၄) အတွေးအခေါ်ရှင်းပြီး စိတ်ဓာတ်ကြံ့ခိုင်လျှင် ဘယ်သူ့မှ ကြောက်စရာမလိုပါ။ လွတ်လပ်ရေးကို အရယူခဲ့သလို လွတ်လပ်ရေးကို ကာကွယ်ဝံ့ရပါမည်။ သမိုင်းတွင် ဗမာပြည် တည်ရှိနေခဲ့သည်မှာ စစ်တိုက်ဝံ့လို့ ဖြစ်သည်။ ဘယ်အချိန်မှာ တိုက်ပြီး ဘယ်အချိန်မှာ စစ်ကို ရှောင်ရမည်ဆိုတာ သိလို့ဖြစ်သည်။ ဘိုး၊ ဘေး၊ ဘီ၊ ဘင်များလက်ထက်က လွတ်လပ်ရေး အဓွန့်ရှည်ခဲ့တာ ဒါကြောင့်ဖြစ်သည်။

ယခု နိုင်ငံတကာ့အခြေအနေတွင် စစ်ကို ရှောင်နိုင်သည်။ ဒီ/ချုပ်နှင့် စေ့စပ်လိုက်လျှင် ပြီးသည်။ မိမိတို့ အချင်းချင်း စေ့စပ်နိုင်လျှင် မည်သူမျှဝင်ပြီး ရန်မရှာနိုင်၊ ရန်ရှာလာလျှင်လည်း ဘယ်လောက်ပဲ အင်အားကြီးသည့် ရန်သူဖြစ်ပါစေ တပ်ဖျောက်ပြီး ပြည်သူ့စစ်ပွဲဖြင့် အနိုင်ယူနိုင်ပါသည်။ တိုင်းချစ်ပြည်ချစ် စစ်ပွဲဖြင့် အမျိုးသားညီညွတ်ရေး တည်ဆောက်ကာ ပြည်သူ့စစ်ပွဲနွှဲဖို့ ပြင်တာက အကောင်းဆုံး ဖြစ်ပါသည်။

ပျဉ်းမနားပြေးပြီး ခံစစ်သေတိုက်ဖို့ ပြင်တာကိုတော့ ချေအီးချေလန့် သေနင်္ဂဗျူဟာဟု နာမည်ပေးလိုက်ပါရစေ။ ။

# ပွင့်ပွင့်လင်းလင်း ပြောပါရစေ

## ကိုယ့်အားကိုယ်ကိုးအဓိက
## နိုင်ငံတကာ့အကူအညီအရန်

*ဗကပ တွင် ပြောစရာတွေ များသည်။ အတိတ်အကြောင်း ဖွင့်ပြောစရာရှိသလို ပစ္စုပ္ပန်အကြောင်းနဲ့ အနာဂတ်အကြောင်း ကိုပြောစရာတွေ ရှိသည်။ ယခုပြောချိန်တန်ပြီဟု ယူဆသဖြင့် ဤ 'ပင်တိုင်အခန်း' ကို ဖွင့်လိုက်ခြင်း ဖြစ်သည်။ (စာတည်းအဖွဲ့)*

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

(၁)

ဆက်ဒန်ဟူစိန်ကို အမေရိကန်က ဆုံးမဖို့လုပ်တုန်းက ဗမာပြည်မှာလည်း လာလုပ်လှည့်ပါလို့ ပြောသူတွေ ရှိတယ်။ အဲဒီအမြင်ကို ဗကပ က ဆန့်ကျင်တော့ ဗကပ ကို ရစရာမရှိအောင် ပြောတာ၊ ရေးတာ ခံခဲ့ရတယ်။ ဗွေမယူပါဘူး။ ဒီလိုပဲ ဖြစ်တတ်တာကို 'ဗကပ' သိပါတယ်။

'နအဖ' ကို ဝင်ပြီးဆုံးမပေးစေချင်တဲ့ဆန္ဒ လူထုထဲမှာလည်း ရှိပါတယ်။ ဒါကို ဗကပ က သိသိကြီးနဲ့ နားလည်မှု လွဲလည်းခံမယ်။ တနေ့နားလည်လာလိမ့်မယ်ဆိုပြီး ဝင်ပြောတာပါ။ အခု အမေရိကန်ကို မျှော်တာက ၁၉၄၀ ခုနှစ်တွေတုန်းက ဂျပန်မျှော်တာလောက် မများပါဘူး။ ဟိုတုန်းက ၉၉%က မျှော်တယ်ဆိုရင် လွန်မယ်မထင်ပါဘူး။ အခုတော့ ဒီလောက်မများပါဘူး။ လူထုက နိုင်ငံရေး ရင့်ကျက်နေပါပြီ။ ဒါပေမဲ့ မျှော်သူကတော့ များဆဲပါပဲ။

(၂)

ဗမာပြည်လို ပထဝီအနေအထားရှိတဲ့ တိုင်းပြည်နဲ့ နိုင်ငံရေး ပတ်ဝန်းကျင်ရှိတဲ့ နေရာမျိုးမှာ အီရတ်လုပ်နည်းလုပ်လို့ မရပါဘူး။ ဘယ်လောက်ပဲ အင်အားကြီးပါစေ ဘယ်သူမှ လုပ်မရပါဘူး။

ပထဝီ အနေအထားထက် နိုင်ငံရေးပတ်ဝန်းကျင်က အဓိကကျတယ်လို့ ယူဆပါတယ်။ ပထဝီအနေအထား အရပြောရင် ဗမာပြည်နဲ့ နီပေါတိုင်းပြည်ဟာ အတော်လေး တူပါတယ်။ သူ့မှာ ပင်လယ်ကမ်းရိုးတန်း မရှိတာနဲ့ အရှေ့တောင်အာရှနဲ့ ဆက်စပ်မနေတာကြောင့်သာ အတော်လေးတူတယ်လို့ ပြောတာပါ။ တရုတ်နဲ့ အိန္ဒိယကြားမှာ ညပ်နေတာကျတော့ (ထပ်တူ) တူပါတယ်။

နိုင်ငံရေးပတ်ဝန်းကျင်ကျတော့ နီပေါနဲ့ဗမာပြည် လုံးလုံးမတူပါဘူး။ နီပေါမှာ အာဏာအသိမ်းခံလိုက်ရတဲ့ အစိုးရက ဒီမိုကရေစီ ညွန့်ပေါင်းအစိုးရပါ။ အဲဒီအစိုးရထဲမှာ နီပေါကွန်မြူနစ်ပါတီ (မာ့က်စ်လီနင်ဝါဒီများညီညွတ်ရေး) CPN (UML) က အဓိကနေရာက ပါနေပါတယ်။ နီပေါလီ ကွန်ဂရက်ပါတီက ဝန်ကြီးချုပ် လုပ်တယ်။ CPN (UML) က ဒုဝန်ကြီးချုပ် လုပ်နေတာပါ။ နီပေါမှာက ကွန်မြူနစ်ပါတီ '၉' ခု ရှိပါတယ်။ တခုက လက်နက်

> **၂၀၀၆ ခုနှစ်ကုန် ၂၀၀၇ ခုနှစ် ရောက်လို့ ဘာမှထူးမလာရင် 'ဗကပ' က လမ်းသစ်ထွင်ပြီး ချီတက်တော့မယ်လို့ ကြိုတင်ပြောပါရစေ**

ကိုင်တိုက်ပွဲ တိုက်နေတာပါ။ ဒါတွေက ဗမာပြည်နဲ့ မတူပါဘူး။ ဗမာပြည်မှာက အားလုံးသိတဲ့အတိုင်းပဲ ကွန်မြူနစ်ကို ဆန့်ကျင်တဲ့အစိုးရဆီက ကွန်မြူနစ်ကို ဆန့်ကျင်တဲ့ စစ်အုပ်စုက အာဏာသိမ်းတာပါ။

ဖဆပလ/ပထစနဲ့ စစ်အစိုးရ အဆက်ဆက်ကို လက်နက်ကိုင်တိုက်ပွဲ A/S တိုက်နေကြသူချင်းကတောင် ကွန်မြူနစ်ကို တချို့က ဆန့်ကျင်တယ်။ တချို့က ရှောင်တယ်။ ဝိုင်းပယ်တယ်။

NLD ပေါ်စက ကွန်မြူနစ်လို့ ထင်သူတွေကို NLD ထဲ ဝင်ခွင့်မပေးဘူး။ ပါနေတဲ့ တတ်သိပညာရှင်တွေကိုလည်း ကွန်မြူနစ်တံဆိပ် ကပ်ပေးပြီး ပ,ထုတ်တယ်။ တချို့ကို ဗိုလ်ခင်ညွန့်က ထောင်ထဲ ထည့်ပေးတယ်။ တချို့ကို ဖိအားပေး ထွက်ခိုင်းတယ်။ NLD မှာ 'ကွန်မြူနစ်ဟောင်း မပါရ' လို့ စည်းကမ်းမရှိပေမယ့် NLD ထဲ နေမရတာကတော့ အထင်အရှားပဲ။

A/S ဘောင်ထဲမှာလည်း ကြည့်။ ဗကပ နဲ့ တပ်ပေါင်းစု ဖွဲ့ဝံ့သူ တချို့ပဲ ရှိတယ်။ KNU နဲ့ တပ်ပေါင်းစု တခါမှ မရဖူးဘူး။ ဦးနုမျက်စေ့လည် လမ်းမှားပြီး A/S လမ်းပေါ်ရောက်တော့လည်း ဗကပ ကို ဆန့်ကျင်တယ်။

ဦးနု တောမခိုခင်က ဗကပ က လျှို့ဝှက်ပြီး ချဉ်းကပ်ဖူးတယ်။ သူက ဦးလောရုံကိုပဲ ရွေးတယ်။ အားကိုးတယ်။ ဦးနုတောထဲမှာ နေမရတော့လည်း သူ့ကို ချဉ်းကပ်ဖူးတယ်။ ဗိုလ်နေဝင်းကိုပဲ ရွေးတယ်။ အားကိုးတယ်။ ၈၈ အုံကြွမှု ကာလမှာလည်း ချဉ်းကပ်တယ်။ အကပ်မခံဘူး။

ပြောရင်ပြောစရာတွေ များပါတယ်။ (အားလုံးနဲ့) ပြည်ဖုံးကား ချချင်လို့ "အတိတ်ကို အတိတ်မှာထားကြစို့" လို့ အခုပြောနေပါတယ်။

အခုလည်း ကြားနေရပြန်ပါပြီ။ NLD ခေါင်းဆောင်မှုကို လဲပစ်ဖို့၊ ဗိုလ်အောင်ရွှေ၊ ဗိုလ်လွင်တို့ကို ဖြုတ်ပစ်ဖို့၊ ဗိုလ်အောင်ရွှေကို ဖွင့်ချဖို့ ပြောနေရေးနေပါတယ်။ 'ဗကပ' သဘောမတူပါဘူး။ သန်းရွှေတို့က NLD အိမ်တခုလုံး မီးတိုက်ပစ်ဖို့ လုပ်နေချိန်မှာ အိမ်ပြင်ဖို့ ပြောနေကြလို့ မဖြစ်ပါဘူး။ ဒီအချိန်မှာ ကျမှ အိမ်ပြင်ဆောက်ဖို့ မကြံသင့်ပါဘူး။ သန်းရွှေရဲ့ လုပ်ကွက်ထဲ ကျသွားလိမ့်မယ်လို့ ပြောပါရစေ။

(၃)

'ဒီမို ၂၀၀၆' ကြံဆချက်ဟာ 'NLD ရဲ့လမ်းစဉ်' ကို အထောက်အကူပြုဖို့ ကြံဆချက်ပါ။ စင်ပြိုင်လမ်းစဉ် မဟုတ်ပါဘူး။ လမ်းစဉ်ဆိုရင် ပြည်တွင်းရေး ပြည်ပရေးတွေ ပါရပါတယ်။ အခုတော့ ပြည်တွင်းရေးမှာ NLD နဲ့ ဆန့်ကျင်ဘက် မဖြစ်အောင် သတိထားရသလို ပြည်ပရေးမှာ အမေရိကန်ဆန့်ကျင်ရေး မပါအောင် ရှောင်ရပါတယ်။ ၂၀၀၆ ခုနှစ်ကို NLD ရဲ့ 'နောက်ဆုံးတိုက်ပွဲ' နှစ် အဖြစ် သဘောထားပြီး လုပ်နေရတယ်။ ခတ်ကွင်းပြင်ရင်းနဲ့ ၂၀၀၆ ခုနှစ် ကုန်တော့မယ်။

၂၀၀၆ ခုနှစ်ကုန် ၂၀၀၇ ခုနှစ် ရောက်လို့ ဘာမှထူးမလာရင် 'ဗကပ' က လမ်းသစ်ထွင်ပြီး ချီတက်တော့မယ်လို့ ကြိုတင်ပြောပါရစေ။

(၄)

နဝတ/နအဖ ဟာ '၁၈'နှစ် တိတိ ပြည်တွင်းရေးပဲ အလေးထားတယ်။ ပြည်တွင်းမှာ 'အချိန်ဆွဲပရိယာယ်' ကျင့်သုံးတယ်။ နိုင်ငံတကာ့ရေးရာမှာ 'နားမထောင် ပြန်မပြော' ပရိယာယ်ပဲ သုံးတယ်။ ဗိုလ်ခင်ညွန့် ရှိတုန်းကဆိုရင် ပရိယာယ်တွေဘာတွေ လုပ်သေးတယ်။ သူမရှိတော့ အရပ်ထဲက လူမိုက်နည်း သုံးတယ်။ 'အာဆီယံဥက္ကဋ္ဌ မလုပ်ဘူးကွ'၊ 'NGO တွေ ငြိမ်ငြိမ်နေကြ၊ မနေနိုင်ရင် ထွက်သွား'၊ 'ကုလသမဂ္ဂကိုယ်စားလှယ် မလာနဲ့'၊ 'အာဆီယံကိုယ်စားလှယ် မလာနဲ့၊ နှစ်နိုင်ငံ ဘက်နှစ်ဘက်ပဲ ဆက်ဆံမယ်' ဆိုတာတွေ လုပ်ခဲ့တယ်။

အခုတော့ ပြောင်းသွားပြန်ပြီ။ အဲဒါက 'အချိန်ဆွဲတဲ့ ပရိယာယ်'ကို နိုင်ငံတကာရေးရာမှာ သုံးချင်လို့ပဲ။ ကုလသမဂ္ဂ 'တွဲဘက်ထွေ/ချုပ်'ကို လက်ခံလိုက်တယ်။ NLD (CEC) နဲ့ DASSK (ဒေါ်အောင်ဆန်းစုကြည်) ကို တွေ့ခွင့်ပေးတယ်။

မိမိတို့ သတိထားဖို့က NLD (CEC) နဲ့တွေ့မပေးခင် တစည နဲ့ တွေ့ခိုင်းတယ်။ DASSK နဲ့ မတွေ့ခင် ကြံ့/ဖွံ့ လိုဟာမျိုးတွေနဲ့ တွေ့ခိုင်းတယ်။ တစည/ကြံ့ဖွံ့တို့ ဘာပြောမလဲဆိုတာ အထူးစဉ်းစားစရာ မလိုပါဘူး။ တစည နဲ့က 'ဗျူး' တာ ကြားပြီးပြီ။ ကြံ့/ဖွံ့က သတင်းစာတွေထဲ နေ့စဉ်ပါနေတာပဲ။

နိုင်ငံတကာ့ခွင်မှာ အချိန်ဆွဲ ဇာတ်လမ်းကို သန်းရွှေ က,ပြတော့မှာပါ။ ကုလသမဂ္ဂမှာ မပြီးဆုံးနိုင်တဲ့ ဇာတ်ထုပ်တခု တိုးလာတော့မှာပါ။ အင်အားကြီးနိုင်ငံတွေမှာ ကစားကွက် များပါတယ်။ ကုလသမဂ္ဂစင်မြင့်ပေါ်၊ စင်ရဲ့နောက်ကွယ်မှာ ကစားကြမှာပါ။ တခုပဲ ယတိပြတ်ပြောနိုင်ပါတယ်။ အဲဒါက 'ဗမာပြည်အရေးကြောင့် သူတို့တတွေ ခေါင်းသွေးကြမှာ မဟုတ်ဘူး' ဆိုတာ ပြောပါရစေ။

(၅)

ကုလသမဂ္ဂစင်မြင့်ပေါ် ဗမာပြည် ဇာတ်ထုပ်ရောက်ရင် ပြည်တွင်းက ထွက်ပြီး က,ပြမှာက နအဖ ကိုယ်စားလှယ် (ကြံ့ဖွံ့ ကိုယ်စားလှယ်) ပဲ ဖြစ်မယ်။ ပြည်တွင်း NLD က,ပြခွင့်ရှိမှာ မဟုတ်ဘူး။ တခါတရံ ကုလသမဂ္ဂကိုယ်စားလှယ်လာရင်ပဲ က,ပြခွင့် ရချင်ရလိမ့်မယ်။ အဲဒီလို က,တဲ့အခါမှာလည်း ကြံ့/ဖွံ့တို့၊ အမျိုးသမီးတို့၊ တစည တို့နဲ့ တတန်းတည်းထားပြီး က,ပြခွင့်ပေးလိမ့်မယ်။

ဒါကလည်း ကြာမှာမဟုတ်ဘူး။ CEC အဖိုးကြီးတွေရဲ့ တသက်ပဲရှိမယ်။ "စစ်နဲ့ တော်လှန်ရေးခေတ်ကြီးကို ဖြတ်သန်းခဲ့တဲ့ မျိုးဆက်ဟောင်းတွေက ၂၀၁၀ ခုနှစ်ဆိုရင် များများရှိတော့မှာ မဟုတ်ဘူး။ ဗကပ မျိုးဆက်ဟောင်းတွေတော့ သိပ်မကျန်တော့ဘူး။ ဗကပ မျိုးဆက်သစ်က U/G လုပ်နေရတယ်။ NLD '၂၀၁၀' မှာ ဘယ်လိုရှိမလဲ မပြောတတ်ဘူး။ U/G လုပ်မှ အသက်ရှည်မယ့် ဘဝမျိုးရောက်မရောက် မပြောတတ်ဘူး။ ပြောနိုင်တာက စစ်အာဏာရှင်စနစ်အောက်မှာ 'တရားဝင် အတိုက်အခံ' ဘယ်ပါတီမှ သက်တမ်းမရှည်ဘူး ဆိုတာပဲ။

'လော်ဘီလိုင်း' ကတော့ အသက်ရှည်လိမ့်မယ်။ မျိုးဆက် တဆက်ပြီး တဆက် လုပ်စရာ အလုပ်တွေ ရှိနေမှာပဲ။ ဒါပေမဲ့ ပြည်တွင်း NLD မရှိတော့ရင် လုပ်ကွက်က ကျဉ်းလိမ့်မယ်။ လုပ်ကွက်ကျဉ်းလာရင် ဂိုဏ်းဂဏက ကျယ်လာလေ့ရှိလို့ သတိရှိကြပါလို့ ပြောပါရစေ။

(၆)

"လူထုပါမှ ရမယ်" ဒီအမှန်တရားကို တဖြည်းဖြည်း လက်ခံလာနေကြပြီ။ ဒါပေမဲ့ ဝိုင်းလုပ်မှ လူထုပါလာမှာပဲ။ ဝိုင်းလုပ်ဖို့ဆိုတာကျတော့ အပြောလွယ်သလောက် အလုပ်မလွယ်ပါဘူး။ ရပ်တည်မှု ညီဖို့၊ သဘောထားညီဖို့၊ အမြင်ညီဖို့၊ ခြေလှမ်းညီဖို့ ညှိကြရမှာပါ။

နိုင်ငံတကာ့အကူအညီကို လိုပါတယ်။ ဒါပေမဲ့ အဓိကက ဥစ္စာရှင်လို ဥစ္စာရှင် ခံရမှာပါ။

ထွက်ရပ်ဂိုဏ်းထောင်တဲ့ခေတ်၊ ဖဆပလ ထောင်တဲ့ခေတ်မျိုးမှာလို "အမျိုးသားညီညွတ်ရေး" ရချင်လို့ မဖြစ်ပါဘူး။ ဟိုတုန်းက ပြည်ပအန္တရာယ်ကို ရင်ဆိုင်ရတာပါ။ အခု ပြည်တွင်းအန္တရာယ်ကို ရင်ဆိုင်နေရတာပါ။

ဟိုတုန်းကတောင် အင်္ဂလိပ်လက်ဝေခံ၊ ဂျပန်လက်ဝေခံ ပါခဲ့တာ မဟုတ်ပါဘူး။ အောင်ပွဲရထားတဲ့ အခါကျမှ သူလည်း ပါတယ်၊ ငါလည်းပါတယ် လုပ်ကြတာပါ။

အခုတော့ အောင်ပွဲမတွေ့ ရှုံးပွဲတွေပဲ အလီလီတွေ့ရတာရယ်။ ဗမာပြည်နဲ့ ကြာလေဝေးလေ ဖြစ်နေရတာရယ်။ နိုင်ငံခြားမှာ မီစရာများနေတာရယ်နဲ့ဆိုတော့ "အမျိုးသား ညီညွတ်ရေး" တည်ထောင်ရတာ အချိန်ယူရပါမယ်။ "အမျိုးသားညီညွတ်ရေး" နဲ့မှ လူထုကို ပါလာအောင် စည်းရုံးနိုင်မှာ၊ မှန်ကန်တဲ့ လမ်းစဉ်နဲ့မှ လူထုကို လှုံ့ဆော်တိုက်ပွဲဝင်နိုင်မှာ ဖြစ်ပါကြောင်း ပြောပါရစေ။ ။

# OPEN SECRETS စာအုပ်ဖတ်ပြီး ပေါ်လာတဲ့အတွေးများ

**M.K. Dhar ဆိုတဲ့ အိန္ဒိယထောက်လှမ်း ရေး ဗျူရိုအရာရှိကြီး အင်္ဂလိပ်စာနဲ့ရေးတဲ့ စာအုပ်ပါ။**




နယူးဒေလီက Manas Publications စာအုပ်တိုက်က ထုတ်တာပါ။ စာအုပ်က စာမျက်နှာ ၅၀၀ ကျော်ပါတယ်။ ဗမာလို သာ ဘာသာပြန်ရရင် စာမျက်နှာတွေ အများကြီး ဖြစ်နေမှာပါ။ စိတ်ကူးယဉ် စုံထောက်ဝတ္ထုထက် ဖတ်ကောင်းမယ့် စာအုပ်ပါ။ တကယ့်အဖြစ်အပျက်ဖြစ်လို့ စိတ်ဝင်စားစရာ စာအုပ်ပါပဲ။

စာအုပ်မိတ်ဆက် မဟုတ်လို့ ဒီလောက်နဲ့ပဲ ရပ်လိုက်ပါမယ်။ ဗမာ ပြည်မှာလည်း ဘာသာပြန်ရင် ထုတ်ဝေ ခွင့်ရမှာ မဟုတ်ပါဘူး။ အိန္ဒိယမှာမို့ ထုတ် နိုင်တာပါ။

(၂)

ပထမဆုံး တွေးမိတာက တို့ဆီ ကနဲ့ တူလှချည်လားလို့ပါ။ တူတာမှ သိပ်တူတာပါ။ ပါလီမန်ဒီမိုကရေစီကာလ၊ ဖဆပလ ခေတ်၊ ပထစခေတ်နဲ့လည်း တူတာပဲ။ အာဏာသိမ်းစစ်အစိုးရ ခေတ် နဲ့လည်း တူတာပဲ။ ဘာတွေတူသလဲ ဆိုတာကိုပဲ တခုစီပြောပါမယ်။

အိန္ဒိယက ဗမာပြည်ထက် လွတ်လပ်ရေးရတာ နည်းနည်းကလေး

စောပါတယ်။ ၅ လလောက်ပဲ စောတာပါ။ လွတ်လပ်ရေး ရတော့လည်း နှစ်နိုင်ငံစလုံး (သုံးနိုင်ငံကပိုမှန်မယ်) အင်္ဂလိပ်ပါလီမန် စနစ်လမ်း လိုက်ကြပါတယ်။ အိန္ဒိယက အခုအထိ စိုက်လိုက်မတ်တတ် လိုက်ဆဲပါ။ ဗမာပြည်ကတော့ ၁၀ နှစ်ကျော်ကျော် ကလေးပဲ လိုက်ပါတယ်။ နောက်တော့ စစ်အာဏာရှင်စနစ်လမ်း လိုက်ခဲ့တာပါ။

အိန္ဒိယလွတ်လပ်ရေးရတော့ အင်္ဂလိပ်က အိန္ဒိယနဲ့ ပါကစ္စတန်ဆိုတာ ခွဲပြီး လွတ်လပ်ရေး ပေးလိုက်ပါတယ်။ အခုစာအုပ်ရေးသူက အရှေ့ပါကစ္စတန် ဖြစ်လာမယ့် ဘင်္ဂလားနယ်အရှေ့ခြမ်း ကနေ သေပြေးရှင်ပြေး ပြေးလာရတဲ့ ဟိန္ဒူတယောက်ပါ။ ဒါကြောင့် သူ့မှာ ပါကစ္စတန် ဆန့်ကျင်ရေးစိတ်ထား ရှိပါတယ်။

ဗမာပြည်မှာကတော့ အင်္ဂလိပ်က ခွဲထွက်ရေးကို လက်တွေ့လုပ်ခွင့် ရမသွားပါဘူး။ ဒါပေမဲ့ ခွဲထွက်ရေး အတွေးအခေါ်ကိုတော့ မျိုးစေ့ချသွားပါတယ်။ ဆိုရှယ်လစ် – ကွန်မြူနစ် ပြည်တွင်းစစ်ဖြစ်တော့မှ ခွဲထွက်ရေး အတွေးအခေါ်ကနေပြီး ခွဲထွက်ရေးလှုပ်ရှားမှု ဖြစ်လာတာပါ။ အိန္ဒိယထောက်လှမ်းရေးမှာ ပါကစ္စတန်ဆန့်ကျင်ရေး အစွဲအလမ်းကြီးသလို ဗမာထောက်လှမ်းရေးက လူမျိုးစုဆန့်ကျင်ရေး အစွဲအလမ်း ကြီးပါတယ်။ ဒီနေရာမှာ တူကြပါတယ်။

(၃)

ဒုတိယတူတဲ့ဟာက အာဏာရပါတီ (ကောင်စီ) က ထောက်လှမ်းရေးကို နိုင်ငံရေးလုပ်ငန်းမှာ အောက်တန်းကျတဲ့ မလုပ်သင့် မလုပ်ထိုက်တဲ့ အလုပ်တွေကို ထောက်လှမ်းရေးဌာန လုပ်ခိုင်းတာပါပဲ။ ဒီနေရာမှာတော့ နည်းနည်းနောနော တူတာ မဟုတ်ပါဘူး။ ချွတ်စွပ်နီးပါးကို တူနေတာ ဖြစ်ပါတယ်။

အိန္ဒိယထောက်လှမ်းရေးက ဘယ်လိုလုပ်ခဲ့တယ်ဆိုတာ ရေးမပြတော့ပါဘူး။ သူတို့မှာက အာဏာရပါတီက လည်း များခဲ့တယ်။ နိုင်ငံရေးပါတီကလည်း မနည်းဘူး။ နိုင်ငံရေးသမား နာမည်တွေက လည်း မှတ်ရမလွယ်ဘူး။ ဗမာပြည်မှာ ဘယ်လိုဖြစ်ခဲ့တယ်၊ ဖြစ်နေတယ် ဆိုတာ ကိုပဲ ရေးပြလိုက်ရင် လုံလောက်နေပါပြီ။

ပါလီမန် ခေတ်တုန်းက ဖဆပလ/ဆိုရှယ်လစ်တွေဟာ လူမိုက်ဂိုဏ်း၊ ဓားပြဂိုဏ်း ထောင်ပါတယ်။ ရွေးကောက်ပွဲကာလမှာ မဲရအောင် လုပ်ပေးရင်တော်ပြီ။ ရွေးကောက်ပွဲ မရှိတဲ့ကာလမှာ လုပ်ချင်ရာလုပ်ခွင့် ပေးထားပါတယ်။ တရားဥပဒေနဲ့အညီ ဖြစ်အောင်လည်း လဲဗီးတံဆိပ်၊ ပြူစောထီးတံဆိပ် ကပ်ပေးထားတယ်။ မိတ္ထီလာဖိုးထီတို့၊ ကြည့်ရှိန်တို့၊ အောင်ပင်လယ်သိန်းဖေတို့ဟာ နာမည်ကြီးတွေပဲ။ သူတို့က လူသတ်ခွင့်လိုင်စင် ရထားတယ်။ သူတို့မိုက်ကြေးခွဲတာ ဓားပြတိုက်တာကတော့ လုပ်ရိုးလုပ်စဉ်ပဲ။

စစ်အာဏာရှင်စနစ် ရောက်တော့ “ကာကွယ်ရေး တံဆိပ်” နဲ့ “သကဆ” တံဆိပ်နဲ့ မွေးတယ်။ လော်စစ်ဟန်တို့၊ ခွန်ဆာတို့ အများကြီးပါ။ အခုတော့ ရောင်တော်ပြန်နဲ့ ရောလွတ်ပြီး “ငြိမ်းအဖွဲ့” တံဆိပ်ကပ်ပေးထားလေရဲ့။ “ညောင် ၂ ပင်” ကိုယ်စားလှယ်ကြီးတွေတောင် ဖြစ်နေကြတယ်။

ပါလီမန်ခေတ်က အခုလောက် မျက်နှာပြောင်မတိုက်ရဲဘူး။ တချို့ကိုပဲ နိုင်ငံရေးအဆင့်နေရာ ပေးဝံ့တယ်။ စစ်အာဏာရှင် ခေတ်မှာတော့ နိုင်ငံရေး အဆင့် နေရာ၊ စီးပွားရေးအဆင့်နေရာတွေ ပြောင်ပေးထားတယ်။ စစ်ဗိုလ်ကြီးတွေရဲ့ နောက်ဘက် ဒုတိယတန်းနေရာမှာ နေရာပေးထားတယ်။

အဲဒီလို လူမိုက်ဂိုဏ်း၊ ဓားပြ

**အဲဒီ “ဘုန်းကြီးပြူစောထီး” ဗိုလ်အာဋ္ဌာဝကကို တောထဲ လာတွေ့ပါတယ်။ ပြည်ထဲရေး ဝန်ကြီးရဲ့ လက်မှတ် ရထားသူဖြစ်လို့ မီးရထားအထူးတွဲနဲ့ လာတာပါ။**

ဂိုဏ်းမွေးတဲ့နေရာမှာ ထောက်လှမ်းရေးက လက်တွေ့ဝင်လုပ်ပေးရတယ်။ ခေါင်းဆောင်ကြီးတွေကိုယ်စား လုပ်ပေးရတာပါ။

ကျေးလက်မှာသာ ပြူစောထီး မွေးတာမဟုတ်ပါဘူး။ မြို့ပေါ်မှာလည်း မွေးပါတယ်။ မန္တလေးမှာ “ဘုန်းကြီးပြူစောထီး” လို့ (ကွယ်ရာမှာ) အခေါ်ခံရတဲ့ ဘုန်းကြီးတပါး ရှိပါတယ်။ တမြို့လုံး သိတာပါ။ အတိုက်အခံသံဃာတွေကို နှိမ်နင်းဖို့ အခွင့်အရေးပေးပြီး မွေးထားတဲ့ “ဘုန်းကြီးပြူစောထီး” ပါ။

တခါက ၁၉၅၇ ခုနှစ်က အဲဒီ “ဘုန်းကြီးပြူစောထီး” ဗိုလ်အာဋ္ဌာဝကကို တောထဲလာတွေ့ပါတယ်။ ပြည်ထဲရေး ဝန်ကြီးရဲ့လက်မှတ် ရထားသူဖြစ်လို့ မီးရထားအထူးတွဲနဲ့ လာတာပါ။ မီး ရထားကို လမ်းခုလတ်မှာ ရပ်ခိုင်းပြီး ဆင်းလာတာပါ။ နောက်တနေ့ ဒီနေရာမှာပဲ မီးရထားရပ်ပြီး သူ့ကိုပြန်ခေါ်ဖို့လည်း ဂါတ်ဗိုလ်ကို မှာလိုက်ပါတယ်။ ခပ်တည်တည်ပါပဲ။

ဗိုလ်အာဋ္ဌာဝကနဲ့ တွေ့တော့လည်း သူ့မှာပါလာတဲ့သေနတ် စတင်းဂန်း (Sten Gun) နဲ့ ဗိုလ်အာဋ္ဌာဝကရဲ့ ကာဘိုင်လဲဖို့ ပြောပါတယ်။ အဲဒီ ‘စတင်း

**အခုတလောမှာ
လုပ်နေတာက
ခြံခုန်အောင် လုပ်တာထက်
ခြိမ်း ခြောက်ပြီး
နိုင်ငံခြားထွက်သွားအောင်
လုပ်တာက
ပိုများတယ်လို့**

ဂန်း' နဲ့ ဘုရားကြီးထဲမှာ သောတုဇန ရဟန်းငယ်တွေကို ပစ်ခဲ့တာလို့လည်း ပြောပါတယ်။ ရှိုးတိုးရှန်းတန့် သိုသို ဝှက်ဝှက် မဟုတ်ပါဘူး။ ရဲရဲပဲပြောပါတယ်။ အဲဒါ မန္တလေးရွှေမြို့တော်ပေါ်က ပြုစောထီးပါ။ ပြည်ထဲရေးဝန်ကြီး မွေးထားတဲ့ ပြုစောထီးကို ဘယ်သူမှ လက်ဖျားနဲ့မတို့ဝံ့ပါဘူး။ အိန္ဒိယထောက်လှမ်းရေး (စာရေးသူ) ကတော့ သူ့ကိုခိုင်းတဲ့ သူတွေက ဝန်ကြီးချုပ်ရုံး (PMO)၊ ဝန်ကြီးချုပ်အိမ် (PMH) နဲ့ ပြည်ထဲရေးရုံး (HMO) လို့ ရေးပါတယ်။

(၄)

အိန္ဒိယ ထောက်လှမ်းရေး အရာရှိကြီးက "ပျားရည်ထောင်ချောက်" လို့သုံးတဲ့ ကိစ္စတွေမှာလည်း ထောက်လှမ်းရေးတွေ ပါရပါတယ်။

အိန္ဒိယ အတွေ့အကြုံကို သူ ရေးတဲ့အတိုင်း အကျဉ်းချုပ်ပြောပါမယ်။

ဒီထောက်လှမ်းရေးသမားက မီးခွက်မှုတ် ဇာတ်လမ်း၊ ကြာခြည်ယံ ဇာတ်လမ်း၊ နောက်မီးလင်းဇာတ်လမ်းတွေကို ခိုးပြီးဓာတ်ပုံရိုက်တာ၊ ရုပ်/သံ ဗီဒီယို ရိုက်တာ လုပ်ရသတဲ့။

တခါက အိန္ဒိယဝန်ကြီးချုပ်ရဲ့ အိမ်တော် (PMH လို့သူကသုံးတယ်) က လျှို့ဝှက်စာရွက်စာတမ်းတွေကို ဖတ်ရှုနိုင်ခွင့်ရထားတဲ့ အမျိုးသမီး တယောက်က ပါကစ္စတန်သံတမန်တဦးနဲ့ ဇာတ်လမ်းရှုပ်သတဲ့။ အဲဒါကို သူက ရုပ်/သံ နဲ့ ခိုးပြီး ရိုက်ထားသတဲ့။ ပြီးတော့မှ ဝန်ကြီးချုပ်ရာဂျစ်ဂန္ဒီကို တင်ပြပြီး မနည်းထိန်းသိမ်းလိုက်ရတယ်လို့ ရေးတယ်။

အဲဒီလိုဖြစ်ရပ်တွေ အများကြီး ရေးပါတယ်။ လင်ယောက်ျားကွယ်ရာမှာ ထင်ရာစိုင်းနေလို့ စိတ်လေလွင့်နေတဲ့ အမျိုးသမီးကြီးကို ပါကစ္စတန်သံတမန်က ပျားရည်ထောင်ချောက်နဲ့ဖမ်းပြီး အသုံးချတာခံရတဲ့အကြောင်း၊ သူက နောက်မီးလင်း ဇာတ်လမ်း မှတ်တမ်းတင်ရတဲ့အကြောင်း၊ အမျိုးသမီးကြီးကို သူက ဗီဒီယိုရိုက်ထားတာတွေပြပြီး နောင်မမိုက်ဖို့ နားချရတဲ့အကြောင်း၊ အမျိုးသမီးကြီးက နားလည်မှုရှိပြီး သူ့ကိုမွေးစားမောင်တဦးအဖြစ် သဘောထားကြီးကြောင်း၊ အစ်မကြီးလို ဆက်ဆံခံရတဲ့အကြောင်းတွေ အတော်များများ ရေးပါတယ်။

ဗမာပြည်မှာလည်း အဲဒီလို အဖြစ်မျိုး တခါက တွေ့လိုက်ဖူးပါတယ်။ "ဘုန်းကြီးပြုစောထီး" မွေးထားတဲ့ ဝန်ကြီးပါပဲ။ သူက တည်မြဲ – သန့်ရှင်းကွဲတော့ တည်မြဲအမာခံပါ။ ပါလီမန်မှာ တည်မြဲ – သန့်ရှင်း ယှဉ်ပြိုင်မဲခွဲမယ် လုပ်တော့ အမတ်တွေရဲ့မဲရဖို့ မသန့်ရှင်းတဲ့ နည်းတွေသုံးပြီး မဲဆွယ်ပါတယ်။ ဝန်ကြီးနေရာပေးမယ်။ မက်လုံးပေးပြီး မဲဆွယ်တာလုပ်သလို အထက်က အိန္ဒိယ ဇာတ်လမ်းမျိုး ခင်းနေတဲ့ အမျိုးသမီးကြီးကိုလည်း ထောက်လှမ်းရေးက ခိုးရိုက်ထားတဲ့ ဓာတ်ပုံတွေပြပြီး ပြန်ပေးဆွဲ မဲဆွယ်ပါတယ်။ တကယ်မဲခွဲတော့ အဲဒီ အမျိုးသမီးရဲ့မဲကို တည်မြဲရပါတယ်။ မြေပေါ်ကွန်မြူနစ်လို့ ပြောကြတဲ့ ပမညတ မဲတွေသာ တလုံးတခဲမရရင် သန့်ရှင်း ခွက်ခွက်လန်ရှုံးမှာပါပဲ။

(၅)

အိန္ဒိယထောက်လှမ်းရေးက နိုင်ငံရေးသမားတွေ ခြံခုန်အောင်လုပ်တဲ့ အထဲမှာ ပါရတာလည်း ရှိပါတယ်။ ဗမာပြည်မှာလည်း အဲဒီလို လုပ်ပါတယ်။ အခုတော့ ဒီ/ချုပ်ဟာ စစ်အာဏာရှင်စနစ်ရဲ့ ပစ်မှတ်ပါ။ ထောက်လှမ်းရေးကို သုံးနေပါတယ်။ သတိရှိကြဖို့ လိုပါတယ်။

အခုတလောမှာ လုပ်နေတာက ခြံခုန်အောင် လုပ်တာထက် ခြိမ်းခြောက်ပြီး နိုင်ငံခြားထွက်သွားအောင် လုပ်တာက ပိုများတယ်လို့ ယူဆပါတယ်။ ခြိမ်းခြောက်ပြီး နိုင်ငံခြားထွက်သွားအောင် လုပ်နိုင်ရင် အကျိုး ၂ ခု ရလို့ပါ။

အကျိုးတခုက ဘွိုင်လာအိုးပေါက်ကွဲတော့မတတ် မီးပေါင်မြင့်နေတဲ့ ပြည်တွင်းကနေပြီး (Safety Valve) မီးပေါင်လျော့အောင် အဆို့ရှင်ကိုဖွင့်ပြီး မီးအားလျော့အောင် လုပ်နိုင်လို့ပါပဲ။

နောက်အကျိုးတခုက ပြည်တွင်းက လူထုကို ထွက်ပြေးရေး အတွေးအခေါ် ပေါ်စေလို့ပါ။ သန်းရွှေတို့က ပြည်တွင်းမှာ သေရဲ၊ တိုက်ရဲ၊ အနိုင်ယူရဲတဲ့ သူတွေ မရှိစေချင်ပါဘူး။ ပြည်ပရောက်သွားရင် ဝေးဝေးရောက်လေ ကောင်းလေလို့ သဘောထားပါတယ်။ သူတို့က လော်ဘီလမ်းစဉ်ကို မကြောက်ပါဘူး။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ရောက်မှာလည်း မကြောက်ပါဘူး။ ရောက်ရင် ဇာတ်မျောမယ်ဆိုတာ သိနေတာပဲ။ သူတို့က နောင်ခါလာနောင်ခါချေး လမ်းစဉ်လုပ်ပါတယ်။ စစ်အုပ်စုတိုင်းဟာ စိတ်ဓာတ်စစ်ဆင်ရေး နိုင်ငံရေးလမ်းစဉ်နဲ့ ထောက်လှမ်းရေး နည်းနာကိုသုံးပြီး သက်ဆိုးရှည်အောင် လုပ်ကြတာချည်းပါပဲ။

စိတ်ဓာတ်စစ်ဆင်ရေး လမ်းစဉ်

က ရေရှည်ကို မကြည့်ပါဘူး။ လတ်တလောအကျိုးကိုကြည့်တဲ့ တနပ်စားလမ်းစဉ် ဖြစ်တယ်။ နေဝင်းလုပ်ခဲ့ပုံကြည့် ... အဲဒါ စိတ်ခတ်စစ်ဆင်ရေး လမ်းစဉ်ပဲ။

- အိမ်စောင့် အစိုးရတုန်းက အမေရိကန်အကြိုက် လုပ်တယ်။
- ၁၉၆၂ တော်လှန်ရေးကောင်စီနဲ့မဆလ အစိုးရကျတော့ ဆိုဗီယက်အကြိုက် လုပ်တယ်။
- ၁၉၈၈ မှာ နဝတ က ရွေးကောက်ပွဲလုပ်ပေးတယ်။ ပြီးတော့ အခြေခံဥပဒေရေးဆွဲရေးနဲ့ ထစ်ထားတယ်။ "ရွှေတံခါးကြီးဖွင့် ပါဦး" ကစားနည်း ကစားတယ်။
- ၂၁ ရာစုထဲလည်းရောက်ရော ဒီ/ချုပ်ကို အကျပ်ကိုင်တော့တာပဲ။
- အခုတော့ ဒီ/ချုပ်ကို နိုင်ငံရေးကျားသေလို့ သူတို့တွက်နေပြီ။ ဒီ/ချုပ်က အန္တရာယ်မပေးနိုင်တော့ဘူးလို့ တွက်နေပြီ။
- ပြတ်သားတဲ့ လူထုကိုမှီခိုတဲ့ လမ်းစဉ်နဲ့ မတုံ့ပြန်နိုင်ရင်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီပဲ မျှော်တာလုပ်နေရင် လုံးပါး, ပါးရာကနေပြီး လုံးဝပျောက်ကွယ်မယ့်အန္တရာယ် ရှိတယ်လို့ တွက်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် ဒီမိုကရေစီအင်အားစုများက လမ်းစဉ်သစ်ကို စဉ်းစားကြရမယ့်အချိန် ဖြစ်ပါတယ်။ လမ်းပြမြေပုံကို '၂၀၀၈' မှာ အပြီးအစီးလုပ်မယ်လို့ နအဖ ဝန်ကြီး ပြောတာဟာ ခါတိုင်းပြောနေကျ စကားမျိုး မဟုတ်ပါဘူး။ သူတို့ကိုယ်သူတို့ အထိုင်ကျနေပြီလို့ထင်လို့ ပြောခိုင်းတာ ဖြစ်ပါလိမ့်မယ်။ လူထုမပါရင် ဒီပွဲပြတ်မှာ မဟုတ်ပါဘူး။ နဝတ/နအဖ နဲ့ ဒီ/ချုပ် စီးချင်းထိုးနေတဲ့ လမ်းစဉ်ကနေပြီး လူထုကိုမှီခိုတဲ့ အခြေခံတဲ့လမ်းစဉ်သို့ တက်လှမ်းရမယ့်အချိန်အခါ ရောက်နေပြီလို့ တင်ပြလိုပါတယ်။ ။

**ပြတ်သားတဲ့ လူထုကိုမှီခိုတဲ့ လမ်းစဉ်နဲ့**
**မတုံ့ပြန်နိုင်ရင်၊**
**ကုလသမဂ္ဂလုံခြုံရေးကောင်စီပဲ**
**မျှော်တာလုပ်နေရင်**

# INDIAN FOREIGN SERVICE
# History and Challenge

# စာအုပ်မှ ရရှိချက်

(၁)

၁၉၆၂ ခုနှစ်တုန်းက တရုတ်နဲ့အိန္ဒိယ စစ်ဖြစ်တယ်။ သိပ်တော့ မကြာလိုက်ဘူး။ အဲဒီစစ် ဘာကြောင့် ဖြစ်တာလဲ။ ဒါကိုသိချင် လေ့လာချင်လို့ ဒီစာအုပ်ကို ဖတ်တာပါ။ အိန္ဒိယနိုင်ငံခြားရေးဌာန အရာရှိကြီး J. N. DIXIT ရေးတာဆိုတော့ အပြည့်အစုံပါမှာပဲလို့ ထင်လို့ပါ။

သိချင်တာကလည်း တခုတည်းပါ။ သမိုင်းမှာ တလျှောက်လုံး စစ်မတိုက်ဖူးကြတဲ့ အိမ်နီးချင်း နိုင်ငံကြီး ၂ နိုင်ငံဟာ ချစ်ကြည်နေရင်းကနေ ဘာကြောင့် ဖြုန်းစားကြီးထတိုက်ကြသလဲ။ တိုက်တော့လည်း ခဏပဲ တိုက်တယ်။ ကျယ်ကျယ်ပြန့်ပြန့် အင်ကုန်အားကုန်လည်း မတိုက်ကြဘူး။ ဘယ်လိုဖြစ်တာလဲ။ ဒါကို သိချင်လေ့လာချင်တာပါ။

ရေးတဲ့သူက နိုင်ငံရေးသမား မဟုတ်ပါဘူး။ နိုင်ငံခြားရေးဌာနရဲ့ အရာရှိကြီးပါ။ ဒါကြောင့် ထိန်းထိန်းသိမ်းသိမ်း ရေးပါတယ်။ နိုင်ငံရေး အာဏာပိုင်တွေရဲ့ ပေါ်လစီကို မထိပါးအောင် သတိထားရေးပါတယ်။ မပြည့်စုံပါဘူး။ ဒါပေမဲ့ သိချင်တာတွေတော့ ရလိုက်ပါတယ်။ ဘာတွေရလိုက်သလဲ။ ဒါကိုပဲ ရေးပါမယ်။ စာအုပ်ဝေဖန်ချင်တာ မဟုတ်လို့ ရတာကိုပဲ ရေးတာပါ။

(၂)

ရလိုက်တာက (၂) ခုပါ။ တခုကစစ်အေးခေတ်ပြိုင်ဘက် အင်အားကြီး နိုင်ငံ ၂ နိုင်ငံရဲ့တရုတ် – အိန္ဒိယဆက်ဆံရေးမှာ ဝင်ရောက်ခလောက်ဆန်မှုနဲ့ သမိုင်းက ခြွင်းချန်ခဲ့တဲ့ ပြဿနာ ဒီ ၂ ခုကြောင့်လို့ တွေ့ရပါတယ်။

ခလောက်ဆန်မှုဆိုတာ ဒီလိုပါ။

၁၉၅၅ ခုနှစ်မှာ "ဘန်ဒေါင်းညီလာခံ" (Bandung Conference) လုပ်ပါတယ်။ အင်ဒိုနီးရှား ဘန်ဒေါင်းမြို့မှာ လုပ်တာမို့ ဘန်ဒေါင်းညီလာခံလို့ ခေါ်ကြတာပါ။ နယ်ချဲ့ကိုလိုနီဝါဒ ဆန့်ကျင်တဲ့အနှစ်သာရ ရှိရုံမက အရှေ့နဲ့အနောက် ဘယ်အုပ်စုဘက်မှ ဘက်မလိုက်ရေး၊ ကြားနေရေး သဘောထားရှိတဲ့ အစည်းအဝေး ဖြစ်ပါတယ်။ ဒီအစည်းအဝေးက အာရှ – အာဖရိကနိုင်ငံများ မကြုံစဖူး တွေ့ဆုံကြတဲ့ အစည်းအဝေးပါ။ ဒါကြောင့် ထူးခြားပါတယ်။ ပြီးတော့လည်း ထူးတာက ဒီအစည်းအဝေးကို တရုတ်ကွန်မြူနစ်အစိုးရ လာတက်တာပါ။ အမေရိကန်က ဒဏ်ခတ်ပိတ်ဆို့ ထားတဲ့ကြားက ဖောက်ထွက်ပြီး တရုတ်က လာတက်ချင်တာပါ။ ဒဏ်ခတ်ပိတ်ဆို့မှု မကြိုးပေါက်အောင် တရုတ်လာမတက်နိုင်အောင် အမေရိကန်က ကြံပါတယ်။ အကြံက ပက်စက်ပါတယ်။

တရုတ်က အင်ဒိုနီးရှားအစည်းအဝေး သွားတက်ဖို့ဆိုရင် ဟောင်ကောင်တံခါးပေါက်ကပဲ ထွက်နိုင်ပါတယ်။ ဆိုဗီယက်ဘက်ကနေ လှည့်ထွက်တဲ့ အပေါက်ရှိပေမယ့် ဘန်ဒေါင်းအစည်းအဝေးလိုဟာမျိုးကို တရုတ်ကွန်မြူနစ် သွားတက်မှာကို ဆိုဗီယက်က မလိုလားပါဘူး။ ဒါကို နောက်ပိုင်းမှာ ရေးပါမယ်။ အခုတော့ အမေရိကန်ရဲ့ အကြံအစည်ကိုပဲ ရေးပါဦးမယ်။

အမေရိကန် စီအိုင်အေနဲ့ အင်္ဂလိပ် အမ်အိုင် ၆ တို့ပေါင်းပြီး တရုတ်ကိုယ်စားလှယ်အဖွဲ့ စီးမယ့်လေယာဉ်ပျံမှာ ဗုံးထောင်ပါတယ်။ ဟောင်ကောင်က အင်္ဂလိပ်ကိုလိုနီဖြစ်လို့ ဗုံးထောင်ရတာ မခက်ပါဘူး။ ကေအမ်တီ တရုတ်ဖြူတွေကိုသုံးပြီး ဗုံးထောင်ပါတယ်။ ဗုံးထောင်ခံရတဲ့ လေယာဉ်ပျံက အိန္ဒိယရဲ့ Air India ပိုင်လေယာဉ်ပါ။ လေယာဉ်ပျံရဲ့ နာမည်က "ကသ္မီရ မင်းသမီး" (Kashmir Princess)။

ဒီလေယာဉ်ကို တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းတို့အဖွဲ့က စီးပြီးသွားဖို့ပါ။ စင်းလုံးငှားထားတာပါ။

အတိုချုပ်ရရင် ဗုံးထောင်ထားတဲ့သတင်း တရုတ်ကရတယ်။ ထိုင်ဝမ်၊ ဟောင်ကောင် ယူ/ဂျီ တွေဆီက ရတာပါ။ ဒါကြောင့်

ချိုအင်လိုင်းတို့ ခေါင်းဆောင်ပိုင်းက အဲဒီ လေယာဉ်နဲ့ သွားဖို့အစီအစဉ် ဖျက်လိုက် ပါတယ်။ ဗမာပြည်ကိုဖြတ်ပြီး လျှို့လျှို့ ဝှက်ဝှက် ဘန်ဒေါင်းကို သွားပါတယ်။ "ကဿမီရမင်းသမီး" ကတော့ ပင်လယ် ထဲ ဖုံးကွဲပျက်ကျပြီး အဲဒီလေယာဉ်ပေါ် ပါသူတွေအားလုံး သေကုန်ပါတယ်။

ဒီနေရာမှာ ကြားဖြတ်ပြီး ပြောစရာ ရှိပါတယ်။ လေယာဉ်ပေါ် ဗုံးထောင်တာမှန်း သိလျက်နဲ့ ဘာကြောင့် ကိုယ့်လူတွေ စီးသွားစေသလဲ ဆိုတာပါ။ ရေရှည်မြုပ်နှံထားတဲ့ ယူ/ဂျီ တွေကို ကာကွယ်ဖို့ အနစ်နာခံလိုက်ရတာပဲလို့ ယူဆပါတယ်။ ဒီအဖြစ်မျိုးနဲ့ သဘော ချင်းဆင်တူတဲ့ အဖြစ်မျိုး ဗမာပြည် တော်လှန်ရေးမှာလည်း ကြုံဖူးပါတယ်။ ထားပါတော့။

အိန္ဒိယအစိုးရဟာ ဒီဖြစ်စဉ်ကို တစ်တရာတော့ (နောက်ကျပြီးမှ) သိ ကောင်းသိနိုင်ပါတယ်။ တရုတ် အိန္ဒိယ ဆက်ဆံရေးမှာ အဖုအထစ်တော့ ဖြစ်သွား တာ အမှန်ပါ။ အဲဒီအချိန်က ပါကစ္စတန်က အမေရိကန်နဲ့ သိပ်ရင်းနှီးပါတယ်။ **SEATO** တို့ **CENTO** တို့ထဲ ပါနေတာပါ။ အိန္ဒိယ အတွက်လည်း အခက်တွေ့မှာပါ။ ဗုံးခွဲ ပျက်ကျတဲ့ လေယာဉ်နာမည်ကလည်း 'ကဿမီယ မင်းသမီး' ပါကစ္စတန်နဲ့ လုနေရတဲ့ (Kashmir) နာမည်နဲ့ပါ။

ဘန်ဒေါင်းညီလာခံလုပ်တဲ့ ၁၉၅၅ ခုနှစ်မှာပဲ ဆိုဗီယက်ခေါင်းဆောင် တွေ ခရုရှော့ဖ်တို့ အိန္ဒိယလာပါတယ်။ ဗမာပြည်လည်း ရောက်လာတယ်။ တရုတ်ပြည်ဆန့်ကျင်ရေးတွေ လုပ်သွား ပါတယ်။ သူက အမေရိကန်၊ အင်္ဂလိပ်လို မလုပ်ပါဘူး။ တရုတ် – အိန္ဒိယနယ်ခြား သတ်မှတ်ရေး၊ တရုတ် – ဗမာ နယ်ခြား သတ်မှတ်ရေးကိစ္စကို ကောက်ကိုင်ပါ တယ်။ ဒါကို သမိုင်းက ခြွင်းချန်ခဲ့တဲ့ ပြဿနာလို့ ပြောတာပါပဲ။

တရုတ် – အိန္ဒိယ အငြင်းပွားမှု အဝန်းအဝိုင်းက တရုတ် – ဗမာ အငြင်း ပွားရတဲ့ အဝန်းအဝိုင်းထက် အများကြီး ကြီးကျယ်ပါတယ်။ ဗမာပြည်နဲ့တရုတ် အပေးအယူ လုပ်ရတာလောက် မလွယ် ပါဘူး။ ပြီးတော့လည်း ပါကစ္စတန်ကိစ္စပါ၊ ပါနေပါတယ်။ တရုတ် – ဗမာ ကိစ္စမှာ တတိယနိုင်ငံမပါပါဘူး။ ပါကစ္စတန် ယှဉ်ထား တဲ့ အနေအထားကလည်း အမေရိကန်နဲ့ ရင်းနှီးရင်း တရုတ်နဲ့ ပေါင်းတဲ့အနေ အထားပါ။

တရုတ် ဆိုဗီယက် ဆက်ဆံရေး ကလည်း ၁၉၅၅ မတိုင်မီကတည်းက ခိုးလိုးခုလုဖြစ်နေတာပါ။ သဘောတရားရေး အပြင် သမိုင်းအမွေကိစ္စတွေလည်း ရော ယှက်နေတာပါ။

တိုင်းပြည်တိုင်းမှာ အမျိုးသား အကျိုးစီးပွား ရှိကြပါတယ်။ ဒါကြောင့် ရှုပ်ရှုပ်ထွေးထွေးဖြစ်လေ့ ရှိပါတယ်။

အိန္ဒိယ – တရုတ်ပြဿနာကို ပြန်ကောက်ရရင် ၁၉၅၅ ခုနှစ် ကတည်းက အဖုအထစ်ဖြစ်နေတာမှာ သမိုင်းအမွေကိစ္စ (တိဗက်၊ စင်ကျန်ကိစ္စ) တွေပါ ရောစွက် လာတော့အခြေအနေတွေ တင်းမာလာတာ မဆန်းပါဘူး။ ဒလိုင်းလားမားနဲ့ သူ့အင်အားစု တွေ အိန္ဒိယမှာလာပြီး အခြေချတာ ၁၉၅၉ မှာပါ။ ဒလိုင်းလားမားတို့က အိန္ဒိယမှာ အခုအထိလည်း ရှိနေဆဲပါ။

အိန္ဒိယဟာ လွတ်လပ်ရေး ရပြီး ပြီးချင်း ကြားနေနိုင်ငံ မဟုတ်ပါဘူး။ တဖြည်း ဖြည်းချင်းပဲ ပြောင်းလာတာပါ။ ဆိုဗီယက်နဲ့ တွဲမိသွားတာကလည်း တဖြည်းဖြည်းချင်း ပါ။ ဆိုဗီယက်ပြိုကျတဲ့ ၁၉၉၁ ခုနှစ်အထိ (၁၉၅၅ ခုနှစ်က ၁၉၉၁ ခုနှစ်အထိ) (၃၅ နှစ်) ပူးတွဲခဲ့ပါတယ်။ တရုတ်ကလည်း ဆိုဗီယက် နဲ့ တစတစခွာလာရင်း ၁၉၇၂ မှာ အမေ ရိကန်နဲ့ တွဲမိနေတာပါပဲ။

ရှုပ်ထွေးပါတယ်။ ကျွန်တော်တို့ လိုက်မမီတာတွေ အများကြီးပါ။

(၃)

၁၉၆၂ ခုနှစ်မှာ တရုတ်နဲ့အိန္ဒိယ ထပြီးစစ်တိုက်ကြတာဟာ သမိုင်းအမွေ ကိစ္စက အဓိကဟုတ်မယ် မထင်ပါဘူး။ ဘာ ကြောင့်လည်းဆိုတော့ အဲဒီအမွေကိစ္စက အခုအထိ ဆက်ရှိနေတာပဲ။ ဒါပေမဲ့ စစ် ထမတိုက်ကြတော့ပါဘူး။

စစ်ထတိုက်စေတဲ့ အကြောင်း ရင်းက အမေရိကန် – ဆိုဗီယက် စစ်အေး တိုက်ပွဲ အကျိုးဆက်လို့ပဲ တွက်မိပါတယ်။

ဒီလို တွက်ရတာကလည်း အလုပ်မရှိအလုပ်ရှာတာ မဟုတ်ပါဘူး။ ဗမာပြည်ရဲ့ အမျိုးသားအကျိုးစီးပွား အခြေခံကနေပြီး တွက်ကြည့် နေတာပါ။

ကမ္ဘာ့တည်နေသရွေ့ ဗမာ ပြည်က တရုတ်နဲ့အိန္ဒိယအကြားမှာ နေရ မှာပါ။ သူတို့ချင်း ရှေးရှေးက စစ်မတိုက် ဖူးပါဘူး။ ၁၉၆၂ မှာပဲ ခဏတဖြုတ် တိုက် လိုက်ကြတယ်။ နောက်လည်းမတိုက် ကြဘူး။ စကားစစ်ထိုးပွဲတောင် တခါ တလေမှ ဖြစ်တယ်။ အများအားဖြင့် ချစ် ကြည်နေကြတာပဲ။ အဲဒီလိုပဲ ထာဝရ ဖြစ်နေစေချင်ပါတယ်။

တရုတ်ရော အိန္ဒိယပါ ဟိုတုန်း ကလို မဟုတ်တော့ပါဘူး။ အင်အားကြီး တွေ ဖြစ်နေပါပြီ။ ဒီအချိန်မျိုးမှာ သူတို့ချင်း စစ်ဖြစ်မှာ စိုးပါတယ်။ "ကျားနှစ်ကောင် ကိုက်တာ တောင်ပေါ်ကထိုင်ကြည့်" ချင် တဲ့ ပေါ်လစီကို အမေရိကန်က ထင်ထင် လင်းလင်း လုပ်နေချိန်မှာ အမြော်အမြင် ရှိကြစေချင်ပါတယ်။

ဗမာပြည်က ကျားမဟုတ်ပါ ဘူး။ ဖြစ်ခြင်းဖြစ်ရင် မြေဇာပင်ပဲ ဖြစ်မှာ ပါ။ ကျားတွေမကိုက်စေချင်သလို ကျွဲတွေ မခတ်စေချင်ပါဘူး။ ဒါဟာ စာအုပ်ကို လေ့လာရင်း တွေးမိတဲ့အတွေး ဖြစ်ပါ တယ်။ ။

# လေ့လာရေး

## စာတည်းအဖွဲ့ အစီရင်ခံစာ

၁။ မာ့က်စ်ဝါဒလေ့လာရေးကဏ္ဍကို ပုံမှန်ဖွင့်သွားဖို့ အစီအစဉ်ရှိပါတယ်။ ပါတီတွင်းက မာ့က်စ်ဝါဒီ၊ ပါတီပက မာ့က်စ်ဝါဒီတွေ ရေးတာကို စာတည်းအဖွဲ့က စိစစ်ပြီး ထည့်သွားဖို့ ရည်ရွယ်ပါတယ်။

၂။ ဥရောပနဲ့ အမေရိကားမှာ ပညာရှင်တချို့က မာ့က်စ်ဝါဒကို လေ့လာပြီး မှတ်ချက်ပေးတာတွေ လုပ်နေကြပါတယ်။ သန်ရာသန်ရာကို ကောက်ကိုင်ပြီး ရေးကြတာပါ။

မာ့က်စ်ကလည်း အင်္ဂလန်ရောက်မှ (အဲဒီမှာ ၃၃ နှစ် ကွယ်လွန်သည်အထိ နေသွားတယ်။ သူ့အသက်ရဲ့တဝက် နေသွားတာပါ။) အင်္ဂလန်မှာက ဗြိတိသျှစာကြည့်တိုက် ရှိတယ်။ နေ့စဉ်ထုတ် သတင်းစာတွေ ရှိတယ်။ မာ့က်စ်က ထဲထဲဝင်ဝင် လေ့လာတယ်။ သူ့အာဘော်တွေ ရဲရဲရေးတယ်။ ဒါကြောင့် မာ့က်စ်ဝါဒလေ့လာမယ်ဆိုရင် လေ့လာစရာတွေ သိပ်များတယ်။

မာ့က်စ်က သူ့အတွေးအခေါ်ကို ရဲရဲတင်ပြလေ့ ရှိတယ်။ ၁၈၅၀ ခုနှစ် အင်္ဂလန်ရောက်ခါစမှာ သူ့ရောင်းရင်းကြီး အိန်ဂျယ်နဲ့ ထင်တယ်။ အမြင်ညှိတဲ့စာမှာ အင်္ဂလန်မှာ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကို ငြိမ်းချမ်းစွာကူးပြောင်းနိုင်မှာပဲလို့ ရေးတယ်။ ဘာကြောင့်လဲဆိုတော့ အမြဲတမ်းဗျူရိုကရက်စစ်တပ်ကြီး ယန္တရားကြီး၊ ဂျာမဏီ၊ ပြင်သစ်တို့မှာလို မရှိလို့ပဲလို့ရေးတာ ဖတ်ရဖူးတယ်။

သူရေးချင်လည်း ရေးချင်စရာပဲ။ အင်္ဂလန်မှာက အမြဲတမ်းစစ်တပ်ကြီး မရှိသေးဘူး။ ကုလားပြည်ကိုသိမ်းတာ ကုမ္ပဏီတပ်ပဲ။ ဗမာနဲ့ စစ်တိုက်တဲ့ ၂ ကြိမ် (၁၈၂၄ နဲ့ ၁၈၅၂) စလုံး ကုမ္ပဏီတပ်နဲ့ တိုက်နေတာပဲ။ အင်္ဂလန်မှာ ရပ်ရွာတရားဥပဒေစိုးမိုးရေးအတွက် ဖွဲ့ထားတဲ့ ပုလိပ်အဖွဲ့တောင်မှ '၁၈၂၉' ကျမှ ဖွဲ့တာ ဖြစ်တယ်။

မာ့က်စ်အိန်ဂျယ်တို့ရဲ့ ဂျာမဏီမှာ ကိုင်ဇာဘုရင်ရဲ့ တန်ပြန်တော်လှန်ရေး စစ်တပ်ကြီး ရှိတယ်။ ပြင်သစ်၊ ဩစတြီးယားမှာလည်း ရှိတယ်။ အင်္ဂလန်မှာ မရှိသေးဘူး။ ဒါကြောင့် ငြိမ်းချမ်းစွာ ကူးပြောင်း နိုင်တယ်လို့ ထင်ခဲ့တာပဲ။

မကြာပါဘူး။ အင်္ဂလန်မှာ အမြဲတမ်းစစ်တပ်ကြီး ရှိလာတယ်။ ဗျူရိုကရေစီယန္တရားကြီး အခိုင်အမာရှိလာတယ်။ အဲဒီအခါကျတော့ သူ့ပထမအမြင်ကို အသေကိုင်မထားဘဲ ငြိမ်းချမ်းစွာ ကူးပြောင်းလို့ မရဘူး။ အကြမ်းဖက်ရမှာပဲလို့ ရေးတယ်။

ပြောချင်တာက မာ့က်စ်ဟာ အဖြစ်မှန်ကို ရဲရဲကြည့်တယ်။ ခွဲခြမ်းစိတ်ဖြာတဲ့အလုပ် လုပ်တယ်။ တရားသေသဘောမထားဘူး။ ဒါတွေကို အတုယူရပါမယ်။

၃။ သိပ္ပံပညာ ရှာဖွေတွေ့ရှိမှုအသစ်တိုင်းကို လေ့လာတယ်။ ကြိုဆိုတယ်။ ဒါကိုလည်း အတုယူကြ

ရပါမယ်။ သူတို့ခေတ်က အခုခေတ်နဲ့စာရင် သိပ္ပံပညာဟာ ကလေးအရွယ်ပဲ ဖြစ်တယ်။ အာကာသကို လသာဆောင်ပေါ်ကနေ၊ တောင်ထိပ်ပေါ်ကနေ အိမ်ဖြစ်လက်ဖြစ် မှန်ပြောင်းကလေးနဲ့ ကြည့်နေရတဲ့ခေတ်ပါ။ အနုစိတ်ကြည့်ဖို့ကလည်း မိုက်ခရိုစကုပ်တောင် ကောင်းကောင်း မရှိတဲ့ခေတ်ပါ။ ရုပ်ကမ္ဘာလောကကို သဲတပွင့်က နေဗိမာန်အထိလို့ တင်စားပြောနေရတဲ့ခေတ်ပါ။

အခုခေတ်မှာ အငယ်ဆုံးက သဲတပွင့်မဟုတ်ဘူး။ နာနိုနည်းပညာက (nanotechnology) အခြေခံယူနစ်တွေကို ဘီလီယံပုံတပုံအထိ တွေ့နေတဲ့ခေတ်ပါ။ နောင်မှာ ဒီထက်ငယ်တဲ့ ရုပ်ဝတ္ထု တွေ့နိုင်ပါသေးတယ်။

နေဗိမာန်ကလည်း အကြီးဆုံး မဟုတ်တော့ပါဘူး။ သူ့လိုဟာက အများကြီးပါ။ သူ့ထက်ကြီးတာတွေ အများကြီးတွေ့ထားပါပြီ။

မြင့်မြင့်တက်လေ ဝေးဝေးမြင်လေ၊ ကြီးကြီးတွေ့လေ ဖြစ်မှာပါ။

အနုစိတ်လေ အသေးဆုံးကိုတွေ့လေ ဖြစ်မှာပါ။

သိပ္ပံပညာဟာ ရပ်နေမှာ မဟုတ်ပါဘူး။

သတိထားဖို့က မာ့က်စ်အိန်ဂျယ်တို့ခေတ်က တီဗွီ (TV) မရှိဘူးဆိုတဲ့စကားနဲ့ မာ့က်စ်ဝါဒကို ပစ်ပယ်တဲ့ အောက်တန်းကျတဲ့ စဉ်းစားနည်း မစဉ်းစားမိဖို့ပါ။

၄။ ခေတ်ကိုကြည့်တာမှာ ဘယ်တုန်းကမဆို တက်ခေတ်လား၊ ဆုတ်ကပ်လားဆိုတဲ့ အငြင်းပွားမှု ရှိစမြဲပါ။ တက်ခေတ်အမြင်နဲ့ပဲ အရာရာကို ချဉ်းကပ်ရပါမယ်။ မာ့က်စ်ဝါဒကို လမ်းညွှန်အဖြစ်ပဲ သဘောထားဖို့ တရားသေအဖြစ် သဘောမထားဖို့ လိုပါတယ်။ မာ့က်စ်အိန်ဂျယ်တို့ပြောတဲ့ ဆိုရှယ်လစ်တော်လှန်ရေးနဲ့ လီနင်၊ မော်စီတုန်းပြောတဲ့ ဆိုရှယ်လစ်တော်လှန်ရေး မတူတာကို ကြည့်တတ်ရပါမယ်။ မာ့က်စ်တို့ရဲ့ တော်လှန်ရေးက ဂျာမဏီ၊ ပြင်သစ်၊ အင်္ဂလန်၊ အမေရိကားမှာ လုပ်မယ့် တော်လှန်ရေး။ တော်လှန်ရေးအောင်ရင် ရန်သူ (အင်အားကြီးရန်သူ) က တန်ပြန် တော်လှန်ရေးလုပ်မှာ မကြောက်ရတဲ့ တော်လှန်ရေးပါ။ လီနင်၊ မော်တို့က ရန်သူ (အင်အားကြီး ရန်သူ) ဝိုင်းဝိုင်းလည်တဲ့ တော်လှန်ရေးပဲ။

ဒါကြောင့် လေ့လာရင် အပေါ်ယံမကျဖို့ လိုပါတယ်။ ကိစ္စတိုင်းကို ခေတ်နဲ့ညှိပြီး ကြည့်တတ်ဖို့ လိုပါတယ်။

၅။ ပါတီဝင်တွေနဲ့ ပါတီပက မာ့က်စ်ဝါဒီတွေပါ လေ့လာနိုင်ဖို့ပဲ အခုကဏ္ဍကို ဖွင့်ပါတယ်။ အနုပဋိလောမရုပ်ဝါဒ နည်းနာနဲ့ ကြည့်တတ်၊ မြင်တတ်၊ လေ့လာတတ်၊ ခွဲခြမ်းစိတ်ဖြာတတ်ရင် ဒီအခန်း ဖွင့်ရကျိုးနပ်မှာဖြစ်ကြောင်း အစီရင်ခံပါတယ်။



# မာ့က်စ်ဝါဒ လေ့လာရေး

၂၀ ရာစုနှစ် အကုန်ပိုင်း ၂၁ရာစု ဆန်းစကာလမှာ မာ့က်စ်ဝါဒနဲ့ ပတ်သက်ရင် အမျိုးမျိုးပြောနေကြတယ်။ တချို့က မာ့က်စ်ဝါဒ ခေတ်ကုန်သွားပြီလို့ ဆိုတယ်။ တချို့က မာ့က်စ်ဝါဒဟာ ပြန်မလာတမ်း ကျဆုံးသွားပြီလို့ ဆိုတယ်။ တချို့က မာ့က်စ်ဝါဒ လှုပ်ရှားမှု နောက်ဆုတ်ရတယ်လို့ ဆိုတယ်။ တချို့က မာ့က်စ်ဝါဒနဲ့ အရင်းရှင်ဝါဒ ဘတပြန်ကျားတပြန် ဖြစ်နေတာလို့ ဆိုတယ်။ တချို့က ၂၀ ရာစု အကုန်ပိုင်းမှာ မာ့က်စ်ဝါဒ လှုပ်ရှားမှုဟာ အနိမ့်ပိုင်းကို ယာယီရောက်နေတာဖြစ်တယ်လို့ ဆိုတယ်။ တချို့ကတော့ ၂၁ရာစုဟာ မာ့က်စ်ဝါဒရဲ့ ရာစုနှစ် ဖြစ်လိမ့်မယ်လို့ ဆိုပြန်တယ်။

ဒီလိုပြောနေကြတဲ့ လူတွေကိုကြည့်ရင် တချို့က မာ့က်စ်ဝါဒကို မျက်စိမှိတ် ဆန့်ကျင်နေသူတွေဖြစ်ပြီး တချို့က မာ့က်စ်ဝါဒကို အရင်းရှင်လူတန်းစား အမြင်ဘက်က ချဉ်းကပ်ပြီး မာ့က်စ်ဝါဒဆန့်ကျင်သူတွေ ဖြစ်တယ်။ တချို့ကလည်း မာ့က်စ်ဝါဒကို လေ့လာ – ယုံကြည်လက်ခံပြီးမှ အကြောင်းအမျိုးမျိုးကြောင့် မာ့က်စ်ဝါဒကို စွန့်လွှတ်လိုက်သူတွေ ဖြစ်တယ်။ တချို့က ရိုးရိုးစွန့်လွှတ်ရုံမက ပြန်ပြီးဆန့်ကျင်တာတွေ ရှိပြန်တယ်။ တချို့ကတော့ မာ့က်စ်ဝါဒကို အကောင်းမြင်လွန်းအားကြီးတဲ့ အမြင်နဲ့ ချဉ်းကပ်ပြန်တယ်။

မာ့က်စ်ဝါဒဟာ သိပ္ပံပညာရပ်ဖြစ်တယ်။ သူ့ကို အပေါ်ယံလောက်လေ့လာပြီး မျက်စိမှိတ် ဆန့်ကျင်သူဟာ မာ့က်စ်ဝါဒကို နားလည်သူ မဟုတ်ဘူး။ စူးစမ်းလေ့လာ ခွဲခြမ်းစိတ်ဖြာမှုမလုပ်ဘဲ တဖက်သတ် အကောင်းမြင်ရင်လည်း မာ့က်စ်ဝါဒကို နားမလည်နိုင်ဘူး။ မာ့က်စ်ဝါဒကို လေ့လာယုံကြည်လက်ခံပြီး အကြောင်းအမျိုးမျိုးကြောင့် မာ့က်စ်ဝါဒကို စွန့်လွှတ်သူတွေ၊ မာ့က်စ်ဝါဒကို လေ့လာပြီး မာ့က်စ်ဝါဒကို ပြန်ဆန့်ကျင်သူတွေဟာလည်း မာ့က်စ်ဝါဒကို တကယ်နားမလည်သူတွေပဲ ဖြစ်ပါတယ်။

ဘယ်သိပ္ပံပညာရပ်မဆို တကယ်ထဲထဲဝင်ဝင် စူးစမ်းလေ့လာ သုတေသနပြု ခွဲခြမ်းစိတ်ဖြာ စိစစ်သုံးသပ်ပြီး လက်တွေ့လုပ်ကိုင်မှသာ တကယ်နားလည်တတ်မြောက် ကျွမ်းကျင်မှာ ဖြစ်ပါတယ်။ မာ့က်စ်ဝါဒဟာ လူမှုရေးသိပ္ပံဘာသာရပ်တခု ဖြစ်တဲ့အတိုင်း တကယ်စူးစမ်းလေ့လာ သုတေသနပြုခွဲခြမ်းစိတ်ဖြာပြီး လက်တွေ့ကျင့်သုံးတတ်မှသာ တကယ်နားလည် တတ်မြောက်သူ ဖြစ်လာပါလိမ့်မယ်။

## ဘာလဲ မာ့က်စ်ဝါဒ

ကမ္ဘာပေါ်မှာ အရင်းရှင်စနစ် ပေါ်ပေါက်လာပြီးနောက် ဆိုရှယ်လစ်ဝါဒဟာလည်း အရင်းရှင်ဝါဒရဲ့ ဆန့်ကျင်ဘက်အဖြစ် ပေါ်ထွက်လာခဲ့တယ်။ ဆိုရှယ်လစ်ဝါဒ အမျိုးမျိုးရှိတဲ့အနက် မာ့က်စ်ဝါဒဟာ ဆိုရှယ်လစ်ဝါဒတခု ဖြစ်တယ်။ ဒါပေမဲ့ မာ့က်စ်ဝါဒဟာ ဘယ်ဆိုရှယ်လစ်ဝါဒနဲ့မှ မတူတဲ့ ထူးခြားချက်ရှိတယ်။ အဲဒါက မာ့က်စ်ဝါဒဟာ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ ဖြစ်တယ်။ တကယ့်လက်တွေ့ အကောင်အထည်ဖော်လို့ ရတယ်။ အရင်းရှင်စနစ်ကို တကယ်ဖြိုချပြီး လူ့အဖွဲ့အစည်းတရပ်လုံးကို ဆိုရှယ်လစ်စနစ်နဲ့ အစားထိုးသွားတာလည်း ဖြစ်တယ်။ မာ့က်စ်ဝါဒ ဒါမှမဟုတ် သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒသာလျှင် လူ့အဖွဲ့အစည်းရဲ့ ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုတွေရဲ့ အတိတ် ပစ္စုပ္ပန်တို့ကို အရှင်းလင်းဆုံးအပြတ်သားဆုံး အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပြီး အနာဂတ်ကိုပါ လမ်းညွှန်ပေးနိုင်စွမ်းရှိတာ ဖြစ်တယ်။

လီနင်က မာ့က်စ်ဝါဒမှာ ရေသောက်မြစ် သုံးသွယ်ရှိတယ်လို့ ရှင်းပြပါတယ်။ ဒီရေသောက်မြစ်သုံးသွယ်ကို ဒဂုန်တာရာက သူရဲ့ သခင်သန်းထွန်း (အနီကို လေ့လာကြည့်ရှုချက်) ဆိုတဲ့ စာတမ်းထဲမှာ "ကွန်မြူနစ်ဝါဒကို ကားလ်မာ့က်စ်က ဖော်စပ်ခဲ့၏။ ကားလ်မာ့က်စ်သည် အင်္ဂလန်နိုင်ငံရေးဘောဂဗေဒပညာ၊ ပြင်သစ်တော်လှန်ရေးနိသျှပညာ၊ ဂျာမန် ရုပ်ပိုင်းအဘိဓမ္မာစသည်များကို သူ့အမြင်ဖြင့် ပေါင်းစပ်၍ ကွန်မြူနစ်ဝါဒဆိုတာကို ဖော်ပေးလိုက်ခြင်း ဖြစ်သည်။ သူ့အရင်ခေတ်ကလည်း လူ့အဖြစ်အပျက်များကို မှီး၍ အတွေးအမြင်များ ရှိခဲ့ပေသည်။ သို့သော် သူကား အားလုံးကို ရှာဖွေစူးစမ်းကာ ယထာဘူတ စနစ်တကျ သိပ္ပံပညာရပ်အဖြစ် ပြုလုပ်လိုက်ခြင်းပင် ဖြစ်လေသည်"လို့ တိုတိုနဲ့ ရှင်းရှင်းပဲ ရေးပြခဲ့တယ်။

ကုန်လုပ်စွမ်းအားစုနဲ့ ကုန်လုပ်ဆက်ဆံရေးဆိုတာ ရှိနေတယ်။ အဲဒါတွေဟာ လူမှုစနစ်ကြီးတွေအဖြစ် ဖော်ပြတယ်ဆိုတာ တွေ့မြင်ပါတယ်။ ဒီအမြင်အရ လူ့အဖွဲ့အစည်းဟာ ရေးဘုံစနစ်၊ ကျေးပိုင်ကျွန်ပိုင်စနစ်၊ ပဒေသရာဇ် မြေရှင်စနစ်၊ အရင်းရှင်စနစ်၊ ဆိုရှယ်လစ်စနစ်ဆိုပြီး ဖြစ်ပေါ်တိုးပွား ပြောင်းလဲနေတယ်ဆိုတာ ဖော်ထုတ်နိုင်ခဲ့တယ်။

ဒီလိုဖော်ထုတ်ပြီး ဆက်လက်စူးစမ်းတဲ့အခါမှာ မာ့က်စ်တွေ့ရှိခဲ့တာက ကုန်ထုတ်လုပ်ငန်းတရပ်ရဲ့ တိုးတက်ဖြစ်ပေါ်မှု သမိုင်းရဲ့ သီးခြားအဆင့်တိုင်းမှာ လူတန်းစားများ ကွဲပြားခြားနားစွာ တည်ရှိတာ၊ လူတန်းစားတိုက်ပွဲနဲ့သာ ပစ္စည်းမဲ့ အာဏာရှင်စနစ်ကို ရေးရှု စေလိမ့်မယ်ဆိုတာနဲ့ အဲဒီပစ္စည်းမဲ့အာဏာရှင်စနစ်ဟာ လူ့အဖွဲ့အစည်းအတွင်း လူတန်းစားကွဲပြားမှု ဖျက်သိမ်းရေးနဲ့ လူတန်းစားမဲ့ လူ့အဖွဲ့အစည်းများ တည်ဆောက်ရေးရဲ့ ကြားကာလအတွင်း တည်ရှိမယ်ဆိုတဲ့အချက်တွေကို တွေ့ရှိတယ်။ အဲဒါဟာ မာ့က်စ်ရဲ့နိုင်ငံရေးအမြင်ပဲ ဖြစ်တယ်။ တနည်းအားဖြင့် မာ့က်စ်ဝါဒရဲ့ နိုင်ငံရေးအပိုင်းဖြစ်ပါတယ်။

မာ့က်စ်ဟာ အရင်းရှင်စီးပွားရေးစနစ်ကို နက်နက်ရှိုင်းရှိုင်းစူးစမ်းလေ့လာ ခွဲခြမ်းစိတ်ဖြာတဲ့အခါမှာ အရင်းရှင် စီးပွားရေး စနစ်ဟာ "ကုန်ထုတ်လုပ်ရေး"တခုတည်းပေါ်မှာ အခြေခံပြီး "အစွန်းထွက်တန်ဖိုး"ကိုသာ အဓိကထားကြောင်း ဖော်ထုတ်နိုင် ခဲ့ပါတယ်။ ဒါဟာ  မာ့က်စ်ရဲ့ ဘောဂဗေဒဆိုင်ရာ သဘောတရားပဲဖြစ်တယ်။

အရင်းရှင်စနစ်ကို အပြီးတိုင်ဖျက်သိမ်းပြီး ဆိုရှယ်လစ်စနစ်ကို ထူထောင်ရေးတာဝန်ကို ပစ္စည်းမဲ့လူတန်းစားသာ ထမ်းဆောင်နိုင်မယ်။ ပစ္စည်းမဲ့လူတန်းစားဟာ သူ့နိုင်ငံရေးပါတီကို အမှီခိုကင်းကင်းနဲ့ ထူထောင်နိုင်ရမယ်။ အဲဒီပါတီဟာ တခြားမဟာမိတ် လူတန်းစားရဲ့ နိုင်ငံရေးပါတီတွေနဲ့ မဟာမိတ်ဖွဲ့နိုင်ပါတယ်။ ဒီလိုလုပ်တဲ့အခါမှာလည်း ပစ္စည်းမဲ့လူတန်းစားရဲ့ အခြေခံအကျိုးစီးပွားကို အထိပါး မခံရပါ။ ပစ္စည်းမဲ့လူတန်းစားရဲ့ ယာယီအကျိုးစီးပွားတိုက်ပွဲဟာ ထာဝရအကျိုးစီးပွားတိုက်ပွဲကို အထောက်အကူပြုတာသာ ဖြစ်ရမယ်။ ပစ္စည်းမဲ့လူတန်းစားရဲ့ နိုင်ငံရေးပါတီဟာ အနုပဋိလောမရုပ်ဝါဒနဲ့သမိုင်းရုပ်ဝါဒကို ကိုင်စွဲပြီး မိမိလူတန်းစားရဲ့ သမိုင်းဖြစ်ပေါ်တိုးပွားမှု အဆင့်၊ လူတန်းစားအသီးသီးရဲ့ အနေအထားနဲ့ ပဋိပက္ခကို အသေးစိတ် စိစစ်ခွဲခြမ်း စိတ်ဖြာပြီး မိမိရဲ့သေနင်္ဗျူဟာနဲ့ နည်းပရိယာယ်တို့ကို ချမှတ်လုပ်ဆောင်ရမယ်လို့ မာ့က်စ်ဝါဒီတွေက ခံယူပါတယ်။ မာ့က်စ် အိန်ဂယ်တို့က ၁၉ ရာစု အကုန်ပိုင်းမှာ သက်ရှင်လှုပ်ရှားခဲ့ကြတာပါ။ ၂၀ ရာစုကျမှ တကမ္ဘာလုံးအတိုင်းအတာနဲ့ မာ့က်စ်ဝါဒ ကျယ်ပြန့်လာတာ ဖြစ်ပါတယ်။ ရုရှားအောက်တိုဘာတော်လှန်ရေး၊ တရုတ်၊ ဗီယက်နမ်၊ ကျူးဘား (စတဲ့) တော်လှန်ရေးတွေက မာ့က်စ်ဝါဒကို ကျယ်ပြန့်လာစေတယ်။ နက်ရှိုင်းလာစေတယ်။ ပြဿနာအသစ်တွေကိုလည်း တင်ပြလာပါတယ်။ ပြဿနာသစ်တွေကို ဖြေရှင်းဖို့ဟာ "၂၁ ရာစုလူသား" မာက်စ်ဝါဒီတွေရဲ့ တာဝန်ပါ။ ဒီတာဝန်ကို ထမ်းဆောင်ဖို့ လေ့လာရမှာပါ။ လေ့လာပြီး လက်တွေ့လုပ်ကြရမှာပါ။

## မာ့က်စ်ဝါဒလှုပ်ရှားမှု

မာ့က်စ်နဲ့ အိန်ဂယ်တို့ဟာ ၁၈၄၈ ခုနှစ်မှာ ကွန်မြူနစ်ကြေညာစာတမ်းကို တရားမျှတမှုအစည်းအရုံးရဲ့ တာဝန်ပေးချက်အရ ရေးခဲ့ကြတယ်။ အဲဒါကစပြီး လေ့လာသင့်ပါတယ်။ ၁၈၆၄ ခုနှစ်မှာ ပထမအင်တာနေရှင်နယ်လို့ ခေါ်တဲ့ ပထမကွန်မြူနစ်အဖွဲ့ချုပ်ကို ထူထောင်ပြီး လှုပ်ရှားကြပါတယ်။ ပထမအင်တာနေရှင်နယ်ခေတ်က သိပ်မကြာပါဘူး။ ၁၈၇၆ မှာ ဖျက်သိမ်းပါတယ်။ ဒါပေမဲ့ အဲဒီ ၁၀ နှစ်ကျော် ကာလကလေးမှာပဲ မာက်စ်အိန်ဂယ်တို့ဟာ မာက်စ်ဝါဒဆိုင်ရာ အတွေးအခေါ်တွေကို အများကြီး ရေးခဲ့ကြတာပါ။ အဲဒီမှာ လက်တွေ့နဲ့ ပေါင်းစပ်ထားတဲ့ သဘောတရားတွေကို လေ့လာနိုင်ပါတယ်။ လက်တွေ့ တော်လှန်ရေး စမ်းသပ်ကွင်းက ပြင်သစ်ပြည်နဲ့ ဂျာမဏီမှာပါ။ မာ့က်စ်တို့ လှုပ်ရှားခဲ့ရတာဟာလည်း ရှေ့တန်းရောက် အရင်းရှင်စနစ်နိုင်ငံတွေရှိတဲ့ ဥရောပ ကုန်းမြေမှာ ဖြစ်ပါတယ်။ ဒီလို လှုပ်ရှားတဲ့အခါမှာလည်း ဖောက်ပြန်တဲ့အုပ်စိုးသူ လူတန်းစားက နှောင့်ယှက်ဖျက်ဆီး ဖိနှိပ်ချုပ်ချယ်တာနဲ့ ရင်ဆိုင်ရသလို တခြား ဆိုရှယ်လစ်ဝါဒ အမျိုးမျိုးကို ဖော်ထုတ် သူများရဲ့ ဆန့်ကျင်နှောင့်ယှက်မှုကိုလည်း ရင်ဆိုင်ရပါတယ်။ ဒီလို အခက်အခဲ အမျိုးမျိုးတွေရဲ့ ရောင်ပြန်ဟပ်မှုဟာ အဖွဲ့ချုပ်အတွင်း ရှိလာတယ်။ ဒါဟာ အယူအဆရေးရာ ငြင်းခုံဆွေးနွေးမှု ဒါမှမဟုတ် အတွေးအခေါ် တိုက်ပွဲအဖြစ် ဖော်ပြပါတယ်။ ဒီလိုတိုက်ပွဲတွေကပဲ ဝေဖန်ရေးနဲ့ ကိုယ့်ကိုယ်ကို ဝေဖန်ရေး ကို ဖြစ်ပေါ်စေပြီး မာ့က်စ်ဝါဒလှုပ်ရှားမှုကို တဆင့်ပြီးတဆင့် ဖြစ်ပေါ်တိုးပွားစေပြန်တယ်။ ပထမ အင်တာနေရှင်နယ် သက်တမ်း ကာလအတွင်းမှာ ပစ္စည်းမဲ့လူတန်းစားဟာ နိုးကြားတက်ကြွလှုပ်ရှားနိုင်ပြီး ပဲရစ်ကွန်မြူန်းလို့ခေါ်တဲ့ လှုပ်ရှားမှုကြီးအထိ ဖြစ်ပေါ် စေခဲ့တယ်။ ဒီပဲရစ်ဘုံအဖွဲ့လှုပ်ရှားမှု ဒါမှမဟုတ် ပဲရစ်ကွန်မြူန်းမှာ ပစ္စည်းမဲ့လူတန်းစားဟာ ၁၈၇၁ ခုနှစ် မတ်လ ၁၈ မှ မေလ ၂၀ ရက်အထိ အာဏာသိမ်းထားနိုင်ခဲ့တယ်။ ဒီလှုပ်ရှားမှု အရေးနိမ့်သွားတဲ့အခါမှာ အလုပ်သမား ၃၀,၀၀၀ (ယောက်ျား၊ မိန်းမ၊ ကလေး အပါအဝင်) ကျော် အပစ်သတ်ခံရတယ်။ အလုပ်သမား ၄၅,၀၀၀ ခန့် ဖမ်းဆီးအကျဉ်းချ ခံရတယ်။ အလုပ်သမား ၁၅,၀၀၀ ခန့် ကြိုးပေးသတ်ဖြတ်တာ ခံရခြင်းနဲ့ ပြည်နှင်ဒဏ်ပေးတာ ခံရတယ်။ ဒီလိုအောင်မြင်မှုနဲ့ ဆုံးရှုံးနစ်နာမှုတွေအပေါ် နိဂုံးချုပ်သုံးသပ်လိုက်တဲ့အခါမှာ ပစ္စည်းမဲ့လူတန်းစားဟာ အာဏာသိမ်းပြီးနောက် ပစ္စည်းမဲ့အာဏာရှင်စနစ်ကို ကျင့်သုံးရမယ်လို့ မာ့က်စ်အိန်ဂယ်တို့က နိဂုံးချုပ်ပေးခဲ့ပါတယ်။ ကမ္ဘာ့တော်လှန်ရေးလုပ်ဖို့ ထူထောင်တဲ့ မာ့က်စ်အိန်ဂယ်တို့ရဲ့ ပထမအင်တာနေရှင်နယ်ဟာ (တခုလုံးခြုံကြည့်ရင်) ပစ္စည်းမဲ့တော်လှန်ရေးသဘောတရားတွေကို အခြေခံချတာပဲ အဓိကလုပ်ခဲ့နိုင်တာပါ။ စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒတွေနဲ့ မင်းမဲ့ဝါဒကို အတွေးအခေါ်တိုက်ပွဲ တိုက်ခဲ့နိုင်တာဟာ သူတို့ရဲ့ ကောင်းမှုပြုချက်ပါပဲ။



ပဲရစ်ဘုံအဖွဲ့

မာ့က်စ် ကွယ်လွန်ပြီးတဲ့နောက် အိန်ဂယ်ဦးဆောင်တဲ့ ဒုတိယအင်တာနေရှင်နယ်လို့ခေါ်တဲ့ ဒုတိယအဖွဲ့ချုပ်ကို ဖွဲ့စည်းပါတယ်။ ဒုတိယအဖွဲ့ချုပ်သက်တမ်းဟာ ၁၈၈၉–၁၉၁၄ခုနှစ်အထိ ကြာပါတယ်။ အရင်းရှင်အုပ်စိုးသူလူတန်းစားရဲ့ နည်းနာသစ်တွေနဲ့ ဆန့်ကျင်တာ ခံရသလို တခြားဆိုရှယ်လစ်ဝါဒ (သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ မဟုတ်တဲ့ ဆိုရှယ်လစ်ဝါဒ) တွေနဲ့လည်း တိုက်ပွဲဆင်ရပါတယ်။ ဒီကာလမှာ အရင်းရှင်နယ်ချဲ့နိုင်ငံတွေဟာ ကမ္ဘာကြီးကို အပြိုင်အဆိုင် လုယက်ရာက ကမ္ဘာကြီးကို ပြန်လည်

ခွဲဝေယူရမယ့် အခြေအနေအထိ ရောက်လာတယ်။ ဒါကြောင့် ပထမကမ္ဘာစစ်ဖြစ်ဖို့ အလားအလာတွေ ရှိလာတယ်။ ဒါကြောင့် ဒုတိယအင်တာနေရှင်နယ်ထဲက တော်လှန်တက်ကြွတဲ့ "လက်ဝဲ" အင်အားစုတွေက ကမ္ဘာစစ်တားဆီးရေး၊ ကိုလိုနီများ လွတ်မြောက်ရေးနဲ့ ကမ္ဘာ့နယ်ချဲ့စစ်ပွဲကြီး ဖြစ်လာခဲ့ရင် သက်ဆိုင်ရာ လူ့အဖွဲ့အစည်းများက ပစ္စည်းမဲ့လူတန်းစားချင်း မတိုက်ရေးနဲ့ နယ်ချဲ့စစ်ပွဲများကို ပြည်တွင်းစစ်များအဖြစ် ပြောင်းပစ်ပြီး ဆိုရှယ်လစ်အင်အားစုများက အာဏာသိမ်းရန် ဆုံးဖြတ်တယ်။ ဒါပေမဲ့ ပထမကမ္ဘာစစ် တကယ်ဖြစ်လာတဲ့အခါမှာ ဒုတိယ အင်တာနေရှင်နယ်အဖွဲ့ဝင် ကွန်မြူနစ်ပါတီ တော်တော်များများ (အားလုံး လောက်) ဟာ မိမိတိုင်းပြည်ကာကွယ်ရေးကိုသာ အလေးထား လုပ်ဆောင်လာကြတာကြောင့် အုပ်စိုးသူ အရင်းရှင်လူတန်းစားနဲ့ ပူးပေါင်းသွားတာတွေ ဖြစ်ကုန်တယ်။

လီနင်ခေါင်းဆောင်တဲ့ ရုရှားပြည်မှ ဗော်လ်ရှီဗစ်ပါတီဟာ ရုရှားပြည်မှာ နယ်ချဲ့စစ်ပွဲကို ပြည်တွင်းစစ်အဖြစ် လှည့်ပြောင်း လိုက်နိုင်ပြီး၊ ဇာဘုရင်ကိုလည်း ဖြုတ်ချလိုက်နိုင်တယ်။ ၁၉၁၇ ခုနှစ် ပထမကမ္ဘာစစ် ပြီးခါနီးမှာ အာဏာသိမ်းနိုင်ပြီး ကမ္ဘာ့ပထမဆုံး ဆိုရှယ်လစ်နိုင်ငံကို ထူထောင်လိုက်နိုင်တယ်။ ရုရှားပြည်ဟာ ဆိုဗီယက်ပြည်ထောင်စုအဖြစ် ပေါ်ထွန်းလာခဲ့တယ်။

၁၉၁၉ ခုနှစ်မှာ လီနင်ခေါင်းဆောင်ပြီး တတိယအင်တာနေရှင်နယ်ကို ထူထောင်ခဲ့တယ်။ တတိယအင်တာနေရှင်နယ်ရဲ့ အခန်းကို အသေအချာလေ့လာသင့်ပါတယ်။ သူသာမရှိရင် အာရှမှာ ကွန်မြူနစ်ပါတီတွေ ၁၉၂၀ နဲ့ ၁၉၃၀ ဆယ်စုနှစ်တွေမှာ ပေါ်ဖို့မလွယ်ပါဘူး။ တတိယအင်တာနေရှင်နယ်သက်တမ်းအတွင်းမှာ အရင်းရှင်စနစ်မှာ အဆိုးဝါးဆုံးဖြစ်တဲ့ ဖက်ဆစ်ဝါဒ ပေါ်ပေါက် လာတယ်။ နယ်ချဲ့စစ်ပွဲဖြစ်တဲ့ ဒုတိယကမ္ဘာစစ်ကို ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအဖြစ် ပြောင်းလဲနိုင်ခဲ့တယ်။ ကိုလိုနီအောက်က အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတွေ အရှိန်အဟုန်နဲ့ တက်လာစေခဲ့တယ်။ ဒုတိယကမ္ဘာစစ်အပြီးမှာ အရှေ့ဥရောပနဲ့ ဘောလ်ကန်ဒေသတွေမှာ ကွန်မြူနစ်ပါတီတွေ အာဏာရလာပြီး ဆိုရှယ်လစ်စနစ် အုတ်မြစ်ချနိုင်ကြတယ်။ မရေးမနှောင်းမှာပဲ အာရှ အရှေ့ပိုင်းက တရုတ်ပြည်မှာ ကွန်မြူနစ်ပါတီက အာဏာသိမ်းနိုင်ခဲ့တယ်။ မြောက်ကိုးရီးယားမှာလည်း ကွန်မြူနစ်ပါတီ အာဏာရလာတယ်။ နောင်မှာ ဗီယက်နမ်၊ လော၊ ကမ္ဘောဒီးယား၊ ကျူးဘားတို့မှာလည်း ကွန်မြူနစ်ပါတီတွေ အာဏာရလာ ခဲ့တယ်။

တတိယအင်တာနေရှင်နယ်ကို အခြေအနေနဲ့အညီ ကွန်မြူနစ်ပါတီတွေ အချိန်မီအလုပ်လုပ်နိုင်အောင် အများသဘောတူ ၁၉၄၃ ခုနှစ်မှာ ဖျက်သိမ်းလိုက်ပါတယ်။

၁၉၄၇ စက်တင်ဘာလမှာ ဆိုဗီယက်၊ အီတလီ၊ ပြင်သစ်၊ ယူဂိုဆလားဗီးယား၊ ပိုလန်၊ ရူမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန် ဂေရီနဲ့ ချက်ကိုစလိုဗက်ကီးယားစတဲ့ ကွန်မြူနစ်ပါတီများဟာ ပိုလန်နိုင်ငံ ဝါဆောမြို့မှာ တွေ့ဆုံကြပြီး၊ ကွန်မြူနစ်သတင်း ပြန်ကြားရေးအဖွဲ့ချုပ် (Cominform) ကို ဖွဲ့စည်းလိုက်ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးမှာ အရင်းရှင်စနစ်ဟာလည်း အများကြီးပြောင်းလဲသွားတယ်။ ဥရောပနယ်ချဲ့နိုင်ငံတွေဖြစ်တဲ့ အင်္ဂလိပ် ပြင်သစ်တို့ဟာ စစ်နိုင်ပေမယ့် ခြေကုန်လက်ပန်းကျသွားပြီး၊ အမေရိကန်နယ်ချဲ့နိုင်ငံဟာ အရင်းရှင်လောကမှာ တုနှိုင်းမရှိတဲ့ ထိပ်သီးကြီး ဖြစ်သွားတယ်။ အရင်းရှင်အုပ်စုကြီးအတွက် မာရှယ်စီမံကိန်းကို ချမှတ်လုပ်ဆောင်တယ်။ ထရူးမင်းဝါဒကို အကောင် အထည်ဖော်တာပဲ ဖြစ်တယ်။

ဆိုဗီယက်ခေါင်းဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုဟာလည်း အင်အားကြီးထွားလာပြီး အမေရိကန် ခေါင်းဆောင်တဲ့ အရင်းရှင် အုပ်စုနဲ့ ထိပ်တိုက်ရင်ဆိုင်တာ ဖြစ်လာတယ်။ အဲဒီလိုဖြစ်လာတော့ ကမ္ဘာပေါ်မှာ စစ်အေးကာလ စစ်အေးတိုက်ပွဲဆိုတာ ဖြစ်ပေါ် လာပါတယ်။ စစ်အေးဆိုတာက ဒုတိယကမ္ဘာစစ်အပြီး ၁၉၁၇ ခုနှစ်နောက်ပိုင်း ကာလတွေတုန်းကလို ဆိုဗီယက်ကို စစ်အင်အားနဲ့ ဝင်ပြီး ကျူးကျော်နိုင်တဲ့ အခြေအနေ မရှိတော့လို့ အနုနည်းနဲ့ မျှင်းပြီးသတ်ဖို့လုပ်တဲ့ပေါ်လစီ ဖြစ်ပါတယ်။ မျှင်းပြီးသတ်တဲ့နည်းက သိပ်စုံတယ်။ ထွေပြားတယ်။ ကိုးရီးယားစစ်ပွဲမှာ သဲကြီးမဲကြီး တိုက်ခဲ့သူတွေက နှစ်ပေါင်း ၂၀ မပြည့်ခင်မှာ လက်တွဲဖော် ဖြစ်လာ ကြလိမ့်မယ်လို့ ဘယ်သူပြောရဲခဲ့သလဲ။ ပြောရင် ရူးတယ်ပဲ ထင်ကြမှာပဲ။ ဒါပေမဲ့ တရုတ်နဲ့အမေရိကန် အဲဒီလို ဖြစ်ခဲ့ပါတယ်။ နောက်တခု သတိထားဖို့က အရာရာကို ဗမာပြည် အထိုင်ပေါ်ကနေ ကြည့်ဖို့ပါ။ စဉ်းစားဖို့ပါ။ ဗမာပြည်ဟာ အရှေ့တောင် အာရှထဲမှာ ပါလို့ရသလို တောင်အာရှမှာလည်း ပါလို့ရတယ်ဆိုတဲ့ ပထဝီ အနေအထားရှိတယ်ဆိုတာကို မမေ့ပါနဲ့။ တရားသေ တကြောင်းတိုက် စဉ်းစားတာ မလုပ်မိဖို့ပါ။ တချိန်တည်းမှာ ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှုလည်း ပေါ်ထွက်လာပါတယ်။ ကိုလိုနီနိုင်ငံ အများအပြား လွတ်လပ်လာတယ်။

အမေရိကန်ခေါင်းဆောင်တဲ့ အရင်းရှင်အုပ်စုနဲ့ ဆိုဗီယက်ခေါင်းဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုဟာ နယ်ပယ်အားလုံးမှာ

ထိပ်တိုက် တိုးပါတယ်။ နယ်ပယ်အားလုံးမှာ အားပြိုင်ကြပါတယ်။ ဒုတိယကမ္ဘာစစ်အပြီးဖွဲ့တဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အတွင်းမှာလည်း ဒီအုပ်စုနှစ်ခုဟာ ထိပ်တိုက်ရင်ဆိုင်နေကြတာပါပဲ။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်လက်နက်အသစ်အဆန်းထုတ်လုပ်ရေး၊ အာကာသ စိုးမိုးရေး တို့မှာလည်း  အပြိုင်အဆိုင်ဖြစ်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ပါတယ်။

ဒုတိယကမ္ဘာစစ်အပြီးမှာ အာရှ၊ အာဖရိကနဲ့ လက်တင်အမေရိက နိုင်ငံအများအပြား နိုးကြားလာပြီး ဒီနိုင်ငံ အတော်များများဟာ လွတ်လပ်စနိုင်ငံတွေ ဖြစ်လာကြတယ်။ ၁၉၅၅–ခုနှစ်၊ ဧပြီလ (၁၈–ရက်နေ့က ၂၄ ရက်နေ့အထိ) အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့မှာ အစည်းအဝေးပွဲတခု ကျင်းပခဲ့တယ်။ ဘန်ဒေါင်းကွန်ဖရင့်လို့ အမည်တွင်ခဲ့တယ်။ အဲဒီအစည်းအဝေးမှာ အာဖဂန်နစ္စတန်၊ ဗမာ၊ ကမ္ဘောဒီးယား၊ သီဟိုဠ် (သီရိလင်္ကာ)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အီဂျစ်၊ အီသီယိုးပီးယား၊ ဂါနာ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ အီရတ်၊ ဂျပန်၊ ဂျော်ဒန်၊ လော၊ လစ်ဘန္နန်၊ လိုင်ဘီးရီးယား၊ လစ်ဗျား၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ဆော်ဒီအာရေးဗီးယား၊ ဆူဒန်၊ ဆီးရီးယား၊ ထိုင်း၊ တူရကီ၊ တောင်ဗီယက်နမ်၊ မြောက်ဗီယက်နမ်နဲ့ ယီမင်နိုင်ငံတို့ တက်ရောက်ခဲ့ကြတယ်။ ဒီအစည်းအဝေးက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူ ၅– ချက်လို့ခေါ်တဲ့ နိုင်ငံအချင်းချင်းဆက်ဆံရေးမူတွေကို ချမှတ်နိုင်ခဲ့တယ်။ အဲဒီမူတွေကတော့…

၁။ နိုင်ငံတနိုင်ငံရဲ့ ပိုင်နက်နယ်မြေတည်တံ့ရေးနဲ့ အချုပ်အခြာအာဏာကို အခြားတနိုင်ငံက လေးစားရန်။
၂။ တနိုင်ငံနဲ့တနိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုရန်။
၃။ တနိုင်ငံရဲ့ ပြည်တွင်းရေးကို အခြားတနိုင်ငံက ဝင်ရောက်မစွက်ဖက်ရန်။
၄။ တနိုင်ငံနဲ့တနိုင်ငံ တန်းတူရည်တူ အပြန်အလှန်အကျိုးရှိစွာ ဆက်ဆံရန် နဲ့
၅။  စနစ်ချင်းမတူတဲ့ နိုင်ငံတွေ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သွားရန် … တို့ ဖြစ်ပါတယ်။

ဒီမူတွေကို နောင်မှာ ကမ္ဘာ့ကုလသမဂ္ဂကြီးကလည်း လက်ခံကျင့်သုံးတယ်။ ဘက်မလိုက် ကြားနေရေးအဖွဲ့ကြီးကလည်း လက်ခံကျင့်သုံးပါတယ်။

ဒီစစ်အေးကာလကြီးအတွင်း ဆိုရှယ်လစ်အုပ်စုထဲမှာ အတွေးအခေါ်ရေး၊ နိုင်ငံရေးစတဲ့ဘက်ပေါင်းစုံမှာ အကြီးအကျယ် ကွဲလွဲမှု ပေါ်ထွက်လာခဲ့တယ်။ နိုင်ငံတကာ့ ကွန်မြူနစ်အရေးတော်ပုံအတွင်း ‘စစ်အေးကာလ’ ဖြစ်ပေါ်ပြောင်းလဲမှုတွေကို အသေးစိတ်လေ့လာတာ လုပ်သင့်ပါတယ်။ မာ့က်စ်အိန်ဂယ်တို့ မျှော်မှန်းခဲ့သလို ကမ္ဘာ့တော်လှန်ရေးကြီး မဖြစ်ခဲ့ဘဲ ခေတ်နောက်ကျတဲ့ တနိုင်ငံချင်းစီက တော်လှန်ရေးတွေ လုပ်ကြတယ်။ အောင်မြင်တော့ ဆိုရှယ်လစ်ထူထောင်ရေးတွေ လုပ်ကြတယ်။ တဖက်ကလည်း ကမ္ဘာ့အရင်းရှင်စနစ်ရဲ့ ရန်လိုမှုကို ခုခံကာကွယ်ဖို့ စစ်ရေးအရ အသင့်ဖြစ်နေရတယ်။ ကိုယ်စီအမျိုးသားအကျိုးစီးပွားကိုပဲ အလေးထားရတယ်။ ဒီလိုနဲ့ပဲ ဆိုရှယ်လစ်နိုင်ငံအချင်းချင်း စစ်တိုက်ကြ ရတာတွေ ဖြစ်ခဲ့ပါတယ်။ ၁၉၆၀ ဆယ်စုနှစ်တွေကစပြီး ဆိုဗီယက်ယူနီယံပြိုကျတဲ့ ၁၉၈၀ ဆယ်စုနှစ်တွေအထိ ကာလကို လေ့လာသင့်တယ်။ ဆိုဗီယက် တရုတ် စစ်တိုက်တယ်။ တရုတ် ဗီယက်နမ် စစ်ဖြစ်တယ်။ အာဖဂန်နဲ့ ကမ္ဘောဒီးယား စစ်ပွဲတွေမှာ ဆိုဗီယက်နဲ့ဗီယက်နမ်ကတဖက် တရုတ်နဲ့အမေရိကန်ကတဖက် ဖြစ်နေတာ တွေ့ရတယ်။ အာဏာရကွန်မြူနစ်ပါတီတွေဟာ ကိုယ့်အမျိုးသားအကျိုးစီးပွားကို ဥပက္ခာပြုလို့ မရဘူးဆိုတဲ့ အခြေအနေကို ထင်ထင်ရှားရှားတွေ့နိုင်ပါတယ်။ မာ့က်စ်ပြောခဲ့တဲ့ ကမ္ဘာ့တော်လှန်ရေး မဖြစ်ဘဲ တိုင်းပြည်တခုချင်း တော်လှန်ရေး ဆင်နွှဲကြရတာပဲ ဆိုတဲ့အဖြစ်မှန်ကို မြင်တတ်ကြည့်တတ်ဖို့ လိုပါတယ်။ ဆိုရှယ်လစ်အုပ်စုကြီး တဖြည်းဖြည်းပြိုကွဲလိုက်လာရာက စစ်အေးကာလ ကုန်ဆုံးတဲ့ ၂၀–ရာစုနှစ် နောက်ဆုံးပိုင်း ၁၀–စုနှစ်မှာ တစစီ ဖြစ်သွားတယ်။ ဆိုဗီယက်ယူနီယံလည်း ပြိုကွဲသွားတယ်။ အရှေ့ဥရောပ ကွန်မြူနစ်ပါတီအားလုံးဟာ အာဏာလက်လွှတ်လိုက်ကြရတယ်။

စစ်အေးလွန်ကာလမှာတော့ အရင်းရှင်အုပ်စုမှာ အမေရိကန်ဟာ တဦးတည်းသော ဗိုလ်ဖြစ်လာတယ်။ စစ်အေးကာလအတွင်းမှာ ဥရောပအရင်းရှင်နိုင်ငံတွေက ထူထောင်ခဲ့တဲ့ အီးယူ (ဥရောပသမဂ္ဂ)ဟာ စစ်အေးလွန်ကာလမှာ ပိုပြီး တောင့်တင်းလာတယ်။ ဘက်မလိုက် လှုပ်ရှားမှုဟာ မှေးမှိန်လာတယ်။ ဆိုရှယ်လစ်အုပ်စု မတည်ရှိတော့ဘဲ ကွန်မြူနစ်ပါတီတွေဟာ မိမိတိုင်းပြည် မိမိအခြေအနေအရ မာ့က်စ်ဝါဒအခြေခံမှုတွေကို ဆုပ်ကိုင်ပြီး လှုပ်ရှားရတာ ဖြစ်သွားပါတယ်။ အာဏာလက်ရှိပါတီအချို့ အာဏာလက်မဲ့ ဖြစ်သွားတယ်။  ယခု အာဏာလက်ရှိကွန်မြူနစ်ပါတီတွေဟာ ဒုတိယကမ္ဘာစစ်အပြီးမှာ  လွတ်မြောက်ရေးရလာခဲ့ကြတဲ့ နိုင်ငံတွေသာဖြစ်ကြောင်း တွေ့ရတယ်။ ယခုတလော လက်တင်အမေရိကနိုင်ငံတွေက လက်ဝဲအင်အားစုတချို့ ရွေးကောက်ပွဲနဲ့

အာဏာရလာတာ တွေ့ရတယ်။ ('လက်ဝဲ' ကို အဓိပ္ပာယ်ဖွင့်ပုံကလည်း ပြောင်းလဲနေတာကို သတိပြုရပါမယ်။)

### ဒါတွေကို ဘယ်လို နားလည်ကြည့်မြင်မလဲ။

မာ့က်စ်နဲ့အိန်ဂယ်တို့ စတင်ဖော်ထုတ်တင်ပြခဲ့တဲ့ မာ့က်စ်ဝါဒဟာ လက်တွေ့လုပ်ရှားမှုထဲကနေ သဘောတရားကို တိုးချဲ့နိုင်တယ်။ အတွေ့အကြုံများပြားကြွယ်ဝလာတဲ့အတွက် သဘောတရားတွေလည်း တိုးပွားလာခဲ့တယ်။ ဒါကြောင့် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ် စသည်ဖြင့် ဖြစ်ပေါ်တိုးပွားလာပါတယ်။ မာ့က်စ်ဝါဒအခြေခံကို ဆုပ်ကိုင်ပြီး တိုးပွားလာတဲ့ သဘောတရားတွေ ဖြစ်ပါတယ်။ ဒီသဘောတရားတွေဟာ အဖိနှိပ်ခံလုပ်တန်းစားနဲ့ အဖိနှိပ်ခံအမျိုးသားပြည်သူတွေကို အကျိုးရှိစေပါတယ်။

နိုင်ငံရေးတိုက်ပွဲတွေမှာလည်း သေနင်္ဂဗျူဟာအမြင်ကို စွဲစွဲမြဲမြဲဆုပ်ကိုင်ထားပြီး တိုက်ပွဲဆင်တဲ့အခါ အောင်မြင်မှုနဲ့ ရှုံးနိမ့်မှုတွေထဲက ကြွယ်ဝတဲ့ နည်းပရိယာယ်တွေကို ထပ်မံရရှိပါတယ်။ ပထမအင်တာနေရှင်နယ်ကာလမှာ ပစ္စည်းမဲ့လုပ်တန်းစား အာဏာသိမ်းရေး ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှု (ပဲရစ်ဘုံအဖွဲ့ လှုပ်ရှားမှု) လုပ်နိုင်ခဲ့တယ်။ ဒီတိုက်ပွဲတွေက ရရှိခဲ့တဲ့ အတွေ့အကြုံတွေကို သုံးသပ်နိဂုံးချုပ်ပြီး ဒုတိယအင်တာနေရှင်နယ်ထူထောင်ကာ လှုပ်ရှားခဲ့တဲ့အတွက် ၁၉၁၇ – ခုနှစ်တွင် ကမ္ဘာမှာ ပထမဆုံးသော ဆိုရှယ်လစ်နိုင်ငံကို ရုရှားပြည်မှာ ထူထောင်နိုင်ခဲ့တယ်။ မာ့က်စ်ဝါဒအခြေခံပေါ်ကနေ လီနင်ဝါဒ တိုးပွားပေါ်ပေါက် လာပါတယ်။ တတိယအင်တာနေရှင်နယ် ကာလမှာတော့ ကမ္ဘာ့နိုင်ငံအသီးသီးကို မာ့က်စ်ဝါဒ ပြန့်နှံ့သွားပြီး ကွန်မြူနစ်ပါတီတွေ အများအပြား ထူထောင်လာနိုင်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အပြီးမှာတော့ ကွန်မြူနစ်ပါတီက အာဏာရတဲ့ နိုင်ငံတွေ အများအပြား ပေါ်ပေါက်လာပါတယ်။ အရှေ့ဥရောပတခုလုံး၊ အရှေ့အာရှနဲ့ အရှေ့တောင်အာရှ အရှေ့ပိုင်း...စသဖြင့် အနီရောင်လွှမ်း သွားပါတယ်။ အာရှ၊ အာဖရိက၊ လက်တင်အမေရိကတို့မှာ အာဏာမသိမ်းနိုင်ပေမယ့် မာ့က်စ်ဝါဒ လှုပ်ရှားမှုဟာ အင်ကြီး အားကြီးနဲ့ ဖြစ်လာပါတယ်။ ကျူးဘားမှာ အာဏာသိမ်းနိုင်ခဲ့တယ်။ ယနေ့ထက်တိုင် အာဏာကို ဆက်လက်ထိန်းသိမ်းထားနိုင် တယ်၊

ဒီလိုလှုပ်ရှားလာတဲ့အခါ အထူးသဖြင့် ကိုလိုနီ ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း နိုင်ငံတွေအတွက် မာ့က်စ်လီနင်ဝါဒ အခြေခံပေါ်ကနေ မော်စီတုန်းအတွေးအခေါ်ဆိုတဲ့ သဘောတရားကို ရရှိလိုက်ကြပါတယ်။ ကွန်မြူနစ်ပါတီတွေ အများအပြား ကိုလည်း ပေါ်ပေါက်လာနိုင်စေခဲ့တယ်။

ကမ္ဘာအနှံ့အပြား ကွန်မြူနစ်ပါတီအတော်များများ ပေါ်ပေါက်လာနိုင်ခဲ့ပေမယ့် စစ်အေးကာလမှာ ကွန်မြူနစ် လှုပ်ရှားမှုအတွင်း ပြန်လည်ပြင်ဆင်ရေးဝါဒလှိုက်စားလာပြီး အရင်းရှင်စနစ်အပေါ် အကဲဖြတ်မှုတွေ မှားယွင်းလာတဲ့အခါမှာ မိမိတို့ ပါတီတွင်း မှားယွင်းတဲ့ လမ်းစဉ်တွေ ချမှတ်ကျင့်သုံးမိလာတဲ့အတွက် ကွန်မြူနစ်ပါတီအတော်များများ အာဏာလက်လွှတ် ဆုံးရှုံး သွားခဲ့ကြရတယ်။

ဒီအခြင်းအရာတွေကို မာ့က်စ်ဝါဒအတွင်းမှ အောင်မြင်မှုတွေနဲ့ဆုံးရှုံးမှုတွေအဖြစ် သုံးသပ်ရမှာဖြစ်ပြီး ဒီအောင်မြင်မှုနဲ့ ဆုံးရှုံးမှုများထဲက သင်ခန်းစာထုတ်ကာ ရှေ့ကို ဆက်လက်ချီတက်သွားနေတယ်လို့ မြင်နိုင်ပါတယ်။

အခု ကမ္ဘာပေါ်မှာ ရှိသမျှကွန်မြူနစ်ပါတီတွေဟာ မိမိလှုပ်ရှားမှုတွေကို မိမိဘာသာ ပြန်လည်သုံးသပ်ပြီး မိမိကျရာ လူ့အဖွဲ့ အစည်းမှာ အကောင်းဆုံးတာဝန်ယူလှုပ်ရှားကြရတာ ဖြစ်တယ်။ ဒါကို တချို့က ကွန်မြူနစ်မှာ နိုင်ငံတကာ့ဝါဒ မရှိတော့ဘူးလို့ ဆိုကြတယ်။ အမှန်က ကွန်မြူနစ်တွေရဲ့ သေနင်္ဂဗျူဟာအမြင်မှာ သွေးစုပ်တဲ့ စနစ်ကို ဖျက်သိမ်းပစ်ပြီး လူတန်းစားမဲ့ ကွန်မြူနစ် လောကသို့ ချီတက်ရေးဖြစ်တဲ့အတွက် နိုင်ငံတကာ့ဝါဒ ရှိပြီးသား ဖြစ်ပါတယ်။ နည်းနာအရ ယနေ့ကမ္ဘာ့စည်းစနစ်တခုဖြစ်တဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ ၅ – ချက်ကို လုပ်ဆောင်နေခြင်းသာ ဖြစ်တယ်။

မျက်မှောက်ကမ္ဘာကြီးမှာ စစ်အေးလွန်ကာလ ကုန်ဆုံးပြီး ကမ္ဘာစည်းစနစ်အသစ်တခုကလည်း မပေါ်သေးပါ။ ကမ္ဘာ့ စည်းစနစ်သစ် ပေါ်လာရင် မာ့က်စ်ဝါဒလှုပ်ရှားမှုဟာလည်း နည်းနာသစ်တွေ ထပ်မံပြီး ဖော်ထုတ်ရဦးမှာပါ။

ယခုအခါ ကွန်မြူနစ်ပါတီတချို့ တွေ့ဆုံဆွေးနွေးအမြင်ဖလှယ်ကြ၊ အတွေ့အကြုံဖလှယ်ကြတာတွေ မကြာမကြာ လုပ်နိုင်တာလောက်ပဲ ရှိနေပါတယ်။ စစ်အေးကာလမှာလို တဦးကိုတဦး ဝေဖန်ဖွင့်ချ တိုက်ခိုက်ရှုတ်ချတာတွေလည်း မလုပ်တော့ပါ။ တနည်းအားဖြင့် ကွန်မြူနစ်ပါတီတွေ ကမ္ဘာအနှံ့ ပျံ့နှံ့သွားခဲ့ပေမယ့် ကွန်မြူနစ်လှုပ်ရှားမှုကတော့ ကျဲကွဲသွားပြီး၊ အရှိန်လည်း

ကျသွားပါတယ်။ ဒါကို ဆိုရှယ်လစ်စနစ် နောက်ဆုတ်ရတယ်လို့ ဆိုနိုင်ပါတယ်။

တခုလုံး ခြုံငုံကြည့်ရင်တော့ ဆိုရှယ်လစ်စနစ်ဟာ အသစ်ဖြစ်ပြီး အရင်းရှင်စနစ်ဟာ အဟောင်းဖြစ်တယ်။ သမိုင်းတလျှောက် အသစ်က အဟောင်းကို အစားထိုးတဲ့အခါမှာ တိုက်လိုက် – ရှုံးလိုက်၊ နည်းနာရှာ ထပ်တိုက်လိုက် – ရှုံးလိုက်နဲ့ နောက်ဆုံးမှာမှ အောင်ပွဲ ပန်းတိုင်သို့ ရောက်တတ်တာ တွေ့ရပါတယ်။ ဘတပြန် ကျားတပြန်ကာလတွေ မကြာခဏ ဖြတ်သန်းပြီးမှ နောက်ဆုံးအောင်ပွဲ ရတတ်လေ့ရှိတာ တွေ့ရပါတယ်။

## ဗမာပြည် မာ့က်စ်ဝါဒလှုပ်ရှားမှု

ဗမာပြည်မာ့က်စ်ဝါဒလှုပ်ရှားမှုမှာလည်း သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒမဟုတ်တဲ့ ဆိုရှယ်လစ်ဝါဒအမျိုးမျိုးနဲ့ ကြုံတွေ့ရင်ဆိုင်ရပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီကို ဒုတိယအင်တာနေရှင်နယ် ကာလအတွင်းမှာ မြေအောက်ပါတီအဖြစ်နဲ့ စတင်ဖွဲ့စည်းခဲ့ရပါတယ်။ အလွန်ကျပ်တည်း ကျဉ်းမြောင်းပါတယ်။ ဒါပေမဲ့ တတိယအင်တာနေရှင်နယ်က ညွှန်ပြတဲ့ ဖက်ဆစ်ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး လမ်းကြောင်းကို လျှောက်လှမ်းနိုင်ခဲ့တယ်။ ဒါကြောင့် ဖက်ဆစ်ဂျပန်ကို အောင်မြင်စွာ တော်လှန်နိုင်အောင် ခေါင်းဆောင်မှု ပေးနိုင်ခဲ့ပြီး အင်အားလည်း အလျင်အမြန် ကြီးထွားလာခဲ့တယ်။ ဖက်ဆစ်ဂျပန်တော်လှန်ရေး အပြီးမှာတော့ အင်အားကြီးတဲ့ ပါတီတရပ်အဖြစ် ပြောင်ထူထောင်နိုင်ရုံမက ဖဆပလ တပ်ပေါင်းစုကြီးကိုလည်း ဖွဲ့စည်းနိုင်ခဲ့တယ်။ အဲဒီတုန်းက ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်တွေဖြစ်တဲ့ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်းတို့ရဲ့ လှုပ်ရှားမှုတွေနဲ့ ပတ်သက်ရင် ဒဂုန်တာရာက သူ့ရဲ့ သခင်သန်း ထွန်း (အနီကို ကြည့်ရှုလေ့လာချက်) ဆိုတဲ့ ရုပ်ပုံလွှာရေးသားချက်ထဲမှာ “ယခုခေတ်ကွန်မြူနစ်ဝါဒကို လေ့လာသူတိုင်း သခင်စိုး၊ သခင်သန်းထွန်းတို့ ပြုစုစိုက်ပျိုးခဲ့သော အသီးအပွင့်နှင့် မကင်းနိုင်ကြ၊ သူတို့၏ ကွန်မြူနစ်စာပေများကိုဖတ်ပြီး လူများသည် ကွန်မြူနစ်ကို သိလာကြ၏။ သူတို့၏စကားလုံးတွေကိုပင် သင်အံ့ပြီး ဖောက်ပြန်ရေး၊ ကလာပ်စည်း၊ လူမှုဆက်ဆံရေး စသည်ဖြင့် ကြွေးကြော်နေကြ၏” လို့ ရေးထားပါတယ်။

ဗမာပြည်မာ့က်စ်ဝါဒလှုပ်ရှားမှုကို ဦးဆောင်လှုပ်ရှားနေတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ပြောင်းလဲသွားတဲ့ နိုင်ငံတကာ့ အခြေအနေနဲ့ ပြောင်းလဲသွားတဲ့ ဗမာပြည်လူ့အဖွဲ့အစည်းလက္ခဏာတို့နဲ့အညီ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးလမ်းစဉ်ကို မှန်ကန်စွာ ချမှတ်နိုင်ခဲ့ပါတယ်။ ဒီသေနင်္ဂဗျူဟာအမြင်မှာတော့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ မယိမ်းမယိုင် ရှိခဲ့ပါတယ်။ နည်းနာပိုင်းမှာတော့ အမှားအယွင်း တချို့ကို ကျူးလွန်ခဲ့တယ်။ ဒါကြောင့် ကွန်မြူနစ်ပါတီမှာ အရေးနိမ့်မှုတွေ၊ အခွင့်မသာမှုတွေ မကြာခဏ တွေ့ခဲ့ရတယ်။ စစ်အေးကာလ တလျှောက်လုံးမှာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ပြည်တွင်းစစ်ကို မရှောင်မလွှဲသာ ဖြတ်သန်းခဲ့ရတယ်။ ဒါပေမဲ့ မိမိအတွင်း အမှားအယွင်းတွေ (ပြန်လည်ပြင်ဆင်ရေးဝါဒ လက်ယာရော၊ လက်ဝဲအမှားတွေပါ) ကျူးလွန်ခဲ့တာကြောင့် အာဏာမသိမ်းနိုင်ခဲ့ဘူး။ ဒ့ါအပြင် အဲဒီအမှားတွေရဲ့ ဒဏ်ကို မသေရုံတမယ် မြေ့ာနေအောင် ခံခဲ့ရပါတယ်။ မြေအောက်ပါတီအဖြစ် ပြန်လည်ရောက်ရှိသွားရပြန်ပါတယ်။

ဒါပေမဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ အဲဒီလို ရှည်ကြာတဲ့ တိုက်ပွဲအတွင်းကနေ ပြည့်စုံကြွယ်ဝတဲ့ လုပ်ငန်းစဉ်၊ လမ်းစဉ်နဲ့ နည်းနာတွေကို ရရှိလိုက်ပါတယ်။ မြေအောက်ပါတီဘဝနဲ့အညီ လှုပ်ရှားနိုင်တဲ့ နည်းနာတွေလည်း အတော်ပြည့်စုံနေပါပြီ။ ကမ္ဘာပေါ်မှာ မာ့က်စ်ဝါဒပျံ့နှံ့ရှင်သန်သလို ဗမာပြည်မှာလည်း မာ့က်စ်ဝါဒဟာ ရှင်သန်ကြီးထွားပါလိမ့်မယ်။ သို့သော် ခက်ခဲကွေ့ကောက်တဲ့လမ်းတွေ၊ အတက် အဆင်းလမ်းတွေ၊ ဆူးငြောင့်ခလုတ်တွေနဲ့တော့ မလွဲမသွေ ရင်ဆိုင်ဖြတ်သန်းရပါလိမ့်မယ်။

မျက်မှောက် ပေါ်ပေါက်လာမယ့် ကမ္ဘာ့စည်းစနစ်သစ်၊ အရင်းရှင်စနစ်ရဲ့ လှုပ်ရှားမှု၊ နအဖရဲ့ ခြေလှမ်းတို့အပေါ် မူတည်ပြီး ဗမာပြည် ကွန်မြူနစ်ပါတီဟာလည်း နည်းနာသစ်တွေ ထပ်မံတင်ပြနိုင်ပါလိမ့်မယ်။

## မာ့က်စ်ဝါဒကိုလေ့လာ ၂၁ ရာစု တော်လှန်ရေးလက်တွေ့နဲ့ ပေါင်းစပ်ကြစို့

ကျွန်တော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီဝင်တွေ၊ မာ့က်စ်ဝါဒီတွေဟာ ယနေ့လို ရှုပ်ထွေးပြီး အပြောင်းအလဲ မြန်နေတဲ့ အချိန်၊ မရေရာတဲ့ ကာလဖြစ်နေချိန်မှာ လေ့လာရေးကို တဆင့်တိုးမြှင့်ရပါလိမ့်မယ်။ လေ့လာရေးလုပ်တဲ့အခါမှာလည်း မာ့က်စ်ဝါဒ

အခြေခံ တွေကို အသေအချာ ဆုပ်ကိုင်ပြီး လေ့လာဖို့လိုတယ်။ မာ့က်စ်တို့ရဲ့ စူးစမ်းလေ့လာနည်းတွေကို နည်းယူပြီး စူးစူးစိုက်စိုက် လေ့လာရေး လုပ်သင့်ပါတယ်။ ယနေ့ကာလမှာ မာ့က်စ်တို့ကာလတွေထက် လေ့လာစရာအချက်အလက် များပြားပါတယ်။ ဒါတွေကို လေ့လာနည်း မှန်မှန်နဲ့ စူးစမ်းခွဲခြမ်းစိတ်ဖြာရင် ကျနော်တို့မှာ ကျယ်ပြောကြွယ်ဝတဲ့ အမြင်တွေ၊ ကြွယ်ဝတဲ့ ဗဟုသုတတွေနဲ့ လိမ္မာပါးနပ်တဲ့ နည်းနာတွေလည်း အမှန်ပဲရရှိမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့လေ့လာရေးလုပ်ရာမှာ မာ့က်စ်တို့လေ့လာရေးနည်းနာအတိုင်းပဲ အရင်းရှင်စနစ်ကို ထဲထဲဝင်ဝင် အသေအချာ စူးစမ်းလေ့လာဖို့ လိုတယ်။ ဆိုရှယ်လစ်လှုပ်ရှားမှုတွေကိုလည်း အသေအချာ စူးစမ်းလေ့လာဖို့ လိုပါတယ်။ သုတေသနဆန်ဆန် လေ့လာရမယ်။ ဆန္ဒစွဲကင်းကင်းနဲ့ ပကတိအခြေအနေတွေကိုတွေ့ရှိအောင် စူးစမ်းရှာဖွေတာ လုပ်ရမယ်။ ခွဲခြမ်းစိတ်ဖြာသုံးသပ်ပြီး ကောက်ချက်ဆွဲတတ်ရမယ်။ လေ့လာရေးမှာလည်း နှစ်ပိုင်းရှိပါတယ်။ တခုက တခြားသူတွေရဲ့ အတွေ့အကြုံတွေကို စူးစမ်းလေ့လာတာနဲ့ မိမိလက်တွေ့ – အတွေ့အကြုံနဲ့ စူးစမ်းလေ့လာမှုဆိုပြီး နှစ်ပိုင်းရှိပါတယ်။ ဒါဟာ ဘယ်သိပ္ပံဘာသာရပ်ကို စူးစမ်းလေ့လာ သုတေသနလုပ်တာပဲဖြစ်ဖြစ် မဖြစ်မနေလုပ်ရတဲ့ ကိစ္စပဲ။

ယခု ကျွန်တော်တို့မှာ မာ့က်စ်ဝါဒနဲ့ ပတ်သက်တဲ့ စာအုပ်စာတမ်း၊ သတင်းအချက်အလက်တွေ ရရှိနိုင်ပါတယ်။ အရင်ကလောက် အကန့်အသတ်မကြီးတော့ပါ။ အဲဒါတွေကို လေ့လာတဲ့အခါမှာ အဲဒီစာအုပ်၊ အဲဒီစာစောင်စာတမ်းကို ဘယ်အချိန် ဘယ်အခြေအနေမှာ ဘာအချက်အလက်ကို ဘယ်ဦးတည်ချက်နဲ့ တင်ပြတယ် … ဆိုတာအထိ ပေါက်မြောက်အောင် စူးစမ်းလေ့လာရမှာ ဖြစ်တယ်။ နိုင်ငံတကာ့ ကွန်မြူနစ်ပါတီတွေကထုတ်တဲ့ စာစောင်စာတမ်းတွေ လေ့လာဖို့ လိုပါတယ်။

အရင်းရှင်တွေဘက်ကထုတ်တဲ့ စာစောင်စာတမ်းတွေကိုလည်း ဒီလိုပဲ စူးစမ်းလေ့လာဖတ်ရှုမှတ်သားရပါမယ်။ ပြီးရင် မာ့က်စ်ဝါဒ ကမ္ဘာ့အမြင်နဲ့ ဒါကို ဘယ်လို ခွဲခြမ်းစိတ်ဖြာမလဲ။ ဒါကို ဘယ်လို သုံးသပ်မလဲဆိုတာ လုံးပန်းအားထုတ်ကြရမှာ ဖြစ်တယ်။ ဥပမာ မျက်မှောက် ကာလမှာ အမေရိကန် အရင်းရှင်စနစ်ကို အလုပ်အကျွေးပြုနေတဲ့ အမေရိကန်အစိုးရရဲ့ ဉာဏ်ကြီးရှင်ဆိုသူတွေ ရေးတဲ့ စာအုပ်တွေ အတော်များများ ထွက်တယ်။ ဒီစာအုပ်တွေကို ဂရုတစိုက်လေ့လာရင် သစ်လွင်တဲ့ အချက်အလက်တွေ အများအပြား တွေ့ရလိမ့်မယ်။ ဒါပေမဲ့ သူတို့ရဲ့ တင်ပြချက်တွေအားလုံးဟာ အနာဂတ်လူသားတရပ်လုံးလွတ်မြောက်အောင် ဘယ်လိုလုပ်မယ်ဆိုတာ မတွေ့ရဘဲ အရင်းရှင်စနစ်ကို ဘယ်လို ကာကွယ်ထိန်းသိမ်းမလဲဆိုတဲ့ ကောက်ချက်တွေပဲ တွေ့ရလိမ့်မယ်။ ဒီလိုဆိုရင် ဒီစာအုပ်တွေ ဘာလို့လေ့လာမလဲဆိုတော့ အရင်းရှင်စနစ်ရဲ့ အပြောင်းအလဲနဲ့ ဦးတည်ချက်ကိုသိရင် ဒါကို ဘယ်လို တိုက်မလဲဆိုတဲ့ နည်းနာကို ကိုယ်ကရှာလို့ ရနိုင်လို့ပဲ။

အခု ဖူကူယားမားတို့၊ တော်ဖလာတို့ ဟန်တင်တန်တို့ရေးတဲ့ စာအုပ်တွေ အသေအချာလေ့လာကြည့်ရင် လူသားတွေ အနာဂတ်မှာ ဘယ်လိုအကြောင်းအချက်တွေ၊ အချက်အလက်တွေ ရရှိလိမ့်မယ်၊ လူ့အဖွဲ့အစည်းဟာ ဘယ်ပုံဘယ်နည်းနဲ့ ဘယ်လိုတည်ဆောက်သွားပြီး ဘယ်ကို ဦးတည်ရောက်ရှိသွားမယ်ဆိုတာ အတော်ရှင်းပြထားပါတယ်။ သူတို့ရှင်းပြချက်တွေဟာ စက်မှုသိပ္ပံဖွံ့ဖြိုးတိုးတက်မှု၊ လူ့ယဉ်ကျေးမှု၊ လူမှုရေးပြောင်းလဲတတ်မှုတွေကို အတော်အသေးစိတ်ရှင်းပြနိုင်ပါတယ်။ ဒါပေမဲ့ အဲဒါတွေဟာ အရင်းရှင်စနစ်အောက်မှာသာ ဖြစ်လာမယ့် တရားတွေအဖြစ်နဲ့ ရှင်းပြထားတာ ဖြစ်တယ်။ လူတန်းစားတိုက်ပွဲနဲ့ လူ့အဖွဲ့အစည်း ဘယ်လိုပြောင်းလဲမယ်ဆိုတဲ့ အမြင်ဆိုင်ရာကို ထည့်သွင်းတွက်ချက်ထားတာ မဟုတ်ဘူးဆိုတာကို တွေ့ရမယ်။ ဒီတော့ အနာဂတ်လူသားဟာ လူတီထွင်ထားတဲ့ စက်ပစ္စည်းကိရိယာတွေရဲ့ ခြယ်လှယ်မှုကိုပဲ ခံရတော့မလိုလို၊ အနာဂတ်မှာ လူသားဟာ လမ်းပျောက်တော့မလိုလို၊ သမိုင်းဆိုတာ နောင်မှာ မရှိတော့ဘူးလိုလို … တွေ ဖြစ်ကုန်တယ်။

ဒီမှာတင် သူတို့ကာကွယ်ထိန်းသိမ်းချင်ပါတယ်ဆိုတဲ့ အရင်းရှင်စနစ်ဟာ အနာဂတ်မရှိဘူးဆိုတာ ကျွန်တော်တို့ စိတ်ချစွာ ကောက်ချက်ဆွဲလို့ ရပါတယ်။ ။

• • • • • • • • • • • • • • • • • • • • • • • • • • • • •

# သတင်းနဲ့မှတ်ချက်

## ဂျပန်နဂါးနက်ဂိုဏ်းနဲ့ နဂါးနက်ဝါဒ

နဂါးနက်ဂိုဏ်းက သူ့နဂါးနက်ဂိုဏ်းသားတွေကို (ဂျပန် စစ်ရှုံးတော့ နောက်တပွဲတိုက်ဖို့ ပြင်ဆင်တဲ့အနေနဲ့) မြေ အောက်တပ်သားများအဖြစ် ဗမာပြည်မှာ ချန်ထားခဲ့တယ်။ ဒီကိစ္စကို ၂၁ · ၆ · ၂၀၀၆ ထုတ် ဂျာနယ်တစောင်မှာ "စစ်အတွင်းက ကျန်ရစ်သော ဂျပန် '၃' ဦးအား ဆယ်နှစ်ကြာမှ ပြန်လည်တွေ့ရှိ" ဆိုတဲ့ ခေါင်းစီးနဲ့ ရေးထားတဲ့ (၂၀ · ၆ · ၁၉၅၅) နေ့ထုတ် သတင်းစာက သတင်းကို ပြန်လည်ဖော်ပြတာ တွေ့ရလို့ ရေးဟောင်းနှောင်းဖြစ် အဖြစ်မှန်ကို ပြန်ပြောချင်လို့ ရေးလိုက်ပါတယ်။

အဲဒီဂျပန်တွေ ရှိနေတယ်ဆိုတာကို ၁၉၄၅ ကတည်း က ကွန်မြူနစ်ပါတီက သိပါတယ်။ အရာတော်နဲ့ မြင်းမူနယ် ထဲကရွာတွေ တောင်သူလယ်သမားသမဂ္ဂ ရွာတွေမှာ လှည့်နေတာပါ။ ဆံပင်ညှပ်သမား၊ တောက်တိုမယ်ရ အလုပ်သမားတွေအဖြစ် လုပ်ကိုင်စားသောက်နေကြတာပါ။ တယောက်ကဆိုရင် အညာသားလို သျှောင်ကြီးဖွေနဲ့ပါ။ အားလုံးကလည်း ဗမာစကား မွှတ်နေပါတယ်။ နဂါးနက်ဂိုဏ်းက မြေအောက် တပ်သားအဖြစ် ထားခဲ့တယ်ဆိုတာလည်း ကွန်မြူနစ်ပါတီကို သူတို့က ဖွင့်ပြောပါတယ်။ သူတို့နဂါးနက်ဂိုဏ်းက လူဖြူဆန့်ကျင်ရေး၊ ဥရောပနယ်ချဲ့ ဆန့်ကျင်ရေးကို အဓိကလုပ် နေတာဖြစ်လို့ အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရေးလုပ်နေတဲ့ ကွန်မြူနစ်ပါတီနဲ့ ပဋိပက္ခမရှိပါဘူး။ ပါတီက ဘေးမဲ့ပေးထားတာပါ။ ၁၉၄၈ လွတ်လပ်ရေးရပြီး ပြည်တွင်းစစ်ဖြစ်တော့ ဗမာအချင်းချင်းဖြစ်တဲ့ ပြည်တွင်းစစ်ဖြစ်တာကို သူတို့မကြိုက်ကြဘူး။ ဘယ်ဘက်မှ အားမပေးဘူးဆိုပြီး နေတာပါ။ ကွန်မြူနစ်ကလည်း အတင်းမခေါ်ပါဘူး။ တခါတရံ ဂျပန်စက်သေနတ် ပျက်ရင်တော့ သူတို့ကိုခေါ်ပြီး ပြင်ခိုင်းရပါတယ်။ ပြင်ပေးကြရှာပါတယ်။

ဥရောပလူဖြူတွေနဲ့ တချိတမောင်း စစ်ပြန်တိုက်ရမယ့် ရက်ကိုပဲ မျှော်နေကြရှာတာပါ။ အရာတော်က လက်နက်ချ ကွန်မြူနစ်တွေကြောင့် အစိုးရသိသွားပြီး အဖမ်းခံကြရရှာတာပါ။ သူတို့ကို ဂျပန်ပြည်ပြန်ပို့တယ် ကြားပါတယ်။ ဂျပန်ရောက်လည်း နဂါးနက်ဝါဒကို ဆက်လုပ်ကြမှာပါ။

နဂါးနက်ဝါဒက ဖက်ဆစ်ဝါဒ မပေါ်ခင်ကတည်းက ဂျပန်မှာ ရှိနေတာပါ။ အခုလည်း ရှိနေတယ်လို့ ကြားပါတယ်။ လူဝါမျိုးနွယ်နဲ့ လူဖြူမျိုးနွယ် ယတိပြတ် စစ်ကြီးခင်းရမယ်ဆိုတဲ့ အတွေးအခေါ်နဲ့ လုပ်ရှားနေကြတာပါ။ 'နဂါးနက်ဝါဒ' က ဟန်တင်တန်ရဲ့ "ယဉ်ကျေးမှုများ တိုးတိုက်မိခြင်း" အတွေးအခေါ်နဲ့ ကိုက်ညီလိမ့်မယ် ထင်ပါတယ်။

• • • • • • • • •

## ကိုအီဇူမီရဲ့ အမေရိကန်သို့ နောက်ဆုံးခရီး

ဘုရှ်က ကိုအီဇူမီကို သိပ်ကို နွေးနွေးထွေးထွေး ကြိုဆိုဧည့်ခံ လိုက်တယ်။ ဘာကြောင့်လဲ။ နှစ်ဖက်စလုံးမှာ သူ့အကြောင်းနဲ့သူ ရှိကြလို့ပါ။ ကမ္ဘာကြီးမှာ စနစ်သစ် မပေါ်သေးပါဘူး။ စနစ်ဟောင်း ကုန်တာတော့ ကြာခဲ့ပြီ။ ဒီတော့ စနစ် သစ်မှာ လူတွင်ကျယ်ဖြစ်ဖို့ နိုင်ငံကြီးတိုင်း ကြိတ်ပြီး လုပ်နေကြတာပဲ။ နေရာယူမှု အသစ်အတွက် (New alignment) အတွက် ကြိုတင်ပြင်ဆင်နေကြတာပဲ။ ဒါပေမဲ့ ဘယ်သူကမှလည်း ကိုယ့်ဖဲချပ်ကို ချပြကြမှာမဟုတ်ပါဘူး။ သိုသိုသိပ်သိပ်ပဲ ထားကြလိမ့်မယ်။

ကိုအီဇူမီဟာ တရုတ်နဲ့ တောင်ကိုးရီးယားကို နားရွက်ကံတွေးဆွတ်ပြဖို့ ယာဆုကုနီနတ်ဗိမာန် ခဏခဏသွား ဂါရဝပြုခဲ့တယ်။ ဒီလိုနဲ့ အမေရိကန်ကို မြူဆွယ်ခဲ့ပါတယ်။ ဂျပန်ဘုရင်ကတော့ အဲဒီလို မလုပ်ပါဘူး။ "စစ်အတွင်းက ကွယ်ပျောက်သွားခဲ့ကြသူတွေရဲ့ ဂူဗိမာန်" ကိုပဲ သွားပြီး ဂါရဝပြုလေ့ရှိတယ်။ ကျဆုံး

သွားသူလို့တောင် မသုံးဘူး။
အာဇာနည်လို့တောင် မသုံးဘူး။
ကွယ်ပျောက်သွားကြသူများလို့ပဲ
သုံးတယ်။ အဲဒီမော်ကွန်းတိုက်မှာပဲ
ဂါရဝပြုတယ်။

ကိုအီဇူမီကတော့ ယာဆုကုနီ
ဗိမာန် သွားဂါရဝပြုတယ်။ အဲဒီမှာက
ချောင်ကျကျကုန်းတကုန်းမှာ
အမေရိကန်က ကြိုးပေးသတ်ခဲ့တဲ့
ဗိုလ်ချုပ်ကြီး တိုဂျိုအပါအဝင် (က)
အဆင့် စစ်တရားခံ ၇ ယောက်ရဲ့
အရိုးပြာတွေကို ထည့်သွင်းပြီး
သင်္ချိုင်းလုပ်ထားတာ ရှိတယ်။
အရိုးပြာတွေကလည်း ၇ ယောက်ရဲ့
အရိုးပြာလို့ ပြောသာပြောရတယ် မသေ
ချာဘူး။ ကြိုးပေးသတ်တဲ့နေ့က ပြာချတဲ့
စက်ကို ရောက်လာတဲ့ အလောင်းတွေ
အများကြီး ပြာချရာက ထွက်လာတဲ့
သောင်းပြောင်းပြာတွေကို ဂျပန်စစ်ဝါဒီ
တွေက ညကြီးမင်းကြီးမှာသွားပြီး
ကျုံးယူလာခဲ့တဲ့ အရိုးပြာ
အနည်းအကျဉ်းကို ဂူသွင်းထားတာပဲ။

ယာဆုကုနီကို ကိုအီဇူမီ သွား
တဲ့ ရည်ရွယ်ချက်က အမေရိကန်ကို မြှူ
ဆွယ်ဖို့၊ တရုတ်နဲ့ တောင်ကိုးရီးယားကို
နားရွက်တံတွေးဆွတ် ပြဖို့ပဲ ဖြစ်တယ်။
ဒါပေမဲ့ ဂျပန်စစ်ဝါဒီတွေ
အများစုအတွက်တော့ တိုဂျိုနဲ့ ‘၇’
ယောက်ကို ကြိုးပေးသတ်ခဲ့တဲ့
အမေရိကန်ကို မုန်းတီးစိတ် ပေါ်
လာစေတယ်။ နောက်တချီတိုက်ရင်
နိုင်အောင်တိုက်မယ်ဆိုတဲ့ သန္နိဋ္ဌာန်
ချဖြစ်ကြတယ်။ ဖြစ်ပုံကလည်း
သင်းတယ်။ တိုဂျိုက စစ်ရှုံးတော့
သူ့ကိုယ်သူ သတ်သေတယ်။
ဆရာဝန်ကို သူ့နှလုံးရှိတဲ့နေရာ
အမှတ်အသား ပြုခိုင်းပြီးမှ
ကိုယ့်ကိုယ်ကို သေနတ်နဲ့ ပစ်လိုက်တာ
ဖြစ်တယ်။ ချက်ချင်းမသေဘူး။ ဒီတော့
အမေရိကန်က အသက်ကို မရမကလုပြီး
ဆေးကုပေးတယ်။ ပြီးမှ စစ်တရားခုံတင်ပြီး
ကြိုးပေးသတ်လိုက်တာပဲ။ စစ်တရားခံကို
ငါတို့လက်နဲ့သတ်ရမှ ကျေနပ်မယ်ဆိုတဲ့သဘော
ပေါ်လွင်တယ်။ “ပုလဲဆိပ်ကမ်း” အတွက်
လက်စားချေချင်နေတာ ဖြစ်တယ်။



ဂျပန်စစ်ဝါဒီတွေသာမဟုတ်ဘူး
ဂျပန်လူထုကပါ ဒါကိုဘယ်တော့မှမေ့မှာ
မဟုတ်ဘူး။ တိုဂျိုတို့ ‘၇’ ယောက်ကို
ဘယ်သူသတ်သလဲ၊ ဘာကြောင့်
အသတ်ခံရသလဲ၊ နောက်တပွဲနွှဲရင် လူဖြူကို လူဝါက
အနိုင်ရအောင် တိုက်ရမယ်ဆိုတဲ့ သန္နိဋ္ဌာန် စွဲမြဲစေတယ်။
အခုလည်း လူဝါ – လူဖြူ နောက်ဆုံးအားစမ်းပွဲအတွက်
အားမာန်တင်းနေကြတယ်။ လူဝါဆိုတာက
မွန်ဂိုမျိုးနွယ်တွေ အားလုံးဖြစ်တယ်။ ဂျပန်၊ ကိုးရီးယား၊
တရုတ်၊ ဗီယက်နမ် အများကြီးပါတယ်။
ဗမာပြည်ကလည်း လူဝါမျိုးနွယ်ထဲ ပါနေတယ်။
ဗမာပြည်က လူဖြူအာရိယန်မျိုးနွယ်တွေနဲ့
စပ်နေတဲ့ဒေသမှာ နေကြရတာဖြစ်လို့
အန္တရာယ်ကြီးတယ်။

လူဖြူအာရိယန်မျိုးနွယ်တွေမှာ
‘လူဝါခြိမ်းခြောက်မှု’ (Yellow Peril) ခံနေရတာ
ကြာလှပြီ။ ၁၂ ရာစု ၁၃ ရာစုကနေ အခုအထိပဲ။

ဟန်တင်တန်ရဲ့ ‘ယဉ်ကျေးမှုများ ထိပ်တိုက်
တွေ့’ အယူအဆက လူညိုနဲ့လူဖြူထိပ်တိုက်တွေ့တာကို
အဓိက ပြောနေပေမယ့် လူဝါနဲ့ ထိပ်တိုက်တွေ့ရေးလည်း
ပါတယ်ဆိုတာ မမေ့ပါနဲ့။

ကမ္ဘာကြီး ထာဝစဉ်မငြိမ်းချမ်းသေးသမျှ
အင်အားကြီးတွေ နိုင်ငံရေးကစားနေကြမှာပါ။
ရောယောင်ပြီး ကြားညပ်မခံရစေဖို့ အမြော်အမြင်
ရှိကြစေချင်ပါတယ်။

မဆလ စစ်အုပ်စု အကျပ်တွေ့နေတုန်းက
စစ်အုပ်စုဝင်တချို့ဆီကို ‘လူဝါတွေတခေတ်ဆန်းရေး၊
လူဖြူ – လူဝါ နောက်ဆုံးတိုက်ပွဲနွှဲရေး’ အတွက်
ဂျပန်စစ်ဝါဒီတွေလာပြီး လက်ကမ်းဖူးပါတယ်။
ဗမာပြည်က လူဝါနဲ့လူဖြူ မွန်ဂိုနဲ့ အာရိယန်အစပ်မှာ
နေရတာပါ။ ခရစ်ယန်နဲ့ မူဆလင်အစပ်မှာ
နေရတာမဟုတ်ပါဘူး။ အာရပ်လောကနဲ့

အရှေ့အလယ်ပိုင်းရဲ့မီးက ဗမာပြည်ကို မီးဟပ်ဖို့ မလွယ်ပါဘူး။ စစ်မာန်တက်နေတဲ့ လူမြူနဲ့ နောက်တပွဲ စိတ်မကျေပွဲ နွှဲချင်တဲ့လူဝါ ထိပ်တိုက်တွေ့ရင်တော့ သေချာပေါက် ကြားညပ်မှာပါ။ သက်သာလှမယ် မထင်ပါဘူး။ မပေ့မလျော့ ရှိကြမှ တမျှော်တခေါ် ကြည့်တတ်မှ ဖြစ်ပါလိမ့်မယ်။ ။

## သတင်းနဲ့မှတ်ချက်

• • • • • • • • • • •

**အိန္ဒိယမှ နီပေါပြည်သွား ကိုယ်စားလှယ်အဖွဲ့**

နီပေါအတိုက်အခံပါတီ '၇' ပါတီကဖိတ်လို့ အိန္ဒိယက အာဏာရနဲ့ သူ့အသိုင်းအဝိုင်းက ပါတီ '၇' ပါတီ ကိုယ်စားလှယ်တွေ သွားကြတယ်။ ၂၀၀၅ ခုနှစ် စက်တင်ဘာလ ကပါ။

အိန္ဒိယကိုယ်စားလှယ်အဖွဲ့ရဲ့ ခေါင်းဆောင်လုပ်သူက အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) က နိုင်/ဦး PB အဖွဲ့ဝင် တယောက်ပါ။ အဖွဲ့မှာ အာဏာရကွန်ဂရက်ပါတီက ပါတယ်။ အိန္ဒိယကွန်မြူနစ်ပါတီက ပါတယ်။ ဆိုရှယ်လစ်တပ်ဦး စတာတွေက ပါတယ်။

နီပေါက ဖိတ်တဲ့ '၇' ပါတီထဲမှာလည်း နီပေါလီကွန်ဂရက်ပါတီပါတယ်။ နီပေါကွန်မြူနစ်ပါတီ CPN (UML) ပါတယ်။

လေဆိပ်အရောက်မှာ ကြိုတာက အာဏာသိမ်းဘုရင်ရဲ့ အင်အားစုတွေပဲ။ အလံနက်ထူပြီး ခဲတွေနဲ့ ပစ်ပေါက်ကြိုကြတာပါ။ ဖိတ်ကြားတဲ့ ပါတီတွေကတော့ လေဆိပ်ထဲအဝင်မခံလို့ မကြိုဆိုလိုက်နိုင်ပါဘူး။ အိန္ဒိယကိုယ်စားလှယ်အဖွဲ့က "ဒီမိုကရေစီမှာ 'ဆန္ဒပြကန့်ကွက် ပိုင်ခွင့်' ရှိတာပဲ ဆန္ဒပြကြပါစေ" ဆိုပြီး ခပ်တည်တည်ပဲ လမ်းလျှောက်လာကြတာပါ။ "အဲဒီလူတွေမှာ ဆန္ဒပြခွင့်ရှိသလို တခြားပါတီမှာလည်း 'ဆန္ဒပြခွင့်' ရှိသင့်တာပေါ့" လို့ပဲ ပြောခဲ့ကြပါတယ်။

နောက်ဘာမှ မကြာပါဘူး။ တခြားပါတီတွေလည်း ဆန္ဒပြကြပါတယ်။ ကျယ်ပြန့်တဲ့ နီပေါလူထုကြီးပါ,ပါလာတော့ ဘုရင့်အစိုးရ ပြုတ်ကျပါတယ်။

နီပေါရဲ့ ထူးခြားချက်ရှိပါတယ်။ အဲဒီမှာ ကွန်ဂရက်ပါတီရှိတယ်။ အိန္ဒိယကွန်ဂရက်ပါတီနဲ့ ညီနောင်ပဲ။ ကွန်မြူနစ်ပါတီတွေရှိတယ်။ အိန္ဒိယကွန်မြူနစ်ပါတီနဲ့ ညီနောင်တွေပဲ။

နီပေါက အိန္ဒိယနိုင်ငံရေးနဲ့ နီးစပ်ပါတယ်။ အမေရိကန်က အိန္ဒိယကို ပိုးပန်းနေတဲ့အချိန်လည်း ဖြစ်နေတော့ အမေရိကန်ကဝင်ပြီး ခြေရှုပ်ခွင့် သိပ်မရပါဘူး။ နီပေါကို အိန္ဒိယကိုယ်စားလှယ်အဖွဲ့သွားပြီး မကြာပါဘူး။ ဆန္ဒပြပွဲကြီးတွေ ဖြစ်ပါတယ်။ ဘုရင်တင်းမခံနိုင်ဘူး။ လျှော့ပေးရတယ်။

တရုတ်က ဘာမှဝင် မလုပ်ပါဘူး။ ကိုယ့်ကိစ္စ ကိုယ်ပဲလုပ်ကြ ဆိုတဲ့သဘောနဲ့နေတာ ဖြစ်ပါလိမ့်မယ်။ နီပေါမှာက နီပေါလီ ကွန်ဂရက်ပါတီနဲ့ ညွန့်ပေါင်းအစိုးရ ဖွဲ့ထားတဲ့ CPN (UML) ရှိတယ်။ သူက အစိုးရတဖြစ်လဲ အတိုက်အခံ။ နောက် နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ) တွေက လက်နက်ကိုင်တိုက်ပွဲ A/S လုပ်နေတာ ရှိတယ်။ သူတို့ A/S က ၁၉၉၆ (ထင်တယ်) ကျမှ A/S လုပ်တာပါ။ တရုတ်ကွန်မြူနစ်ပါတီ (CPC) နဲ့ ဘာမှ မပတ်သက်ဘူး။ [ဗမာပြည်က A/S က CPC အာဏာမရခင် (၁၉၄၈) ကပဲ။ ဗကပ က CPC နဲ့ ရင်းနှီးတဲ့ ဆက်ဆံရေး ရှိခဲ့တယ်။ ယဉ်ကျေးမှု တော်လှန်ရေး ဖြတ်သန်းခဲ့တယ်။ ပြုပြင်ရေးနဲ့ တံခါးဖွင့်ပေါ်လစီ ကျင်သုံးတဲ့ကာလမှာ A/S ရပ်သွားတယ်။]

တရုတ်အစိုးရက ဗမာပြည်မှာလိုပဲ နီပေါမှာလည်း လုပ်ခွင့်မသာပါဘူး။ အိန္ဒိယလုပ်သလို လုပ်ကြည့်ပါလား။ အမေရိကန်က ကြည့်နေမှာ မဟုတ်ပါဘူး။ ဆီလိုအပေါက်ရှာပြီး အပြစ်ပြောမှာပါ။ ပြင်ပနိုင်ငံတွေက ဘယ်သူ့ပဲဝင်လုပ်လုပ်

# သတင်းနှင့်မှတ်ချက်

ကာယကံရှင်က ထိုင်နေလို့တော့ ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။ ။

• • • • • • • • • •

**IPI လား TAPI လား**
**အဲဒီနှစ်ခုကြား ဗျာများနေတဲ့ အိန္ဒိယ**

IPI ဆိုတာက အီရန်၊ ပါကစ္စတန်၊ အိန္ဒိယ ဓာတ်ငွေ့ပိုက်လိုင်းကို ပြောတာ။ TAPI ဆိုတာက တာ့ (ခ်) မင်နစ္စတန်၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ အိန္ဒိယ ပိုက်လိုင်းကိုပြောတာပါ။ အမေရိကန်က အိန္ဒိယကို TAPI ပဲလုပ်စေချင်တယ်။ IPI မလုပ်စေချင်ဘူး။ အီရန်ကို ဝိုင်းပယ်ချင်လို့ပဲ။ အမေရိကန်လော်ဘီသမားတွေက အိန္ဒိယ အဲဒီ ၂ ခုကြား ဗျာများနေလေလေ လော်ဘီလုပ်ကောင်းလေလေ ဖြစ်နေတယ်။ အိန္ဒိယနိုင်ငံရေးလောကမှာ လော်ဘီသမားတွေ ခြေသွက်နေတယ်လို့ ကြားရတယ်။ အိန္ဒိယနိုင်ငံရေးလောကမှာ TAPI ဘက် မဲတင်းသူတွေက အမေရိကန်အကြိုက် လိုက်ချင်တယ်။ အိန္ဒိယရဲ့ လွတ်လပ်တဲ့ နိုင်ငံခြားရေးဝါဒကို ထိန်းသိမ်းချင်သူတွေက IPI ဘက်မှာ ရှိနေတယ်။ ဒီလွန်ပွဲက အိန္ဒိယမှာ ကြာလေပြင်းထန်လေ ဖြစ်မှာပါ။

အဲဒီ IPI တို့ TAPI တို့ ဆိုတဲ့ ပိုက်လိုင်းက သိပ်ကြီးကျယ်ပါတယ်။ ဗမာပြည် ရခိုင်ကမ်းလွန်က ဓာတ်ငွေ့ပိုက်လိုင်းနဲ့ ယှဉ်နိုင်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဓာတ်ငွေ့သိုက်နဲ့ ဟိုက ဓာတ်ငွေ့သိုက်က ဆင်နဲ့ဆိတ် မဟုတ်ဘူး။ ဆင်နဲ့ ကမြင်းနီ ဖြစ်တယ်။

ဒါပေမဲ့ လော်ဘီသမားကတော့ လော်ဘီကြီးကြီး လော်ဘီငယ်ငယ် လုပ်ကြမှာပါ။ ဦးတည်ချက်ချင်းကတော့ မတူပါဘူး။ ဟိုက 'လော်ဘီ' က အီရန်ကို ဦးတည်တယ်။ ကျွန်တော်တို့ဆီက 'လော်ဘီ' က တရုတ်ကို ဦးတည်တယ်။ တရုတ်နဲ့အိန္ဒိယက ဗမာပြည်ဓာတ်ငွေ့လောက်ကို အလေးမထားပါဘူး။ ဘာမှဖြစ်လောက်တာ မဟုတ်လို့ပါ။ နိုင်ငံကြီးအားလုံးက အာရှအလယ်ပိုင်းဓာတ်ငွေ့ အီရန်ဓာတ်ငွေ့ကိုပဲ သဲကြီးမဲကြီး ဖြစ်နေကြမှာ ဖြစ်ပါတယ်။

အာဖဂန်မှာ အမေရိကန် မီးသေနေရင်တမျိုး မီးမသေရင်တမျိုး ဖြစ်ဖို့များပါတယ်။ ပါကစ္စတန်ကိုတော့ IPI ဖြစ်ဖြစ် TAPI ဖြစ်ဖြစ် ရှောင်လို့မရပါဘူး။ ပါကစ္စတန်ရဲ့ ရပ်တည်ချက်က အရေးပါလိမ့်မယ်လို့ ယူဆရပါတယ်။ ။

• • • • • • • • • • • • • • •

**ဒီလိုလူမျိုး စစ်အုပ်စုက များများလာစေချင်တယ်။**

ရောဘတ်တေလာ ဗမာပြည်လာတယ်။ ဂျာနယ်တခုက 'ဗျူး' တယ်။ အဲဒီ 'ဗျူး' ထဲကသိရတာက ဂျွန်ကေဒီ (John Cady ) က သူ့ဆရာတဲ့။ ကေဒီက ဂျပ်ဆင်ကောလိပ်မှာ ဆရာလုပ်ဖူးတဲ့သူပဲ။ သူ့စာအုပ် 'ခေတ်ဗမာပြည်သမိုင်း' ကိုလည်း ဖတ်ကြည့်သင့်ပါတယ်။ ဖတ်ဖူးသူ (မျိုးဆက်သစ်) နည်းပါလိမ့်မယ်။

အခု 'ဗျူး' တဲ့ဂျာနယ်က 'ခေတ်မြန်မာ' ဂျာနယ်။ ကေဒီရဲ့ 'ခေတ်ဗမာသမိုင်း' အယူအဆတွေကို ဂျာနယ်အယ်ဒီတာများလည်း ဖတ်ကြည့်သင့်တယ်။ နအဖ ခေါင်းဆောင်ကြီးများကိုလည်း ကေဒီက ဘာတွေရေးထားတယ်ဆိုတာ သံတော်ဦးတင်သင့်တယ်။ ကိုလိုနီလက်ဟောင်း အယူအဆတွေကို ကိုလိုနီလက်သစ် 'ဆန့်ကျင်ရေး' သမားတွေ ဘယ်လိုသုံးသပ်ကြသလဲ ဆိုတာကို ပြည်သူတွေ သိစေချင်လို့ပါ။

တေလာ အကြောင်းပြန်ကောက်ရရင် သူဗမာပြည်လာတာ အကြိမ် ၄၀ ရှိပြီတဲ့။ မဆလခေတ်က

## သတင်းနဲ့ မှတ်ချက်

မိတ်ဆွေကြီးဟာ စစ်အုပ်စုအဆက်ဆက် ခေတ်မှာလည်း မိတ်ဆွေကြီးပဲ။ သူက ချောင်းပေါက်အောင် လာနေတာပါ။ ဒီလိုလူမျိုး များများလာပါစေလို့ သန်းရွှေတို့ ဆုတောင်းနေမယ် ထင်ပါတယ်။

‘ခေတ်မြန်မာ’ ကဖြစ်ဖြစ် တယောက်ယောက်ကဖြစ်ဖြစ် တေလာရဲ့ Ph-D ဘွဲ့ယူ စာတမ်း‘ဗြိတိသျှအုပ်ချုပ်ရေး စနစ်အောက်မှာ မြန်မာနိုင်ငံအတွင်း လူတန်းစားအလွှာအသီးသီး ဖြစ်ပေါ်ပြောင်းလဲပုံနဲ့ နိုင်ငံရေး ခံယူချက်များအကြောင်း’ ဆိုတာကိုလည်း မြန်မာဘာသာ ပြန်စေချင်ပါတယ်။

ဒါမှ သူ့နည်းကိုယူပြီး ‘စစ်အစိုးရ အုပ်ချုပ်ရေးအောက်မှာ မြန်မာနိုင်ငံအတွင်း လူတန်းစားအလွှာအသီးသီး ဖြစ်ပေါ်ပြောင်းလဲပုံနဲ့ နိုင်ငံရေးခံယူချက်အကြောင်း’ စာတမ်းတင်နိုင်မှာပါ။ ဗမာပြည်သားတဦးဦးက ပါရဂူဘွဲ့ယူစာတမ်းရေးပြီး တင်သင့်ပါတယ်။ သန်းရွှေတို့ သဘောတွေ့ပြီး ဘွဲ့ပေးမလား – ‘ထောင်’ ဆုပေးမလား သိချင်ပါတယ်။ ။

● ● ● ● ● ● ● ● ● ● ● ● ● ● ●

**ဗိုလ်ကျော်ဆန်းကို အကြံပေးချင်တာ**

ဘုရှ်က အိမ်ဖြူသတင်းထုတ်ပြန်ရေး သမားဟောင်း မက်ကလဲလန်ကိုဖြုတ်ပြီး အသစ် တိုနီစနိုးကို ခန့်လိုက်တယ်။ စနိုးက တခုပဲ တောင်းဆိုသတဲ့ သမ္မတရဲ့ (နေ့စဉ်) အကြံပေးသူအဖြစ်ပါ လုပ်ခွင့်ပေးမှ ဒီအလုပ်လက်ခံမယ်လို့ တောင်းဆိုသတဲ့။ ဘုရှ်က “ပေါ်လစီ ချမှတ်တာနဲ့ မဟာဗျူဟာ အဆုံးအဖြတ်တွေ ချမှတ်ရာမှာ လွတ်လွတ်လပ်လပ် ပါဝင်ဆွေးနွေးခွင့် ပေးပါမယ်” လို့ အာမခံလိုက်ရတယ်လို့ သိရတယ်။

ဘုရှ်ကလည်း သူ့ကိုလူကြိုက် အင်မတန်နည်းနေလို့ အိမ်သန့်ရှင်းရေး ကမန်းကတန်း လုပ်နေရတာပါ။ သာမန်လူတွေ ၃၃ ရာခိုင်နှုန်းကပဲ ကြိုက်သတဲ့။ သူ့ပါတီ ရီပတ်ပလီကင်တွေကတော့ ပိုပြီးတောင် မကြိုက်ကြဘူးဆိုပဲ။ မကြာမီလုပ်မယ့် ရွေးကောက်ပွဲမှာ အနိုင်ရဖို့ ဘုရှ်နဲ့ ခပ်ကင်းကင်း နေချင်ကြတာပဲ ဖြစ်မယ်။

ဗိုလ်ကျော်ဆန်းကို အကြံပေးချင်တာက စနိုးလို သန်းရွှေကို တောင်းဆိုကြည့်ဖို့ပါ။ ။

● ● ● ● ● ● ● ● ●

**“စတုတ္ထနိုင်ငံတော်” ဆိုတဲ့ အတွေးအခေါ်**

(၁)“စတုတ္ထနိုင်ငံတော်” အတွေးအခေါ်ကို ပြောနေကြတာကြာပြီ။ လွတ်လပ်ရေးရပြီးကတည်းကပဲ။ အာဏာရသူတွေပဲ တီထွင်ခဲ့တာပါ။ ဖဆပလ၊ မဆလတို့လည်း စတုတ္ထနိုင်ငံတော် တည်ထောင်နိုင်ခဲ့ပြီလို့ ထင်ခဲ့ကြတာပဲ။ “အခြေခံဥပဒေ” ရေးဆွဲခွင့်လည်း သူတို့ပဲ ရခဲ့ကြတာဖြစ်တယ်။ အခွန့်ရှည်တည်တံ့တဲ့ “အခြေခံဥပဒေ” တခုကို သူတို့ရေးဆွဲနိုင်ခဲ့ပြီလို့ ထင်ခဲ့ကြတာပဲ။

ဒါပေမဲ့ အဲဒီ ‘ထင်တလုံး’ တွေဟာ စိတ်ကူးယဉ် ထင်ယောင်မှားမှုတွေချည်းပဲ ဖြစ်ခဲ့တယ်။ တမျိုးသားလုံး ပြည်သူတွေက လက်ခံသလား လက်မခံဘူးလား ဆိုတာက အဓိကပါ။ လက်ခံရင်တည်မြဲမှာပဲ လက်မခံရင် ပျက်မှာချည်းပဲ။

ဘယ်လိုပုံ ဘယ်လိုနည်းနဲ့ ပျက်သလဲဆိုတာကတော့ အဲဒီကာလ နိုင်ငံရေးအခြေအနေက ပြဌာန်းတာပါ။ ၁၉၄၇ အခြေခံဥပဒေကိုဖျက်တာ စစ်အုပ်စုပါ။ ၁၉၇၄ အခြေခံဥပဒေကိုဖျက်တာက လူထုပါ။ [နဝတ က လူထုဆန္ဒကို လက်ခံရတာ (တံဆိပ်တုံး ရိုက်ပေးရတာ) ဖြစ်တယ်ဆိုတာ မမေ့ပါနဲ့]

အခု နအဖ က “အခြေခံဥပဒေ” ရေးဆွဲနေကြပြန်ပြီ။ အချိန်တွေအများကြီးယူပြီး ရေးဆွဲနေကြတာပါ။ ၁၉၉၀ က စပြီးတွက်ရင် ‘၁၆’ နှစ် ရှိပြီ။

# သတင်းနဲ့မှတ်ချက်

ဘယ်တော့ပြီးမလဲဆိုတာ
မခန့်မှန်းနိုင်သေးဘူး။
လမ်းပြမြေပုံအရဆိုရင်
သွားရမယ့်ခရီးက ဝေးသေးတယ်။
ပြည်သူကလည်း လက်မခံဘူး။
ဒါကြောင့် ကြာလိမ့်မယ်။ ဆောက်ဖြစ်မှ
ကျောင်းဒကာလို့ သဘောထားရမှာပဲ။
(၂) တချိန်က စတုတ္ထနိုင်ငံတော်
တည်ထောင်သူလို့ပြောကြတဲ့
ဗိုလ်ချုပ်အောင်ဆန်းကိုတော့
သန်းရွှေစစ်အုပ်စုက ပယ်ချလိုက်ပြီ။
နေပြည်တော် မြို့တော် (ကြက်ပြေး) မှာ
ဗိုလ်ချုပ်အောင်ဆန်းရုပ်တု
မပါတော့ဘူး။ ရန်ကုန်ကို
မြို့တော်လုပ်ထားရင် ဗိုလ်ချုပ်ရုပ်တုကို
ဖြိုချရမယ်။ လူထုကခံမှာ မဟုတ်ဘူး။
ဒါကြောင့် ကြက်ပြေးကို ပြေးတယ်။
မြို့တော်သစ်တည်ပြီး စတုတ္ထနိုင်ငံတော်
တည်ထောင်သူ
သန်းရွှေဖြစ်ချင်နေတာပဲ။
တကယ်လို့
နောက်ပေါက်စစ်ဗိုလ်ကလေးတွေကို
သန်းရွှေက ရှာရှာဖွေဖွေ
အာဏာလွှဲပေးနိုင်ခဲ့ရင်
အခြေခံဥပဒေသစ်တခု ရေးဆွဲအတည်ပြု
ပေးနိုင်ခဲ့ရင် သန်းရွှေရဲ့ရုပ်တု
အနော်ရထာ၊ ဘုရင့်နောင်၊
အလောင်းဘုရားတို့ရဲ့ဘေးမှာ
(သန်းရွှေသေပြီးနောက်) ပေါ်လာမှာပဲ။
(၃) ဖြစ်ချင်တာနဲ့ ဖြစ်နေတာ
အဟပ်မညီဘူးဆိုတာကို
သန်းရွှေရောသူ့လူတွေပါ သိကြပါတယ်။
ဒါကြောင့်ပဲမရဲတရဲ
သွေးတိုးစမ်းနေတာပါ။
"ကြက်ပြေးမြို့တော်" မှာ
သတင်းစာရှင်းလင်းပွဲ တခါမှ
မလုပ်သေးပါဘူး။ NLD ကို
မတရားသင်း မကြေညာဝံ့သေးပါဘူး။
"၈၈ မျိုးဆက်လူငယ်" တွေကို
အပြတ်မကိုင်ဝံ့သေးပါဘူး။ သွေးတိုးစမ်းနေဆဲပါ။ NLDကို
ဆက်ပြီးဖြိုခွဲနေလိမ့်ဦးမယ်။ ပြည်ပပြေးဖို့လမ်းကို
ဆက်ပြီးဖွင့်ပေးနေလိမ့်ဦးမယ်။ "၂၁ ရာစု မျိုးဆက်သစ်"
မပေါ်အောင် ဆက်ပြီးလုပ်နေလိမ့်ဦးမယ်လို့
တွက်ဆရပါတယ်။ သန်းရွှေတို့ စိတ်ကူးကို
ပြည်တွင်းအခြေအနေနဲ့
ပြည်ပအခြေအနေက ဘယ်တော့မှ
ခွင့်ပြုမှာ မဟုတ်ပါဘူး။ ။

• • • • • • • • • • •

**ကျဉ်းပြီးရင်းကျဉ်းလာတဲ့**
**ဒီမိုကရေစီစည်းဝိုင်း**

NLD တွေ SNLD တွေ
'နုတ်ထွက်တာ' များလာတယ်။ ပြည်ပထွက်တာလည်း
ရှိလာတယ်။ နောင်မှာ 'တစည' တွေ 'နုတ်ထွက်' တာ
ဖြစ်လာမလား စဉ်းစားမိတယ်။

လွတ်လပ်ရေးရပြီးပြီးချင်း ကွန်မြူနစ်အတွက်
ဒီမိုကရေစီစည်းဝိုင်းက ပျောက်သွားတယ်။
ဝန်ကြီးချုပ်ဦးနုက "ဒီမိုကရေစီစည်းဝိုင်း" ထဲ
ဝင်လာပါလို့ ခေါ်တယ်။ ပြည်သူ့ရဲဘော်တွေ
စည်းဝိုင်းထဲဝင်သွားတယ်။ နောက်တော့ နေဝင်းက
"ဆိုရှယ်လစ်ဒီမိုကရေစီ" စည်းဝိုင်းပဲထားပြီး
တခြားစည်းဝိုင်းတွေကို ကျဉ်းပစ်လိုက်တယ်။ ဖဆပလ၊
ပထစ၊ ပမညတ တွေစည်းဝိုင်းထဲတချို့ စည်းပြင်မှာတချို့
ရောက်ကုန်တယ်။ "ဆိုရှယ်လစ် ဒီမိုကရေစီစည်းဝိုင်း"
ထဲ ရောက်သူကလည်း အမျိုးမျိုးပဲ။ တချို့ကို
မဆလပါတီမှာ ဗဟိုကော်မတီအထိ နေရာပေးတယ်။
တချို့ကို 'မိတ်ဆွေ' စည်းထဲ ထည့်ထားတယ်။

ဦးနု၊ ဗိုလ်လက်ျာတို့ကတော့
စည်းပြင်ရောက်ရုံမက ပြည်ပရောက်သွားတယ်။

အခုလည်း လာပြန်ပြီ။
"စည်းကမ်းရှိတဲ့ဒီမိုကရေစီ" စည်းဝိုင်းတဲ့။
အဲဒီစည်းဝိုင်းထဲမှာ ဘယ်သူတွေပါနေသလဲ။ 'ညောင် ၂
ပင်'မှာ စည်းကမ်းရှိနေကြတယ်။ NLD , SNLD
တို့ကတော့ ပါလို့မရဘူး။ အဲဒီ 'စည်းဝိုင်း' က
သိပ်ကျဉ်းတယ်။ ကြိုးစင်ပေါ်က ကြိုးကွင်းလောက်ပဲ
ကျယ်တယ်။ တစည ပါတီတောင် အဲဒီစည်းဝိုင်းထဲ
ရေရှည်ပါနေဖို့ ခက်လိမ့်မယ်ထင်တယ်။ ကိုယ့်ကိုယ်ကို
နိုင်ငံရေးသကြောင်းကြံတဲ့သူမှပဲ အဲဒီစည်းဝိုင်းထဲ
ဝင်ကြလိမ့်မယ်။ ။

• • • • • • • • • • • • • • •

## သတင်းနဲ့မှတ်ချက်

### သန်းရွှေရဲ့ခြေလှမ်း သတိပြု

ဗိုလ်ကျော်ဆန်းက ကျိုင်းတုံ ဘိန်းမီးရှို့ပွဲမှာ NLD ကို တဖက်သတ် စွဲချက်တင်တယ်။ သန်းရွှေကလည်း ကြက်ပြေးနေပြည်တော်ကနေ ထွက်လာပြီး “ဒီမိုကရေစီကို ပါးစပ်နဲ့ထူထောင်လို့မရဘူး” လို့ မိန့်ခွန်းချွေတယ်။ NLD ရဲ့ “တံခါးခေါက်နည်းပရိယာယ်” ကို တုံ့ပြန်ချိန်ရောက်ပြီဆိုပြီး သူတို့ထွက်လာကြတာပဲ ဖြစ်တယ်။ NLD က ကမ်းလှမ်း လာတာကို ပထမတော့ ဥပေက္ခာနည်းပရိယာယ်နဲ့ပဲ ရေငုံနှုတ်ပိတ် နေခဲ့တာပဲ။ ဒါပေမဲ့ သူတို့တပ်ထဲမှာ မငြိမ်ဘူး။ နိုင်ငံရေးအတွေးအခေါ် ရှုပ်တယ်။ NLD ရဲ့ ကမ်းလှမ်းချက်ကို သဘောကျသူတွေ ရှိတယ်။ ဥပေက္ခာပရိယာယ်နဲ့နေရင် နိုင်ငံရေးခံစစ် ဖြစ်တော့မယ်ဆိုတာ ရိပ်မိလာလို့ ဗိုလ်ကျော်ဆန်းကို ထွက်ပြောခိုင်းတယ်။ သန်းရွှေကိုယ်တိုင်လည်း ထွက်ပြောလာရတာပဲ။

‘ဒီပဲယင်း’ မတိုင်မီက အခြေအနေနဲ့ အတော်ကလေး တူနေတာ သတိပြုမိတယ်။ ‘ဒီပဲယင်း’ မတိုင်မီကလည်း ဗိုလ်စိုးဝင်းတို့လိုလူတွေနဲ့ ကြံ့/ဖွံ့ တာဝန်ခံတွေကို NLD နဲ့ မဆွေးနွေး မစေ့စပ်ဘူးဆိုတာ ထွက်ပြောခိုင်းတယ်။ သန်းရွှေကိုယ်တိုင်က တပ်တွေကိုလှည့်ပြီး စည်းရုံးဗိုလ်ဝင်ခံတာ လုပ်ခဲ့တယ်။

အခုလည်း အဲဒီလုပ်နည်းလုပ်နေတာပဲ။ သန်းရွှေက ဗိုလ်တွေရဲ့ အလေးပြုမှုကို ခံတယ်။ တပ်တွင်းအိမ်ထောင်သည် ဗိုလ်ကတော်၊ အကြပ်ကတော်တွေရဲ့ လက်အုပ်ချီ ကန်တော့ခံတယ်။

‘ဒီပဲယင်း’ မတိုင်မီနဲ့ မတူတာကလေးကတော့ သန်းရွှေရဲ့ မီးဖိုချောင်ကက်ဘိနက် ဒီတခါ ပါမလာတာပဲ။

• • • • • • • • • • • • • • • • • • • •

### တံတားဖွင့်ပွဲများ

ကျွန်ုပ်တို့ရဲ့ ဦးထင်ပေါ် (ဗိုလ်ခင်ညွန့်) မရှိကတည်းက ဖွင့်ပွဲတွေကို သန်းရွှေကိုယ်တိုင် ဖွင့်ပေးနေတာ တွေ့ရတယ်။ ဟိုတုန်းကတော့ ဒီအလုပ်ကို ဗိုလ်ခင်ညွန့်ပဲ လုပ်လေ့ရှိတယ်။ အဲဒီလိုလုပ်တော့ ဗိုလ်ကတော်ချင်း ဂုဏ်တုဂုဏ်ပြိုင်ဖြစ်တာ ပိုများတာပေ့ါ။

ဦးထင်ပေါ် မရှိကတည်းက ဖွင့်ပွဲတွေကို သန်းရွှေပဲ တက်လေ့ရှိတယ်။ တခြားဗိုလ်တွေက တတ်နိုင်သမျှ ရှောင်ကြတယ်။သန်းရွှေအကြောင်း သိကြလို့ ဖြစ်မှာပေ့ါ။

ဗိုလ်ထွန်းကြည်၊ ဗိုလ်ကျော်ဘတို့ အရာကျတုန်းက သတင်းတခု (ဗကပသိအောင်) လွှင့်လာတာရှိတယ်။ နဝတ လူသတ်ပွဲတွေမှာ တရားခံအစစ်ဟာ သန်းရွှေပဲတဲ့။ သူပဲလက်ရဲဇက်ရဲ လူသတ်ခိုင်းတာပဲတဲ့။ ဟုတ်နိုင်ပါတယ်။ အခု သန်းရွှေအတွင်းစည်းဝိုင်းမှာ ဝန်းရံနေသူတွေဟာ ဟိုတုန်းက သန်းရွှေအမိန့်နာခံပြီး လုပ်ခဲ့ကြတဲ့ အရာရှိငယ်တွေချည်းပဲ။ ဗိုလ်ထွန်းကြည်ရဲ့ မန္တလေး၊ ဗိုလ်ကျော်ဘရဲ့ မြစ်ကြီးနား၊ ဗိုလ်မောင်အေးရဲ့ တောင်ကြီးမှာ သွေးချောင်းစီး လူသတ်ပွဲတွေ သိပ်ပြီးမဖြစ်ခဲ့ဘူး။ ရန်ကုန်မှာပဲ ဖြစ်ခဲ့တာများတယ်။ သန်းရွှေဟာ အာဏာလောဘကြီးတယ်။ သွေးအေးအေးနဲ့ ရန်လုပ် သတ်ဖြတ်တတ်တယ်။ ထင်ပေါ်မှုကို သိပ်မကြိုက်ဘူး။ ဒါပေမဲ့ ဦးထင်ပေါ်မရှိတော့ တခြားဗိုလ်တွေကလည်း သူ့အကြောင်းသိပြီး ရှောင်ကြတော့ ဖွင့်ပွဲတွေ သူပဲတက်ပြီးဖွင့်နေတယ်။ ကမ္ပည်းကျောက်စာကို ဘယ်လိုရေးသလဲတော့ မသိရဘူး။ ဗိုလ်ခင်ညွန့်တုန်းကလိုပဲ ရေးသလား၊ ဗိုလ်ခင်ညွန့်တုန်းကတော့ သတင်းစာမှာ ပါလေ့ရှိလို့ သိရတယ်။

တခြားတိုင်းပြည်တွေတော့ မပြောတတ်ဘူး။ ဗမာပြည်မှာတော့ ကတော်တွေရဲ့လှုပ်ရှားမှုကိုကြည့်ပြီး အာဏာရ အဝန်းအဝိုင်းအတွင်းက

## သတင်းနဲ့ မှတ်ချက်

အခြေအနေကို သိရလေ့ရှိတယ်။ ဖဆပလ ကွဲတော့မယ်ဆိုတာ ဦးနုကတော်၊ ကျော်ငြိမ်း ကတော်တို့ရဲ့ လှုပ်ရှားမှုကြည့်ပြီး သိနိုင်တယ်။ နအဖ အတွင်း အခြေအနေကို ဗိုလ်ကတော်တွေရဲ့ လှုပ်ရှားမှုကို ကြည့်ပြီး အကဲခတ်ရင် သိပ်မမှားနိုင်ပါဘူး။ ။

● ● ● ● ● ● ● ● ● ● ● ●

**ရှုပ်ပါတယ်ဆိုမှ ကောက်ရိုးမွှေ့လာပြန်တဲ့ စဉ်းစားနည်း။**

ဇာဂနာရဲ့ ပြောင်မြောက်တဲ့ ပြက်လုံးတွေ အစောကြီးကတည်းက ကြားနေရတယ်။ မန္တလေးက အငြိမ့်ပြက်လုံးတွေလည်း ကြားနေရတာပဲ။ အနုပညာဟာ သိပ်ပြီးပြန့်လွယ်တယ်။ အနုပညာမှာ ဝါဒဖြန့်ချိရေးတန်ဖိုး လှုံ့ဆော်ရေးတန်ဖိုးသာ ရှိတာမဟုတ်ဘူး။ စည်းရုံးရေး တန်ဖိုးလည်းရှိပါတယ်။

ဘီဘီစီကို 'ဗျူး' ထားတာက ပြေလကပဲ။ မေလထဲကျမှ အရေးယူတယ်ဆိုတော့ နအဖ ဟာ တစိမ့်စိမ့်ကြောက်ပြီး လုပ်လိုက်ပုံပဲ။

'ဇာဂနာ'က 'ထိုင်ဝမ်' မြေပုံကိစ္စ အကြောင်းပြတာကတော့ ကြောင်တယ်တဲ့။ ကျွန်တော်တို့ အထင်ကတော့ သန်းရွှေတို့ကို ယောအတွင်းဝန်က 'မြင်းထိန်းတော' ကို တောင်းပန်သလို တရုတ်က တောင်းပန်ချင်လို့မယ်ထင်တယ်။ 'ဖား' ချင်တာလည်း 'ပြာ' လို့ ဖားပုံကလည်း 'ချာ' လို့။

တရုတ်နဲ့ အမေရိကန်ကြားမှာ ထိုင်ဝမ်ကိစ္စက သော့ချက်ကိစ္စပါ။ မော်စီတုန်း၊ ချီအင်းလိုင်းတို့ နစ်ဆင်၊ ကစ်ဆင်ဂျာနဲ့ ဆွေးနွေးတုန်းကလည်း ဒီကိစ္စပဲ ၂ ဘက်လုံးက အရေးတကြီးဆွေးနွေးတာပဲ။ ကိုရီးယားစစ်ပွဲ (၁၉၅၀) တုန်းက တရုတ်က တပ်ကြီးလွှတ်ပြီး ထွက်တိုက်ရတာလဲ ထိုင်ဝမ်ကိစ္စပဲ။ တရုတ်က ဂျပန်ကိုနာကြည်းတာလည်း ထိုင်ဝမ်ကိစ္စပဲ။ အခုလည်း 'ထိုင်ဝမ်ကိစ္စ'က တရုတ် အမေရိကန် ဆက်ဆံရေးမှာ မထိခလုတ်ပဲ။

အနုပညာသည် တယောက်ကို ဖိနှိပ်တာမှာ 'ထိုင်ဝမ်ကိစ္စ'ကို ထည့်ပြောတယ်ဆိုတော့ 'ကြက်ဦးနှောက်' တောင်မကတော့ဘဲ 'ကမြင်းနီဦးနှောက်' လို့ ပြောရမလိုဖြစ်နေပြီ။

- ဗမာပြည်ဟာ ASEAN အဖွဲ့ဝင်ဖြစ်တယ်။
- ဗမာပြည်ဟာ အိန္ဒိယ တရုတ်ကြားက နိုင်ငံဖြစ်တယ်။
- ဗမာပြည်ဟာ အိန္ဒိယသမုဒ္ဒရာပေါ် မေးတင်နေတဲ့ နိုင်ငံဖြစ်တယ်။

အဲဒီလို နိုင်ငံမျိုးမှာ တရုတ်နဲ့ အမေရိကန် ထိပ်တိုက်တွေ့ဖို့ (အခုအခြေအနေအရ) မရှိဘူး။ ဗမာပြည်ကိစ္စက ထိုင်ဝမ်ကိစ္စနဲ့ မတူဘူး။ ထိုင်ဝမ်က တရုတ်ပြည်ရဲ့ ပိုင်နက်ကိစ္စ၊ အမေရိကန်နဲ့ တရုတ်ကြားကကိစ္စ၊ ထိုင်ဝမ်နဲ့ ပတ်သက်ပြီး အမေရိကန်အစိုးရတွေ (ရုစဗဲ့ကစပြီး ဘုရှ်အထိ) ကတိတွေအများကြီး ပေးထားရတဲ့ကိစ္စဖြစ်တယ်။ ကတိတည်ပါလို့ အမေရိကန်ကို တရုတ်က သတိပေးနေရတာပဲ။ အဲဒီ မတူတဲ့ကိစ္စ ၂ ခုကို ဆွဲစပ်ပြီး 'ဇာဂနာ' ကို အရေးယူတယ်ဆိုတော့ လွန်တာပေါ့။ 'ကမြင်းနီဦးနှောက်' လို့ ဒါကြောင့်ပြောရတာပဲ။

တရုတ်ကလည်း ကျေးဇူးတင်မယ် မထင်ဘူး။ ကုလသမဂ္ဂတို့ တရုတ်တို့ အိန္ဒိယတို့ အာဆီယံတို့က ဗမာပြည်ကိစ္စကို "ရှုပ်ရတဲ့အထဲ ကောက်ရိုးမွှေ့လာတဲ့ကိစ္စ" လို့ ထင်ကြတာပဲ။

သန်းရွှေတို့ ကိုယ့်ကိုယ်ကို ဟုတ်လှပြီ လည်လှပြီ မထင်ပါနဲ့။ ကုလသမဂ္ဂက ကိုယ်စားလှယ်လွှတ်နေတာ တရုတ် အိန္ဒိယ အာဆီယံက ကြိတ်ပြီးဖျောင်းဖျတာတွေဟာ "မောင်မင်းကြီးသားများ ကောက်ရိုးမွှေ့မလာပါနဲ့" ဆိုပြီး မြန်မြန်ကိစ္စပြီးအောင် လုပ်စေချင်လို့ပါ။

ထိုင်ဝမ် ဖဲချပ်ကိုင်ပြီး တရုတ်နဲ့ အမေရိကန်ကို

ထိပ်တိုက်တွေ့ပေးလိုက်နိုင်ပြီလို့ ထင်နေကြရင်တော့ – ကြောင်တာသာ မဟုတ်ဘူး။ မိုက်တာပဲ ဖြစ်တယ်။ ။

● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●

**သတင်းနဲ့မှတ်ချက်**

**အမေရိကန်ရဲ့ အီရန်ဒုက္ခ**

အီရန်ကို ဘယ်လိုဆုံးမရမလဲ ဆိုတာမှာ အမေရိကန်အစိုးရ အကျပ်တွေ့နေတယ်။ ဒီလောက်တောင်ခေါင်းမာပြီး ပြောမရရင် အနုမြူဗုံးအသေးစားနဲ့ အီရန်ရဲ့ အနုမြူစွမ်းအင်ထုတ်လုပ်ရေး စက်ရုံတွေကို ဖျက်ဆီးပစ်လိုက်ဖို့အထိ ဒုသမ္မတချေနီတို့အုပ်စုက စဉ်းစားနေတယ်လို့ ကြားရတယ်။ စစ်ဦးစီးများအဖွဲ့က သဘောမတူဘူးလို့ ဆိုတယ်။ သမ္မတဘုရှ်ကလည်း မလုပ်ဝံ့ဘူးလို့ ဆိုတယ်။ အီရတ်နဲ့ပဲ 'အီ' နေတာ ထပ်ပြီး အီရန်ကို ရန်မရှာဝံ့ဘူး။ အီရန်က လူဦးရေများတယ်။ ပြီးတော့ စာနာသူတွေ များတယ်။ ရုရှားပူတင်ကဆိုရင် "ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်တိုင်းပြည်မဆို၊ အီရန်လည်း အပါအဝင်၊ အဆင့်မြင့်နည်းပညာကို အသုံးပြုပြီး ကိုယ့်ဖွံ့ဖြိုးမှု ကိုယ်ရှာနိုင်တယ်" လို့ အတိအလင်းပြောနေတယ်။ ဒါဟာ အမေရိကန်ကို အီရန်ကို စစ်မတိုက်နဲ့လို့ ဟန့်လိုက်တာပဲ။

စစ်အေးလွန်ခေတ်က ကုန်နေပါပြီ။ အမေရိကန် တကိုယ်တော်ရမ်းနိုင်တဲ့ခေတ် မရှိတော့ဘူး။ နီယိုကွန် (neo - con) တွေ ထင်တိုင်း မလုပ်ဝံ့ပါဘူး။ ဘုရှ်ရဲ့သမ္မတသက်တမ်းက ကုန်တော့မှာပါ။

အမေရိကန်နဲ့တွဲပြီး မိုက်ဝံ့တဲ့နိုင်ငံလည်း မရှိပါဘူး။ အစ္စရေးလ်က သူ့ဒုက္ခနဲ့သူမို့ နည်းနည်းမိုက်ချင်တာပါ။ ဗြိတိန်၊ ဂျပန် ဒီလောက် မမိုက်ဝံ့ပါဘူး။ အီရန်မှာ ကြုံနေတဲ့ ဒုက္ခက အမေရိကန်အတွက် အတော်ကလေး ရေရှည်နေမှာပဲလို့ တွက်နိုင်ပါတယ်။

ကုလလုံခြုံရေးကောင်စီ (UNSC) ထဲ ဗမာပြည်ကိစ္စ ရောက်သွားရင် သိကြားမင်း ဆင်းကယ်တဲ့ကိန်းဆိုက်မယ်လို့ ထင်နေသူများ စဉ်းစားဆင်ခြင်နိုင်ဖို့ပါ။ 'ဘိုးဘိုးအောင်နဲ့ စကြာမင်းမျှော်တဲ့ကိန်း' ပဲ ဆိုက်ဖို့ ရှိပါကြောင်း။

● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●

# ပြည်တွင်းသတင်းသုံးသပ်ချက်



"နအဖ လေ့ကွဲကြီး"

၂၀၀၅ ခုနှစ်မကုန်မီ သတင်းစာထဲမှာ 'အစဉ်တိုးတက်လျက်ရှိသော မြန်မာ နိုင်ငံ၏ ......... ကဏ္ဍ' ဆိုပြီး နေ့စဉ်ရက်ဆက် ဖော်ပြလာပါတယ်။ ဝန်ကြီးဌာန အသီးသီးက ကိုယ့်ဌာနရဲ့ 'တိုးတက်မှု' ဆိုတာတွေ (အမိန့်အရ) စုဆောင်း တင်ပြကြရပုံပဲ။ အစဉ်တိုးတက်လျက်ရှိသော ကျန်းမာရေးကဏ္ဍ ဆိုတာမှာ ငှက်ဖျား၊ တုပ်ကွေး၊ HIV ရောဂါသည်ဦးရေ ဖော်ပြပေးတာ မတွေ့ရ။ (ဒါတွေပဲ တိုးတက်နေတာ မဟုတ်လား)

"ဗမာပြည်ဟာ မြင့်မားတဲ့တောင်တန်းကြီးများ ဝန်းရံနေတာကြောင့် ကြက်ငှက်တုပ်ကွေးကို ကာကွယ်ထားတယ်"လို့ မဆိုင်တဲ့ ဆရာဝန်မဟုတ်တဲ့ ကြံ့/ဖွံ့ အတွင်းရေးမှူးဆိုသူ ဝန်ကြီးက ပြောလို့မှမဆုံးသေးခင် ဗမာပြည်မှာ ဒီရောဂါတွေက ဖြစ်ပါရောလား။

လယ်ယာစိုက်ပျိုးဌာနရဲ့ ဖော်ပြချက်တွေထဲမှာလည်း စိုက်ပျိုးမြေကေတွေ တိုးချဲ့လာတဲ့ စာရင်းဇယားတွေ အထွက်နှုန်းတွေ အားရစရာကောင်းအောင် ဖော်ပြထားတယ်။ တဧက ၅၃ တင်းထွက်ရာက တင်း ၇၀ ဖြစ်လာတယ်။ (ခုတော့ ဆန်တပြည် ၁၀၀၀ ကျပ် ဖြစ်သွားလို့ ဆန်ကုန်သည်ကြီးတွေ အဖမ်းခံထိ ကုန်တယ်။ အောက်ခြေလူတန်းစားတွေကတော့ ထမင်းရည် တပုလင်း ၂၀၀ ကျပ် ပေးသောက်နေရပြီ။)

ဖော်ပြမထားတာက ထိုင်းကိုမြေငှားရတာ ဘယ်နှဧက၊ ဘင်္ဂလားဒေ့ရှ်ကို မြေငှားဖို့စကား စထားပြီး ပျက်သွားရတဲ့ ကိစ္စတွေပဲ။

တပ်မတော်အစိုးရလက်ထက် သစ်တောသစ်ပင် ဖွံ့ဖြိုးတိုးတက်မှုများကိုဖတ်ပြီး သစ်တောကို အမှီပြုနေရတဲ့ ပြည်သူတွေ မျက်စိထဲမှာတော့ ပြောင်တလင်းခါသွားတဲ့ မြေကွက်လပ်တွေ တောင်ကတုံးတွေကိုပဲ မြင်မိကြမှာပါ။ ခုတခါ 'မြန်မာ့ရွှေဖြူ ရိုးမကို လွှမ်းစေမည်' ဆောင်ပုဒ်ထုတ်ကာ ရော်ဘာပင်တွေ အစိုက်ခိုင်းပြန်ပြီ။ နှစ်ရှည်ပင်ဖြင့် သားစဉ်မြေးဆက် စီးပွားဖြစ်အောင် ...တဲ့၊ လက်တွေ့မှာတော့ တနိုင်ငံလုံး ကြက်ဆူပင်တွေပဲ မင်းမူနေတာ မြင်နေရပါတယ်။

စီးပွားကူးသန်းဝန်ကြီးဌာနရဲ့ ဖော်ပြချက်ထဲမှာတော့ အမြတ်တွေ ပိုငွေတွေ ဖော်ပြထားပါရဲ့။ ရတနာခတ်ငွေ့ရောင်းရငွေ နယ်စပ်ကုန်သွယ်ရေး စတာတွေအခြေပြုပြီး လုပ်ထားတာတွေပဲ ဖြစ်နေတယ်။

လက်တွေ့မှာတော့ လာဘ်ယူလာဘ်စားမှုနဲ့ အကောက်ခွန်ညွှန်ချုပ်အထိ အဆင့်ဆင့်အမှုထမ်းတွေ အဖမ်းခံရတာ ကုန်သည်ကြီးတွေ အစုလိုက်အပြုံလိုက် အဖမ်းခံကြရတာ တဖက်နိုင်ငံတွေဆီ ပြေးဝင်ခိုအောင်းကြရတာ တရုတ်၊ ထိုင်း နယ်စပ် ကူးသန်းရောင်းဝယ်ရေးတွေ ထိုးရပ်ကုန်ကြပြီး ကုန်ပစ္စည်းတွေ အဆမတန် ဈေးတက်ကုန်လို့ ပြည်သူတွေပဲ ဒုက္ခရောက်ကုန်ကြတာ

တွေ တွေ့ရတယ်။ (ပြည်သူတွေသိဖို့လိုတဲ့ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ အစဉ်တိုးတက်လျက်ရှိသော ဘက်ဂျက်ငွေစာရင်းကိုတော့ ဖော်ပြထားတာ မတွေ့ရ။ ဘက်ဂျက်တခုလုံးရဲ့ ၄၂% အထိရှိတယ်လို့ ပြင်ပမီဒီယာတွေကတော့ ပြောကုန်ပြီ။

တကယ်ဝန်ကြီးဌာနအားလုံးမှာ တိုးတက်နေတာက သူတို့လုပ်ငန်းတွေမဟုတ်၊ ပြုတ်သူတွေပြုတ်ကုန်ကြပြီ နောက်လူတွေက 'တိုး' ဝှေ့ပြီး 'တက်' နေတာပဲဖြစ်တယ်။)

ဩဂုတ်လ ၂ ရက်နေ့မှာ ထိုင်းဝန်ကြီးချုပ် ဆိုင်းမဆင့်ပုံမဆင့် တရက်ခရီး နေပြည်တော်ကြက်ပြေးဘက် ရောက်လာတာနဲ့ ချိန်ကိုက် ထိုင်း PTT ရေနံကုမ္ပဏီက သူတို့ကန်ထရိုက်ရထားတဲ့ ဗမာ့ကမ်းလွန်ရေပိုင်နက်ထဲမှာ ရေနံသိုက်တခု ရှာဖွေတွေ့ရှိထားကြောင်း ကြေညာလိုက်ပါတယ်။ တရုတ်၊ အိန္ဒိယတို့နဲ့အပြိုင် သဘာဝဓာတ်ငွေ့တွေ ဝယ်မယ်လို့လည်း ထိုင်းဘက်က ပြောထွက်လာပါတယ်။

စစ်ပြီးခေတ် ကျောင်းစာတွေထဲမှာ 'စိနဖရဲသီးကို ခွဲဝေစားသောက်ကြခြင်း' ဆိုတဲ့ ခေါင်းစဉ်တခုနဲ့ စာသင်ခဲ့ရဖူးတယ်။ ခုတော့ ဗမာ့ပင်လယ်ပြင်က ရေချိုတွင်းတွေကို (ငွေပေးပြီး) ခွဲဝေ သောက်သုံးကြခြင်းလို့ ခေါင်းစဉ်တပ်ရမလားပဲ။

နောက်တခါ 'ပြည်ထောင်စု' နေ့နဲ့ချိန်ကိုက်ပြီး ထုတ်လိုက်ဟန်ရှိတဲ့ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကချင်ပြည်နယ် (၈ – ၂ – ၂၀၀၆) ဆိုပြီး ပြည်နယ်နဲ့တိုင်းအလိုက် အဆဲခံရမယ့်စာရင်းတွေ ဆက်တိုက်ထုတ်လာပြန်တယ်။ ဒီစာရင်းတွေကိုတော့ တိုင်းမှူးတွေက ကြီးမှူးပြုစုပေးရပုံပဲ။

KIA ၅ ယောက်နဲ့ ကချင်အရပ်သားတယောက် အသတ်ခံရလို့ သွေးမှမခြောက်သေးခင် ကြွားလာတာမို့ ကချင်အမျိုးသားတွေ ဘယ်လောက်တောင် ခံစားကြလေမလဲ။

လာပြန်သေးတယ်။ **<u>"ဒေသခံတိုင်းရင်းသား ပြည်သူများ တစိတ်တဝမ်းတည်း ပူးပေါင်းလက်တွဲကြိုးပမ်းအားထုတ်မှုကြောင့် ...... ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ဒေသခံတိုင်းရင်းသား ပြည်သူများကိုယ်တိုင်ကိုယ်ကျ ခံစားနေကြရပြီ"</u>** ... တဲ့။

အလားတူတိုက်ပွဲ အဆက်မပြတ်ဖြစ်နေတဲ့ ကယားပြည်နယ်၊ သေနတ်သံပြန်မြည်နေတဲ့ ကရင်ပြည်နယ် ဖွံ့ဖြိုးမှုအကြောင်း ရက်ဆက် ဖော်ပြလာခဲ့တယ်။

ချုပ်လိုက်ရင်တော့ ဤ "တိုးတက်လာသော ...... ကဏ္ဍတို့/ပြည်နယ်တို့" ဖော်ပြလာတာမှာ ဘယ်သူအမြတ်ရသလဲ၊ မီဒီယာကို မီဒီယာနဲ့တိုက်ရမယ်ဆိုတဲ့ ဗိုလ်ကျော်ဆန်းရဲ့ အောင်ပွဲလား။ လက်တွေ့အရတော့ အတိုက်အခံနိုင်ငံရေးအဖွဲ့အစည်းများက လှုံ့ဆော်စရာမလိုလောက်အောင် တိုင်းရင်းသားပြည်သူတွေ ဒေါပွစေမယ့် ဝါဒဖြန့်ချက်များသာ ဖြစ်တာမို့ သူတို့ပဲ ရှုံးပါတယ်။

## လစာနှုန်းသစ်များ

စားကုန်သောက်ကုန် လူသုံးကုန်ပစ္စည်းတွေ ဒလကြမ်းဈေးတက်လာပေမယ့် ဝင်ငွေက အမီမလိုက်နိုင်လို့ ပြည်သူတွေဒုက္ခရောက်နေချိန်မှာ တိုးတက်၊ ငွေရနေသူတွေ ရှိပါသေးတယ်။

ဒါကတော့ မတ်လ ၂၄ ရက်နေ့ကစပြီး တပ်မတော်ဝန်ထမ်းအားလုံးရဲ့ လစာနှုန်းထားတွေ တိုးမြှင့်ပေးလိုက်ခြင်းဖြစ်ပါတယ်။ ၅ ဆ မှ ၁၂ ဆအထိ တိုးပေးတာပါ။ ရာထူးကြီးလေ အဆများလေပဲ။ ဗိုလ်သန်းရွှေ ၂၇ ရက်နေ့မှာ ပေးမယ့်မိန့်ခွန်းအကြိုရွှင်လန်းအားရစေဖို့နဲ့ တူပါရဲ့ –

ဗိုလ်ချုပ်မှူးကြီးက ၁၂ သိန်း ယူပါတယ်။ ဒုဗိုလ်ချုပ်မှူးကြီးကိုတော့ ၁၀ သိန်း ပေးပါတယ်။ 'ချုပ်' ပါတဲ့အထဲ အနိမ့်ဆုံးဗိုလ်မှူးချုပ်တွေကတော့ ၃ သိန်းစီရပါတယ်။ ဒါတွေက အောက်ဆိုက်ငွေရဲ့ အစွယ်အပွားလေးပါလို့ တွက်ပြသူက တွက်ပြတယ်။ လစာငွေ ၄ သိန်း ရတဲ့ တိုင်းမှူး ဗိုလ်ချုပ်အဖို့ ဒီလစာငွေဟာ ကလေးမုန့်ဖိုးပဲ ရှိပါတယ် ... တဲ့။

တပ်သားသစ်လစာက ၁၅,၀၀၀ ဖြစ်တယ်။ အရပ်သားဝန်ထမ်းတွေရဲ့ လစာတွေကို ဧပြီလမှာ တိုးပေးပါတယ်။ စစ်တပ်နဲ့ တပြေးတည်း တိုးမပေးပါ။ ရတဲ့လစာရဲ့ ၃ ပုံ ၁ ပုံ စုကြေးဖြတ်ပါတယ်။ ကုန်ဈေးနှုန်းအဆမတန် တက်တာနဲ့ဆိုတော့ ဒုံရင်း ဒုံရင်းပါပဲ။ အငြိမ်းစားတွေကို ထည့်မတွက်ပါဘူး။ သူတို့ကို သေလူတွေလို့ နအဖ က သဘောထားလို့ စည်းရုံးစရာမလိုတော့ဘူး ထင်လို့ပါ။ စစ်ပြန်တချို့ကိုလည်း အရိုးအရင်းပေးထားပြီးဖြစ်လို့ အငြိမ်းစားကို ထည့်မတွက်တာလဲ ဖြစ်မှာပါ။

## အမျိုးသားညီလာခံ – ဒီ/ချုပ် – ဒီမို ၂၀၀၆

ဒီ ၃ ခုက ဆက်စပ်နေပါတယ်။

**အမျိုးသားညီလာခံ**။ ၂၀၀၅ ခု ဒီဇင်ဘာမှာ တွင်း/၁ လုပ်သူက "အမျိုးသားညီလာခံကြီး တကြိမ်ထက်တကြိမ် လွယ်ကူချောမွေ့စွာ အောင်မြင်မှုများ ရရှိနေကြောင်း" ကြေညာသွားပါတယ်။ ဒါပေမဲ့ ဒီ့ထက်ချောမွေ့အောင်ထင်ပါရဲ့ တနှစ်လောက်ခွာပြီး နောက်တကြိမ် ကျင်းပဖို့ ရက်ချိန်းပေးသွားခဲ့တယ်။

စစ်အုပ်စုဟာ ကတိပေးတာလည်းရဲ – ကတိဖျက်တာလည်း ရဲတယ်ဆိုတာသိနေတဲ့ အာဆီယံက လောဆော်လာတော့မှ ၇၅% ပြီးပါပြီ ပြောလာတယ်။ တကယ်က သူတို့ဖွဲ့စည်းအုပ်ချုပ်ပုံကြီးက မပြီးတာမဟုတ် ကိုယ့်သမီးကညာကို ပွဲမထုတ်ရဲတာသာ ဖြစ်တယ်။

**ဒီ/ချုပ်။** နအဖမှာ အယူလွဲနေတာတခုက အာဏာရှိနေရင် ဘာမဆို လုပ်လို့ရတယ်လို့ ထင်နေတာပဲ။ ဒါကြောင့် NLD အဖွဲ့ဝင်တွေကို ဇွတ်နှုတ်ထွက်ခိုင်း၊ အတင်းဖမ်း၊ တချို့ကို ခြိမ်းခြောက် ... တချို့ကို အခွင့်အရေးပေးပြီး သိမ်းသွင်းကြည့်တယ်။ ထင်သလောက်ဖြစ်မလာ –

နောက်တခုက ဆန္ဒစွဲဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ပြည်သူတွေက မထောက်ခံတော့ဘူး။ လွှတ်ထားတောင် ဘာမှလုပ်နိုင်မှာ မဟုတ်ပါဘူးလို့ ရဲချုပ်က အာဆီယံမှာ ပြောချလိုက်တယ်။ ဒါဖြင့် ဘာလို့မလွှတ်သလဲ –

ပူညံပူညံ ဖြစ်လာတော့မှ တွင်း/၁ လုပ်သူက "လွှတ်လိုက်ရင် ဆူပူမှုတွေ ပြန်ဖြစ်မှာပဲ"... လို့ ဘရိတ်အုပ်လိုက်တာ တွေ့ရတယ်။

**ဒီမို ၂၀၀၆။** က ပြည်တွင်းလုပ်ငန်းကို ဇောင်းပေးတယ်။ ယူဂျီ (UG) ကလာပ်စည်းတွေဖွဲ့ပြီး အလုပ်လုပ်ဖို့ ဆော်ဩပြီး လုပ်ကိုင်နေတယ်။

အိုင်တီခေတ်မှာ ဘယ်ရောက်နေနေ ယူဂျီလုပ်လို့ရတယ်။ အလုပ်ဖြစ်တယ်။ ယူဂျီသာ ထွက်လမ်းပဲဆိုတာ ပိုပိုထင်ရှားလာတယ်။

ပြည်တွင်းမှာ လုပ်မရဘူးဆိုပြီး ထွက်လာသူတွေ ရှိတယ်။ ပြည်တွင်းမှာလုပ်မရဘူး ဆိုတာက ဖြောင့်တရားဝင် အိုဂျီ (OG) သာ လုပ်မရတာပါ။ ဆန္ဒသာရှိပါစေ ယူဂျီကတော့ လုပ်လို့ရပါတယ်။ ခုလုပ်နေကြပြီပဲ၊ လုပ်လို့ရတဲ့ ပုံသဏ္ဍာန်တွေ နည်းနာတွေကို ကြုံသလို မိတ်ဆက်ပေးနေတာ ရှိပါတယ်။ တီထွင်လုပ်ကိုင်နေကြတာလည်း တွေ့ရတယ်။

အိုဂျီလုပ်မရဘူးဆိုတာ တပိုင်းမှန်တယ်။ ဒီ/ချုပ် စီအီးစီ (CEC) လုပ်နိုင်တဲ့ခွင်က သိပ်ရှိလှတာ မဟုတ်ဘူး။ တကိုယ်တော် အာဏာဖီဆန်ရေး လုပ်တာတွေ ကောင်းပါတယ်။ ဒါပေမဲ့ တချို့တလေလောက်သာ လုပ်နိုင်တယ်၊ လှုံ့ဆော်မှုဘက်မှာ အကျိုးရှိတယ်။ လူထုနဲ့ချိပြီး လုပ်ဖို့ဆိုရင် ယူဂျီကပဲ လုပ်နိုင်တယ်။

ဒီ/ချုပ် ဦးလွင်က အချဉ်ပေါက်ပြီး 'ပြည်တွင်းလာလုပ်ကြည့်လှည့်' လို့ပြောတာဟာ သူတို့ရဲ့ အိုဂျီဘဝကို ထင်ဟပ်ပြီး ပြောလိုက်တာဖြစ်လို့ နားလည်နိုင်ပါတယ်။ စာနာပါတယ်။

**ဒေါက်တာဆလိုင်းထွန်းသန်းရဲ့ တိုက်ပွဲခေါ်သံ။** ကျွန်တော်တို့ အားရမိတယ်။ ကျောင်းသားတယောက်ရဲ့ အော်သံထက် ပါမောက္ခတယောက်ရဲ့ အော်သံက ပိုကျယ်ပါတယ်။ ဂယက်ရိုက်ခတ်မှု ပိုကြီးပါတယ်။ ဆူချင်ပူချင်လို့ လုပ်တာမဟုတ်ဘူး ... ဆိုတာ ရှင်းနေတယ်။ ရပ်တည်ချက်မှန်ရင် (ပြည်သူ့ဘက်က ရပ်တည်ရင်) အကျိုးသက်ရောက်မှု ပိုကောင်းပါတယ်။ ခေါင်းငုံ့ပြီး နာခံနေရတဲ့ ပါမောက္ခအယောက် (၁၀၀) ရဲ့ ရင်ခုန်သံထက် ကြွေးကြော်သံတက်တိုင်တဲ့ ပါမောက္ခတယောက်ရဲ့ လှုံ့ဆော်မှုက ပြည်သူကို ပိုထိရှစေပါတယ်။

သူရဲ့တိုက်ပွဲခေါ်သံဟာ အရပ်သားပြည်သူတွေသာမက ဝန်ထမ်းတွေ၊ တပ်မတော်တွင်းအရာရှိ၊ အရာခံ၊ အကြပ် တပ်သားတွေရဲ့ ရင်ကိုထိမှန်ခဲ့တယ်။ ရင်ခွင်ကျယ်တယ်။ စေတနာထားတယ် ... ဆိုတာပေါ်လွင်တယ်။

ခရစ်ယာန်ဘာသာဝင်တယောက် ဖြစ်သော်လည်း ဗုဒ္ဓဘာသာ ဆရာတော်သံဃာတော်များကို လျှောက်ထားပန်ကြားသွားတာဟာလည်း အမြင်ဘယ်လောက်ကျယ်တယ်။ နိုင်ငံ့အရေးကိုပဲ ဦးစားပေးတယ်ဆိုတာ ရှင်းတယ်။ ဘာသာရေးနဲ့ နိုင်ငံရေး ရောထွေးအမြတ်ထုတ်နေတဲ့ နအဖ ပါးကို ဘယ်ပြန်ညာပြန် ရိုက်ထည့်လိုက်တာပါပဲ။

ဆရာကြီးရဲ့ ခြေလှမ်းတွေ ဒီလောက်နဲ့ ရပ်မသွားဘူးလို့ တထစ်ချယုံတယ်။

## အာဆီယံ – ဂမ်ဘာရီနှင့် ကုလလုံခြုံရေးကောင်စီ

**အာဆီယံ –** ဗိုလ်ခင်ညွန့်ဦးဆောင်မှုနဲ့ အာဆီယံထဲ ဝင်ခွင့်ရခဲ့တယ်။ ရွှေထုပ်ကြီး ကောက်ရသလို ဝမ်းသာကြပုံ ပေါ်တယ်။ တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး သွင်ပြင်တွေ ချက်ချင်းကြီး တိုးတက်ပြောင်းလဲ သွားတော့မယ့်ပုံစံ ဝါဒဖြန့်ခဲ့ကြတယ်။

မြန်မာ့အသံမှာ အာဆီယံကဏ္ဍဆိုပြီး အပတ်စဉ် ကြေညာမိတ်ဆက်ပေးနေတာ ခုအထိပါပဲ။ သီချင်းဆိုသူကဆို၊ အာဆီယံ အကြောင်း သိကောင်းစရာ မေးဖြေလုပ်သူကလုပ်နဲ့ – ခုတော့ ဒီအစီစဉ် ပိတ်ရမလို ဖြစ်နေပါပကော ...

အပြုသဘော ဆက်ဆံရေးနဲ့ သည်းခံပေါင်းလာတဲ့ အာဆီယံ စိတ်မရှည်နိုင်တော့ပါ။ အရင်လို အကာအကွယ် မပေးနိုင် တော့ဘူး ဖြစ်လာတယ်။

အာဆီယံ အလှည့်ကျသဘာပတိ မလေးရှားက နိုင်ငံခြားရေးဝန်ကြီး ဟာမစ်အယ်လ်ဘာ ဗမာပြည်လာတယ်။ ဖျောင့်ဖျ လို့များ ရလေမလား အောက်မေ့ပြီး လာတဲ့ခရီးစဉ်– နအဖက အာဆီယံကိုယ်စားလှယ်အဖြစ် အသိအမှတ်မပြု၊ မြန်မာ – မလေး ချစ်ကြည်ရေး ခရီးလို့သာ ဖော်ပြပြီး လမ်းလွှဲပစ်လိုက်တယ်။ နံပါတ်ဝမ်း ဗိုလ်သန်းရွှေ ထွက်မတွေ့... နံပါတ် ၄ စိုးဝင်းနဲ့တွေ့စေ – ဌာနချုပ် ခေါင်းဆောင်များ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်မပြု ...

ဒါကြောင့် စိတ်ကောက်ကာ ခရီးစဉ်ကို တရက်စောပြီး မတ် ၂၅ ရက်မှာ ပြန်ထွက်သွားပါတော့တယ်။ သူ့ခရီးစဉ် မအောင်မြင်ကြောင်း ဝန်ခံပြောကြားခဲ့တယ်။

ကုလလက်ထောက်အတွင်းရေးမှူးချုပ် ဂမ်ဘာရီကို တိတ်တိတ်ကျိတ်ဖိတ်တယ်။ ဗိုလ်သန်းရွှေ ဆင်းတွေ့တယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ပြုတယ်။ ဒီချုပ်စီအီးစီ (CEC) နဲ့လည်း တွေ့ခွင့်ရခဲ့တယ်။

ဒါကဘာကိုပြသလဲ – "အာဆီယံ ဟန်ရေးပြမနေနဲ့၊ ဘက်မတန်ဘူး၊ အနည်းဆုံး ကုလနံပါတ် (၂) လောက်နဲ့မှ ဆေးဖော် ကြောဖက်လုပ်မယ်" ဆိုတဲ့သဘောပဲ။ (ရာဇာလီကတော့ ဇန် ၈ ရက်ကတည်းက ဘိုင့်ဘိုင်လုပ်သွားခဲ့ပြီ)

ဂမ်ဘာရီကိစ္စကြောင့် အာဆီယံဘက်က ဆတ်ဆတ်ခါဖြစ်သွားတယ်။ ချိုးပြော – မိုးပြော ပြောလာတယ်။ အနောက် မီဒီယာတွေနဲ့ ကိုယ့်မီဒီယာတွေက ဗမာပြည်အရေး "ကျွမ်းကျင်သူ" နိုင်ငံခြားသား၊ ကိုယ့်နိုင်ငံသား၊ "နိုင်ငံရေးပုရောဟိတ်" များဘက် စကားပြောမက်ခွက် ထိုးပေးလိုက်တယ်။ အာဆီယံနှစ်ပတ်လည် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ အပြတ် ဆော်တော့မလိုလို၊ တချို့က ကုလသမဂ္ဂလုံခြုံရေးကောင်စီဆီ တွန်းပို့ရမယ် ပြောသူပြောနဲ့ ပွဲစည်လာပါတယ်။

ကမ္ဘာ့ဖလားပွဲကြီးလည်း ပြီးသွားပြီ၊ အာဆီယံနှစ်ပတ်လည် အစည်းအဝေးကြီးလည်း ပြီးသွားခဲ့ပါပြီ။ ကမ္ဘာ့ဖလားကိုတော့ ၈ လေး ၁ လေးသာ ခန့်မှန်းထားတဲ့ အီတလီက ရသွားပါတယ်။ ဗမာပြည်သား အားကစားကလောင်ရှင်တွေက "ဘောလုံးဆိုတာ အလုံးကြီးပဲ၊ လိမ့်ချင်ရာ လိမ့်ဝင်နိုင်တာပဲလေ" လို့ နိဂုံးချုပ်ပေးကြတယ်။

အာဆီယံနဲ့ ဗမာပြည်ကိစ္စမှာကျတော့ "ပုရောဟိတ်" များကတော့ မလျှော့သေး၊ တရုတ် – အိန္ဒိယတို့ကို ဖိအားပေး ခိုင်းရမယ်လို့ လမ်းညွှန်ချက် ဆက်ပေးကြပါတယ်။

ဘာပဲဖြစ်ဖြစ် အာဆီယံကိစ္စကလည်း ကိစ္စကြီးဖြစ်လာခဲ့တာတော့ အမှန်ပါ။ အာဆီယံဘက်က ကုလကိုပဲလွှဲမလား အတွင်းပိုင်းဖိအား ဆက်ပေးမလား၊ စဉ်းစားနေရသလို၊ နအဖဘက်ကလည်း မျက်နှာပြောင်တိုက်ပြီး အာဆီယံထဲ ပေကပ်နေမလား၊ အထုတ်ခံမလား၊ ထွက်မလား ... ရွေးရတော့မယ်။ ထွက်ရပြီဆိုရင်တော့ မြန်မာ့အသံက အာဆီယံကဏ္ဍ မလိုတော့ပါ။ ပညာပေး အစီအစဉ်အဖြစ် ထုတ်လွှင့်နေတဲ့ အမြဲတန်းလည်း လိုအပ်နေမှာဖြစ်တဲ့ "မေးကြည့် – ဖြေကြည့် AIDS ပဟေဠိ"ပဲ အသားပေးရတော့မယ်။

## မြေဇာပင်များ

နအဖ တပ်တွေက လူမျိုးစုတိုင်းရင်းသား ပြည်သူများနေထိုင်ရာ တောင်တန်းဒေသတွေမှာ လူသတ်၊ ဓားပြတိုက်၊ ဆက်ကြေးတောင်း၊ အဓမ္မကျင့်၊ ရွာမီးရှို့ လုပ်တာတွေဟာ နေ့စဉ်နဲ့အမျှ ဖြစ်နေတာပါ။

ဒီတော့ မေးခွန်းတခု မေးစရာရှိလာတယ်။ ပြည်မမှာ အနေများတဲ့ ဗမာတွေနဲ့ တခြားလူမျိုးစုတွေကော ဒီဒုက္ခက လွတ်ရဲ့လား။ မလွတ်ပါ၊ ပုံသဏ္ဍာန်တမျိုးမျိုးနဲ့ ခံနေကြရတာပါပဲ။

စစ်တပ်အပြင် အုပ်ချုပ်ရေးဌာနများ၊ ကြံ့/ဖွံ့၊ စွမ်းအားရှင် စသူတွေက အကွက်ချပြီး ငွေညှစ်၊ အုပ်အားပေးစေခိုင်းတာတွေ ခံနေကြရတယ်။ ဒါတွေကို ပြည်ပမီဒီယာတွေမှာ ရင်ဖွင့်ကြတဲ့ ပြည်သူ့အသံတွေကို တစွန်းတစ ကြားကြရပါတယ်။ ဒီထဲမှာ ပြည်သူတွေ ကြီးကြီးမားမား ခံနေကြရပေမယ့် ပြည့်ပြည့်စုံစုံ ဖော်ထုတ်မပေးနိုင်သေးတဲ့ ကိစ္စတခု ကျန်နေပါတယ်။

ဒါကတော့ ပြည်သူတွေသုံးတဲ့ ဝေါဟာရက 'ပေါ်တာ'၊ နအဖက မျက်လှည့်ပြ ခေါ်တဲ့နာမည်က 'ဝန်ဆောင်' ဆိုတဲ့သူတွေရဲ့ အကြောင်းပါ။

ပြည်နယ်ရော ပြည်မမှာပါ ခွဲတမ်းတွေနဲ့ ကောက်ခံပြီး လူငှားကာ ရှေ့တန်းကို ပို့ရပါတယ်။ အကျဉ်းထောင်ကထုတ်ပြီး ရှေ့တန်းမှာ အသုံးပြုနေတဲ့ ရဲဘက်ဆိုတာကိုတော့ နားယဉ်နေကြပါပြီ။

ဒီ 'ဝန်ဆောင်'တွေဟာ နေ့စဉ်နဲ့အမျှ သေကြေ၊ ကျိုးကန်းနေကြရတယ်။ ဒါကြောင့် သူတို့တတွေဟာ လစ်တာနဲ့ အသက်စွန့် ထွက်ပြေးကြပါတော့တယ်။ ပစ်သတ်ခံရလို့ သေကြရတာလည်း မနည်းပါဘူး။

သူတို့အခြေအနေကို သိရအောင် ရှေ့တန်း စကခ (စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်) တခုရဲ့ လက်အောက်ခံတပ်ရင်း ၆ ရင်းမှ ဝန်ဆောင်တွေရဲ့ ကံကြမ္မာကို ကွက်ပြီးဖော်ပြလိုက်ပါတယ်။

အသုံးပြုနေတဲ့ 'ဝန်ဆောင်'အင်အား – ၄၀၀

ထွက်ပြေး – ၁၂၈ ဦး

သေဆုံး – ၂၀ ဦး

လက်ကျန် – ၂၅၁ ဦး

သေဆုံးသူများအတွက် လျော်ကြေးငွေကိစ္စကို ထုံးစံအတိုင်း အောက်မှအထက်တင်၊ ကျလာတဲ့ငွေ – ကာယကံရှင် မိသားစုများလက် ရောက်မရောက်၊ ရောက်လျှင် ဘယ်လောက်ပဲ ရောက်တယ်ဆိုတာတော့ ကာယကံရှင်များပဲ သိကြပါမယ်။

ဒီကိစ္စတွေကို တပ်ကထွက်လာပြီး ပြည်ပကိုရောက်နေတဲ့ မီဒီယာမှာ ဖွင့်ချခွင့်ရနေတဲ့ တပ်မတော်အရာရှိဟောင်းများက ဒါထက်ကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်ပေးစေချင်ပါတယ်။ ကျွန်တော်တို့ မသိနိုင်တာတွေ ခင်ဗျားတို့သိတာ အများကြီးပါ။

ဒါမှ လက်ရဲဇက်ရဲလုပ်နေတဲ့သူတွေ လက်တွန့်သွားစေနိုင်ပါတယ်။

**"အဓမ္မလုပ်အားပေးစေတဲ့ကိစ္စ"**

နဝတ/နအဖနဲ့ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် (ILO) ပြဿနာတက်နေတာကြာပြီ။ ဗိုလ်ခင်ညွန့်ခေတ်တုန်းက အပျော့ဆွဲ,ဆွဲလာခဲ့တယ်။ ဟန်ပြအမိန့်တွေ ထုတ်ပြန်လိုက် – တဦးစ,နှစ်ဦးစအရေးယူပြလိုက် လုပ်ခဲ့တယ်။ တကယ်မှာတော့ တနိုင်ငံလုံး ချွေးတပ်ဆွဲသလိုဆွဲပြီ အတင်းခေါ်ခိုင်းနေခဲ့တာပါ။

မဆလ ခေတ်မှာ လုပ်တာနဲ့ နဝတ/နအဖ ခေတ်လုပ်တာ ရည်ရွယ်ချက်ချင်း မတူဘူး။ တခုက အတုအယောင် ဆိုရှယ်လစ် မှိုင်းတိုက်တာ ဖြစ်တယ်။ နဝတ/နအဖ က လူထုကို ငြိမ်ဝပ်ပိပြားအောင် နှိမ်တာဖြစ်တယ် ဂျပန်ဖက်ဆစ် လုပ်ပုံမျိုးပဲ။ "ရာဇဝတ်ကြေးကို သွေးနဲ့ဆပ်ရမယ်" "ချွေးနဲ့ဆပ်ရမယ်" ဆိုပြီး ချွေးတပ်ဆွဲတဲ့ လုပ်ပုံမျိုး ဖြစ်တယ်။

အခု (ILO) က 'အဓမ္မလုပ်အားပေးကိစ္စ' ကို ကိုင်တာကောင်းတယ်။ ပြည်တွင်းက လူထုကို ကိုယ့်ကိုယ်ကို ကယ်တင်ဖို့ တွန်းဆော်သလိုဖြစ်လို့ 'ကောင်းတယ်' ပြောတာပါ။ 'ကယ်တင်ရှင်' ဟာ ကိုယ်ကိုယ်တိုင်ဖြစ်တယ်ဆိုတဲ့ သဘောတရား ပြည်သူတွေထဲ စိမ့်ဝင်လာနေပါပြီ။ ဘယ်သူမှ လာကယ်မှာ မဟုတ်ဘူးဆိုတာ အတွေ့အကြုံအရ သိလာခဲ့ကြပြီ။

ဒီကိစ္စ ပေါ့သေးသေး မဟုတ်တာ နအဖ ကောင်းကောင်းသိတယ်။ မစုစုနွေးနဲ့ ဦးအေးမြင့်တို့ကို လွှတ်ပေးရတာ ကြည့်ပါ။ လာမယ့်အောက်တိုဘာမှာ (ILO) က ဘယ်လိုဆက်လှမ်းမယ်ဆိုတာ ဆုံးဖြတ်မယ်ပြောတယ်။ ဒါက ရေရှည်သွားနေဦးမယ့်ကိစ္စပါ။

လယ်သမားတွေကတော့ 'မခံနိုင်တော့ဘူး' လို့ ပြောလာကြပြီ။ ခေါင်းဆောင်မှုပဲလိုတယ် ပြောနေပြီ။ သမိုင်း အစဉ်အလာကြီးမားတဲ့ အလုပ်သမားများကလည်း ငြိမ်နေတာ မဟုတ်ပါဘူး။ ၁၉၆၂ ဇူလိုင် ၇ ရက် ပြီးကတည်းက တပြည်လုံး လောက် 'ငြိမ်'နေတာကို တပ်လှန့်ပေးလိုက်တာဟာ အလုပ်သမားတွေပါ။ အရေးကြီးရင် ရှေ့ကရပ်သူတွေဟာ အလုပ်သမား တွေပါ။ '၁၃၀၀ ပြည့်အရေးတော်ပုံ' စိတ်ဓာတ်ဟာ အလုပ်သမားတွေထဲမှာ ရှင်သန်နေဆဲ ဖြစ်ပါတယ်။

**"ကြက်ပြေးလား ကြောက်ပြေးလား"**

သာယာဝတီမင်းက နန်းတက်လျှင်တက်ချင်း အင်းဝနေပြည်တော်မှ ၆ မိုင်ပဲဝေးတဲ့ အမရပူရသို့ ပြောင်းရွှေ့နန်းစံခဲ့တယ်။ နိုင်ငံ့အင်အားကို အလဟဿဖြုန်းတီးမှုတရပ်အဖြစ် သမိုင်းဆရာများက မှတ်တမ်းတင်ကြပါတယ်။ ဒါတောင် မြေပြန့် ၆ မိုင်

ပဲဝေးတာ။

နိုင်ငံတကာမှာ လိုအပ်လို့ မြို့တော်ပြောင်းကြတာတွေ ရှိပါတယ်။ ကြိုတင်ပြင်ဆင်မှုတွေ အများကြီးလုပ် ပြည်သူလူထု ဘဝင်ကျအောင်ရှင်းပြ အားလုံးအဆင်သင့်ဖြစ်မှ ပြောင်းကြတာပါ။

ခုတော့ သူတို့လုပ်ပုံကိုကြည့်။ ခိုးကြောင်ခိုးဝှက် ပြင်နေတဲ့သတင်းတွေ သိနေရပါတယ်။ ၂၀၀၅ ခု နိုဝင်ဘာ ၄ ရက်မှာ ဝန်ထမ်းတွေပြောင်းရမယ်လို့ အမိန့်ထုတ်တယ်။ ၆ ရက်နေ့ ကားပေါ်တက်၊ မိသားစု ခေါ်မလာရတဲ့။ စစ်သုံ့ပန်းတွေ စခန်းပြောင်းတာကျနေတာပဲ။ ဝန်ထမ်း ထောင်ချီပြောင်းရတဲ့ကိစ္စ၊ ဖုံးမရဖိမရတော့မှ ဗိုလ်ကျော်ဆန်းက ၇ ရက်နေ့မှာ သတင်းထုတ်ပြန်ပါတယ်။ အစိုးရတရပ်အဖြစ် ခပ်ထည်ထည် ထင်ထင်ပေါ်ပေါ် အုပ်ချုပ်နေတဲ့ နအဖ လည်း ယူဂျီဖြစ်နေပါလားလို့ သံဝေဂပွားစရာပါ။

သတင်းစာရှင်းလင်းပွဲမှာ အကြောင်းပြတာတွေကလည်း ခါးတောင်းကျိုက်တခြား …တခြား ဖြစ်နေပါတယ်။ လက်ရှိ အစိုးရက နိုင်ငံတော်တည်ဆောက်ရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ လုပ်နေရာမှာ နယ်စပ်ဒေသနဲ့ ကျေးလက်ဒေသများအပါ တနိုင်ငံလုံး ကွက်လပ်မကျန် ဖော်ဆောင်ပေးနိုင်ဖို့ ပြောင်းရတာပါလို့ ဆိုတယ်။ ပျဉ်းမနားဒေသဟာ လမ်းပန်းဆက်သွယ်ရေး ကွန်ရက်၏ အချက်အချာ ဗဟိုကျနေလို့ လုပ်ငန်းများ စီမံခန့်ခွဲရာမှာ ပိုမိုချောမွေ့လျင်မြန်စွာ ကွပ်ကဲနိုင်တယ်လို့လည်း အကြောင်းပြသွားပါတယ်။

ဒီနေရာမှာ လမ်းပန်းဆက်သွယ်ရေးဆိုတဲ့ကိစ္စ စာဒကတက်ကြည့်ချင်ပါတယ်။ ကမ္ဘာမှာ ကြည်း (ကုန်းကြောင်း) ရေ၊ လေ ဆိုပြီး ဆက်သွယ်ရေးလမ်းကြောင်း ၃ ခုရှိရာမှာ ခုတော့ ကုန်းခေါင်ခေါင်နေရာကို ဘာ့ကြောင့်ရွှေ့ရသလဲ။ ရေကြောင်းခရီးဟာ ကုန်ကျစရိတ် အသက်သာဆုံး ဖြစ်ပါလျက် ပင်လယ်ကိုပစ်ပြီး ချောင်းဖျားချောင်းနားဆီကပ်ရသလဲ။ ရှင်းပါတယ်။

၈ လေးလုံးကာလက ဝင်လာတယ်ဆိုတဲ့ အမေရိကန်အမှတ် (၇) ရေတပ်ကို ကြောက်လို့ပဲ။ တောတောင်ထူထပ်တဲ့ အလယ်ရိုးမကို ခိုတာဟာ အမေရိကန်ဒုံးကို ကြောက်တာမဟုတ်ရင် သက်သက်ငှက်ဖျားအမိခံချင်လို့တော့ ဟုတ်ဟန်မတူဘူး။ ဒါက ပြည်ပရန်။

ပြည်တွင်းရန်ကတော့ ၈ လေးလုံးအရေးအခင်းမျိုး သူတို့ကြောက်ပါတယ်။ ဒီတခါ လူထုလှုပ်ရှားမှုတွေပေါ်ရင် သူတို့အတွက် လုံခြုံရေးအန္တရာယ်ရှိတာ စိုးရိမ်ကြပုံရတယ်။ နောက်တခုက ‘ငြိမ်း’ အဖွဲ့တွေ မငြိမ်းတော့ရင် ပေါ်လာမယ့် စစ်ရေးအန္တရာယ်ကို လက်လှမ်းမီမီ လက်တုံ့ပြန်နိုင်ဖို့ပဲ မဟုတ်လား။

**“ခေတ်စားနေသော အခေါ်အဝေါ်အသုံးအနှုန်းများ”**

**နိုင်ငံတော်အကြီးအကဲ**

ရာထူးဆိုတာ “ရူးတာ” ပဲလို့ အရပ်သုံးစကားတခု ရှိတယ်။ ငါ့တသက်မှာ ဘယ်သူမှ မရဖူးတဲ့ ရာထူးတွေ တစုံလုံး ယူသွားမယ်လို့များ စိတ်ကူးကြသလားမသိ။

ငါပဲ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး၊ ငါပဲ ကာကွယ်ရေးဝန်ကြီး၊ ငါပဲ ဝန်ကြီးချုပ်၊ ငါပဲ ပါတီဥက္ကဋ္ဌကြီး၊ ငါပဲ သမ္မတ လုပ်သွားသူက လုပ်သွားတယ်။ ဗိုလ်ချုပ်ကြီးဦးနေဝင်းပေ့ါ။

နောက်တက်လာသူက သူ့မှာ ပါတီလည်း မရှိ။ နဝတ ပဲရှိတော့ (စစ်ကောင်စီ) ဥက္ကဋ္ဌပဲ လုပ်ရတယ်။ နေဝင်းက သူကျေနပ်အောင် ဗိုလ်ချုပ်မှူးကြီးအဆင့် ပင့်တင်ပေးလိုက်တယ်။ သူသက်ဆိုးမရှည်။ ဒါနဲ့ပဲ ရပ်သွားတယ်။ သူက စောမောင်ပါ။

နောက်တယောက်က သန်းရွှေပါ။ သူကိုယ်တိုင် စဉ်းစားတီထွင်သလား၊ ဘေးက ပင့်ပေးလိုက်ကြသလား၊ ဇနီးလုပ်သူက ဗေဒင်ဆရာတွေနဲ့ ရာထူးနာမည်တွေ ရွေးပေးလိုက်သလားမသိ။ တမူဆန်းပြီး ခံယူလာတာ တွေ့ရတယ်။

ဗိုလ်ချုပ်မှူးကြီးအဆင့်ကိုတော့ ဖက်တွယ်ထားမြဲ။

နအဖ စစ်ကောင်စီဥက္ကဋ္ဌကိုလည်း အလားတူ

တပ်ထဲမှာတော့ တပ်ချုပ်ကြီး တဲ့။

နောက်ဆုံးမြိန်ရည်ရှက်ရည် ခံယူနေတဲ့ ဘွဲ့ထူးကတော့ **နိုင်ငံတော်အကြီးအကဲ** ဆိုတာပါ။ (ဒီနေရာမှာ ပေါကြောင်ကြောင်နိုင်မှာ စိုးရိမ်လို့လားမသိ။ ဒုဗိုလ်ချုပ်မှူးကြီး လုပ်သူက ဒုနိုင်ငံတော်အကြီးအကဲလို့ မခံယူတာ သတိထားမိတယ်။)

သူတို့ထဲမှာ သူ့သစ္စာ ခံယူမခံယူ၊ သူ့လူလား ငါ့လူလား ခွဲခြားထားသလားမသိ။ “နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုအရ” အာလုပ်ခံပြီး (အမြဲတမ်းလို) ပြောတဲ့ဟောတဲ့သူတွေ သတိထားကြည့်မိတယ်။ ဒီအထဲမှာ အများဆုံးပြောတဲ့သူတွေက ရွှေမန်း၊ စိုးဝင်း၊ သိန်းစိန်တို့ ဖြစ်တယ်။ ကိုယ့်အတွက် ဘေးဆီးရန်ကာလည်းဖြစ်၊ ချီးမြှင့်မြှောက်စား အာဏာမြဲစေရန်အတွက်လည်း

ဖြစ်ပုံရတယ်။ (ဒီပဲယင်းကိစ္စမှာတော့ 'နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုအရ' လို့ ဘယ်သူမှ မပြော)

ဝန်ကြီးတွေထဲမှာတော့ အောင်သောင်း၊ ကျော်ဆန်း၊ ဌေးဦးတို့ အပြောများတာ တွေ့ရတယ်။

**နေပြည်တော် –** အိမ်တော်မှာ 'ဘုရား' အထူးခံနေတယ်လို့ ပြောကြပေမယ့် အခိုင်အမာ မထုတ်ဖော်နိုင်ကြသေး။

သို့သော် 'မင်းတြားကြီးဂိုက်' ဖမ်းနေတာတော့အမှန်။ ထီးသုံးနန်းသုံးတွေ ခေတ်စားလာတာလည်း အမှန်။ ခုကြည့် 'ကြက်ပြေး' က 'နေပြည်တော်' ဖြစ်သွားပြီ မဟုတ်လား။ ကျောင်းသူကျောင်းသား၊ ဆရာဆရာမများသာမက တိုင်းရင်းသူ တိုင်းရင်းသားများ၊ အသိပညာရှင်အတတ်ပညာရှင်ကြီးများကိုယ်တိုင်က လူမြင်ကွင်းမှာ လက်အုပ်ချီနေကြရပြီ မဟုတ်လား။

နီပေါမှာတော့ (တကယ့်ဘုရင်ကို) 'His Majesty' 'ဘုန်းတန်ခိုးကြီးမြတ်တော်မူလှသော' ဆိုတဲ့အသုံးအနှုန်း ပါလီမန်က ပယ်လိုက်ပြီ။ ဗမာပြည်မှာတော့ ဘုရင်ရူး ကောင်းတုန်းပါလားလို့ ပြောရမလို ဖြစ်နေပြီ။

ဒီတော့ ဘာဖြစ်လာသလဲ။ မတူလျှင်မတုနဲ့ ဆိုပေမယ့် ခေတ်စားလာလို့လား၊ နောက်က လိုက်တာလားမသိ။ ဖေဖော်ဝါရီလ ကြော်ငြာတွေထဲမှာ

– သီလရှင်ပညာရေးကျောင်း အကြီးအကဲ တဲ့။
– ဇီဝိတဒါနသံဃာ့ဆေးရုံအကြီးအကဲ
– မျက်မမြင်များ မိတ်သဟာယ အကြီးအကဲ ဆိုတာလည်း ပါတယ်။
– ကလျာဏယုဝ (YMBA) အသင်းအကြီးအကဲ
– အေအိုစီကလေးများ ရိပ်မြုံအကြီးအကဲ
– ကလေးများရိပ်သာ အကြီးအကဲ
– မိဘမဲ့ဂေဟာ အကြီးအကဲ ဆိုတာတွေ တွေ့လိုက်မိတယ်။

**ရင်းရင်းနှီးနှီး –** အသုံးအများဆုံးစကား ဖြစ်လာတယ်။ သတင်းစာတွေထဲမှာ အမြဲလို တွေ့နေရတယ်။ ၂ ဘက်အဓိပ္ပာယ် ထွက်တဲ့စကားပါ။ အဆင့်တူသူချင်း ရင်းရင်းနှီးနှီး တွေ့ကြတဲ့အခါမှာ သုံးတာလည်း ရှိတယ်။ အထက်လူက အောက်လူကို အုပ်စိုးသူတွေက အအုပ်ချုပ်ခံတွေကို အခွင့်အရေးပေးပြီး ရင်းရင်းနှီးနှီးဆင်းတွေ့တာလည်း ရှိတယ်။ ကိန်းကြီးခမ်းကြီး မနိုင်ဘူးပေါ့။

နအဖ ထိပ်သီးတွေ၊ တိုင်းမှူးတွေ၊ ဝန်ကြီးတွေက သင်တန်းဆင်းပွဲတွေမှာ သင်တန်းသူ သင်တန်းသားတွေကို နှုတ်ဆက်တဲ့ အခါမှာ သုံးတယ်။ ထိပ်သီးတွေ၊ တိုင်းမှူးတွေ ခရီးကြုံလို့ဖြစ်ဖြစ် တမင်ဖြစ်ဖြစ် တပ်ရင်းမိသားစုတွေ တွေ့တဲ့အခါ – နိုင်ငံခြားခရီးမှာ သံရုံးမိသားစုတွေကို တွေ့တဲ့အခါတွေမှာ ဖောဖောသီသီ သုံးတာတွေ့ရတယ်။

ဗိုလ်သန်းရွှေရဲ့ ရခိုင်သကြၤန်ခရီးမှာတော့ နည်းနည်းပိုကဲလာတာ တွေ့ရတယ်။ ယူနီဖောင်းဝတ်တွေကလွဲပြီး မယက၊ ကြံ့/ဖွံ့၊ လူမှုရေးအသင်း အဖွဲ့ဝင်များနဲ့ မြို့မိမြို့ဖများ လက်အုပ်ချီနေတဲ့ ဓာတ်ပုံနဲ့သတင်း ဖတ်လိုက်ရတယ်။

ဒ့ါအပြင် "ဗိုလ်သန်းရွှေနဲ့ အဖွဲ့ဝင်များအား ခရီးသည်တင် မော်တော်ယာဉ်များ ဂါရဝပြုနှုတ်ဆက်ကြစဉ်" ဆိုတဲ့ဓာတ်ပုံ ပါလာလိုက်သေးတယ်။ ရှေးဘုရင်များ ထွက်တော်မူမယ်အလုပ် ခရုသင်း မှုတ်ပေးရသလို ကားဟွန်းတွေများ တပြိုင်နက် မှုတ်ပေး နေရသလား မသိ။

**"အိုကျီသမားများ သတိသာထားပေတော့"**

ဒီနှစ်မကုန်မီအတွင်း မြေပေါ်လက်ကျန်ပါတီတွေ အထူးသဖြင့် ဒီ/ချုပ်။ လှုပ်ရှားမှုလေးတွေ အထူးသဖြင့် ၈ လေးလုံး ကျောင်းသားခေါင်းဆောင်များကို အပြတ်ရှင်းနိုင်တယ်လို့ ပြည်တွင်းနိုင်ငံရေးသမားကြီးတချို့က ထင်ကြေးပေးကြတယ်။ ဒါကလည်း အကြောင်းရှိပါတယ်။

သူတို့ ဆင်းမပေးဘူး။ အမျိုးသားညီလာခံပြီးအောင် ကျင်းပပြီး တရားဝင်အစိုးရဖြစ်အောင် လုပ်မယ်။ NLD နဲ့ အပေး အယူ မလုပ်ဘူး။ ခေါင်းငုံ့ပြီး ဝင်ခဲ့လို့ မတ်လ ၂၇ ရက်နေ့ မိန့်ခွန်းမှာ ဗိုလ်သန်းရွှေက အတိအလင်း ပြောလိုက်ပြီးပြီ။ ဒါဟာ NLD ရဲ့ ပြည်ထောင်စုနေ့ ကမ်းလှမ်းချက်ကို ပယ်ချလိုက်တာပါ။

တခါ သကြၤန်ရခိုင်ခရီးကအပြန် ရေဝတီတိုင်းဘက်လှည့်ပြီး "ဒီမိုကရေစီကို ပါးစပ်ဖျားဖြင့် အလွယ်တကူပြောပြီး တည်ဆောက်နေ၍မရ။ စည်းကမ်းတကျ မတည်ဆောက်ပါက လူအုပ်စုဝါဒ၊ မင်းမဲ့ဝါဒများ လွှမ်းမိုးပြီး ပျက်စီးနိုင်တယ်။ စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီအတွက် အခြေခံကောင်းများ ခိုင်မာအောင် ထူထောင်ရင်း အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ် (၇) ရပ် ပြီးမြောက်အောင် အကောင်အထည်ဖော်သွားမည်" လို့ ပြောပြန်တယ်။

ဒါကတော့ NLD ရဲ့ သကြီန်အပြီး နှစ်ဆန်း (၁) ရက်နေ့ ပန်ကြားချက်ကို ထပ်ပြီးပယ်ချလိုက်တာ ဖြစ်တယ်။

ဒါကို သံယောင်လိုက်ပြီး ဗိုလ်ကျော်ဆန်းက ဧပြီ ၂၇ ရက်နေ့မှာ "NLD ကို မတရားအသင်း ကြေညာနိုင်ဖို့ ခိုင်လုံတဲ့ အထောက်အထားများ ရရှိပြီး ဖြစ်တယ်" လို့ ခြိမ်းခြောက်သံပေးခဲ့တယ်။

နောက်တော့ ပစ်ကွင်းက ကျယ်လာပါတယ်။ တွင်း/၁ သိန်းစိန်ရော ကျော်ဆန်းပါ ၈ လေးလုံး ကျောင်းသားခေါင်းဆောင်တွေကို အပြစ်ရှာတာ၊ ခြိမ်းခြောက်တာတွေ လုပ်လာပါတယ်။

ဒီ့အပြင် လူတဦးချင်း မဲလာတာလည်း တွေ့ရတယ်။ လူထုဒေါ်အမာကို ပစ်စာသဘောမျိုး ရေးထုတ်ပြီး တိုက်ခိုက်တယ်။ ဇာဂနာနဲ့ လူထုစိန်ဝင်းကို သံပတ်တင်းလာတယ်။

စစ်အုပ်စုဟာ 'ဆိုရှယ်လစ်လမ်းစဉ်' ကနေ 'ဖက်ဆစ်လမ်းစဉ်' ကို တစတစ ပြောင်းနေတာပဲ။ ဖက်ဆစ်လမ်းစဉ် လုပ်ရတာက အတုယူစရာရှိတယ်။ ၁၉၄၂ – ၄၅ မှာ ဂျပန်ဖက်ဆစ်တွေက လုပ်ပြသွားပြီးသားပဲ။ အာဏာရှင် ဒေါက်တာဘမော်ကလည်း လုပ်ပြသွားပြီး ဖြစ်တယ်။ အာဏာရှင်သန်းရွှေက လိုက်မလုပ်ဘူး မပြောနိုင်ဘူး။

သူတို့ နိုင်ငံရေးကျဉ်းထဲကျပ်ထဲ ရောက်နေပြီ။ စာမျက်နှာ ၂၀ ရှိတဲ့ သတင်းစာတစောင်မှာ ၁၇ မျက်နှာလောက် ကြွားလုံးတွေ၊ ဟောက်လုံးတွေ၊ ခြောက်လုံးတွေ အပြည့်အသိပ်ထည့်ပြီး မဲတင်းပေးနေရတာကို ကြည့်လျှင်ပင် သူတို့အခြေအနေ ဘယ်လောက်ဆိုးနေသလဲ ထင်ရှားလှပါတယ်။ ထွက်ပေါက်က မရှိ။ ရှိတဲ့ထွက်ပေါက်ကိုတော့ ငဲ့စောင်းလို့ မကြည့်။ ဒီတော့ ပြည်သူတွေအဖို့ အဆိုးဆုံးကို မျှော်လင့်ထားကြဖို့ပဲ။ ပြည်သူ့ဘက်က ထွက်ပေါက်ကို ရှာထားဖို့ပဲ ကျန်တော့တယ်။

**'ဘုရင်နဲ့ညားတော့ မိဖုရား'**

သတင်းတခု ကြားလိုက်လို့ ဒီသုံးသပ်ချက် ရေးဖြစ်ပါတယ်။ အမျိုးသမီး အကျဉ်းသားဦးရေဟာ ၁၈% နဲ့ ဗမာပြည်က ထိပ်ဆုံးမှာ ရှိတယ်တဲ့။

နအဖ ဟာ ထိပ်ပိုင်းရာထူးရာခံခွဲဝေရေးမှာ အကွက်စေ့စေ့ လုပ်ထားတာ တွေ့ရတယ်။ လင်ယောကျ်ားက ရာထူးတက်ပြီဆိုတာနဲ့ ဇနီးမယားအတွက် မြို့နယ်မှ ခရိုင်၊ တိုင်း၊ ပြည်နယ်အလိုက် ရာထူးတွေက အဆင်သင့် ဖြစ်နေရပါတယ်။ ထိပ်ဆုံးအထိ (နအဖ အဆင့်) ရောက်သွားပြီဆိုရင်တော့ တပြည်လုံးနဲ့ဆိုင်တဲ့ ရာထူးတွေ ရကြပါတယ်။

အမျိုးသမီးရေးရာအသင်း နာယက၊ ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်စသည် ခွဲဝေယူကြတယ်။ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှာလည်း အလားတူပဲ။

သူတို့အရှိန်အဝါနဲ့ ဩဇာကို အထင်မသေးပါနဲ့။ နိုင်ငံရေးဩဇာ၊ စီးပွားရေးဩဇာတွေ ကိုယ်စီရှိကြတယ်။ ရာထူးအတင်အချတွေတောင် လုပ်နိုင်တယ်။ သူတို့ယောကျ်ားတွေနဲ့ အာဏာခွဲဝေ (power sharing) ကိုင်ထားကြတယ်လို့ ဆိုတယ်။

လူထုအစည်းအဝေးကြီးတွေမှာ အခမ်းအနားတွေမှာ ပဝါတလူလူနဲ့ သူတို့နေရာယူထားတာ တွေ့ကြပါလိမ့်မယ်။

သူတို့ယောကျ်ားတွေ အလုပ်များသလောက် သူတို့အလုပ်များကြပါတယ်။

ဒါပေမဲ့ သူတို့ သတိလစ်ဟင်းသွားကြပုံရတယ်။ အထက်ပါသတင်းဟာ ခြေဖျားထောက်စရာ မဟုတ်ပါ။ အလေးထားပြီး ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ကြောင်း သတိပေးလိုက်ပါရစေ။

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်